www.burmeseclassic.com

BURMESE CLASSIC .com

ဦးလှဝင်း

# လျှင်ပုံးကြဲခဲ့စဉ်က
နှင့်
# အခြားလေကြောင်းဝတ္ထုများ



www.burmeseclassic.com


# ရတနာပုံစာအုပ်တိုက်

အမှတ် ၁၀၀ (D)၊ အင်းယားလမ်း

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း – ၃၇၃၇၆၁

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

# လျေင်ဗုံးကြဲခဲ့စဉ်က

## နှင့်

# အခြားလေကြောင်းဝတ္ထုတိုများ

စိတ်ကြိုက်ဘာသာပြန်လေကြောင်းဝတ္ထု(၄)ပုဒ်ကို
စုစည်းဖော်ပြထားသည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

ရတနာပုံစာအုပ် – ၄၇
[ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ]

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၂၈၈/ ၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၅၅/ ၂၀၀၄ (၅)

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်) ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊ ရတနာပုံစာအုပ်တိုက်။ |
| အုပ်ရေ | ■ | ၅၀၀ |
| ထုတ်ဝေသူ | ■ | ဦးမင်းထွဋ်ဝင်း [၀၃၇၇၅] (ရတနာပုံစာအုပ်တိုက်) ၁၀၀/(D)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက်) ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | ■ | Quality |
| မျက်နှာဖုံးပန်းချီ | ■ | ကိုဆန်း |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဘိုး | ■ | ၈၅၀ ကျပ် |

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လျောင်ဗုံးကြဲခဲ့စဉ်က | ၁၃ |
| ၂။ | တီဂျီ ၅၇၄ ပျက်ကျခဲ့စဉ်က | ၈၈ |
| ၃။ | လင်းနို့ ၂၁ | ၁၁၄ |
| ၄။ | ပြေးလမ်း သုညရှစ် | ၁၅၉ |

www.burmeseclassic.com

# စာရေးသူအမှာ

ကျွန်တော်သည် လေကြောင်းဘာသာပြန်ဝတ္ထုတိုနှင့် ဝတ္ထုရှည်များကို ၁၉၆၄ ခုနှစ်မှစ၍ မဂ္ဂဇင်းများတွင် ရေးသားခဲ့ပါသည်။

လေကြောင်းဝတ္ထုတိုဘာသာပြန်များမှာ အများအပြားရှိခဲ့သော်လည်း လေကြောင်းဘာသာပြန်ဝတ္ထုရှည်များမှာ အလွန်နည်းလှပါသည်။ များများမရှိ။ လေးငါးပုဒ်သာရှိပါသည်။

သို့သော် ဤလေးငါးပုဒ်မှာ သူ့အချိန်ခါနှင့်သူ အလွန်အောင်မြင်ခဲ့ပါသည်။

ရယ်ရပါသည်။

ကျွန်တော့်ငယ်သူငယ်ချင်းလေသူရဲများမှာ ကျွန်တော့်ကိုယ်တွေ့လေကြောင်းဝတ္ထုတိုများကို မဖတ်ပါ။ အထင်လည်း မကြီးပါ။

"ဒီကောင် ဘာတွေလျှောက်ရေးနေသလဲမသိဘူး" ဟု အပြစ် ပင်တင်လိုက်ကြပါသေးသည်။

www.burmeseclassic.com

သို့သော် ... လေကြောင်းဘာသာပြန်ဝတ္ထုများ၊ မဂ္ဂဇင်းများတွင် ပါလာသောအခါတွင်မူ . . .

“ဒီကောင်မဆိုးဘူးကွ။ ဒီလို ဆန်းဆန်းပြားပြား လေကြောင်းအတွေ့အကြုံတွေကိုလည်း ရှာဖွေ ဘာသာပြန်တတ်တာပဲ”

ချီးမွမ်း ထောမနာပင် ပြုကြပါသည်။

တကယ်တော့ ကျွန်တော် ကိုယ်တွေ့လေကြောင်းဝတ္ထုများကို သူတို့ ဘာကြောင့်မဖတ်သည်ကို ကျွန်တော်သိ၏။

ကျွန်တော့်ကိုယ်တွေ့များမှာ သူတို့အတွက် ဘာမှမဆန်း။ အမြဲကြုံတွေ့နေရသော အဖြစ်အပျက်များဖြစ်ကြပါသည်။ လေယာဉ်မမောင်းတတ်သော . . . လေကြောင်းအတွေ့အကြုံမရှိသော . . . သာမန်စာဖတ်သူများကသာ ကျွန်တော့်ကိုယ်တွေ့ လေကြောင်းဝတ္ထုများကို ကြိုက်ပါသည်။

ဖတ်ပါသည်။

လေကြောင်းဘာသာပြန်ဝတ္ထုများကို သူတို့ဘာကြောင့် ကြိုက်ကြသည်ကိုလည်း ကျွန်တော်သိ၏။ သူတို့မသိသည် . . . သူတို့ စိတ်ဝင်စားမည့် . . . ကိုယ့်တွေ့အဖြစ်အပျက်များကို ဘာသာပြန်ဆိုထားသည့်အတွက်ဖြစ်၏

တကယ်တော့ ကိုယ်တွေ့လေကြောင်းဝတ္ထုများကို ဘာသာပြန်ခဲ့မိသည်မှာ ကျွန်တော့်အတွက် အလွန်အကျိုးရှိခဲ့ပါသည်။ လေတပ်မှ ကျွန်တော့်သူငယ်ချင်း လေသူရဲများ ကျွန်တော့စာကို စဖတ်ရန် ဆွဲဆောင်အားကို ထုတ်ပေးနိုင်ခဲ့ပါသည်။

လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က စင်ကာပူနိုင်ငံသို့ ရောက်ရှိ

www.burmeseclassic.com

နေစဉ် Pearl Harbour အမည်ရှိ ရုပ်ရှင်ကားကို သွားကြည့်မိပါသည်။

လေကြောင်းတိုက်ပွဲများကို အဓိကဦးပြုပြီး ရိုက်ကူးထားသော ရုပ်ရှင် ကားဖြစ်၏။

အလွန်ကြိုက်ပါသည်။

ငယ်စဉ်က လေသူရဲဘဝကို ပြန်သတိရစေပါသည်။

လေကြောင်းဘာသာပြန်ဝတ္ထုများကို ပြန်ရေးချင်စိတ်လည်း ပေါက်စေပါသည်။

သို့သော် . . . မရေးနိုင်

မရေးဖြစ် . . . ။

လေသူရဲဘဝနှင့် ကျွန်တော်မှာ ဝေးခဲ့ပြီ။

ယနေ့ ကျွန်တော်အားသန်နေသောစာပေမှာ ယနေ့ ကျွန်တော် ကျင်လည်နေရသည့် ဘဝများဖြစ်သည့် ရတနာလောက၊ ပန်းချီလောက၊ ရှေးဟောင်းအလှအပပစ္စည်းများလောကအကြောင်းသာလျှင် ဖြစ်၏။

"ဖေဖေ . . . ဒီနေ့ လေကြောင်းဘာသာပြန်ဝတ္ထုတွေကို ပြန် မရေးနိုင်တော့ရင်လည်း၊ အရင်ပုံနှိပ်ထုတ်ဝေပြီးတဲ့ မဂ္ဂဇင်းထဲက ဘာသာ– ပြန် လေကြောင်းဝတ္ထုရှည်တွေကို စုပေါင်းပြီး ပြန်ထုတ်ပါလား"

ရတနာပုံစာအုပ်တိုက်ကို တာဝန်ယူနေသည့် စာအုပ်ထုတ်ဝေရေး သမား သားငယ် အတွတ် (ခေါ်) မင်းထွဋ်ဝင်းက အကြံပေးလိုက်ခြင်း ဖြစ်၏။

သားငယ်အတွတ် အကြံပေးချက်မှာ မဆိုးပါ။ တိမ်မြှုပ်နေသော ကျွန်တော်၏ ဘာသာပြန်လေကြောင်းဝတ္ထုကောင်းများကိုလည်း ပြန်လည် ဖေါ်ထုတ်ပေးသကဲ့သို့ ဖြစ်စေပါသည်။

www.burmeseclassic.com

အတွက်၏အကြံပေးချက်အတိုင်း ကျွန်တော်၏ဘာသာပြန်လေကြောင်း ဝတ္ထုပောင်းများကို ပြန်ရှာသည်။

ပြန်ဖတ်ကြည့်သည်။

အလွန်နှစ်ခြိုက်ကျေနပ်မိ၏။

ထို့ကြောင့်လည်း (၁၉၇၄) ခုနှစ်၊ မေလထုတ် သွေးသောက်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော လျောင်ဖိုးကြဲခဲ့စဉ်က . . . ၊ (၁၉၇၃) ခုနှစ်၊ ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ပြေးလမ်း သုညရှစ် . . .၊ (၁၉၈၁) ခုနှစ်၊ မတ်လထုတ် သိပ္ပံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် တီဂျီ ၅၇၄ ပျက်ကျခဲ့စဉ်က . . . နှင့် (၁၉၈၂) ခုနှစ်၊ မေလထုတ် သိပ္ပံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် လင်းနို့ (၂၁) . . . တို့ကို ရွေးချယ်ပြီး စာအုပ် ထုတ်ဝေရန် သားငယ်အတွက်အား ပေးလိုက်ပါသည်။

ဤစာမူကို သားငယ်အား ပေးလိုက်သည်နေ့မှာ သားငယ်၏ စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်သည့်နေနှင့် တိုက်ဆိုင်နေသဖြင့် ပို၍ ကျွန်တော့်ရင်ထဲ တွင် အမှတ်တရ ဖြစ်စေခဲ့ပါသည်။

သားငယ်အတွက် (သို့မဟုတ်) ရတနာပုံ မင်းထွဋ်ဝင်းအား ကျေးဇူးတင်ပါသည်။ စာဖတ်သူများအတွက်လည်း စိတ်ကြိုက် စာအုပ်ကောင်းတစ်အုပ် ဖြစ်လာလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

**၁၁ . ၂ . ၂၀၀၃**

www.burmeseclassic.com

# စာရေးသူဝန်ခံချက်

ဗြိတိသျှလေတပ်မတော်တွင် ဂိုင်ဂျစ်ဆင် (Guy Gibson) ဟူသော လေသူရဲ၏ အမည်မှာ လူတိုင်းသိသော အမည်ဖြစ်၏။ ယနေ့ အင်္ဂလန်နိုင်ငံ၌ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း နာမည်အကြီးဆုံး ဗုံးကြဲလေယာဉ်မောင်း လေသူရဲအမည်ကို ပြောပါဟုမေးလျှင် "ဂိုင်ဂျစ်ဆင်"၏ အမည်ကို ချက်ချင်း လူတိုင်းပြောမည်ဖြစ်၏။

မှန်သည်။ တကယ်တော့ ဂိုင်ဂျစ်ဆင်မှာ ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌ မဟာမိတ်ဖက်တွင်သာနာမည်ကြီးသည့် လေသူရဲမဟုတ်ပါ။ ရန်သူနိုင်ငံဘက်တွင်လည်း နာမည်ကြီးသည့် လေသူရဲဖြစ်၏။ သူသည် အင်္ဂလန်နိုင်ငံ၌ အမြင့်မားဆုံး သူရဲကောင်းဘွဲ့ကို ရထားသူဖြစ်၏။ ကမ္ဘာ့ ဗုံးကြဲလေယာဉ်ပျံတို့၏ စစ်နည်းဗျူဟာတွင် ပထမဆုံး ဆန်းသစ်သော စစ်နည်းဗျူဟာများကို တီထွင်ခဲ့သူလည်း ဖြစ်၏။

www.burmeseclassic.com

အောက်ဖော်ပြပါ အဖြစ်အပျက်မှာ ၁၉၄၃-ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဂျာမနီနိုင်ငံရှိ အဓိကစက်ရုံကြီးများအားထား အသုံးပြုနေရသော ရေကာတာကြီးများကို ချိုးဖောက်ဖုံးကြဲသည့် စစ်ဆင်ရေး၌ "ဂိုင်ဂျစ်ဆင်" ပါဝင်ခဲ့ပုံကို ဖော်ပြထားခြင်း ဖြစ်၏။ ဤအဖြစ်အပျက်ကို ဖတ်ကြည့်လျှင် လေကြောင်း စစ်ဆင်ရေးတစ်ခု၏ ဆင်နွှဲပုံကို ဖတ်သူ၏ ရင်တွင် အထင်အရှားပေါ်လာမည်ဟု ကျွန်တော်ထင်သည်။ ဤအဖြစ်အပျက်တို့ကို ပြန်ဆိုရာ၌ ဂိုင်ဂျစ်ဆင်ကိုယ်တိုင်ရေးသော (Enemy Coast Ahiead)နှင့် (Paul Brickhill ) ရေးသည့် (The Dam Busters) အမည်ရှိ စာအုပ် နှစ်အုပ်ကို မှီငြမ်းပြုပါသည်။ ယင်း စာအုပ် နှစ်အုပ်လုံးမှာ အနောက်တိုင်း စာပေလောကတွင် အကြိမ်ကြိမ်ပြန်ရိုက်ခဲ့ရသော စာအုပ်များ ဖြစ်ပါသည်။

**လေသူရဲတစ်ဦး**

# လျှော်ဖိုးကြဲခဲ့စဉ်က
## ( ၁ )

ကောင်းကင်ပြင်တွင် လမင်းကြီးထိန်ထိန်သာလျက် ရှိ၏။

ကျွန်တော့်ရှေ့မှ မြင်ကွင်းအားလုံးမှာ လှပလျက် ရှိပါသည်။ ပင်လယ်ရေပြင်တစ်ခုလုံးမှာ ငွေရောင်လက်နေသည်။ ကျွန်တော် ပျံသန်းနေသည့် အမြင့်မှာ ပေတစ်ရာပင် မပြည့်ပါ။ ရေပြင်အနီးတွင်ကပ်၍ အနိမ့်ပျံနေခြင်း ဖြစ်၏။

“ဗိုလ်မှူး. . . ကျွန်တော်တို့ သွားလမ်း ဘယ်ဘက်ကို တစ်မိုင်လောက် ရောက်နေတယ်။ အိမ်မြှောင်ညွှန်း တစ်တစ်-သုညဒီဂရီကို လှည့်လိုက်ပါ”

ကျွန်တော့်နောက်တွင် ထိုင်လိုက်လာသော လေကြောင်းလမ်းပြ ဗိုလ်ကြီးတေလန်းက လှမ်းပြောလိုက်ခြင်းဖြစ်၏။

ကျွန်တော်သည် ညင်သာစွာ လေယာဉ်ဦးကို တစ်တစ် သုည

ဒီဂရီသို့ လှည့်လိုက်ပါသည်။ ကျွန်တော်၏ ဘယ်ဘက်တောင်ပံနှင့် ညာဘက် တောင်ပံဘေးတွင်ကပ်၍ လိုက်ပါလာကြသော ဗုံးကြဲလေယာဉ်ပျံနှစ်စီးမှာ လည်း ကျွန်တော်ကွေ့ရာဘက်သို့ ယိမ်းနွဲ့၍ လိုက်ပါကွေ့ခဲ့၏။

"ဗိုလ်ကြီး တေလန်း . . . ကျွန်တော်တို့ ဒတ်ချ်ကမ်းခြေကို ဘယ် အချိန်ဖြတ်မလဲဗျ"

"နောက် ၁၀ မိနစ်လောက်ဆိုရင် ဖြတ်လိမ့်မယ် ဗိုလ်မှူး"

အနိမ့်ပျံသန်းချိန်ဖြစ်၍ ကျွန်တော့် လေယာဉ်ပျံကြီးမှာ ရေပြင် ပေါ်တွင် တရိပ်ရိပ် ကပ်ပြေးလျက်ရှိ၏။ ယနေ့ ကျွန်တော်တို့ မောင်းနှင်ခဲ့ သော လေယာဉ်ပျံအမျိုးအစားမှာ "လန်ကတ်စတာ" ဗုံးကြဲလေယာဉ်ပျံ ကြီး ဖြစ်၏။ ယနေ့ ကျွန်တော်တို့ လေယာဉ်အုပ်တွင် စုစုပေါင်း ၁၉ စီးရှိပါသည်။ ကျွန်တော့်မှာ လေယာဉ်ပျံ ၁၉စီး၏ ဦးဆောင်လေယာဉ်မှူး ဖြစ်၏။

ယနေ့ ၁၉ စီးရှိသော ဗုံးကြဲလေယာဉ်ပျံအုပ်စုကို အုပ်ငယ်သုံးစု ခွဲထားပါသည်။ ပထမ လေယာဉ်အုပ်ငယ်တွင် လေယာဉ်ပျံ ၉ စီးပါဝင် ၏။ ထို ၉ စီးကို သုံးစီးတစ်စု ပြန်ခွဲပြီး မြားဦးပုံသဏ္ဍာန် ပျံသန်းခဲ့ပါ သည်။ ကျွန်တော်မှာ ရှေ့ဆုံးမှ အုပ်စုတွင် မြားဦးထိပ်မှ နေရာယူထားသူ ဖြစ်သည်။

ဒုတိယအုပ်စုနှင့် တတိယအုပ်စုတွင်မူ ၅ စီး ပါဝင်သည်။ ဒုတိယ အုပ်စုကို ဗိုလ်မှူးမက်ကာသီက ဦးဆောင်၍ တတိယအုပ်စုကို ဗိုလ်ကြီး ကွန်ဆင်က ဦးဆောင်သည်။

ထိုအချိန်က လန်ကတ်စတာ ဗုံးကြဲလေယာဉ်ပျံကြီးတစ်စီးတွင် လေယာဉ်သား(၇)ဦး ပါဝင်ပါသည်။ လေယာဉ်မှူး၊ လေယာဉ်အင်ဂျင်နီယာ

လေကြောင်းလမ်းပြ၊ လေကြောင်းအချက်ပြ၊ ဗုံးချိန်သမား၊ အပေါ်စက် အမြောက်သမား၊ အနောက်စက်မြောက်သမား။ ထို့ကြောင့် ယနေ့ည ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်ရန် ပျံသန်းနေကြသော လေယာဉ်အမှုထမ်း များမှာ ၁၃၃-ဦးတိတိ ရှိပါသည်။

"ဗိုလ်မှူး. . . မာတင် လေယာဉ်ပျံက လှမ်းပြောနေတယ်၊ သူ့ရဲ့ ညာဘက်အတွင်း အင်ဂျင်ဟာ သိပ်မကောင်းချင်ဘူးတဲ့၊ တစ်ချက် တစ်ချက် သိပ်ခါတယ်လို့ ပြောတယ်"

လေကြောင်း အချက်ပြသမားက လှမ်းသတင်းပို့ခြင်း ဖြစ်၏။ ကျွန်တော်သည် စက္ကန့်အနည်းငယ်ခန့် စဉ်းစားနေပြီး. . .

"ပြန်ပြောလိုက်ဗျာ၊ ကိုယ့်ဟာကိုယ် မဟန်ဘူးထင်ရင် ဒတ်(ချ်) ကမ်းခြေ မရောက်ခင် ပြန်လှည့်သွားလို့"

"ဟုတ်ကဲ့ ဗိုလ်မှူး"

လန်ကတ်စတာ ဗုံးကြဲလေယာဉ်ပျံမှာ စက် (၄)လုံး ရှိပါသည်။ တကယ်တော့ စက်တစ်လုံးပျက်၍ မထောင်းတာလှ။ ဟန်မပျက် ကောင်း စွာ ပျံနိုင်ပါသည်။ သို့သော် ယနေ့ည စစ်ဆင်ရေးတာဝန်မှာ အလွန် ခက်ခဲသော တာဝန်ဖြစ်၏။ စက်လေးလုံးလုံး ကောင်းမှ ဆောင်ရွက်နိုင် မည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော် ပြန်လှည့်ခိုင်းနေခြင်း ဖြစ်၏။ "မာတင်" မှာ ပြန်မလှည့်သွားပါ။ ကျွန်တော့် ညာဘက်တောင်ပံ အနီးမှ ကပ်မြဲ ကပ်၍ ဆက်ပျံနေပါသည်။

"ဗိုလ်မှူး. . . ဒတ်(ချ်)ကမ်းခြေ စ,ဖြတ်ပြီ"

လေကြောင်းလမ်းပြ၏ တည်ငြိမ်သော အသံပေါ်၍ လာပြန်၏။

"ဟုတ်ကဲ့. . . ရန်သူ့နယ်မြေထဲရောက်ပြီ၊ တိုက်ပွဲဝင်ဖို့ အားလုံး

အသင့်ပြင်ဖို့ အမိန့်ပေးလိုက်ဗျာ”

ကျွန်တော်သည် စောစောက ချွတ်ထားသော သက်ကယ် ခေါင်းစွပ်ကို ချက်ချင်း ယူတပ်လိုက်၏။ လက်တစ်ဘက်တည်းဖြင့် တစ်လမ်းလုံး အေးအေးဆေးဆေး မောင်းလာခဲ့သော လေယာဉ်ထိန်း လက်တံကိုလည်း လက်နှစ်ဘက်နှင့် ဆုပ်၍ ကိုင်ထားလိုက်ပါသည်။

တကယ်တော့ ယနေ့ည ကျွန်တော်တို့ ထမ်းဆောင်ရမည့်တာဝန်မှာ မသေးလှပါ။ မိခင် လေတပ်စခန်းမှ မထွက်လာမီကပင် လေသူရဲတိုင်း သိပါသည်။ လေယာဉ် ၁၉ စီးမှာ ၉ စီး ပြန်ရောက်လျှင်ပင် ကံကောင်းလှပေပြီ။ ထိုပျက်ကျမည့် ၁၀ စီးတွင် မည်သူ့လေယာဉ်များ ပါဝင်မည်နည်း။ ကံဆိုးသူ မောင်ရှင်မှာ မည်သူတွေ ဖြစ်မည်နည်း။ မပြောနိုင်။ မတွေးနိုင်။ ပြော၍လည်းမရ။ တွေး၍လည်းမရ။ ဗုံးကြဲလေယာဉ်ပျံမောင်းသည့် လေသူရဲများ၏ ဘဝအဆုံးအဖြတ်မှာ ကံတရားသာလျှင် ဖြစ်၏။ အကြင်လေသူရဲသည် ကံကောင်းအံ့။ မိခင်လေတပ်စခန်းကို ပြန်ရောက်မည်ဖြစ်၏။ အကြင်လေသူရဲသည် ကံဆိုးအံ့။ ရန်သူ့နယ်မြေတွင် ကျကျန်ရစ်ခဲ့မည်သာ ဖြစ်၏။

ကျွန်တော်သည် ကျွန်တော့်ကိုယ် ကျွန်တော် ဤခရီးတွင် သေလူဟု သတ်မှတ်ထားပါသည်။ မှန်သည်။ တကယ်တော့လည်း ရှင်စရာ လမ်းမရှိ။ ယနေ့ည ထမ်းဆောင်ရမည့် တာဝန် အဘယ်မျှ ခက်ခဲသည်။ အဘယ်မျှ အန္တရာယ်များသည်ကို ကျွန်တော် အသိဆုံးဖြစ်၏။ ကျွန်တော် ယခုည တိုက်ပွဲကို ဆင်နွှဲရန် ပြင်ဆင်နေခဲ့ရသည်မှာ နှစ်လလုံးလုံး ရှိသွားလေပြီ။ ထို နှစ်လလုံးလုံး ကျွန်တော်တစ်ရက်မှ အနားမရ။ ဆွေးနွေးရ၊ လေ့ကျင့်ရ၊ ပြင်ဆင်ရနှင့် ကျွန်တော့် တစ်ကိုယ်လုံး နွမ်းလျက်ရှိလေပြီ။

ထို့ကြောင့် ယနေ့ည ကျွန်တော်သေရလျှင်လည်း ကျွန်တော့်အဖို့ အနားရသည်ဟုသာ သတ်မှတ်ထား၏။ ကျွန်တော် ဝမ်းမနည်းတော့။ ကျွန်တော်သည် လရောင်အောက်တွင် ရေးရေးမြင်နေရသော ဒတ်(ချ်)ကမ်းခြေကို စူးစိုက်ကြည့်ရင်း ယခုည တိုက်ပွဲပါဝင်ခဲ့ပုံကို အမှတ်ရ၍လာ၏။ အဖြစ်အပျက်အားလုံးမှာ ကျွန်တော့်အတွေးတွင် တစ်ခုချင်းအစီအရီ ပေါ်၍လာကြ၏။

*　　　*　　　*

လွန်ခဲ့သော နှစ်လကျော်ခန့်က ဖြစ်ပါသည်။

အချိန်မှာ မတ်လအတွင်း ဖြစ်၏။ ကျွန်တော်မှာ ပြင်သစ်နိုင်ငံပေါ်တွင် လန်ကတ်စတာ ဗုံးကြဲလေယာဉ်ပျံတစ်စင်းနှင့် တိုက်ပွဲဝင် နေပါသည်။ သုံးရက်လလေးမှာ မိုးကုတ်စက်ဝိုင်းအနီးတွင် ရေးရေးပေါ်လျက်ရှိ၏။

ယနေ့ည ထမ်းဆောင်ရမည့် စစ်ဆင်ရေးတာဝန်မှာ ကျွန်တော်၏ ၁၇၃-ကြိမ်မြောက် ရန်သူ့နယ်မြေပေါ်သို့ တိုက်ခိုက်ရသည့် တိုက်ပွဲဖြစ်၏။ ထိုညက ရာသီဥတုကလည်း မကောင်းပါ။ မိုးဖွဲဖွဲ ရွာလျက်ရှိ၏။ သို့သော် ကျွန်တော်သည် ချောချောမောမောပင် ကျွန်တော့်အတွက် သတ်မှတ်ထားသော ပစ်မှတ်ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

စခန်းသို့ပြန်ရောက်ချိန်တွင် ကျွန်တော့်တစ်ကိုယ်လုံးမှာ အလွန်ရွှင်လန်းအားရလျက်ရှိ၏။ မနက်ဖန် ခွင့်သွားရတော့မည်၊ ခွင့်ရထားပြီဖြစ်၏။ မှန်သည်။ ကျွန်တော်မှာ စစ်ကြီးစကတည်းက စစ်ရေးတာဝန်များကို မပြတ်ထမ်းဆောင်နေခဲ့ရသည့် လေသူရဲဖြစ်၏။ တစ်ကြိမ်မျှ အနားမရခဲ့။ မနက်ဖန်မှစ၍ ကျွန်တော် ခွင့်တစ်လ သွားရတော့မည်။ လန်ဒန်

မြို့အနီးရှိ စက်ရုံတစ်ရုံတွင် အမှုထမ်းနေသော ကျွန်တော့် ဇနီးကိုလည်း မနက်ဖန်မှစ၍ ခရီးထွက်ရန် အသင့်ပြင်ထားခိုင်းလေပြီ။ ခွဲနေရသည်မှာ ကြာပြီဖြစ်၍ယခုအချိန်တွင် ကျွန်တော့်ဇနီးမှာလည်း အလွန်ပျော်လျက် ရှိမည်ဖြစ်၏။ ဪ. . . စစ်အတွင်း၌ ရတောင့်ရခဲခွင့်တစ်လ. . .

ကျွန်တော်သည် ကျွန်တော့် စခန်းသို့ပြန်ရောက်သည်နှင့် မနက်ဖြန်ခရီးထွက်ရန် အခန်းတွင် ပြန့်ကျဲနေသော ပစ္စည်းများကို သိမ်းဆည်းရ၏။ တကယ်တော့ ကျွန်တော့် ပစ္စည်းများမှာလည်း များများ ရှိလှသည် မဟုတ်ပါ။ အဝတ်စား အနည်းငယ်မျှ ဖြစ်၏။ ထို့ကြောင့် မိနစ်ပိုင်း အတွင်းမှာပင် ပြင်ဆင်၍ ပြီးလေပြီ။

ထိုညက ကျွန်တော် ကောင်းစွာ အိပ်မပျော်။ မနက်အစောကြီးပင် နိုး၍နေ၏။ အရှေ့ရပ်မှ နေခြည်ပေါ်သည်နှင့် ကျွန်တော် အိပ်ရာမှ ထလိုက်၏။ မနက်စာကို ရိပ်သာတွင် အစောကြီးပင် ဝင်စားလိုက်ပါသည်။

မနက် ၈-နာရီခန့်တွင် တပ်ရေးဗိုလ်ကြီး ကျွန်တော့် အခန်းသို့ ပေါက်လာ၏။ သူ့လက်ထဲတွင် အမိန့်စာရွက် တစ်ရွက်ကိုင်လာပါသည်။

“ဘယ်လိုလဲ တပ်ရေးကြီး။ ကျွန်တော့် ခွင့်စာလား”

“မဟုတ်ဘူး ဗိုလ်မှူး။ ဗိုလ်မှူးရဲ့ ပြောင်းရွှေ့မှု အမိန့်”

“ဘာ ပြောင်းရွှေ့အမိန့်”

“ဟုတ်ကဲ့”

ကျွန်တော်သည် သူ့လက်ထဲက အမိန့်စာရွက်ကို ဖျပ်ကနဲ ဆွဲယူ၍ ကြည့်လိုက်သည်။ မှန်သည်။ ကျွန်တော့်ကို လေတပ်ဦးစီးဌာနချုပ်သို့ ပြောင်းရွှေ့လိုက်သည့် အမိန့်ဖြစ်၏။ မှတ်ချက်အဖြစ် ဌာနချုပ်ရှိ လေ

ကြောင်း စစ်ဆင်ရေးမှူးသို့ အမြန်ဆုံး သတင်းပို့ရန်ဟူသော စာပိုဒ်လေးကိုလည်း သတိပြုလိုက်မိသေး၏။

ဘာကြောင့် ကျွန်တော့် ခွင့်ကို ဖျက်လိုက်ပါလိမ့်။ ကျွန်တော်ရုတ်တရက် မတွေးတတ်၊ တပ်ရေးကြီးကို မေးကြည့်လိုက်သောအခါ၌လည်း သူဘာမှ မသိဟု ဆို၏။

"ကဲ. . . ဒီလိုဆိုရင်လဲ ခင်ဗျား ကျွန်တော့် ဇနီးဆီ ခွင့်မရတော့ဘူး ဆိုတဲ့အကြောင်း ကြေးနန်းရိုက်ပေး စမ်းပါဗျာ"

"ဟုတ်ကဲ့ ဗိုလ်မှူး၊ ကျွန်တော် ခုပဲ ရိုက်ခိုင်းလိုက်ပါ့မယ်"

ကျွန်တော် နောက်တစ်နေ့တွင်ပင် ဌာနချုပ်ရှိ လေကြောင်းစစ်ဆင်ရေးမှူးနှင့် သွားတွေ့ပါသည်။ ထိုအချိန်က စစ်ဆင်ရေးမှူးမှာဗိုလ်ချုပ် 'ကော်ရိန်း' ဖြစ်၏။ သူသည် ကျွန်တော့်ကို တွေ့တွေ့ချင်းအလွန်ရွှင်လန်း အားရစွာ နှုတ်ဆက်ပါသည်။ ထို့နောက် မိနစ်အနည်းငယ်မျှ ကျွန်တော်ပါဝင်ခဲ့သည့် တိုက်ပွဲများ အကြောင်းမေးပြီး. . .

"ဂျစ်ဆင်. . . မင်းကို ငါတာဝန်တစ်ခု ပေးချင်တယ်၊ တခြားတော့မဟုတ်ပါဘူး၊ ငါတို့ သတ်မှတ်ပေးတဲ့ ရန်သူ့ ပစ်မှတ်တစ်ခုကို တစ်ခေါက်လောက် ဗုံးကြဲပေးဖို့ပဲ၊ မင်းလုပ်နိုင်မလား၊ ဒီတာဝန်ကို မင်းလုပ်ချင်မှလုပ်၊ မလုပ်ချင်လဲ ရတယ်၊ မင်းခွင့်ကို ဖျက်ပြီး ခေါ်ရတဲ့အတွက်လဲဝမ်းနည်းပါတယ်"

သူသည် ကျွန်တော့်ကို ပြုံး၍ ပြောလိုက်ခြင်းဖြစ်၏။

ခက်ပြီ။ ရန်သူ့ပစ်မှတ်များကို ဗုံးသွားကြဲရသည်မှာ ကျွန်တော့်အဖို့ ရိုးနေလေပြီ။ ငြီးငွေ့ပေပြီ။ စိတ်မဝင်စားလှတော့။ သို့သော်ရုတ်တရက် မငြင်းလိုက်မိသေးပါ။

"ပစ်မှတ်က ဘယ်လိုဟာမျိုးလဲ ဗိုလ်ချုပ်"

"သိပ်အရေးကြီးတယ်ကွာ၊ ခုအချိန်မှာတော့ ငါ ဒါပဲ ပြောနိုင်ဦးမယ်၊ မင်းလုပ်ချင်တယ်၊ မလုပ်ချင်ဘူးသာ ပြော"

သိပ် အရေးကြီးသည်ဟု သိသဖြင့် ကျွန်တော် ချက်ချင်း စိတ်ဝင်စား၍ သွား၏။ ဗိုလ်ချုပ်ကြီး ကိုယ်တိုင် တကူးတကခေါ်၍ တာဝန်ပေးနေခြင်း ဖြစ်သဖြင့်လည်း ကျွန်တော် မငြင်းချင်တော့။

"ဗိုလ်ချုပ်- ကျွန်တော် လုပ်မယ်"

"အေး. . . ဒါဆိုရင် မင်း သွားတော့။ မင်း လုပ်ရမယ့် တာဝန်ကို နောက်မှ တို့ အသေးစိတ် ရှင်းပြမယ်"

နှစ်ရက်ကြာသွားပြီ။

ကျွန်တော် လုပ်ရမည့် တာဝန်နှင့်ပတ်သက်၍ ဘာမှ သတင်းစကား အထူးမကြားပါ။ ကျွန်တော့်မှာ အရာရှိရိပ်သာတွင် အိပ်လိုက်စားလိုက်နှင့် အလွန်ပျင်းရိစွာ အချိန်ဖြုန်းနေရ၏။ သုံးရက်ကြာသောနေ့တွင် စစ်ဆင်ရေးမှူးချုပ်ကြီးက ကျွန်တော့်ကို ခေါ်တွေ့ပြန်၏။ ဤတစ်ကြိမ်တွင် ဗိုလ်ချုပ်ကြီးအနီး၌ ဗိုလ်မှူးကြီး ချားဝစ်မင် အတူထိုင်လျက်ရှိ၏။ ဗိုလ်မှူးကြီး ချားဝစ်မင်မှာ ထိုအချိန်က ကျွန်တော်တို့ ဘုရင့်လေတပ်မတော်တွင် အသက်အငယ်ဆုံး ဗိုလ်မှူးကြီးဖြစ်၏။ အသက် ၂၆-နှစ်ပင် ပြည့်ဟန်မတူသေးပါ။

"ဂျစ်ဆင်- မင်းကို ငါတို့ တစ်နေ့က ပြောထားတဲ့ တာဝန်အကြောင်းမပြောခင် တစ်ခုကြိုပြီး သတိပေးချင်တာရှိတယ်"

"ဟုတ်ကဲ့ ပြောပါဗိုလ်ချုပ်"

"မင်း ခုပုံးကြဲရမယ့် တာဝန်က တခြား ဗုံးကြဲရမယ့် တာဝန်တွေနဲ့

မတူဘူး။ အန္တရာယ် သိပ်များတယ်။ ရှင်းရှင်းပြောရရင်တော့ သေဖို့ များတယ်ကွာ။ နောက်တစ်ခုက မင်းဒီဖုံးကြွတာကို နောက်နှစ်လ အတွင်းလဲ လုပ်ရဦးမှာ မဟုတ်ဘူး”

“ဘာ နှစ်လ”

“ဟုတ်တယ်။ နှစ်လလုံးလုံးအတွင်းမှာ မင်းဘာမှ လုပ်ရဦးမှာ မဟုတ်ဘူး။ အဲ-ဒါပေမဲ့ လေ့ကျင့်မှုတွေတော့ အမျိုးမျိုးလုပ်ရမယ်ကွာ။ လေတပ်ဦးစီးချုပ် အမိန့်ပေးထားတာကတော့ မင်းဖုံးကြွလေယာဉ်အုပ်သစ်တစ်ခုကို စထောင်။ ဒီအုပ်ကို မင်းကိုယ်တိုင် ဦးစီးရမယ်။ လေသူရဲကိုလဲ ဘုရင့်လေတပ်မတော်ထဲမှာ ရှိတဲ့ အထဲက မင်းကြိုက်တဲ့လူတွေကို ရွေး။ တို့လိုချင်တာက မင်းလေယာဉ်အုပ်ဟာ ဘုရင့်လေတပ်မတော်မှာ အကောင်းဆုံး ဖုံးကြွလေယာဉ်အုပ် ဖြစ်ရမယ်။ ဟောဒီ ဗိုလ်မှူးကြီးချားဝစ်မင်က မင်းလိုချင်တဲ့ အကူအညီ အကုန်ပေးလိမ့်မယ်”

ဗိုလ်ချုပ်ကြီးသည် သူ့စကားကို ခေတ္တဖြတ်လိုက်ပြီး သူ့အံဆွဲထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်၏။

“အဲ နောက်တစ်ခု အရေးကြီးတာက အချိန်ပဲ။ မင်းလေယာဉ်အုပ်သစ်ဖွဲ့ဖို့ လေ့ကျင့်ဖို့ အားလုံး နှစ်လပဲရမယ်။ ဒီနှစ်လအတွင်းမှာ မင်း အားလုံး လေ့ကျင့်ပြီးသား ဖြစ်ရမယ်”

“ဘယ်လိုပစ်မှတ်မျိုးကို ဖုံးကြွရမှာလဲ ဗိုလ်ချုပ်။ နောက် ဘယ်လိုလေ့ကျင့်တာမျိုး လုပ်ရမှာလဲ”

“ဝမ်းနည်းပါတယ်။ ကိုယ် အခုချိန်မှာ ဒါထက်ပိုပြီး ဘာမှ မပြောနိုင်သေးဘူး။ ခုကိစ္စမှာ တို့လုပ်ရမှာတွေ အားလုံးက ထိပ်တန်းလျှို့ဝှက်ပဲ။ မင်း ပထမဆုံး လေယာဉ်အုပ်သစ် တစ်ခုကိုသာဖွဲ့။ မင်းဖွဲ့ပြီးတဲ့

အချိန်ကျတော့ မင်းလေ့ကျင့်ရမယ့် လေ့ကျင့်ခန်းတွေကို ငါ ပြောပြမယ်”

“လေယာဉ်ပျံတွေရော ဘယ်တော့ရမှာလဲ”

“ချက်ချင်း မင်းလိုချင်တဲ့ အချိန်ရမယ်။ ဒီ ဗိုလ်မှူးကြီးကို မင်း လိုချင်တာတွေ အကုန်ပြော။ သူ ချက်ချင်းရအောင် လုပ်ပေးမယ်။ သြော် နောက်တစ်ခုက ဒီအုပ်သစ်ဖွဲ့တာကို မင်း နှစ်ရက်အတွင်း ပြီးအောင်လုပ်”

ဗိုလ်ချုပ်ကြီးအခန်းမှ ပြန်ထွက်လာသော အချိန်၌ ကျွန်တော့် ခေါင်းထဲတွင် ချက်ချင်းစလုပ်ရမည့် အလုပ်မျိုးစုံဖြင့် ရှုပ်ထွေးလျက်ရှိ၏။ လေတပ် အုပ်သစ်တစ်ခုကို ဖွဲ့ရသည့် အလုပ်မှာ လွယ်ကူသော အလုပ် မဟုတ်ပါ။ ကြည်းတပ်တွင် တပ်ရင်းသစ်တစ်ခုကို ဖွဲ့ရသည်နှင့် အတူတူ ပင် ဖြစ်၏။ လေတပ်သား ၇၀၀-ကို ချက်ချင်းစုရုံးရမည်။ တာဝန် အမျိုးမျိုး ခွဲပေးရမည်။ နေဖို့အဆောက်အဦ ရှာရမည်။ တစ်ခါ ကြည်း တပ်နှင့် ကျွန်တော်တို့ လေတပ် မတူသည်မှာ လေတပ်မှ ရဲဘော် အားလုံး မှာ ပညာသည်များ ဖြစ်၏။ အင်ဂျင်ပြင်ဆရာရဲဘော်၊ ဒိုင်ကွက်ပြင်ဆရာ ရဲဘော်၊ လက်နက်ပြင်သည့် ရဲဘော်၊ ရေဒီယိုပြင်သည့် ရဲဘော်။ လေယာဉ်ပျံ ပြင်ဆင်ခြင်းပညာနှင့် ပတ်သက်၍ တစ်ခုမဟုတ် တစ်ခုတတ်သည့် ရဲဘော်များသာ ဖြစ်၏။ ဤသို့ ပညာသည် စုံလှသော ရဲဘော်များကို ကျွန်တော် နှစ်ရက်အတွင်း အစုံအစေ့ရအောင် အဘယ်သို့ စုရုံးရမည် နည်း။

သို့သော် ဗိုလ်မှူးကြီး ချားဝစ်မင်၏ အကူအညီဖြင့် နှစ်ရက် အတွင်း လေယာဉ်အုပ်တစ်ခု(ဝါ) လေတပ်တပ်ရင်းတစ်ခုကို အောင်မြင် စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ကျွန်တော် လိုချင်သည့် လေသူရဲများမှာ နှစ် ရက်အတွင်း ကျွန်တော့် လေယာဉ်အုပ်သို့ တဖွဲဖွဲရောက်ရှိလာခဲ့ကြပါ

သည်။

လေယာဉ်အုပ်သစ်ဖွဲ့ပြီး နောက်တစ်နေ့တွင် စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီးက ကျွန်တော့်ကို ခေါ်တွေ့ပြန်သည်။

"မင်းတပ် အတွက် လေယာဉ်ပျံတွေ ရောက်လာပြီလား"

"ဟုတ်ကဲ့ ရောက်ပြီ။ မနေ့ညနေက ရောက်လာတယ်"

"ဒါဆိုရင် မင်းနက်ဖန်ကစပြီး လေ့ကျင့်ပျံသန်းတာတွေ စလုပ် တော့"

"ဘာတွေ လေ့ကျင့်ရမှာလဲ ဗိုလ်ချုပ်"

"အနိမ့်ပျံတာကို လေ့ကျင့်။ ဒီအနိမ့်ပျံတာကို နေ့ဘက်ရော ညဘက်ရော မပြတ်လေ့ကျင့်ခိုင်း။ နောက်တစ်ခုက မင်းအခု ပြန်သွားသွား ချင်း လေသူရဲတစ်ယောက်ကို တာဝန်ပေးလိုက်။ အင်္ဂလန်ကျွန်း တစ်ခုလုံး မှာရှိတဲ့ ရေကန်တွေကို လေကြောင်း ဓာတ်ပုံရိုက်ပြီး၊ မနက်ဖြန် ဒီ လေကြောင်း ဓာတ်ပုံတွေကို ငါ့ရုံးခန်းကို ပို့ပေးခိုင်း"

"ဟုတ်ကဲ့"

ကျွန်တော်တပ် ပြန်ရောက်ရောက်ခြင်းပင် "မာတင်" အမည်ရှိ လေသူရဲကို လေကြောင်းဓာတ်ပုံရိုက်ရန် လွှတ်လိုက်ရပါသည်။ နောက် တစ်နေ့မနက်တွင် ထိုဓာတ်ပုံများကို အပြီးဆေးပြီး ကျွန်တော်ကိုယ်တိုင်ပင် ဗိုလ်ချုပ်ကြီးထံ သွားပို့ပေး၏။ ဗိုလ်ချုပ်ကြီးသည် ထိုဓာတ်ပုံများကို ကြည့်ပြီး ကျွန်တော့်ကို မည်သည့်ညွှန်ကြားချက်မှမပေးပါ။ ကျွန်တော့်ရဲဘော် လေသူရဲ များ ခရီးဝေး ပျံသန်းလေ့ကျင့်သည့်အခါ ရေကန်များကို ပန်းတိုင်အဖြစ် ထား၍ ပျံသန်းကြရန်သာ အရေးမကြီးသလို ပြောလိုက်ပါသည်။

ကျွန်တော်သည် လေ့ကျင့်ပျံသန်းမှုများကို ထိုနေ့မှပင် စစေခဲ့ပါ

သည်။ ထိုလေ့ကျင့်မှုကို မစခင်၊ လေသူရဲနှင့် လေယာဉ်မျှား အားလုံးကို စုရုံးစေ၍ . . . .

"ခင်ဗျားတို့အားလုံးကို တပ်အသီးသီးက အရေးကြီးတကြီး ခေါ်ပြီး စုရုံးစေကတည်းက တစ်ခုခုအရေးကြီးတဲ့ တာဝန်ကို ခိုင်းတော့ မယ်ဆိုတာ ခင်ဗျားတို့ ရိပ်မိကြမှာပါ။ မှန်ပါတယ်။ ခင်ဗျားတို့ အရေးကြီး တဲ့ တိုက်ပွဲတစ်ခုကို ဝင်ရလိမ့်မယ်။ ဘယ်လို တိုက်ပွဲမျိုးဆိုတာတော့ ကျွန်တော့်ကို မမေးနဲ့။ ကျွန်တော်လဲ မသိသေးဘူး။ ဒီစစ်ဆင်ရေးက သိပ်အရေးကြီးလို့ အစစအရာရာ အားလုံးကိစ္စတွေကို ထိပ်တန်း လျှို့ဝှက် ချက်အနေနဲ့ လုပ်ထားတယ်။ ဒီတော့ ခင်ဗျားတို့အားလုံး သိုသိုသိပ်သိပ် နေတတ်ဖို့ အရေးကြီးတယ်။ ဒီနေ့ တပ်ထဲမှာ ဘာလုပ်နေကြတယ်ဆို တာကို အရေးကြီးတာရော၊ မကြီးတာရော အပြင်က လူတွေကို ဘာမှ မပြောကြပါနဲ့။ နှုတ်ပိတ်နေကြပါ"

"နောက်တစ်ခုက ဒီ စစ်ဆင်ရေးကို မလုပ်ခင် ကျွန်တော်တို့ လေ့ကျင့်ပျံသန်းမှုတွေ နေ့ရော ညပါ လုပ်ရမယ်။ လေ့ကျင့်ပျံသန်းမှု ဟာ ဒီစစ်ဆင်ရေးမှာ အသက်ပဲလို့ စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီးကလဲ ကျွန်တော့်ကို မှာလိုက်တယ်။ ဒီနေ့ကစပြီး အနိမ့်ပျံသန်းမှုကို လေ့ကျင့် မယ်။ ခင်ဗျားတို့ စစခြင်း ပေနှစ်ရာ အမြင့်လောက်က ပျံသန်းကြည့်ကြ။ နောက် ကိုယ့်ဟာကိုယ် နိုင်ပြီထင်ရင် ပေတစ်ရာအနိမ့်ထိ ဆင်းပြီးပျံ"

ထိုနေ့မှစ၍ ကျွန်တော့် တပ်မှ လေယာဉ်ပျံများ အင်္ဂလန် တစ်ကျွန်းလုံးပေါ်တွင် တဝူးဝူးနှင့် အနိမ့်ပျံ လေ့ကျင့်မှုကို စကြတော့ သည်။ လေယာဉ်ပျံများ သစ်ပင်ပင် ထိပ်ဖျားကပ်၍ အနိမ့်ပျံခြင်းမှာ လွယ်သော အလုပ်မဟုတ်ပါ။ အသက်နှင့် အလွန်နီး၏။ တစ်စက္ကန့်ခန့်

သတိလစ်သွားသည်နှင့် မြေပြင်မှ ထိုးတက်နေသော အတားအဆီးတစ်ခုခုနှင့် ဝင်ဆောင့်ပြီး အသက်ဆုံးရမည် ဖြစ်၏။ သို့သော် သစ်ပင်ထိပ်နားကပ်၍ တရိပ်ရိပ် ပျံသန်းရသည်မှာ ပျော်စရာအလွန်ကောင်း၏။ ရင်ခုန်စရာ အလွန်ကောင်း၏။ မည်သို့ပင် အသက်အန္တရာယ်ရှိ၍ မပျံရန် ဥပဒေထုတ် တားမြစ်ထားသော်လည်း လေသူရဲများ မကြောက်ကြ။ မကြာခဏ ခိုးပျံတတ်၏။ ထို့ကြောင့် အနိမ့်ပျံ လေ့ကျင့်မှုများ စ,သည်နှင့် အကြောင်းမသိသော စစ်ရဲများထံမှ လေယာဉ်ပျံ နံပါတ် မှတ်ပြီး တိုင်ကြားသည့် စာများ ကျွန်တော့်ထံ အမြောက်အမြား ရောက်လာပါသည်။

ခက်နေသည်မှာ ထိုအချိန်ထိ ကျွန်တော့် လေတပ်တပ်ရင်းသစ်ကို အမည်ပင် မပေးရသေး။ လေတပ်ဦးစီးချုပ်ရုံးသို့ ကျွန်တော် ဖုန်းဆက်မေးကြည့်သောအခါ၌လည်း ခေတ္တစောင့်ပါဦးသာ အဖြေရခဲ့ပါသည်။ တစ်ညနေတွင် စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီးထံမှ ကျွန်တော့်ထံ ဖုန်းလာပါသည်။

"ဂျစ်ဆင်. . . မင်းပုံးကြဲရမယ့် ပစ်မှတ်နဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ မင်း သိပ္ပံပညာရှင် တစ်ယောက်ကို သွားတွေ့ရလိမ့်မယ်"

"ဘယ်တော့လဲ ဗိုလ်ချုပ်"

"မနက်ဖန်"

"ဘယ်သူနဲ့လဲ"

"နာမည်ကိုတော့ ပြောလို့မရဘူး။ မင်း မနက်ဖန် လန်ဒန်မြောက်ဘက်က ဘူတာရုံကို မနက်(၈)နာရီ အရောက်သွား၊ ဘူတာရုံရောက်တော့ မင်း ကားကို ပြန်လွှတ်လိုက်၊ မင်းတစ်ယောက်ထဲ ဘူတာရုံထဲ ဝင်သွား၊ လူတစ်ယောက် တွေ့လိမ့်မယ်၊ ဒီလူက မင်း တွေ့ရမယ့် သိပ္ပံပညာရှင်ရှိတဲ့

ဆီ ခေါ်သွားလိမ့်မယ်”

“အဲဒီလူနာမည်က. . .”

“ဒီနာမည်လဲ မင်းသိစရာ မလိုပါဘူး။ သူက မင်းကို သိပါတယ်။ မင်းလဲ သူ့ကိုတွေ့တော့ သိမှာပါ။ အားလုံး သဘောပေါက်တယ်နော်”

“ဟုတ်ကဲ့”

“ဩော်-ဒါထက် မင်းတို့ လေယာဉ်အုပ်သစ်ကို နာမည်ပေးပြီး ပြီ။ မှတ်ထား။ အမှတ် ၆၁၇ ဗုံးကြဲအုပ်တဲ့”

* * *

နောက်တစ်နေ့မနက် ၈-နာရီတိတိတွင် ဗိုလ်ချုပ်ကြီး ပြောထားသည့် လန်ဒန်မြောက်ပိုင်းမှ ဘူတာရုံသို့ ကျွန်တော် ရောက်သွားပါသည်။ ဘူတာရုံတွင်းသို့ ဝင်လိုက်သည်နှင့် “မက်”အမည်ရှိ လေသူရဲတစ်ဦးကို တွေ့ပါသည်။ မက်မှာ စစ်ကြီးမဖြစ်မီကပင် ကျွန်တော်နှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦး ဖြစ်၏။ မက်၏ အလုပ်မှာ တီထွင်စ လေယာဉ်အသစ် အဆန်းများကို စမ်းသပ်မောင်းနှင် ပေးရသော လေသူရဲအလုပ် ဖြစ်၏။ မက်အမည်မှာ အစမ်းမောင်း လေသူရဲများ လောကတွင် အင်္ဂလန် တစ်နိုင်ငံလုံး သိပါသည်။

“ဟေ့ ဂျစ်ဆင်၊ မင်းကို ကိုယ်စောင့်နေတာ”

“ဘာလဲ မက်။ ကျွန်တော်တွေ့ရမယ်ဆိုတဲ့ လူဟာ ခင်ဗျားလား”

“ဟုတ်တယ်။ လိုက်ခဲ့”

မက်က သူ့ကားငယ်လေးနှင့် လန်ဒန်မြို့ အပြင်ဘက်ကို ကျွန်တော့်ကို ခေါ်သွားပါသည်။ မြို့ပြင်သို့ရောက်သောအခါ၌ မြောက်ဘက်စူးစူး သို့ လမ်းကျဉ်းလေး တစ်ခုအတိုင်း လိုက်သွားရသည်။ လမ်းတွင်

မည်သည့် အရပ်ကားကိုမှ မတွေ့ရ။ စစ်ကုန်တင်ကားကြီးများကိုသာ မြင်တွေ့ရပါသည်။ ကျွန်တော်သည် မက်ဘေးတွင် ငြိမ်ထိုင်၍နေရင်း အလွန်တရာ အရေးကြီးသည်ဟု သိထားသော စစ်ဆင်ရေးတွင် မက်ကဲ့သို့ အရပ်သားတစ်ဦး ပါဝင်နေသည့်အဖြစ်ကို အံ့သြ၍ နေမိ၏။

လမ်းကျဉ်းကလေးအတိုင်းလိုက်၍ တစ်မိုင်ခန့်ရောက်သောအခါ၌ မက်သည် ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းသို့ ကွေ့ဝင်လိုက်ပါသည်။ ခြံဝင်းလမ်းအတိုင်း ငါးမိနစ်ခန့် ကွေ့ပတ်မောင်းလိုက်လျှင် လက်နက်အပြည့်အစုံဖြင့် စစ်ရဲနှစ်ဦးစောင့်နေသော ဂိတ်တံခါးပေါက် တစ်ခုသို့ ရောက်သွားပါသည်။ ထိုဂိတ်မှဝင်လျှင် ကိုက် ၂၀-ခန့်အဝေး၌ ဂိတ်တံခါး တစ်ခုကို ဖြတ်ရပြန်သည်။ ထိုဂိတ်ကို ကျော်သည်နှင့် ကြီးမားသော အုတ်အဆောက်အဦ အနီကြီးတစ်လုံးကို မြင်တွေ့လိုက်ရ၏။ “မက်”သည် ထိုအဆောက်အဦကြီး အတွင်းသို့မဝင်။ အဆောက်အဦ၏ ဘေးရှိ လှေကားငယ်လေးအတိုင်းလိုက်၍ ကျွန်တော့်ကို ဦးဆောင်ခေါ်သွားပါသည်။

စက္ကန့်ပိုင်းအတွင်းပင် ကျွန်တော်တို့ နှစ်ဦးမှာ မြေတိုက်ခန်းကြီး တစ်ခု အတွင်းသို့ ရောက်ရှိသွား၏။

“ဂျစ်ဆင်၊ မင်းတွေ့ရမယ့် သိပ္ပံပညာရှင်ကြီးဆိုတာ ဒီပုဂ္ဂိုလ်ပဲ” ထိုပုဂ္ဂိုလ်ကြီးကို ကျွန်တော် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးပါ။ အသက်မှာ ၄၀ ကျော်ခန့်ပင် ရှိဦးမည်။ သူဝတ်စားထားပုံမှာလည်း ရိုးရိုး ရှင်းရှင်းလေး ဖြစ်၏။ မျက်နှာပေါက်ကို ကြည့်ရသည်မှာလည်း အေးသည့်ပုံ၊ တည်ငြိမ်သည့်ပုံများ ပေါ်နေပါသည်။ ထူးခြားသော မြင်ကွင်းတစ်ရပ်မှာ သာမန်လူများထက် အနည်းငယ် အရောင်တောက်နေသလို ရှိ၏။

"ဗိုလ်မှူး-ဗုံးကြဲရမယ်ပစ်မှတ်အကြောင်းတော့အကုန်သိပြီးပါပြီနော်"

"ဟင့်အင်း မသိဘူး ဆရာကြီး၊ ကျွန်တော် ဘာတစ်ခုမှ မသိသေးဘူး"

ဆရာကြီးမှာ ကျွန်တော့် အဖြေစကားကြောင့် အလွန်အံ့သြသွားပုံရ၏။

"ဟာ. . . ဒုက္ခပါပဲ၊ ဗိုလ်မှူးကို သူတို့ အကုန်ပြောပြထားသင့်တာပဲ၊ ဗိုလ်မှူး ဘာမှမသိတဲ့ ဒီဗုံးအကြောင်း ဘယ်လို ဆွေးနွေးကြမှာလဲ၊ "မက်" ခင်ဗျား သူ့ကို ဘာမှ မပြောရသေးဘူးလား"

"မပြောသေးဘူး၊ ကျွန်တော့်ကို ညွှန်ကြားလိုက်တာက ဆရာကြီးဆီကို ခေါ်လာဖို့ပဲ"

ဗုံး. . . ဘာဗုံးများပါလိမ့်။ ဗုံးနှင့် ပတ်သက်ပြီး ကျွန်တော့်ကို ဘာများဆွေးနွေးချင်ပါလိမ့်။ ကျွန်တော့်ခေါင်းတွင် ရုတ်ချည်း အတွေးမျိုးစုံပေါ်၍လာကြသည်။

"ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ကို ဆွေးနွေးဖို့ ပြောဖို့ ညွှန်ကြားထားတာတော့ ဟောဒီ စာရင်းထဲမှာပါတဲ့ ပုဂ္ဂိုလ် (၇)ယောက်ပဲ ရှိတယ်"

သိပ္ပံဆရာကြီးသည် သူ့စားပွဲထဲမှ လူစာရင်းတစ်ခုကို ထုတ်၍ ကျွန်တော့်ကို ပြလိုက်၏။

"ဗိုလ်မှူး နာမည်က ဒီအထဲမှာ မပါဘူး။ ကဲထားပါတော့။ ဗိုလ်မှူးက ဒီဗုံးကို သွားချရမယ့် လေသူရဲပဲ။ ဗိုလ်မှူးကို ကျွန်တော် ပြောသင့်သလောက်တော့ ပြောပြပါမယ်။ ပထမဆုံး ပစ်မှတ်အကြောင်း ကျွန်တော် ပြောမယ်။ ခု ကျွန်တော်တို့ ပစ်ရမယ့် ပစ်မှတ်က ရန်သူ့နယ်မြေထဲမှာ

ရှိတဲ့ အင်မတန်ထုထည် ခိုင်မာတဲ့ အဆောက်အဦ ဆိုပါတော့။ ဒီ အဆောက် အဦက ရန်သူအတွက် အင်မတန် အရေးပါတဲ့ တန်ဖိုးရှိတဲ့ အဆောက် အဦကြီး။ စစ်အတွက် သေရေးရှင်ရေး နေရာတစ်ခု ဆိုပါတော့။ အဲ-အဲဒီ အဆောက်အဦ ဖျက်ဆီးဖို့က ကျွန်တော်တို့ သမရိုးကျ၊ ဒီနေ့ လေတပ် မှာသုံးနေတဲ့ ဗုံးတွေနဲ့ ဖြိုလို့မရဘူး။ အင်မတန် ယမ်းအားပြင်းတဲ့ ဗုံးကြီး နဲ့မှ ဖြိုလို့ရမယ်။ လျှောင်လှုပ်သလို မြေကြီးကို တုန်လှုပ်သွားအောင်လုပ် ပြီးတော့မှ ဖြိုချလို့ရမယ်ဆိုပါတော့။ ကျွန်တော် သုတေသန လုပ်နေတာ ကတော့ အဲဒီဗုံးကြီးနဲ့ ပတ်သက်လို့ပဲ။ ကဲ-လာကြ။ ကျွန်တော် ပထမဆုံး ပြချင်တာ တစ်ခုရှိသေးတယ်"

သိပ္ပံဆရာကြီးသည် ကျွန်တော်တို့နှစ်ဦးကို ရုပ်ရှင်ပြခန်းငယ် တစ်ခုအတွင်းသို့ ခေါ်သွားပြီး မီးများမှိတ်လိုက်၏။ ထို့နောက် ရုပ်ရှင် ပြစက်ငယ်လေးကို ဖွင့်၍စပြတော့သည်။

ပြကွင်းမှာ ရှေးဦးစွာ "ထိပ်တန်းလျှို့ဝှက်စစ်သုတေသနမှတ်တမ်း (၁)"ဟူသော စာတန်းပေါ်လာပြီး 'ဝဲလင်တန်'အမျိုးအစား လေယာဉ်ပျံ တစ်စီးသည် ပိတ်ကားပေါ်တွင် ပေါ်လာ၏။ ထို 'ဝဲလင်တန်'လေယာဉ်ပျံ သည် ရှေးဦးစွာ တည့်တည့်မတ်မတ် ပျံသန်းနေရာမှ အောက်သို့ထိုးစိုက် ဆင်းလိုက်ပြီး ဗိုက်အောက်တွင် ချိတ်ဆွဲလာခဲ့သော ဗုံးကြီးတစ်လုံးကို ပစ်ချလိုက်၏။ ထိုဗုံး၏ ကျပုံအနှေးရိုက်ထားပြီး ဗုံးကြီးသည် တဖြေးဖြေး ရေပြင်ပေါ်ကျ၍ မြုပ်သွား၏။ စက္ကန့်အနည်းငယ်ခန့် ရေပြင်မှာ တည်ငြိမ် နေပြီး ရုတ်တရက် ကြောက်စရာကောင်းသော ပေါက်ကွဲမှုကြီးတစ်ခုကို ရေပြင်ပေါ်တွင် မြင်တွေ့လိုက်ရ၏။ ထိုနေရာတွင် ရုပ်ရှင်ပြစက်သည် ခေတ္တရပ်သွားပြီး အခန်းမီးများ ပြန်လင်းလာပါသည်။

"အဲဒါက ကျွန်တော် သုတေသန လုပ်နေတဲ့ ဗုံးကြီးပဲဗျ။ ကျွန်တော့်တာဝန်က ဒီဗုံးကြီးကို အောင်အောင် မြင်မြင်တီထွင်နိုင်ဖို့ပဲ"

"ဆရာကြီးချရမှာက ရေထဲကိုလား"

"ဟုတ်တယ် ဗိုလ်မှူး။ နောက် အချိန်က ညဘက်၊ ဒါမှမဟုတ် ညနေဘက် ဖြစ်လိမ့်မယ်။ အဲဒီအချိန်က ရေပြင်က အတည်ငြိမ်ဆုံး မဟုတ်လား။ ကျွန်တော့် ဗုံးက သိပ္ပံပညာနဲ့ ပတ်သက်ပြီး လျှို့ဝှက်ထားတာတွေ ရှိတယ်။ ခု ကျွန်တော်တို့ ရေထဲကိုချတယ်ဆိုပေမယ့် ရေထဲမှာ မြုပ်နေတဲ့ အရာဝတ္ထုကို ဖျက်ဆီးချင်လို့ မဟုတ်ဘူး။ ရေထဲမှာ ဗုံးကွဲတော့ ပေါ်လာတဲ့ 'ရှော့ဝေး'လို့ခေါ်တဲ့ လှိုင်းနဲ့ ရေနဲ့ဆက်နေတဲ့ အဆောက်အဦကြီးကို ဖြိုချချင်လို့ဆိုပါတော့။ ဟင် ဗုံးချမယ့် အချိန်က ညနေဘက်တို့ ညဘက်တို့ဆိုတော့ ရေပြင်နေရာမှာ မြူတွေတော့ ဆိုင်းနေနိုင်တာပေါ့နော် ဗိုလ်မှူး"

"ဟုတ်ပါတယ် ဆရာကြီး"

"ကျွန်တော် ခုဗိုလ်မှူးကို ခေါ်ပြီး ဆွေးနွေးချင်တာက ဗိုလ်မှူးတို့ လေသူရဲတွေ အပိုင်းက ရင်ဆိုင်ရမယ့် ကန့်သတ်ချက်တွေဘဲ။ ကျွန်တော့် ဗုံးကိုချတဲ့အခါမှာ ဗိုလ်မှူးလေယာဉ်ပျံကို ရေပြင်ပေါ်ကပ်ပြီး ပေ ၆၀ အမြင့်က ပျံရမယ်။ ပျံရမဲ့ မြန်နှုန်းက မိုင် ၂၄၀ တိတိ။ နောက် ဗုံးကလဲ ချစေချင်တဲ့ ပစ်မှတ်ပေါ်ကို တည့်တည့်မတ်မတ် မလွဲအောင် ချရမယ်။ ဗိုလ်မှူးတို့ အပိုင်းက ဒါတွေဖြစ်နိုင်ပါ့မလား"

ကျွန်တော် ရုတ်ချည်းပင် စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီး ကျွန်တော့်ကို အနိမ့်ပျံသန်းမှု လေ့ကျင့်ခိုင်းရသည့် အကြောင်းရင်းနှင့် အင်္ဂလန်ကျွန်းပေါ်ရှိ ရေကန်များကို လေကြောင်းဓာတ်ပုံ အရိုက်ခိုင်းသည့်

အကြောင်းရင်းများကို သိလေပြီ။ သဘောပေါက်လေပြီ။

"လွယ်တော့ မလွယ်ဘူး ဆရာကြီး။ အထူးသဖြင့် ပေ ၆၀ အမြင့် အောက်မကျဘဲ အပေါ်မတက်ဘဲ တသမတ်ထဲ ငြိမ်နေအောင် မောင်းဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ကြိုးစားပါ့မယ်။ ဆရာကြီး ဘယ်လောက် အတိမ်းအစောင်း ခံနိုင်မလဲ"

"တရွေးသားမှကို မခံနိုင်ဘူး။ ခု ဆွေးနွေးချင်တဲ့ ဆီမှာ ဒီအချက် က အဓိကပဲ။ ကျွန်တော် လိုချင်တဲ့ မြန်နှုန်းအတိုင်း၊ အမြင့်အတိုင်း အတိအကျပျံမှ ပစ်မှတ်ပေါ် ဗုံးက ကျနိုင်မယ်။ နောက် ပေါ်လာတဲ့ လှိုင်းဒဏ်နဲ့ အဆောက်အဦက ကွဲသွားမယ်။ ဗိုလ်မှူးတို့အပိုင်းက အတိမ်း အစောင်းရှိသွားတာနဲ့ ကျွန်တော့်ဗုံးက ဘာမှ အစွမ်းထက်တော့မှာ မဟုတ်ဘူး"

"ကောင်းပြီလေ ကျွန်တော် နည်းလမ်းရှာကြည့်ပါဦးမယ်"

"ရှာကြည့်ပါ ရှာကြည့်ပါ အချိန်သိပ်မရှိဘူးနော် ဗိုလ်မှူး၊ ဗိုလ်မှူး လေ့ကျင့်ဖို့က ၂-လပဲ အချိန်ရမယ်"

သိပ္ပံဆရာကြီးအခန်းမှ ပြန်ထွက်လာပြီးနောက် အပြန်ခရီးတွင် ကျွန်တော့် စိတ်တွင် ပစ်မှတ်နှင့် ပတ်သက်၍ အမျိုးမျိုးတွေး၍လာ၏။ ကျွန်တော့်စိတ်တွင် ထိုအချိန်၌ စွဲထင်နေသည့် ပစ်မှတ်မှာ ဂျာမန်တို့၏ "တာပစ်"အမည်ရှိ စစ်သင်္ဘောကြီး သို့မဟုတ် "ယူဘုတ်"တိုက်သင်္ဘော များ ဆောက်လုပ်သည့် သင်္ဘောကျင်း ဖြစ်လိမ့်မည်ဟု ထင်နေ၏။

"တာပစ်"အမည်ရှိ စစ်သင်္ဘောကြီးမှာ အတ္တလန်တိတ် သမုဒ္ဒရာ အတွင်း ကျွန်တော်တို့ ရေတပ်သင်္ဘောများကို အမျိုးမျိုး ဒုက္ခပေးလျက်ရှိ ပြီး ဗုံးကြဲလေယာဉ်ပျံကြီးများနှင့် အကြိမ်ကြိမ် သွားတိုက်ခိုက်ခဲ့ပြီ ဖြစ်သော်

လည်း မမြှုပ်ပစ်နိုင်ခဲ့။ အလွန်ကြံ့ကြံ့ခံနိုင်သည့် သင်္ဘောကြီး ဖြစ်၏။ ထိုသင်္ဘောကို သွားဗုံးကြဲကြရင်းဖြင့် အပစ်ချခံခဲ့ရသည့် လေယာဉ်များလည်း များလှပေပြီ။

ဂျာမန် "ယူဘုတ်" တိုက်သင်္ဘောများ ဆောက်လုပ်သည့် သင်္ဘောကျင်းကြီးမှာလည်း ကြံ့ခိုင်သည့် နေရာတွင် အုံ့ဩစရာကြီး ဖြစ်၏။ သင်္ဘောကျင်းကြီး၏ အမိုးကို ကွန်ကရစ်နှင့် သံထည်များကိုသုံး၍ ၁၀-ပေခန့် ထူအောင်ပင် လုပ်ထားသည်ဟု ဆို၏။ ယနေ့ သုံးနေသည့် ဗုံးများနှင့် မည်သို့မှ မဖောက်နိုင်။

ကျွန်တော်သည် တပ်စခန်းသို့ ပြန်ရောက်သည်နှင့် လေသူရဲအားလုံးခေါ်ပြီး တစ်နာရီ ၂၄၀-မိုင်နှုန်းဖြင့် ပေ ၆၀-အမြင့်မှ ရေပြင်ပေါ်တွင် အနိမ့်ပျံ လေ့ကျင့်မှုများကို စတင်ပြုလုပ်ခိုင်း၏။ လေ့ကျင့်မှုများကို လွန်ခဲ့သည့်အပတ်က လေကြောင်းဓာတ်ပုံရိုက်ကူးထားသော ရေကန်များပေါ်တွင် လူခွဲ၍ လုပ်စေပါသည်။ သို့သော် မလွယ်ပါ။ ပေ ၆၀-အမြင့်မှ မတိမ်းမစောင်း ကပ်ပျံရန်မှာ ပြဿနာ ဖြစ်နေပါသည်။ တစ်ခါတစ်ရံ ထိုးစိုက်ကျသွားပြီး တစ်ခါ မော့ဘက် သွားတတ်ပါသည်။ လေယာဉ်ပျံတွင် အမြင့်ပြဒိုင်ခွက်ရှိသော်လည်း ထိုဒိုင်ခွက်မှာ မြေပြင်လေထု၏ အားကို အခြေပြုပြီး တည်ဆောက်ထားသဖြင့် မြေပြင်လေထုဖိအားကို မသိသော ဒေသတွင် မည်သို့မှ အတိအကျ အမြင့်ကိုမပြ။ အားကိုး၍မရ။ ရန်သူနယ်မြေအတွင်း ပစ်မှတ်ပေါ်မှ လေထုဖိအား အတိအကျ သတင်းကိုလည်း ကျွန်ုပ်တို့ အဘယ်သို့ ရယူမည်နည်း။ ထို့ကြောင့် စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီးထံ ကျွန်တော် ချက်ချင်း တင်ပြပြီး အစီရင်ခံလိုက်ပါသည်။ ဗိုလ်ချုပ်ကြီးက "အချိန်တော့ ရှိပါသေးတယ်ကွာ၊ တို့ နည်းလမ်း

ကြံဆ ကြည့်ကြသေးတာပေါ့၊ မင်း မနက်ဖန် ဌာနချုပ်က စစ်ဆင်ရေး ခန်းမကို မနက် ၁၀-နာရီလောက် လာခဲ့ဦး” ဟုသာ ပြောပါသည်။

ကျွန်တော် နောက်တစ်နေ့တွင် ဗိုလ်ချုပ်ကြီး၏ စစ်ဆင်ရေးခန်းမ သို့ ရောက်သွားပါသည်။ ကျွန်တော် ရောက်သည့်အချိန်၌ အခန်းတွင်း တွင် လေတပ်ဌာနချုပ် စစ်ဦးစီးအရာရှိ သုံးလေးယောက်နှင့် တစ်နေ့က “မက်”နှင့်အတူ တွေ့ခဲ့သော သိပ္ပံပညာရှင်ကြီးပါ ရောက်နေပါသည်။

“ကဲ. . . ဂျစ်ဆင်၊ စကားအချီးတွေ ဘာတွေ လုပ်မနေတော့ပါ ဘူး၊ မင်းပစ်ရမယ့် ပစ်မှတ်က ဟောဟို စားပွဲပေါ်မှာ ပုံစံငယ်လေးတွေနဲ့ ပြထားတာပဲ၊ သေသေချာချာကြည့်၊ မင်းကိုယ်တိုင် ပစ်မှတ်ကို သေသေ ချာချာ မသိသေးဘဲ မင်းလူတွေကို ဘယ်လိုမှ လေ့ကျင့်ပျံသန်းမှုတွေ စနစ်တကျ လုပ်ခိုင်းလို့ရမှာ မဟုတ်ဘူး၊ မင်း ဒီပစ်မှတ်ကို မင်း ဝမ်းထဲမှာ သာ သိထားနော်၊ မင်းတို့ လေယာဉ်အုပ်မှာ မင်းတစ်ယောက်ထဲ သိပါ စေ၊ ဘယ်သူမှ မသိစေနဲ့နော်၊ ဒါ သိပ်အရေးကြီးတယ်နော်”

ကျွန်တော် စားပွဲပေါ်တွင် ပုံစံငယ်လေးများနှင့် ပြထားသော ပစ် မှတ်ကို ငုံ့ကြည့်လိုက်ပါသည်။ ဘုရား. . . ဘုရား. . . တော်ပါသေးရဲ့။ ကျွန်တော် ထင်ထားသလို “တာပစ်” စစ်သင်္ဘောလည်းမဟုတ်။ “ယူဘုတ်” တိုက်သင်္ဘောကျင်းလည်း မဟုတ်။ ရုတ်တရက်မူ ကျွန်တော် ဘာပုံစံငယ် လေးများဖြစ်သည်ကိုပင်ခွဲမရ။ မိနစ်အနည်းငယ်မျှ အသေအချာ ဂရုစိုက် ကြည့်မှ ရေကာတာကြီး သုံးခု ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။

“မင်း ဖုံးကြွရမယ့်ပစ်မှတ်က အဲဒီ ရေကာတာကြီးသုံးခုပဲကွ၊ တစ်ခု က “မိုရိန်း” ရေကာတာ၊ နောက်တစ်ခုက “အီဒါ” ရေကာတာ၊ နောက် တစ်ခုက “ဆိုပီ” ရေကာတာ ဒီရေကာတာ သုံးခုက ဒီနေ့ ဂျာမနီမှာ

အမိက အားထား အသုံးပြုရတဲ့ ရေကာတာတွေပဲ၊ ဒီရေကာတာက လျှပ်စစ်အားကိုယူပြီး ဂျာမနီနိုင်ငံမှာ စက်ရုံအလုပ်ရုံတွေ အများကြီး လည်ပတ်နေရတယ်၊ ဒီနေ့ ဒီရေကာတာကကို ဖျက်လိုက်တာနဲ့ ဂျာမနီမှာ ရှိတဲ့ ဒီစက်ရုံ အလုပ်ရုံတွေ ရာနဲ့ချီပြီး ပျက်ကုန်မယ်၊ ရပ်ကုန်မယ်”

“ရေကာတာက ဖောက်ထုတ်လိုက်တဲ့ ရေတွေကြောင့် ဂျာမနီမှာ ရှိတဲ့ တံတားတွေ လမ်းတွေ အများကြီး ကျိုးကုန်ပျက်ကုန်မယ်။ ဆိုလိုတာကကွာ- ဒီရေကာတာကြီးပေါက်တာနဲ့ ရန်သူ့နိုင်ငံအတွင်းမှာ ဆက်သွယ်ရေး လမ်းကြောင်းတွေ အကုန်ပြတ်ကုန်မယ် ဆိုပါတော့။ နောက် ရေကာတာက ထွက်သွားတဲ့ရေတွေက အဲဒီ ပတ်ဝန်းကျင်မှာရှိတဲ့ စိုက်ပျိုးခင်းတွေကိုလဲ မိုင်ဧကထောင်သောင်းနဲ့ချီပြီး ဖျက်ပစ်ဦးမယ်။ မွေးထားတဲ့ တိရစ္ဆာန်တွေလဲ သောင်းနဲ့ သိန်းနဲ့ချီပြီး သေဦးမယ်။ ကဲ ဒါက မင်းတို့ တစ်ချီထဲချလိုက်တဲ့ ဒဏ်ဟာ ရန်သူ ဘယ်လောက်ခံမယ် ဆိုတာ ပြောပြတာပါ။ ငါထင်တယ် ဒီလူတွေ ဒီဒဏ်ကို ၂-နှစ်အတွင်း ပြန်ကိုထူနိုင်ဦးမှာ မဟုတ်ဘူး။ တို့ရဲ့ ပညာရှင်တွေရဲ့ တွက်ချက်ထားချက် အရဆိုရင် ဒီအပျက်အဆီးတွေဟာ ဂျာမန် အလုပ်သမား သိန်းနဲ့ချီပြီး နှစ်ချီပြန်ပြင်ရလိမ့်မယ်လို့ ပြောတယ်။ ဒါကြောင့် ဒီစစ်ဆင်ရေးဟာ သိပ်အရေးကြီးတယ်။ ဒီစစ်ဆင်ရေးအောင်ဖို့ဟာ တို့အတွက် သေရေးရှင်ရေးပဲ”

ဗိုလ်ချုပ်ကြီးသည် ထိုနေရာ၌ သူ့စကားကို ခေတ္တရပ်လိုက်ပြီး-

“ကဲ ဒီရေကာတာတွေကို ဘယ်လို တည်ဆောက်ထားတယ်၊ ဘယ်လိုဗုံးကြဲရမယ်ဆိုတာကိုတော့ ဟောဒီ ဆရာကြီးက မင်းကို ရှင်းပြလိမ့်မယ်။ ဆရာကြီး သူ့ကို အစအဆုံး ပြန်ရှင်းပြလိုက်ပါဦး”

သိပ္ပံဆရာကြီးသည် စစ်ဦးစီး ဗိုလ်မှူးကြီးများအနီး၌ ရပ်နေရာမှ ရေကာတာ ပုံစံငယ်များ ပြထားသော စားပွဲအနီးသို့ လျှောက်လာပါသည်။ သူ့အသွင်ကို ကြည့်ရသည်မှာ အလွန်အေးအေးဆေးဆေး နိုင်လှ၏။

"ကျွန်တော်တို့ ဖျက်ရမဲ့ ဒီရေကာတာ သုံးခုက ဂျာမနီ နိုင်ငံမှာတော့ အကြီးဆုံး ရေကာတာတွေပါ။ သူတို့ရဲ့ တည်ဆောက်ထားပုံကလဲ အင်မတန် ခိုင်ပါတယ်။ "မိုရိန်း" ရေကာတာဆိုရင် ရေတန်ချိန် ၁၃၄-သန်း ဆန့်ပါတယ်။ "အီဒါ"ရေကာတာဆိုရင် ရေတန်ချိန် ၂၁၂-သန်း ဆန့်ပါတယ်။ ဒီလို ရေတန်ချိန် အမြောက်အမြား သိုလှောင်ထားလို့လဲ ဒီရေကာတာတွေရဲ့ တာရိုး အကာအရံတွေဟာ အင်မတန် ထူပါတယ်။ "မိုရိန်း"ရေကာတာဆိုရင် သူ့ရဲ့တာရိုးက အောက်အခြေ ၁၁၂ ပေ၊ အခြေရဲ့ထုက ပေ ၁၃၀၊ အမြင့်က ၂၅-ပေ ရှိပါတယ်။ ဒီတာရိုး အကာအရံ တစ်ခုလုံးကို ဘိလပ်မြေ အကောင်းစားသုံးပြီး ကွန်ကရစ်ထုကြီးနဲ့ လုပ်ထားပါတယ်။ ဒီတော့ ဒါကို တာရိုးရိုးမျိုးလို ချိုးဖောက်ပစ်လိုက်ဖို့ဆိုတာ မလွယ်ဘူး ခင်ဗျား၊ ဗိုလ်မှူး ဒီနေ့အထိ ဘုရင့်လေတပ်မတော်မှာ သုံးတဲ့ ဗုံး ဘယ်လောက် အကြီးဆုံး တွေ့ဖူးလဲ"

"ပေါင် ၂၅၀ ဗုံး"

"ဟုတ်တယ်၊ ဒီနေ့အထိ ဘုရင့်လေတပ်မတော်မှာ ပေါင် ၂၅၀-ဗုံးထက် ကြီးတဲ့ ဗုံးကို မလုပ်ကြသေးဘူး၊ ဒီစစ်ကြီး မဖြစ်ခင်က ပေါင် တစ်ထောင်ဗုံးတွေ လုပ်ဖို့ သိပ္ပံပညာရှင်တချို့က အကြံပေးခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ကာကွယ်ရေးဌာနက လက်မခံဘူး၊ မလုပ်ဖြစ်ခဲ့ပါဘူး၊ ခု ကျွန်တော်တို့ ရေကာတာ နံရံကြီးကို ဖြိုချမယ့်ဆီမှာ ဗုံးငယ်တွေ သုံးလို့ ဘယ်လိုမှ ထိရောက်မှုရှိမှာ မဟုတ်ဘူး၊ ယမ်းဘီလူး ၅-တန်က ၁၀-

တန် အထိပါတဲ့ ရောမ ဗုံးကြီးတွေကို သုံးရပါမယ်၊ ဒီဗုံးကြီးတွေကလဲ ဒီနေ့အထိ ကျွန်တော်တို့ တီထွင်လို့ပြီးသေးတာ မဟုတ်ဘူး ခင်ဗျား။ ကြိုးစားနေကြတုန်းရှိသေးတယ်၊ ဒါပေမဲ့ အချိန်မီတော့ ပြီးမှာပါ၊ အဲ နောက်တစ်ခုက ဒီရောမ ဗုံးကြီးတွေကို သုံးလို့လဲ တိုက်ရိုက်ပစ်ချလို့တော့ ရေကာတာဘောင်က ကျိုးသွားဦးမှာ မဟုတ်ဘူး၊ ဗိုလ်မှူး ဟိုတစ်နေ့က ပြောသလိုပဲ။ ဗုံးပေါက်ကွဲတဲ့အခါ ပေါ်လာတဲ့ ငလျင်လှိုင်း အဲ. . . ဒါမှ မဟုတ် 'ရှော့ဝေး'လို့ခေါ်တဲ့ လှိုင်း၊ အားကိုသုံးပြီး နံရံကို ဖြိုပစ်ရမယ်၊ အဲ. . . ဒါတောင် တစ်ချက်ထဲနဲ့ ပြိုကျဦးမှာ မဟုတ်ဘူး၊ ရှေ့လေယာဉ်ပျံက ချသွားတဲ့ နေရာကို နောက်က လေယာဉ်ပျံတွေက ဆက်တိုက် ဆက်တိုက် အတိအကျ ထိအောင်ချမှ ရေကာတာရဲ့ ကွန်ကရစ်ထုကြီးက လှုပ်လွန်းလို့ ကွဲလာပြီး ပြိုကျသွားမှာ၊ ဗိုလ်မှူး ဒီအထိ ရှင်းတယ်နော်"

"ဟုတ်ကဲ့"

"ကျွန်တော် ကြိုတွက်ထားတာကတော့ ကျွန်တော် ပျံခိုင်းတဲ့ အမြင့်၊ ကျွန်တော် ပျံခိုင်းတဲ့ မြန်နှုန်းနဲ့ ကျွန်တော် ချခိုင်းတဲ့ နေရာကိုသာ အတိအကျ ချကြမယ်ဆိုရင် အများဆုံး ဗုံး ၃ လုံးပဲ သုံးရမယ်၊ ဒီရေကာတာ နံရံကြီး ပြိုကို ပြိုကျသွားရမယ်"

"ကျွန်တော်တို့ ချရမယ့်နေရာက"

"အဲ. . . ဒါကို ကျွန်တော် ဆက်ရှင်းပြပါ့မယ်၊ ဗိုလ်မှူး ဒီမှာကြည့်၊ ဒီရေကာတာ ထိပ်မှာ မျှော်စင် နှစ်ခုကို မြင်တယ် မဟုတ်လား"

"ဟုတ်ကဲ့. . . မြင်ပါတယ်"

"ဒီမျှော်စင် နှစ်ခုကြားက ဟောဒီ အဖြူတန်းလေးဟာ ရေကာတာရဲ့ ရေတံခါးကြီးပဲ၊ ဗိုလ်မှူးတို့ ချရမှာ ဒီရေကာတာ တံခါးဘေးမှာ ကပ်

နေတဲ့ ဟောဒီ နံရံကြီးပဲ”

စစ်ဆင်ရေး အခန်းတွင်းရှိ ဗိုလ်မှူးကြီးအားလုံးမှာ သိပ္ပံပညာရှင်ကြီး၏ စကားကို အလွန်စိတ်ဝင်စားလျက် ရှိကြ၏။ တစ်ခန်းလုံး သိပ္ပံပညာရှင်ကြီး၏ အသံမှ လွဲ၍ ဘာသံမျှ မကြားရ။

“အဲ. . . အဲ. . . ဒါပေမဲ့ ဒီနံရံကြီး ထိအောင်ချဖို့ မဟုတ်ဘူးနော်။ ဗိုလ်မှူးတို့က ရေကာတာထဲက ရေပြင်အတိုင်းပေ ၆၀-အမြင့်က ကပ်ပြီး ပျံဝင်လာခဲ့။ ရေကာတာ နံရံအနား မရောက်ခင် ၆-ကိုက်လောက် မှာ ဗုံးကို ကျအောင်ချလိုက်။ ဗုံးက ရေထဲမြုပ်ဝင်သွားပြီး ရေကာတာ အောက်ခြေရောက်မှ ပေါက်သွားတာကို ကျွန်တော် လိုချင်တယ်။ ဒီလို အောက်ခြေအနားမှာ ကပ်မကျရင် တာရိုးကြီး ပြိုတော့မှာ မဟုတ်ဘူး။ လျှောင်လှိုင်းလဲပေါ်တော့မှာ မဟုတ်ဘူး။ ကျွန်တော် လိုချင်တာက ဒီ ခြောက်ကိုက်အကွာလောက်မှာ အတိအကျ ဆက်တိုက်ကျတာကို လိုချင် တယ်။ အဲ တကယ်လို့ အရှိန်လွန်သွားရင် ဗုံးက တာရိုးပေါ်ကျမယ်။ တာရိုးပေါ်ကျတယ်ဆိုရင် ဗိုလ်မှူးက တစ်နာရီ မိုင် ၂၄၀-နှုန်းနဲ့ ရေပြင်နားကို ကပ်ပျံလာတာမို့ ဗုံးက တာရိုးမှာ ပေါက်မှာ မဟုတ်ဘူး။ ခဲတစ်လုံးကို ရေပြင်ပေါ် ရှပ်ပစ်လိုက်သလို အရှိန်နဲ့ လေထဲပြန်ခုန်တက်သွားပြီး လေထဲမှာ ပေါက်သွားလိမ့်မယ်။ အဲ လေထဲမှာ ပေါက်တယ်ဆိုရင် အဲဒီ ဗုံးချမယ့် ဗိုလ်မှူး လေယာဉ်ပျံဟာလဲ ချက်ချင်းတစ်စစီ ဖြစ်သွားပြီသာ မှတ်တော့”

ကျွန်တော့် ရင်ခုန်နှုန်းမှာ အနည်းငယ် ပိုမြန်သလို ရှိပါသည်။

“ဆရာကြီး တကယ်လို့ ၆-ကိုက် အကွာအဝေး မရောက်ခင် ကြိုချလိုက်မိရင်ရော ဘယ်လိုဖြစ်နိုင်လဲ”

"ချတဲ့ လေယာဉ်ပျံကိုတော့ ဘာမှအန္တရာယ် မပြုနိုင်ပါဘူး။ ဒါပေမဲ့ အဖိုးတန်တဲ့ ဗုံးတစ်လုံးကို အလကား ဖြုန်းတီးပစ်လိုက်သလို ရှိပါမယ် ခင်ဗျာ။ ရေထဲမှာတော့ ပေါက်ကွဲသွားမှာ ဖြစ်ပေမယ့် ဝေးနေလို့ တာရိုးကြီးကို ဘာမှ နာအောင် လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် တစ်နေ့က ကျွန်တော် ပြောတာပေါ့။ ကျွန်တော့်ဘက်က ကန့်သတ်ထားတဲ့ အချက်တွေကို တစ်ခုမှ အတိမ်းအစောင်း ခံလို့မရဘူး"

ထိုနေရာ၌ စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီးက သိပ္ပံပညာရှင်ကြီး စကားကို ရပ်၍ဝင်ပြောလိုက်ပါသည်။

"ဂျစ်ဆင် စောစောက ဆရာကြီးပြောသလို မင်းတို့ တစ်နာရီမိုင် ၂၄၀-နှုန်းနဲ့ ပေ ၆၀-အမြင့်က အတိအကျ ပျံဝင်လာဖို့ဆိုတာ လက်တွေ့ရော ဖြစ်နိုင်ပါ့မလား။ ဟောဒီဘက်မှာ ပေနှစ်ထောင် သုံးထောင်လောက် မြင့်တဲ့ တောင်ကုန်းတွေရှိတယ်။ မြင်တယ်နော်"

"ဟုတ်ကဲ့"

ဗိုလ်ချုပ်ကြီးသည် ညွှန်တံတုတ်ငယ်တစ်ချောင်းကို ကောက်၍ ပုံစံငယ်လေးများပေါ်တွင် တစ်ခုချင်းထောက်ပြနေပါသည်။

"ဒီတောင်ကုန်းနဲ့ ပစ်မှတ်က ၃-မိုင်လောက်ပဲ ဝေးတယ်။ မင်းတို့ ဒီပေသုံးထောင် အမြင့်လောက်က ရေပြင်နား ရောက်တဲ့အထိ ထိုးဆင်း။ နောက် ပစ်မှတ်ပေါ်ရောက်တဲ့အထိ ပေ ၆၀-အမြင့်ကပပ်ပျံ။ ဟောဒီ ကန်ဘောင်ရိုးက မျှော်စင် တစ်ဘက်တစ်ချက်မှာလဲ ရန်သူ့လေယာဉ်ပစ် အမြောက်တွေ တစ်ဘက်ခြောက်လက် ချထားတယ်ကွ။ မင်းတို့ စထိုးဆင်းလာပြီဆိုတာနဲ့ သူတို့ကတော့ တစ်ချိန်လုံး ပစ်နေမှာပဲ။ မင်းတို့က ရှောင်ပျံလို့လဲ မရဘူး။ မျှော်စင်ကိုချိန်ပြီး တည့်တည့်ပစ်မှတ်ပေါ်ရောက်တဲ့

အထိ ပေပြီး ပျံခဲ့ကြရမှာ”

မှန်သည်။ ရန်သူလေယာဉ်ပစ် အမြောက်များ အစွမ်းကုန်ပစ်ခတ်နေချိန်၌ ဦးတည်အိမ်မြှောင်ညွှန်းနှင့် အမြင့်ပေ မတိမ်းမစောင်းဘဲ ပျံဝင်ခဲ့ရန်မှာ လက်တွေ့တွင် မလွယ်ပါ။ အထူးသဖြင့် ညအမှောင်ထု လွှမ်းနေချိန်၌ လေယာဉ်ပျံအမြင့်ပေကို ငြိမ်နေအောင် ထိန်းရန်မှာ မည်သို့မှ မဖြစ်နိုင်။

“ဗိုလ်ချုပ် ညဘက်မှာဆိုရင်တော့ အမြင့်ပေကို တစ်ချိန်လုံး ငြိမ်နေအောင် ထိန်းဖို့ မလွယ်ဘူး။ ညဘက်ဆိုရင် ရေပြင်တစ်ခုလုံးကလဲ မဲမှောင်ပြီး ပျောက်နေပါမယ်။ ကျွန်တော်တို့ မျက်မှန်းချိန်ဖို့ မလွယ်ဘူး”

“တို့ လသာတဲ့ညကို ရွေးရင်ရော”

“လရောင်ရှိတော့ နည်းနည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လရောင်ရှိတယ်ဆိုရင် ရန်သူ့လေယာဉ်ပစ် အမြောက်တွေက ကျွန်တော်တို့ ဝင်လာကြတာကို အဝေးထဲက လှမ်းမြင်နေပြီး၊ ပစ်မှတ်ပေါ် မရောက်ခင် အပစ်ချခံဖို့ များပါတယ် ခင်ဗျား”

“အေး ဟုတ်တယ်၊ ဒါပေမဲ့ အမြင့်ပေကို ငြိမ်အောင်ထိန်းနိုင်တဲ့ တခြားနည်းလမ်းမရှိရင်တော့ ဒီလမ်းကိုပဲ စွန့်ရွေးရမှာပဲ”

ကျွန်တော် ဘာမှဆက်အငြင်းမပွားတော့ပါ။

“ဩော် နောက်တစ်ခုက ကျွန်တော်တို့ ဒီစစ်ဆင်ရေးကို လာမယ့် မေလထဲမှာ လုပ်ရမယ် ဗိုလ်မှူး”

သိပ္ပံပညာရှင်ကြီးက ကျွန်တော့်ကို ဝင်ပြောလိုက်ခြင်း ဖြစ်၏။

“ဟာ ဒါဖြင့် ခြောက်ပတ်လောက်ပဲ ကျန်တော့တာပေါ့”

“ဟုတ်တယ်”

"ဆရာကြီး ကျွန်တော် တစ်ခု အစီရင်ခံချင်ပါတယ်။ ကျွန်တော်တို့ လေသူရဲတွေအနေနဲ့ စောစောက ဆရာကြီး လိုချင်တဲ့အတိုင်း ဆောင်ရွက်ပေးနိုင်ဖို့ဆိုတာ ကြိုတင်လေ့ကျင့်မှုတွေ အပြင်အထန် လုပ်ထားမှ ဖြစ်နိုင်ပါတယ်။ ၆-ပတ်လောက်နဲ့ ဆရာကြီး လိုချင်တာတွေရအောင် လေ့ကျင့်ကြဖို့ဆိုတာ သိပ်မလွယ်ဘူး။ အဆိုးဆုံးက ပေ ၆၀ အမြင့်ကို ထိန်းထားရမှာပဲ။ ပေ ၆၀ အမြင့် ထိန်းထားဖို့က ကျွန်တော်တို့လေယာဉ်ပျံမှာရှိတဲ့ အမြင့်ပြဒိုင်ခွက်ကို အားထားလို့ မရတော့ဘူး။ ကိုယ့် မျက်စိကို ကိုယ်အားထားရမှာ။ ကိုယ့်မျက်စိကို ကိုယ်အားထားဖို့ ဆိုတာလဲ လေ့ကျင့်မှုမရှိဘဲ မရနိုင်ဘူး ခင်ဗျား"

"မှန်ပါတယ်၊ ဗိုလ်မှူး တင်ပြတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့် အပိုင်းကလဲ ခက်နေတာက အဲဒီရေကာတွေ အားလုံး ရေပြည့်အမှတ် အမြင့်ဆုံး ရောက်မယ့်အချိန်ဟာ တစ်နှစ်အတွင်း မေလ တစ်လပဲရှိတယ်။ ဒီလို လမျိုးမှာ တာရိုးကို ချိုးမှ စောစောက ဗိုလ်ချုပ်ကြီး ပြောသွားသလို ရန်သူ့ဘက်မှာ အထိနာမယ်။ တခြားအချိန်မှာ သွားချိုးရင် မေလမှာ ချိုးသလို အထိနာတော့မှာ မဟုတ်ဘူး"

ကျွန်တော် အဘယ်သို့ ငြင်းရတော့မည်နည်း။ သူတို့ ဆန္ဒအတိုင်း မေလအတွင်း တိုက်ပွဲဝင်ရန်သာ မဖြစ်ဖြစ်အောင် လေ့ကျင့်ပြင်ဆင်ရတော့မည်။

* * *

ထိုနေ့က တပ်ရောက်သည်နှင့် လေ့ကျင့်မှုများကို အပြင်းအထန် စရတော့မည်။ အဲ့စရာတစ်ခုနှင့် ကြုံရပါသည်။ ကျွန်တော်တို့ လေသူရဲများ အဖြေရှာရခက်နေသည့် ပေ ၆၀-အမြင့်ကို မျက်မှန်းအချိန်ရ ခက်နေ

သည့် ပြဿနာမှာ ထိုနေ့က ဗိုလ်ချုပ်ကြီးနှင့်အတူ ရှိနေသည့် စစ်ဦးစီးမှူးကြီးတစ်ဦးက အဖြေရှာပေးခဲ့ပါသည်။

သူအဖြေရှာပေးပုံမှာ လွယ်ကူလှ၏။ လေယာဉ်ဦးနှင့် လေယာဉ်အမြီးဖျားတွင် မီးမောင်းငယ်လေးနှစ်ခု ကပ်ပေးပြီး ထိုမီးမောင်းငယ်လေးနှစ်ခု၏ မီးတန်းများကို လေယာဉ်ဗိုက်အောက် ပေ ၆၀-အမြင့်တွင် ဆုံအောင် ဖန်တီးထားပေး၏။ ကျွန်တော်တို့ လေသူရဲများမှာ ထိုမီးတန်းလေးနှစ်ခုဆုံရာနေရာကို အသေထား၍ နောက်မှ လေကြောင်းလမ်းပြ၏ ညွှန်ကြားသည့်အတိုင်း မောင်းခြင်းဖြင့် ပေ ၆၀-အမြင့်ကို မတက်မကျ အတိမ်းအစောင်းမရှိ မောင်းနိုင်လေပြီ။ သို့သော် ပြဿနာတစ်ခုမှာ ရန်သူ့လေယာဉ်ပစ် အမြောက်များရှေ့တွင် မီးထွန်း၍ မောင်းရမည် ဖြစ်သဖြင့် ရန်သူ့အမြောက်ကျည်ဆံ အန္တရာယ်မှ အဘယ်သို့ လွတ်အောင် မောင်းကြရမည်နည်း။ ရန်သူအဖို့ မီးထွန်း၍ ချဉ်းကပ်လာသော လေယာဉ်ပျံကို ပစ်ချရန်မှာ အလွန်လွယ်လှဘိ၏။ သို့သော် မတတ်နိုင်။ ပေ ၆၀ အမြင့်ကို မတိမ်းမစောင်းနိုင်ရန် ဤ တစ်နည်းသာ ရှိသည်မဟုတ်လား။

ထိုသို့ မီးမောင်းလေးများကို တီထွင်ပြီးသည့်နေ့မှစ၍ ညစဉ်ကျွန်တော်တို့ အမှတ်(၆၁၇) ဗုံးကြဲလေယာဉ်အုပ်မှ လေယာဉ်ပျံများမှာ မီးမောင်းလေးနှစ်ခုကို ထွန်းပြီး ကန်ရေပြင်ပေါ်၌ ပျံသန်းလေ့ကျင့်နေတတ်ကြပါသည်။ ကျွန်တော်တို့ အပြုအမူကို အခြား လေယာဉ်အုပ်များမှ လေသူရဲကောင်းများလည်း တအံ့တဩ ရှိနေကြ၏။ စုံစမ်း မေးမြန်းမှုများလည်း မပြတ်ကြားနေရပါသည်။ သို့သော် မည်သူမှ အဖြေမှန်ကို မသိကြ။ သိစရာလည်း အကြောင်းမရှိ။ ဤလေ့ကျင့်ပျံသန်းမှု၏ ရည်ရွယ်ချက် ကျွန်တော် တစ်ယောက်သာလျှင် သိသည် မဟုတ်လော။

ပေ ၆၀-အမြင့်ကို မတိမ်းမစောင်း ထိန်းနိုင်ပြီးနောက် ပြဿနာ တစ်ခု တက်ခဲ့ပြန်သည်။ ပြဿနာမှာ တခြားမဟုတ် ညဘက်ပစ်မှတ်ပေါ်သို့ ဗုံးစမ်းချကြသည့်အခါ အတိမ်းအစောင်း အနည်းအများ ရှိနေခြင်း ဖြစ်၏။ တစ်ခါတစ်ရံ ပစ်မှတ်မှ ကိုက် ၂၀-ခန့်အလိုတွင် ကျတတ်၍ တစ်ခါတစ်ရံ ပစ်မှတ်ကိုကျော်ပြီး ရေကာတာ၏ ကန်ဘောင်ရိုးရှိမည့်နေရာတွင် ကျတတ်ပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ထိုအချိန်က ကျွန်တော်တို့ လေတပ်မတော်တွင် သုံးတန်ဗုံးချိန် ကိရိယာများ မကောင်းသည့်အတွက် ဖြစ်၏။

ထိုပြဿနာကို အဘယ်သို့ အဖြေရှာမည်နည်း။

တစ်နေ့ မနက်တွင် ကျွန်တော့်ထံသို့ ဒု-ဗိုလ်မှူးကြီး တစ်ဦး အလည်ရောက်လာပါသည်။ သူသည် ကျွန်တော့်ထံ ရောက်ရောက်ခြင်းပင် မေးပါသည်။

"ဗိုလ်မှူးဂျစ်ဆင် ခင်ဗျားတို့ ရေကာတာကို ဗုံးချမဲ့ ကိစ္စမှာ ဗုံးချိန်ခွက် ကိရိယာနဲ့ ပတ်သက်ပြီး ပြဿနာ ဖြစ်နေကြတယ်ဆို"

ကျွန်တော် ရုတ်တရက် ရင်ထဲတွင် ထိတ်ကနဲ ဖြစ်၍ သွားပါသည်။ ဤစစ်ဆင်ရေးမှာ ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထားသော စစ်ဆင်ရေး ဖြစ်၏။ ဒီလူ အဘယ်သို့ အသေးစိတ်ပြဿနာကိုပင် သိနေရသနည်း။

"ခင်ဗျား ဒီကိစ္စကို ဘယ်လိုသိနေတာလဲ"

"သိဆို ကျွန်တော်က ဘုရင့်လေတပ်မတော်အတွင်းမှာ ဗုံးချိန် ကိရိယာနဲ့ ပတ်သက်ပြီး ပါရဂူလို့ပဲ ဆိုပါတော့။ လူတိုင်း ကျွန်တော့်ကို အထင်ကြီးကြတယ်။ ခုကိစ္စမှာလဲ ဒီစစ်ဆင်ရေးကြီးကို စလုပ်မယ်ဆို

ကတည်းက စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီးက ကျွန်တော့်ကို အားလုံး အသိပေးထားတယ်။ အကြံဉာဏ်တောင်းခဲ့တယ်။ ကျွန်တော် စောစောကထဲက ပြောထားသားပဲ၊ ညဘက်ကြီး ပေ ၆၀-အမြင့်က ခုသုံးနေတဲ့ ဖုံးချိန်ကိရိယာတွေ သုံးပြီး သွားချလို့တော့ ဘယ်တော့မှ တိတိကျကျ မှန်မှာ မဟုတ်ဘူးလို့။ ခု ကျွန်တော်လာတာ ဒီပြဿနာနဲ့ ပတ်သက်ပြီး ခင်ဗျားကို အကူအညီပေးဖို့ပါ။ ဒီမှာ ကျွန်တော် စဉ်းစားလို့ရထားတာ တစ်ခုရှိတယ်၊ အဲဒါလေး စမ်းကြည့်ရအောင်"

သူ စဉ်းစားထားပုံမှာ အလွန်ရိုး၍ ရှင်းလှဘိ၏။ သူက ယနေ့ ကျွန်တော်တို့ သုံးနေသော ဖုံးချိန်ကိရိယာကို လုံးဝ မသုံးတော့။ ရေကာတာ တာရိုးပေါ်မှ မျှော်စင်နှစ်ခုကို ပျံ့သန်းမှု ပုံသေမျဉ်းကြောင်းအဖြစ် သတ်မှတ်ပြီး ချိန်တွယ်ပစ်ခတ်သောနည်း ဖြစ်၏။ အံ့စရာ တွေ့ရပါသည်။ သူပြန်သွားသည်နှင့် သူ့နည်းအတိုင်း ကျွန်တော်တို့ ချိန်တွယ်ဖုံးကြဲကြည့်ပါတယ်။ ဖုံးတိုင်းမှာ ပစ်မှတ်နှင့် နှစ်ပေ သုံးပေ ထက်ပင် ပိုမလွဲတော့။

နောက်တစ်နေ့တွင်ပင် လေတပ်ဦးစီးချုပ်ရုံးမှ ကျွန်တော့်ထံ အကြောင်းကြားပါသည်။ သိပ္ပံပညာရှင်ကြီး တီထွင်ရန် ကြိုးပမ်းနေသော တစ်တန်ဖုံးကြီးများ အားလုံး အဆင်သင့် ဖြစ်နေပြီတဲ့။ ချရမည့် ဖုံးမှာ ၅-တန်ဖုံး။

*　　　*　　　*

တိုက်ပွဲဝင်ရန် သုံးရက်သာလိုတော့သည်။

ကျွန်တော်တို့ တိုက်ပွဲဝင်ရမည့်နေ့မှာ မေလ(၁၇)ရက်နေ့ ဖြစ်

၏။ ထိုကျန်ရှိသည့် သုံးရက်အတွင်း ကျွန်တော့်တပ်ရင်းမှ လန်ကတ်စတာ ဗုံးကြဲလေယာဉ်ပျံကြီးများအားလုံးကို ပြုပြင်မှုများ ပြုလုပ်ရပါသည်။ လေယာဉ်ပျံကြီးများ ဗိုက်အောက်ရှိ ဗုံးသယ်ခန်းကို သမရိုးကျ ဗုံးငယ်များ သယ်သည့် အခန်းကျဉ်းလေးအဖြစ်မှ ၅ တန်ဗုံးကြီးကို သယ်နိုင်မည့် အခန်းကျယ်ကြီး ပြင်ဆောက်ရမည်။ ကင်းထောက်လေယာဉ်ပျံများက လည်း ရန်သူ့နိုင်ငံအတွင်းရှိ ရာသီဥတု အပြောင်းအလဲ ထောက်လှမ်းနေ ရသည်။ ပစ်မှတ်ရေကာတာကြီးများပေါ်၌ ရန်သူတို့၏ ပြင်ဆင်မှု အနေ အထား အပြောင်းအလဲများကို နေ့စဉ်လေကြောင်း ဓာတ်ပုံများ ရိုက်ကူး နေကြရသည်။ သူတို့လည်း မအားကြ။ ယနေ့ထိ သိသမျှတော့ ရန်သူ ဘက်တွင် မည်သည့် အပြောင်းအလဲမှ မရှိ။ ကျွန်တော်တို့ စစ်ဆင်ရေး ကို လုံး၀ ရိပ်မိကြသေးပုံမရ။

မေလ (၁၆)ရက်နေ့တွင် ကျွန်တော်တို့ "တိုက်ပွဲ၀င် စီမံမှု"များ ကို ရေးပါသည်။ တိုက်ပွဲ၀င် စီမံမှုဆိုသည်မှာ မနက်ဖန်တွင် ဆင်နွှဲရမည့် တိုက်ပွဲကို မည်သို့တိုက်ခိုက်ရမည်ကို အသေးစိတ် မှတ်တမ်းတင် ရေးသား ခြင်း ဖြစ်၏။ ဤတိုက်ပွဲ၀င် စီမံမှုမှာ ခေါင်းဆောင်တိုက်ပွဲ၀င်မည့် လေသူရဲ အနေနှင့် စနစ်တကျ ရေးသားထားရန် အလွန်အရေးကြီးပါသည်။ ဘာ ကြောင့်နည်း။ အခြားမဟုတ်။ မနက်ဖြန် ကျွန်တော်တို့ ဆင်နွှဲရမည့် တိုက်ပွဲတွင် ရန်သူအပစ်ချခံရပြီး မည်သည့်လေသူရဲမျှ ပြန်မရောက်ဘဲ ဖြစ်နိုင်သည်။ အကယ်၍ ထိုသို့ပြန်မရောက်ကြလျှင် ကျွန်တော်တို့ မည်သို့ ဆောင်ရွက်ခဲ့သည်ကို သိကြတော့မည်နည်း။ နောက်ထပ် ထို ပစ်မှတ်ကိုပင် တိုက်ခိုက်ကြရဦးမည့် လေသူရဲများအနေဖြင့် မည်သို့ သင်ခန်းစာယူကြရတော့မည်နည်း။

၁၉၄၃-ခုနှစ်၊ မေလ (၁၇)。. .

ထိုနေ့မနက် ညနေတွင် ကျွန်တော့် တပ်ရင်းရှိ စစ်ဆင်ရေးခန်းမ၌ လေသူရဲအားလုံးကို စုရုံးစေပါသည်။ ထိုအချိန်ထိ ယနေ့ညတိုက်ပွဲဝင်ရမည့် ပစ်မှတ်ကို သူတို့တစ်ယောက်မျှ မသိကြသေး။

ရှေးဦးစွာ ကျွန်တော်က ယနေ့ည တိုက်ခိုက်ရမည့် ပစ်မှတ်များအကြောင်းကို အချီးအဖြစ် ပြောပြပါသည်။ ထို့နောက် သိပ္ပံပညာရှင်ကြီးက ရေကာတာများ တည်ဆောက်ထားပုံကို သိပ္ပံပညာရှုထောင့်မှ အသေးစိတ် ရှင်းပြပါသည်။ ထိုနောက်မှ ကျွန်တော်က ယနေ့ည တိုက်ပွဲဝင်မည့်နည်းဗျူဟာကို အသေးစိတ် တင်ပြပါသည်။

"ကျွန်တော်တို့ ဒီည တိုက်ခိုက်မယ့် တိုက်ပွဲမှာ အုပ်စုသုံးစုခွဲပြီးတိုက်မယ်။ ပထမအုပ်စုမှာ လေယာဉ်ပျံ (၉)စင်းပါမယ်။ ကျွန်တော်ခေါင်းဆောင်မယ်။ ကျွန်တော်တို့ လေယာဉ်ပျံ (၉)စီးကို အုပ်ငယ်သုံးခုခွဲလိုက်မယ်။ ပထမအုပ်ငယ်မှာ ကျွန်တော်၊ ဟောပီ၊ မစ်ကီ။ နောက်ဒုတိယအုပ်ငယ်မှာ ဒင်ကီ၊ ဘဲ(လ်)၊ မာဖီ။ နောက် တတိယအုပ်ငယ်မှာ ဟင်နရီ၊ နိုက်နှင့် ရှင်နွန်။ ကျွန်တော်တို့ ပထမအုပ်စု မိုးရင်းရေကာတာကို ပထမ ဖုံးကြမယ်။ မိုးရင်း ရေကာတာ ပျက်သွားပြီဆိုရင် 'အီဒါ' ရေကာတာဘက် ဆက်သွားပြီး ကြမယ်။ အီဒါ ရေကာတာ ပျက်ပြီဆိုရင်တော့ ကျွန်တော်တို့ ဒီည တာဝန်ပြီးပြီ။ စခန်းပြန်ခဲ့ကြရုံပဲ။

"အဲ. . . ဒုတိယအုပ်စုမှာ လေယာဉ်ပျံ ၅-စီးပါမယ်။ ဗိုလ်မှူး 'ဂျိုမက်မာသီ'က ဦးဆောင်မယ်။ တခြားကျန်တဲ့ လေသူရဲတွေက ဘယား၊ ဘာလို၊ ရိုက်၊ မန်လို။ ဒီဒုတိယ အုပ်စုရဲ့ ပစ်မှတ်က 'ဆိုပီ' ရေကာတာ။ ဆိုပီ ရေကာတာကြီး ပျက်သွားပြီဆိုရင် ဒီအုပ်စုရဲ့ တာဝန် ဒီညအတွက်

ပြီးပြီ။ စခန်းပြန်လာခဲ့ရုံပဲ”

“နောက် ဒုတိယအုပ်စုမှာလဲ လေယာဉ်ပျံ ၅-စီးပဲ ပါမယ်။ ခေါင်းဆောင် လေသူရဲက ဗိုလ်ကြီးတောင်ဆင်၊ ကျန်တဲ့ လေသူရဲတွေက အင်ဒါဆင်၊ ဘရောင်း၊ အော့လီ၊ ဘာပီ။ ဒီအုပ်စုက အရံအုပ်စု၊ ကျွန်တော်တို့ ပထမ လေယာဉ်အုပ်စု နှစ်ခုတက်သွားပြီး (၂)နာရီကြာမှ လိုက်လာခဲ့ရမယ်။ ဒီအုပ်စုရဲ့ တာဝန်က ပထမလေယာဉ်အုပ် နှစ်စုက တစ်ခုခု အကူအညီလိုလို့ လှမ်းတောင်းရင် အကူညီလိုက်ပေးဖို့ပဲ။ တကယ်လို့ ဘာအကူအညီမှ မတောင်းကြဘူးဆိုရင်တော့ ဟောဒီ ရေကာတာငယ်လေး သုံးခုကို ဗုံးသွားကြဲရမယ်”

ကျွန်တော် ညွှန်တံတစ်ခုကိုယူပြီး မြေပုံပေါ်မှ ရေကာတာလေး သုံးခု၏ တည်နေရာကို ထောက်ပြလိုက်ပါသည်။

“ကဲ-နောက်တစ်ခုက ချီတက်ရာလမ်း။ ကျွန်တော်တို့ ပထမ အုပ်စုနဲ့ ဒုတိယအုပ်စု ချီတက်ကြမယ့်လမ်းက လုံးဝ တခြားစီ ဖြစ်ပါလိမ့်မယ်။ ပထမအုပ်စုက ဟောဒီလမ်းအတိုင်း ချီတက်။ ဒုတိယအုပ်စုက ဟောဒီလမ်းအတိုင်း ချီတက်။ အိမ်မြှောင်ညွှန်း အတိအကျကိုတော့ လေကြောင်းလမ်းပြတွေကို ပေးလိုက်မယ်”

ကျွန်တော်သည် ညွှန်တံကိုယူ၍ မြေပုံပေါ်တွင် မှင်နီဖြင့် ရေးဆွဲထားသော ပျံသန်းမည့် လမ်းကြောင်းများကို ထောက်ပြလိုက်ပါသည်။

“နောက်တစ်ခုက ကျွန်တော်တို့ စခန်းက ထွက်ထွက်ခြင်း ရန်သူ့နယ်မြေပေါ်ရောက်တဲ့အထိ ကိုယ့်အုပ်စုနဲ့ ကိုယ် တစ်အုပ်ထဲ အုပ်ဖွဲ့သွားကြမယ်။ ရန်သူ့နယ်မြေပေါ်ရောက်တော့လဲ တကယ်လို့ ရန်သူ့တိုက်လေယာဉ်ပျံတွေ ကြားဖြတ် အတိုက်မခံရဘူးဆိုရင် တစ်အုပ်ထဲပဲ ဆက်

သွားကြ။ ရန်သူ့တိုက်လေယာဉ်ပျံတွေ ကြားကဝင်အဖြတ်အတိုက်ခံရလို့ အလွတ်ရုန်းပြေးရတယ်ဆိုရင်တော့ တစ်စင်းကို တစ်စင်းမစောင့်နဲ့တော့။ ကိုယ့်နည်းနဲ့ကိုယ် ပစ်မှတ်အပေါ် ရောက်တဲ့အထိ ဖြစ်သလို ဆက်ပျံ။ ပစ်မှတ်ပေါ်ရောက်မှ တစ်စင်းကို တစ်စင်းပြန်စောင့်။ ပြန်ဆုံပြီး ခေါင်းဆောင်လေယာဉ်မှူးရဲ့ ညွှန်ကြားတဲ့ အတိုင်း တိုက်ကြ။ ကဲ-ဒီအထိ ဘာမေးစရာရှိလဲ”

“ဗိုလ်မှူး ဆက်သွယ်ရေးစနစ်က ဘယ်လိုလဲ”

“အဲ-ဒါလဲ ကျွန်တော် ဆက်ပြောမယ်။ ကျွန်တော်တို့ စခန်းက စထွက်တဲ့ အချိန်ကစပြီး ရန်သူ့နယ်မြေပေါ် ရောက်တဲ့အထိ ရေဒီယိုစက်တွေ အကုန်ပိတ်ထားမယ်။ ရေဒီယိုလှိုင်း လုံးဝအဆက်အသွယ် မလုပ်ဘူး။ ရေဒီယိုလှိုင်းက သိပ်အန္တရာယ်များတယ်။ ရန်သူကို ကြိုအသိပေးနေသလို ဖြစ်တယ်။ ကျွန်တော်တို့ တစ်စင်းနဲ့ တစ်စင်း ဆက်သွယ်မှု အားလုံးကို အချက်ပြမီးကို သုံးပြီး ဆက်သွယ်မယ်”

“ဗိုလ်မှူး အပြန်ခရီးကရော”

“အပြန်ခရီးက ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကြိုက်တဲ့လမ်းကို ရွေးပြန်ကြ။ အဝင်လမ်းအတိုင်းတော့ မပြန်ကြနဲ့။ ရန်သူ့တိုက်လေယာဉ်ပျံတွေက ကြိုစောင့်နေပြီး ပစ်ချကြမှာပဲ။ ကျွန်တော် အထူးသတိပေးလိုက်မယ်။ ဒီအပြန်ခရီးမှာ မပေါ့ကြပါနဲ့”

“ဗိုလ်မှူး ပစ်မှတ်ပေါ်က ရန်သူ့လေယာဉ်ပစ် အမြောက် အခြေအနေကရော”

“ထောက်လှမ်းရေးကပို့တဲ့ နောက်ဆုံးရတဲ့ သတင်းအရ ဒီနေ့အထိတော့ ရန်သူ့ လေယာဉ်ပစ် အမြောက်အနေအထားဟာ ဘာမှ

အပြောင်းလဲ မရှိဘူး။ ရေကာတာထိပ်က မျှော်စင်ရဲ့ တစ်ဘက်တစ်ချက်မှာ လေယာဉ်ပစ် အမြောက် ၆-လက်စီ ချထားတာပဲ ရှိတယ်။ တခြားကျွန်တော်တို့ လေကြောင်းက ကင်းထောက်လို့ မရအောင် ဝှက်ထားတာတွေ ရှိဦးမလားတော့ မပြောတတ်ဘူး။ အဲဒါပဲ။ ပထမအုပ်စု လေထဲ စတက်မဲ့ အချိန် ည ၉-နာရီ”

* * *

“အပူထိန်းခလုတ်ဖွင့်”

“ခလုတ်ဖွင့်ပြီ ဗိုလ်မှူး”

“အပိုတောင်ပံငယ် ၃၀ ဒီဂရီချ”

“၃၀ ဒီဂရီ ချပြီး”

“စက်အားထိန်း မောင်းတံကျပ်”

“မောင်းတံကျပ်ပြီး”

“အနောက် စက်အမြောက်သမားအသင့်”

“အသင့်ဗိုလ်မှူး”

ကျွန်တော်သည် စက်အားကို အဆုံးမြင့်တင် လိုက်ပါသည်။ လေယာဉ်ပျံကြီးသည် ပြေးလမ်းပေါ်တွင် တရိပ်ရိပ် ပြေးနေပြီး တဖြေးဖြေး အရှိန်ရ၍ လာပါသည်။

ပြေးနှုန်း ၁၁၀ မိုင်။

ကျွန်တော်သည် လေယာဉ်ထိန်းမောင်းတံကို နောက်သို့ အသာဆွဲလိုက်ပါသည်။ လေယာဉ်ပျံကြီး လေထဲစ တက်သွားလေပြီ။ ထိုအချိန်၌ ကျွန်တော့် လေယာဉ်ပျံ၏ ဘေးတစ်ဘက်တစ်ချက်သို့ လှမ်းကြည့်လိုက်လျှင် ကျွန်တော့် အုပ်စုငယ်မှ ဟောဂွတ်နှင့် မာတင်တို့၏ လေယာဉ်ပျံများ

ကပ်လိုက်လာသည်ကို ဆီးမြင်နေရ၏။ ယနေ့ည ကျွန်တော်တို့ လေယာဉ်ပျံ တစ်စီးချင်း၌ သယ်လာကြသော ဝန်မှာလည်း မသေးလှ။ ဓာတ်ဆီတန်ချိန် ချည်းပင် ၅-တန်ကျော်ခန့် လေး၏။ လျှင်ဖုံးကြီးမှာ တစ်လုံးတည်း ပါခဲ့သည်ဟုဆိုသော်လည်း အလေးချိန်မှာ ၅-တန် ခန့်ပင်ရှိပါသည်။ ထို့ကြောင့် ဤ ၁၀-တန်ဝန်ကြီးကို သယ်လာရသည် မဟုတ်လော။

ကျွန်တော်တို့ ပထမအုပ်စုတက်ပြီး ၈-မိနစ် အကြာတွင် ဒုတိယ အုပ်စု လိုက်တက်ခဲ့ပါသည်။

မိခင် လေတပ်စခန်းမှ ထွက်လာခဲ့ပြီး တစ်နာရီ ၁၀-မိနစ်တိတိ ကြာသည်အထိ ရေဒီယိုစက်များကို ကျွန်တော်တို့ လုံးဝ အသုံးမပြုကြ။ အသံတိတ် ပျံခဲ့ကြသည်။ ရင်ထဲကမူ တစ်လမ်းလုံး အတွေးကိုယ်စီနှင့် ဖြစ်၏။ လရောင်မှာ လေယာဉ်ပျံ ဗိုက်အောက်ရေပြင်ပေါ်တွင် လှိုင်းစီး လျက်ရှိ၏။

"ဟိုအရှေ့မှာ ကမ်းတွေ့ပြီ"

လေကြောင်းလမ်းပြ၏ လှမ်းအော်လိုက်သော အသံဖြစ်၏။

"မဟုတ်ဘူး ထင်တယ်ဗျ-တိမ်နိမ့်တွေပါ"

ဖုံးချိန်သမားက ပြန်ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်တော်သည် ရှေ့ကို စူးစိုက်ကြည့်လိုက်ပါသည်။ ကမ်းရိုးတန်းဟု ထင်ရသော မဲနေသည့် အတန်းကလေး တစ်ခုကို မြင်တွေ့လိုက်ရ၏။

ငါးမိနစ်ခန့် အတွင်းပင် ကမ်းရိုးတန်းပေါ် ကျွန်တော်တို့ကျော်၍ ဖြတ်ပျံခဲ့ကြသည်။ ရန်သူ့နယ်မြေ အတွင်းသို့ ရောက်ပေပြီ။ ကျွန်တော် သည် ဘေးမှ လေယာဉ်ပျံ နှစ်စီးကို မြေပြင်အနီးသို့ ပို၍ နိမ့်ဆင်းရန် အချက်ပြလိုက်၏။ စက္ကန့်ပိုင်းအတွင်းပင် ကျွန်တော့် လေယာဉ်ပျံ အားလုံး

မြေပြင်မှ လွတ်ရုံလေး ထိုးဆင်းပျံသန်းကြ၏။ ထိုသို့ဆင်းကြခြင်းမှာ ကျွန်တော်တို့တွင် ရည်ရွယ်ချက် ရှိပါသည်။ အခြားမဟုတ်၊ ရန်သူ့ ရေဒါများ ဖမ်း၍မရအောင်ဖြစ်၏။

ထိုအချိန်၌ လရောင်ကို တိမ်ဖုံးသွားဟန် ရှိပါသည်။ မြေပြင် တစ်ခုလုံးမှာ မဲမှောင်၍ သွား၏။

"ဗိုလ်မှူး ကျွန်တော်တို့ သွားလမ်းပေါ်မှာတော့ ရှိကောင်းပါတယ်။ မှောင်နေတော့ ကျွန်တော်လဲ အတိအကျ ပြောလို့မရတော့ဘူး"

ကျွန်တော့်ဘေးရှိ လေကြောင်းလမ်းပြက သူ့လက်ထဲမှ မြေပုံကို ထောက်ကြည့်ရင်း ကျွန်တော့်ကို လှမ်းပြောလိုက်သည်။

"ကျွန်တော်လဲ ထင်တာပဲ၊ ဒါထက် ဟိုရှေ့မှာ ရန်သူ့အမြောက် စခန်းတစ်ခု ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ-ဒါဆိုရင် နောက်က စက်အမြောက်သမား နှစ်ယောက်ကို လှမ်းအသိပေးစမ်းဗျာ။ ရှေ့မှာ ရန်သူတွေရဲ့ အမြောက်စခန်းရှိတယ်၊ အသင့်ပြင်ထားလို့"

လေကြောင်းလမ်းပြသည် လေယာဉ်ဆက်သွယ်ရေးစက်မှ နောက်ခန်းသို့ လှမ်းသတိပေးလိုက်ပါသည်။ စက္ကန့်ပိုင်းအတွင်း လေယာဉ်အတွင်း ရှိလင်းနေသော မီးလုံးငယ်လေးများ အားလုံး ပိတ်သွားပါသည်။ ကျွန်တော်သည် အမြောက်စခန်းအနီး ရောက်သည်နှင့် လေယာဉ်ဦးကို အသာလေး ကွေ့ရှောင်လိုက်၏။

"ဗိုလ်မှူး အိမ်မြှောင်ညွှန်း- တစ်သုည ငါးဒီဂရီကို လှည့်ပါ"

အိမ်မြှောင်ညွှန်း တစ်သုည ဒီဂရီသို့ ဦးတည်ပြီး ၅-မိနစ်အကြာ

တွင် ပင်လယ်ကွေ့တစ်ခုအတွင်းသို့ စက္ကန့်ပိုင်းအတွင်းပင် ကျွန်းငယ်လေး တစ်ခုပေါ်သို့ ဖြတ်ပျံမိလျက်သား ဖြစ်နေ၏။ လမ်းလွဲခဲ့လေပြီ။ ကျွန်တော်တို့ သွားလမ်းအမှန်မှာ ဤကျွန်းငယ်လေးအပေါ်သို့ ဖြတ်ပျံရန်မရှိ။ ဤပတ်ဝန်းကျင်တွင် ယခုကဲ့သို့ ကျွန်းငယ်လေး နှစ်ခုအကြားမှ ဖြတ်ပျံရမည် ဖြစ်၏။ ယခု ကျွန်းလေးပေါ်တွင် ရန်သူ့အမြောက်စခန်းကြီးတစ်ခု ရှိသည်။ ကံကောင်းလှသည်။ ရန်သူများ အိပ်ပျော်နေ၍ ပေလောမပြောတတ်။ မည်သည့် အမြောက်တပ်သားကမျှ ကျွန်တော်တို့ကို လှမ်းမပစ်ပါ။ ကျွန်တော်သည် ရုတ်ချည်းပင် ပေ ၃၀-အမြင့်ကို ထိုးတက်လိုက်၏။

"ကဲ ဗိုလ်မှူး ကျွန်တော်တို့ ဘယ်ဘက်ကို နည်းနည်းရောက်နေတယ်။ အိမ်မြှောင်ညွှန်း သုညကိုးငါး ဒီဂရီလှည့်ပါ. . . "

ကျွန်တော်သည် ညင်ညင်သာသာ လေယာဉ်ဦးကို ဘယ်ဘက်သို့ ယိမ်းပေးလိုက်၏။ ကျွန်တော့် ဘေးမှ လေယာဉ်ပျံနှစ်စီးမှာလည်း ကျွန်တော့် အနီးမှ ကပ်၍ ပျံမြဲ ပျံလျက်ရှိ၏။ စစ်အတွင်း ခရီးသွားရသည်မှာ လေကြောင်း လမ်းပြကို အလွန်အားထားရပါသည်။ သူ့လက်တွင် ခရီးလမ်းတစ်ခုလုံး၏ အသေးစိတ်မြေပုံရှိ၏။ ထိုမြေပုံတွင် ထောက်လှမ်းရေး လေယာဉ်ပျံများမှ ကင်းထောက်၍ သိထားသော ရန်သူ့အမြောက်တပ် စခန်းများကို အသေးစိတ် မှတ်ထားရ၏။ ပစ်မှတ်သို့ မရောက်မီ ထိုစခန်းများကို ဖြစ်နိုင်လျှင် ကွေ့ပတ်ရှောင်သွားရပေမည်။ လေကြောင်းလမ်းပြတော်သည်နှင့်အမျှ ကျွန်တော်တို့ချီတက်ရမည့် လမ်းကြောင်းမှာ အန္တရာယ် ကင်းမည် ဖြစ်၏။

ကျွန်တော်သည် လေယာဉ်ပျံကို မြေပြင်အနီးသို့ ပြန်၍ ထိုးဆင်းပြီး မြေကြီးအနားမှ ကပ်၍ ပျံသွားခဲ့၏။ ကျွန်တော်တို့ ပျံသန်းသည့်

အမြင့်မှာ အလွန်နိမ့်နေပါသည်။ တစ်ချက်တစ်ချက်တွင် မြေပြင်မှ သစ်ပင်ကြီးများ၏ အဖျားကို မလွတ်တလွတ်ပင် ဖြတ်သွားတတ်၏။ တစ်မိနစ်ခန့်ကြာလျှင် ကျွန်တော်တို့ သွားလမ်း၏ ညာဘက်တွင် မြို့ငယ်လေးတစ်မြို့ကို တွေ့လိုက်ရသည်။ ဤမြို့မှ မီးခိုးခေါင်းတိုင်များမှာ ကျွန်တော်တို့ လေယာဉ်မှ လှမ်းကြည့်လျှင် မိုးကုတ်စက်ဝိုင်းပေါ်တွင် ထိုးထိုးထောင်ထောင် ဖြစ်လျက်ရှိ၏။

သွားလမ်းပြောင်းရပြန်လေ၏။

ယခု ဆက်ပျံကြရမည့် သွားလမ်းမှာ မြေပြင်တွင် မြင်နေရသည့် တူးမြောင်းအတိုင်း လိုက်ပျံကြရန် ဖြစ်၏။ ထိုတူးမြောင်းဆုံးလျှင် အင်္ဂလိပ်စာလုံး (တီ)ပုံသဏ္ဌာန် လမ်းဆုံကို တွေ့ရပေမည်။ ထိုနေရာရောက်လျှင် ဂျာမန်နယ်စပ်ကို ရောက်လေပြီ။

ကျွန်တော်သည် တူးမြောင်းပေါ်မှကပ်၍ ပျံသန်းခဲ့၏။ ဆယ်မိနစ်ခန့်ကြာလျှင် ရှေ့တွင် မှိတ်တုတ်မှိတ်တုတ် မီးတန်းလေးတစ်ခုကို ဆီးမြင်လိုက်ရ၏။ (တီ)ပုံသဏ္ဌာန် လမ်းဆုံ။

လမ်းဆုံရောက်လေပြီ. . .

"ဗိုလ်မှူး တစ်သုညသုည ဒီဂရီကို ဆက်ပျံ"

ကျွန်တော်သည် တစ်သုညသုညဒီဂရီကို လှည့်လိုက်ပါသည်။ ကျွန်တော်တို့ ရှေ့တွင် ဆက်တွေ့ရမည့် မြေပြင်အမှတ်အသားမှာ "ရိုင်း" မြစ်ဖြစ်၏။ စက္ကန့်အနည်းငယ် အတွင်းပင် ဂျာမနီ နယ်စပ်ကို ရောက်ကြလေပြီ။

"ဗိုလ်မှူး ကျွန်တော် သွားလမ်းပေါ်မှာ အတိအကျ ရှိနေတယ်။ နောက် ၁ နာရီနဲ့ မိနစ် ၂၀ ကြာရင် ပစ်မှတ်ပေါ် ရောက်လိမ့်မယ်။

ရှေ့မှာ "ရိုင်းမြစ်ကို တွေ့ရင် ကျွန်တော်တို့ကို သတိပေးပါဦး"

"ဟုတ်ကဲ့"

ကျွန်တော့် လေကြောင်းလမ်းပြဗိုလ်ကြီး တေလန်းမှာ အလွန်အားထားရသည့် လမ်းပြ ဖြစ်၏။ သူသည် စစ်ကြီးမဖြစ်မီက အောက်စဖို့(တ်) တက္ကသိုလ်တွင် သင်္ချာဆရာတစ်ဦး ဖြစ်၏။ သူ့အမျိုးအနွယ်မှာလည်း အင်္ဂလန်နိုင်ငံတွင် မျိုးကြီးဆွေကြီးများ ဖြစ်သည်ဟု ဆို၏။ သူ့မျက်နှာမှာ အမြဲချိုနေပြီး စကားကိုလည်း ညင်ညင်သာသာ ပြောတတ်ပါသည်။

"ဗိုလ်မှူး ကျွန်တော်တို့ လေယာဉ်ပျံ သုံးစီးတော့ သွားပြီ။ အုပ်စု (၂)က 'ရိုက်' လေယာဉ်ပျံက ပင်လယ်ကို ဖြတ်ပျံကြတုန်း ရေပြင်နားသိပ်ကပ်ပျံမိလို့ လေယာဉ်ပျံကိုယ်ထည်နဲ့ ရေပြင် ဝင်ဆောင့်မိတာ ဘယ်ဘပ်အတွင်း အင်ဂျင်တစ်လုံးနဲ့ ညာဘက်အင်ဂျင်တစ်လုံး ရပ်သွားတယ်။ ခု ပြန်လှည့်သွားရပြီ။ မာဂိုမောင်းတဲ့ လေယာဉ်ပျံလဲ ဒတ်(ချ်) ကမ်းခြေ အဝင်မှာပဲ ရန်သူ့အမြောက်စခန်းက လှမ်းပစ်တာထိလို့ ထိုးကျသွားပြီ။ အုပ်စု(၃)က 'ဘာပီ'လေယာဉ်ပျံကတော့ စခန်းက အတက်မှာပဲ စက်တစ်လုံးနှိုးမရလို့ မလိုက်ဖြစ်ဘူးလို့ ပြောတယ်"

ကျွန်တော့် လေယာဉ်ပျံမှ လေကြောင်း အချက်ပြ(ဝါ) ရေဒီယို ဆက်သွယ်ရေး အရာရှိက သတင်းပို့ခြင်းဖြစ်၏။ သုံးစီးလှည့်သွားရလေပြီ။ (၁၆)စီးသာ ကျန်တော့သည်။ ထို ၁၆ စီးဖြင့် ရန်သူ့ရေကာတာကြီး သုံးခုလုံး ယနေ့ည ချိုးနိုင်ပါမည်လား။

"ရိုင်း"မြစ်ပေါ် ရောက်လေပြီ။

ရန်သူ ရေဒါ စခန်းများမှာလည်း ယခုအချိန်တွင် ကျွန်တော်တို့ လေယာဉ်ပျံများလမ်းကို ဖမ်း၍ရလောက်ပေပြီ။ ရှေ့တွင် မြင်တွေ့ရမည့်

အမြောက်စခန်းအားလုံးကိုလည်း အကြောင်းကြားထားလောက်ပြီ ဖြစ်၏။ အချိန်မရွေး ရန်သူ့တိုက်လေယာဉ်ပျံများ ဝင်ရောက်တိုက်ခိုက်မှုကိုလည်း ခံရတော့မည်။

"ဗိုလ်မှူး ကျွန်တော်တို့သွားလမ်း ညာဘက်ကို ၆ မိုင်လောက် ရောက်နေတယ်။ ဘယ်ဘက်ကို ပြန်ကွေ့ပါဦး။ ရှေ့မှာ လစ်ဗတ်မြို့ရှိနေတယ်"

"လစ်ဗတ်"မြို့မှာ ရန်သူ၏ လေယာဉ်ပစ်အမြောက်စခန်း အားကောင်းသော မြို့ဖြစ်၏။ ထိုမြို့ကို လွတ်အောင် အသေအချာ ဂရုစိုက်၍ ကျွန်တော်တို့သွားလမ်းတွင် ရေးဆွဲထားပါသည်။ ယခု ဘာကြောင့် ဤမြို့ကို ဦးတည်နေရပါလိမ့်။

"ဗိုလ်ကြီးတေလန်း ဘာကြောင့် ဒီလောက်တောင် သွားလမ်း လွဲနေရတာလဲ"

"အိမ်မြှောင်မကောင်းဘူး ထင်တယ် ဗိုလ်မှူး"

"မဖြစ်နိုင်ပါဘူးဗျာ။ သေသေချာချာ စစ်ဆေးကြည့်စမ်းပါဦး"

ဗိုလ်ကြီးတေလန်းသည် သူ၏ လေကြောင်းလမ်းပြ ထိုင်ခုံတွင် ချက်ချင်းပြန်ထိုင်၍ အလုပ်များလျက် ရှိ၏။

"ဗိုလ်မှူး ကျွန်တော် အမှားတွေ့ပြီ"

"ဘာဖြစ်တာလဲ"

"အိမ်မြှောင်ကောင်းပါတယ်။ မြေပုံပေါ် ရေးထားတဲ့ ကျွန်တော့် လက်ရေး ကျွန်တော် မှားဖတ်ပြီး အိမ်မြှောင်ညွှန်း တလွဲပေးခဲ့မိလို့။ ခု ဘယ်ဘက်ကို ၁၀ ဒီဂရီ လှည့်လိုက်ပါ"

ကျွန်တော်သည် လေယာဉ်ပျံကြီးကို အသာထိန်းပြီး ဘယ်ဘက်

ကို ဦးလှည့်လိုက်သည်။

ရိုင်းမြစ်ကို ကျော်ခဲ့ပြီးနောက်မှ ရန်သူ့အမြောက်စခန်းများမှ ပစ်ခတ်မှုကို မကြာခဏ ခံရပါသည်။ ထိုအချိန်က ရန်သူ့အမြောက်စခန်း ငယ်များမှာ ရိုင်းလွင်ပြင်အတွင်း အနှံ့ချထားလျက် ရှိ၏။ မည်သို့မှ ရှောင်ပျံ၍ မရ။ သို့သော် ကျွန်တော် ပျံသန်းသည့် အမြင့်မှာ အလွန်နိမ့် နေသဖြင့် သူတို့ စနစ်တကျ ချိန်တွယ်ပစ်ခတ်ခွင့်ရဟန် မတူပါ။ ယခု အထိ တစ်ချက်မျှ ထိအောင် မပစ်ခတ်နိုင်သေး။

တစ်နေရာတွင်မူ ရန်သူ့အမြောက်များ၏ ပစ်ခတ်မှုကို အလူး အလဲခံလိုက်ရပါသည်။ ရန်သူ့လေယာဉ်ပျံကွင်း တစ်ခုဖြစ်၏။ ထိုကွင်း မှာ ကွင်းသစ်ဖြစ်၏။ ကျွန်တော်တို့ မြေပုံပေါ်တွင် မရှိပါ။ ထို့ကြောင့် လည်း ထိုကွင်းကို မရှောင်နိုင်ခဲ့။ အပေါ်တည့်တည့်တွင် ဖြတ်ပျံမိခဲ့ပါ သည်။

ရန်သူမီးမောင်းများ ရုတ်ချည်း ဆီးထိုး၍ လေယာဉ်ကွင်းပတ်လည် တွင် ချထားသော အမြောက်များက မရပ်မနား ဆီးပစ်ကြ၏။ ကောင်းကင် သို့ ထိုးတက်လာသော ကျည်ဆံများမှာ မိုးပေါက်များ ကဲ့သို့ပင်။ ကျွန်တော်သည် ရုတ်ချည်းညာဘက်သို့ ယမ်း၍ ကွေ့ချလိုက်၏။ စက္ကန့် ပိုင်းအတွင်းပင် ပစ်ကွင်းမှ လွတ်ထွက်သွားပါသည်။ သို့သော် ကျွန်တော် အုပ်ငယ်အနောက်မှ ကပ်လိုက်လာသော 'ဒင်ကီ'တို့အုပ်စုမှာမူ မလွတ်။ ဆီးကြိုပစ်ခတ်မှုကို အပြင်းအထန် ခံရပြီး ဒင်ကီ အုပ်စုတွင် ပါဝင်သော လေယာဉ်ပျံ ၃-စီးမှ တစ်စီးမှာ ကျည်သင့်ပြီး မီးဟုန်းဟုန်းတောက်၍ ကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရပါသည်။

စတုတ္ထမြောက်အစီး ကျကျန်ရစ်ခဲ့လေပြီ။ ၁၅ စီးဖြင့်သာ ခရီး

ဆက်ရပေတော့မည်။

ကျွန်တော့်နဖူးမှာ ယခုချွေးများ စို့နေပါသည်။ ကျွန်တော် ချွေးစို့သလို ကျန်လေသူရဲများမှာလည်း ချွေးစို့နေပါသည်။ ရင်ထဲတွင်လည်း တစ်ချိန်လုံး တထိတ်ထိတ်နှင့်နေရ၏။ လမ်းတွင် မြင်တွေ့သမျှ မီးရထားဘူတာများ၊ ရွာငယ်များ၊ လမ်းဆုံများမှ ကျွန်တော်တို့အတွက် အန္တရာယ်ကွေ့များ ဖြစ်နေပါသည်။ ရန်သူ့အမြောက်စခန်းများမှာ ထိုနေရာများတွင် အမြဲနေရာ ယူထားသည် မဟုတ်လော။

ဒေါ့မောက်နှင့် ဟန်မြို့အနီးသို့ ရောက်လေပြီ။ ဒေါ့မောက်မြို့မှ စက်ရုံကြီးများမှာ အဝေးမှပင် လှမ်းမြင်နေရပါသည်။ ဒေါ့မောက်မြို့မှာ ယခင်က ကျွန်တော် အကြိမ်ကြိမ် လာရောက်ဗုံးကြဲဖူးပေပြီ။ သို့သော် စက်ရုံကြီးများမှာ ပျက်သွားသည်မရှိ၊ ရှိမြဲရှိ၊ တည်မြဲတည်နေသည်။ ကျွန်တော်တို့ သွားလမ်းမှာ ထိုမြို့ကြီးနှစ်မြို့ အကြားမှ ဖြတ်ပျံရမည်ဖြစ်၏။ ထိုမြို့နှစ်မြို့ အကြားတွင် 'ဆိုအက်' အမည်ရှိ မြို့ငယ်လေးရှိပါသည်။ ၁၉၄၀-ခုနှစ် စစ်ကြီးဖြစ်စက ကျွန်တော် ဤမြို့ငယ်လေးအပေါ်တွင် တစ်ကြိမ် လေယာဉ်ပျံ ပျက်ကျတော့မလို ဖြစ်ခဲ့ဖူး၏။ ယနေ့ညမူ ဤမြို့လေးမှာ ငြိမ်သက်လျက် ရှိ၏။ တစ်မြို့လုံး အိပ်မောကျ နေကြသလိုပင်။

"ဗိုလ်မှူး ရောက်တော့မယ်"

"ဟုတ်ကဲ့"

မှန်သည်။ ရှေ့တွင် ရိုင်းကုန်းမြင့်ကို မြင်တွေ့နေရ၏။ ထိုကုန်းမြင့်ကျော်သည်နှင့် "မိုရိန်း"ရေကာတာကို ရောက်ပေတော့မည်။

ရိုင်းကုန်းမြင့်ကို ကျော်လေပြီ။

မိုရိန်းရေကာတာကြီးမှာ အသက်ဝိညာဉ် ကင်းမဲ့သကဲ့သို့ပင် ငြိမ်သက်လျက်ရှိ၏။ လရောင်ရှိသော်လည်း ရေပြင်မှာ မဲနက်နေသည်။

"ဗိုလ်မှူး အမြောက်စခန်းတွေက ဘယ်နားမှာလဲ"

ကျွန်တော့်နောက်မှ ဗုံးချိန်သမားက လှမ်းမေးလိုက်ခြင်း ဖြစ်၏။

"မျှော်စင်အနားမှာလို့ ပြောတာပဲ"

ကျွန်တော့် စကားမဆုံးမီ ရန်သူ့အမြောက်စခန်းမှ ကျွန်တော့် လေယာဉ်ကို လှမ်းပစ်ပါသည်။ သို့သော် ကျွန်တော်က အမြောက်စခန်း အနီးသို့ မကပ် အရိပ်အရောင်မျှပြပြီး ပတ်ကွေ့ပျံသွားကြပါသည်။

"ဒီလူတွေ ကျွန်တော်တို့ လာမှာကို ကြိုသိနေတယ် ထင်တယ် ဗိုလ်မှူး"

"ဟုတ်တယ်။ ကျွန်တော်တို့ ဂျာမဏီနယ်စပ်ကို ဖြတ်ကတည်းက ကျွန်တော်တို့ သွားလမ်းကို ရိပ်မိနေပြီပဲ။ လေကြောင်း ကာကွယ်ရေးစခန်း တွေက လှမ်းအကြောင်းကြားတာ ဖြစ်မှာပေါ့"

ကျွန်တော်သည် ကျွန်တော့်အုပ်စုမှ လေယာဉ်ပျံများကို စစ်ကြည့် လိုက်ပါသည်။ ကံကောင်းလှသည်။ ဒင်ကီအုပ်စုက လေယာဉ်ပျံ တစ်စီးမှ လွဲ၍ ၈-စီး စလုံး ချောချောမောမော ရောက်လျက်ရှိလေပြီ။ ထိုအချိန် တွင် ဗိုလ်မှူး ဂျိုးမက်ကာသီခေါင်းဆောင်သော အမှတ်(၂) အုပ်စုမှာ လည်း ဆိုပီရေကာတာကို ဗုံးကြဲလျက်ရှိကြလေပြီ။ သို့သော် သူတို့အုပ်စု မှာ လူမစုံ။ ၅ စီးတွင် ၂-စီးမှာ လမ်းတွင် အပစ်ချခံခဲ့ရသည်ဟု ဆိုသည်။

"အုပ်စုခေါင်းဆောင်က အုပ်စုငယ်(၁)နှင့် (၂) ခေါင်းဆောင် တွေကို ခေါ်နေတယ်။ အသံကြား အကြောင်းပြန်၊ ဒါပဲ"

"အုပ်စုခေါင်းဆောင် အုပ်စုငယ်(၁)က ပြန်ထူးနေတယ်။ ဆက်

ပြောပါ။ ဒါပဲ”

“အုပ်စုခေါင်းဆောင် အုပ်စုငယ်(၂)က ပြန်ထူးနေတယ်။ ဆက်ပြောပါ။ ဒါပဲ”

ကျွန်တော်သည် ရေကာတာကြီး တစ်ခုလုံးကို တစ်ပတ်ဝဲ၍ မြေပြင်အနေအထားကို စနစ်တကျ ထောက်လှမ်းလိုက်၏။ ထိုအချိန်တွင် ရန်သူ့အမြောက်စခန်းများမှလည်း မရပ်မနား လှမ်းပစ်နေပါသည်။ ကျွန်တော် သတိထားမိသ၍ ရန်သူ့အမြောက်စခန်းများမှာ ၅-ခုကွဲ နေပါသည်။ စခန်း ၃-ခုမှာ ၂၀ မီလီမီတာ အမြောက်များကို သုံး၍ ကျန် ၂-ခုမှာ ၃၇ မီလီမီတာ အမြောက်များကို သုံးဟန်ရှိပါသည်။

“အုပ်စုငယ်(၁)ခေါင်းဆောင်. . . အုပ်စုခေါင်းဆောင် လေယာဉ်ပျံက ပြောနေပါတယ်။ ကျွန်တော် ခုပုံးဝင်ကြတော့မယ်. . . တကယ်လို့ ကျွန်တော် အပစ်ချခံလိုက်ရရင် ခင်ဗျားဆက်ပြီး အုပ်စုတစ်ခုလုံးကို ခေါင်းဆောင်ပါ. . . ဒါပဲ”

“ဟုတ်ကဲ့ ဗိုလ်မှူး. . . ”

ကျွန်တော်သည် ရုတ်ချည်းပင် တိုက်ပွဲဝင်ရန်အတွက် ပြင်ဆင်တော့သည်။ ထိုအချိန်၌ ကျန်သော လေယာဉ်ပျံများမှာ ရန်သူ့အမြောက်ကျည်မှ လွတ်သော နေရာတွင် အုပ်ဖွဲ့ဝဲပျံလျက်ရှိကြ၏။

ကျွန်တော်သည် လေယာဉ်ဦးကို မျှော်စင်သို့ ဦးတည်လိုက်၏။ ကျွန်တော် ဖောက်ခွဲပစ်ရမည့် တာရိုးမှာ လရောင်အောက်တွင် အထင်ရှားမြင်နေရပါသည်။ ထိုအချိန်တွင် ကျွန်တော့် လေယာဉ်ပျံနှင့် တာရိုးမှာ သုံးမိုင်ခန့်ပင် မဝေးတော့။

“လေကြောင်းလမ်းပြ. . . ကျွန်တော် ပေ ၆၀ အမြင့်ကို စ

ဆင်းမယ်၊ ခင်ဗျား ဒီအမြင့်မှန်မမှန် ဂရုတစိုက် ကြည့်ပေး”

“ဟုတ်ကဲ့ ဗိုလ်မှူး. . . ”

ကျွန်တော်သည် ပေ ၆၀-အမြင့်ကို စိတ်မှန်းပြီး နိမ့်ဆင်းသွားပါသည်။ လေကြောင်းလမ်းပြက လေယာဉ်ဦးနှင့် အမြီးတွင် တပ်ထားသော မီးမောင်းလေးနှစ်ခုကို ဖွင့်ပြီး ပေ ၆၀ အမြင့် မှန်မမှန်ကို ချိန်ကိုက်ကြည့်နေ၏။

“ဗိုလ်မှူး နည်းနည်းတက်နေတယ်၊ ဆင်းပေးဦး”

“ဗိုလ်မှူး လွန်သွားပြီ. . . ပြန်တက်ဦး”

“ဟုတ်ပြီ-ဟုတ်ပြီ ဗိုလ်မှူး. . . ဒီအမြင့်ကို ထိန်းထား”

ပေ ၆၀ အမြင့်ကို ချိန်သားကိုက်ထားလေပြီ။

“အင်ဂျင်နီယာ. . . စက်အားကို လျှော့. . . ၂၄၀-မိုင်နှုန်းကို ရအောင်ထိန်း”

အင်ဂျင်နီယာသည် ရှေးဦးစွာ အပိုတောင်ပံငယ်ကို ပထမအဆင့် ချလိုက်သည်။ ထို့နောက် တဖြေးဖြေး စက်အားကိုလျှော့၍ ၂၄၀-မိုင်နှုန်း ရအောင် ချိန်ကိုက်ပေးလိုက်၏။ ၂၄၀-မိုင်နှုန်း ရောက်လေပြီ။

“ဗုံးချိန်သမား. . . ဗုံးချဖို့ အသင့်ပြင်”

“အနောက် စက်အမြောက်သမား ညာဘက်က အမြောက်စခန်းကို မလှုပ်နိုင်အောင် ကြိုပစ်ထား”

မျှော်စင်နှင့် ၂ မိုင်ခန့်သာ လိုတော့သည်။

ကျွန်တော်သည် လေယာဉ်ဦးကို ငြိမ်နေအောင် ကြိုးစားထိန်းထားပေး၏။ လက်ချောင်းလေးများမှာ လေယာဉ်ထိန်းမောင်းတံကို အားစိုက်ကိုင်ရလွန်းသဖြင့် သေ၍နေလေပြီ။

ရန်သူ့လေယာဉ်ပစ် အမြောက်များလည်း မီးမောင်းလေးနှစ်ခု ထွန်း၍လာနေသော ကျွန်တော့် လေယာဉ်ပျံကို အဝေးမှပင် လှမ်းမြင်နေရသဖြင့် စနစ်တကျ ဆီးကြိုပစ်ခတ်လျက်ရှိ၏။ သို့သော် မထိ။ ကံကောင်းလှဘိ၏။ ကျွန်တော် ပျံသန်းသည့်အမြင့်မှာ အလွန်နိမ့်လွန်းနေသဖြင့် သူတို့ ချိန်တွယ်ရ ခက်နေဟန်ရှိပါသည်။ သူတို့ ဆီးကြိုပစ်ခတ်သမျှ ကျည်ဆံအများစုမှာ ကျွန်တော့် လေယာဉ်ပျံတိုက်အောက်ရှိ ရေပြင်ကိုသာ ထိမှန်ပြီး လေထဲ ပြန်လွင့်စဉ်တက်သွားတတ်ကြသည်။

လေကြောင်းတိုက်ပွဲတွင် ယခု ကျွန်တော် ရောက်ရှိနေသော အချိန်မှာ ရင်ထဲတွင် အခံရခက်ဆုံး အချိန်ပင် ဖြစ်၏။ ပစ်မှတ်နှင့် ကျွန်တော့် လေယာဉ်ပျံမှာ ၂ မိုင်ပင်မလိုတော့။ လေယာဉ်ပျံ၏ သွားနှုန်းမှာ တစ်မိနစ်လျှင် ၄ မိုင်ခန့်ရှိသည်။ ၂ မိုင်ဟူသော ခရီးမှာ စက္ကန့်ပိုင်းအတွင်း ရောက်ရမည့် ခရီးဖြစ်၏။ သို့သော် ထိုစက္ကန့်ပိုင်းမှာ ကျွန်တော်တို့အဖို့ ကြာလှဘိ၏။ နှစ်နှင့်ချီ၍ပင် ကြာသည်ဟု ထင်ရသည်။ မှန်သည်။ မထင်၍လည်း မဖြစ်။ ကျွန်တော့်ဘဝ၏ အသက်ရှင်ရေးမှာ ဤနေရာတွင် အဆုံးအဖြတ်ပေးမည် ဖြစ်၏။ စက္ကန့်ပိုင်းအတွင်း ရန်သူ့စခန်းကို ဖျက်ပစ်နိုင်မည်။ သို့မဟုတ် သူ့ကို ပစ်ချခြင်းကို ခံရမည်။ ဤဖြစ်ရပ်နှစ်ခုမှာ တစ်ခုကို ရင်ဆိုင်၍ သေမည်လား၊ ရှင်မည်လား၊ အရှုံးပေးရမည်လား၊ အောင်ပွဲရမည်လား။ အမှန်တော့ ဤအချိန်၌ ကြောက်စိတ်မှာ မည်သို့မှ အကျိုးမပြုတော့ပါ။ သေမည်ဟု ကိုယ့်ကိုယ်ကိုယ် အတိအကျ သိနေချိန်တွင် ကြောက်နေ၍ အဘယ်မှာ အကျိုးထူးတော့မည်နည်း။ ရင်ဆိုင်ရန်သာ ရှိတော့သည် မဟုတ်ပါလား။ သို့သော် လူ့စိတ်မှာ ခက်လှပါသည်။ ကိုယ့်ကိုယ်ကိုယ် မည်သို့မျှ အစိုးမရ။ သို့သော် လူ၏ မူလ

အတွင်းစိတ်တွင်ရှိသည့် ကြောက်စိတ်မှာ ပျောက်မသွား။ ရှိမြဲရှိ-စိုးမိုးမြဲ စိုးမိုးနေပါသည်။ ကျွန်တော့် လက်ချောင်းလေးများမှာ ယခု တုန်လှုပ်လျက်ရှိ၏။ မျက်လုံးများမှာလည်း ရှေ့တူရူကို စူးစိုက်ကြည့်ရလွန်းသဖြင့် ပူစပ်၍ လာလေပြီ။ မျက်ရည်ပူများကျ၍ လာလေပြီ။

"အင်ဂျင်နီယာ စက်အရှိန်ကို ပြန်တင်ဖို့ အသင့်ပြင်ထား၊ ကျွန်တော် အောက်က ပစ်လို့ မတော်တဆ ထိသွားရင် ခင်ဗျား လက်နှေးမနေနဲ့ စက်အရှိန်ကို အဆုံးတင်ပြီး လေယာဉ်မောင်းတံကို နောက်ဆွဲ တင်လိုက်"

ညာဘက်တွင် ထိုင်နေသည့် အင်ဂျင်နီယာလုပ်သူက ဘာမှပြန်မပြောပါ။ မကြား၍ပင်လား။ ပြန်မပြောချင်တော့၍ပင်လား။ ကျွန်တော်မသိ။ သူကြားကောင်း ကြားမည်။ နားလည်ကောင်း နားလည်မည် ဟု တော့ ထင်ရပါသည်။

ပစ်မှတ်ပေါ် ရောက်တော့မည်။

နီးသထက် နီး၍လာလေပြီ။ ဗုံးချိန်သမားသည် သူ၏ ချိန်ခွက်နှင့် အလုပ်များလျက်ရှိ၏။ လေကြောင်းလမ်းပြသည် လေယာဉ်ပျံ အမြင့် အတိမ်းအစောင်း မရှိအောင် ဗိုက်အောက်မှ မီးမောင်းလေးကို စူးစိုက်ကြည့်နေရ၏။ ရန်သူ့အမြောက် စခန်းများမှ ပစ်ခတ်မှုမှာလည်း ပစ်မှတ်နားသို့ နီးလာလေ ပို၍ သဲသဲမဲမဲ ရှိကြလေ ဖြစ်၏။ ယခုထိ ကံကောင်းပါသည်။ သူတို့၏ တစ်မိနစ်လျှင် ရာပေါင်းများစွာနှုန်းနှင့် ပစ်ခတ်လျက်ရှိသော ကျည်များမှာ တစ်ချက်မှ မမှန်သေး။ တကယ်တော့ ရေကာတာပြင်ကြီးနှင့် ကျွန်တော့် လေယာဉ်ပျံကို ယှဉ်ကြည့်လျှင် ကျွန်တော့် လေယာဉ်ပျံမှာ မယှဉ်သာအောင် သေးလှပါသည်။ တစ်ခါ ရေပြင်နားကပ်ပျံ နေသဖြင့်

ပို၍ သေးသေးသွားအောင် ဖန်တီးထားပေးသလို ရှိ၏။ ကျွန်တော့် လေယာဉ်ပျံမှာ အပေါ်စက်အမြောက်သမားနှင့် အနောက်စက်အမြောက် သမားတို့လည်း ယခုအချိန်တွင် တစ်စက္ကန့်မျှ မနားကြရ။ မြေပြင်မှ ရန်သူအမြောက်စခန်းများကို မရပ်မနား ပစ်ခတ်လျက်ရှိပါသည်။ သူတို့ ပစ်ခတ်သည့် အသံ၊ ရန်သူပစ်ခတ်သည့် အသံ။ လေယာဉ်ပျံ စက်သမား များမှာ ည၏ တိတ်ဆိတ်မှုကို အစွမ်းကုန် ဖြိုဖျက်ပစ်လျက်ရှိ၏။ ငရဲပြည် ရောက်နေသလား။

"ဗိုလ်မှူး ဘယ်ဘက်ကို နည်းနည်းလှည့်"

"ဟုတ်ပြီ. . . ဟုတ်ပြီ နည်းနည်း ထပ်ရွှေ့ပေးဦး"

"များသွားပြီ ဗိုလ်မှူး။ ညာဘက်နည်းနည်း ပြန်ဆွဲ"

"ဟုတ်ပြီ-တော်ပြီ။ အဲဒီမှာ ရပ်ထား"

ပစ်မှတ်ပေါ် ရောက်လုပြီဖြစ်၍ ဗုံးချိန်သမားက နောက်ပိုင်းမှ ကျွန်တော့်ကို အမျိုးမျိုး ညွှန်ကြားလျက် ရှိ၏။

"ချတော့မယ် ဗိုလ်မှူး"

"ချမယ်. . . "

"ချမယ်. . . "

"ခေါင်းငြိမ်အောင်ထား"

"အသင့်ပြင်"

"ချ. . . "

လျှောင်ဗုံးကြီး ချသွားလေပြီ။

ထိုအချိန်၌ ကျွန်တော် ဘာမှ မသိတော့ပါ။ ကျွန်တော့် လေယာဉ်ပျံ မှ ပစ်ခတ်သံ၊ အောက်မှ ပစ်ခတ်သံ ဘာမှမကြားတော့။ လေယာဉ်ပျံ

စက်ခန်းတစ်ခုလုံးလည်း အပေါ်မှအောက် အပြန်အလှန်ပစ်ခတ်နေသည့် ကျည်ဆံယမ်းခွံနံ့များကြောင့် မခံနိုင်အောင် နံစော်လျက်ရှိလေပြီ။ မြေပြင်မှ လှမ်းပစ်၍ ကျွန်တော့် လေယာဉ်ပျံ ဘယ်နှစ်ချက်ထိသွားပြီ။ ကျွန်တော့် လေယာဉ်ပျံမှ ပစ်ခတ်၍ ရန်သူ့အမြောက်စခန်း ဘယ်နှစ်ခုပျက်သွားပြီ။ ပတ်ဝန်းကျင်၌ ဘာဖြစ်၍ ဘာဖြစ်နေသည်ကို ကျွန်တော် ဘာမှမသိတော့။ ကျွန်တော် သိလိုသည်မှာ လေယာဉ်ပျံမှ ချလိုက်ပြီဖြစ်သော ဗုံး။ ပစ်မှတ်ပေါ် အတိအကျ ကျ,မကျပင် ဖြစ်၏။ ကြိုချမိသလား၊ လွန်ချမိသလား။ လျှောင်ဖုံးကြီးမှာ လေယာဉ်တစ်စီးတွင် တစ်လုံးတည်းသာပါခဲ့သဖြင့် ချကွင်းပေါ် လွဲလျှင်ဖြင့် ယနေ့ ကျွန်တော့် ကြိုးပမ်းမှုမှာ သဲထဲရေသွန်ဖြစ်ရလေပြီ။

လေယာဉ်ပျံကြီးမှာ လျှောင်ဖုံးကြီး ကျသွားပြီဆိုသည်နှင့် ဆတ်ကနဲ ဦးမော့၍လာပြီး တာရိုးပေါ်ရှိ မျှော်စင်နှစ်ခုကြားမှ ကပ်၍ ဖြတ်ပျံသွား၏။ အင်ဂျင်နီယာသည် ရုတ်ချည်းပင် စက်အားကို မြှင့်တင်ပေးလိုက်၏။

"ဗိုလ်မှူး တည့်တည့်ကို ထိတယ်ဗျို့"

နောက် လေယာဉ်ပျံ တစ်စီးမှ လှမ်းပြောလိုက်သံ ဖြစ်၏။

ကျွန်တော်သည် လေယာဉ်ဦးကို အသာဆွဲတင်၍ ညာဘက်သို့ ကွေ့ပတ်တက်လာခဲ့၏။ ထိုအချိန်၌ ကျွန်တော့် လေယာဉ်ပျံ၏ အနောက်စက်အမြောက်သမားကလည်း မျှော်စင်ဘေးရှိ ရန်သူ့အမြောက်စခန်းကို သဲသဲမဲမဲ ပစ်ခတ်လျက်ရှိပါသည်။

"ဗိုလ်မှူး ဟိုမှာကြည့်စမ်း"

ကျွန်တော့်ဘေးမှ လေကြောင်းလမ်းပြက လှမ်းပြောလိုက်ခြင်း

www.burmeseclassic.com

ဖြစ်၏။ ကျွန်တော် သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်လျှင် ကြီးမားသော ရေပန်းကြီး တစ်ခုမှာ ပေတစ်ထောင် အမြင့်ခန့်ရောက်သည်ထိ ထောင်တက်နေပါသည်။ ကျွန်တော် ချသွားသော ငလျင်ပုံးကြီး ပေါက်ကွဲနေခြင်းဖြစ်၏။ ကန်တာရိုး ကျိုးမကျိုးကိုမူ ထိုရေပန်းကြီး ခံနေသဖြင့် ခန့်မှန်း၍ မရသေး။ ထိုရေပန်းကြီး ပြန်ကျသွားသည်အထိ စောင့်ကြည့်ရဦးမည်။

၂ မိနစ်ခန့်ကြာလေပြီ။

ရေပန်းကြီးမှာ ဝပ်မသွားသေး။

၅-မိနစ်ခန့် ကြာလေပြီ။ ကန်ဘောင်တစ်ခုလုံးမှာ ဖွေးဖွေးဖြူ ဆဲဖြစ်၏။ တာရိုးကိုပင် မမြင်ရပါ။ တာရိုးကျိုးသွားလေပြီလား။

၁၀-မိနစ်ခန့် စောင့်ကြည့်မှ တာရိုးကို မြင်ရပါသည်။ တာရိုးမကျိုးသေး။ ကမ္ဘာကျော် ဂျာမန်အင်ဂျင်နီယာ တို့၏ လက်ရာမှာ အံ့စရာကောင်းအောင် ခိုင်ခံ့ဟန်ရှိပါသည်။

“နံပါတ်(၁). . . ခေါင်းဆောင်လေယာဉ်ပျံက ခေါ်နေတယ် အသံကြား အကြောင်းပြန်. . . ဒါပဲ”

နံပါတ်(၁)ဟူသည်မှာ မိခင်စခန်းမှ စထွက်လာသည့်အချိန်မှစပြီး တစ်လမ်းလုံး ကျွန်တော့် လေယာဉ်ပျံ အတောင်ပံဘေးတွင် ကပ်လိုက်လာသော လေယာဉ်ပျံ (၂)စီးမှ တစ်စီး၏ လျှို့ဝှက်အမည် ဖြစ်၏။ ဗိုလ်ကြီးဟောပီ မောင်းသော လေယာဉ်ပျံ ဖြစ်၏။

“ခေါင်းဆောင်. . . နံပါတ်(၁)က ပြန်ပြောနေတယ်။ ဗိုလ်မှူးဆက်ပြောပါ. . . ဒါပဲ”

“နံပါတ်(၁). . . ခင်ဗျား ဒီတစ်ချီဝင်ချ။ တိုက်ပွဲဝင်ဖို့ အသင့်ပြင် . . . ဒါပဲ”

"ဟုတ်ကဲ့ ဗိုလ်မှူး . . . အသင့်"

ဗိုလ်ကြီး ဟောပီသည် ရေကာတာ၏ တောင်ဘက်ကုန်းမြင့်ပေါ်တွင် ဝဲနေရာမှ ရေကာတာ အပေါ်သို့ စိုက်ဆင်းလာသည်။ သူသည် ဝင်လာစကပင် သစ်ပင်ဖျားနားကပ်၍ ပျံသန်းလာသဖြင့် ကျွန်တော့် လေယာဉ်ပျံမှ လှမ်းကြည့်လျှင် ရုတ်တရက် မမြင်ရ။ ရေပြင်ပေါ်ရောက်ပြီး ပေ ၆၀-အမြင့်ချိန်သည့် မီးမောင်းလေး နှစ်ခုကို ဖွင့်လိုက်မှ အထင်းသား မြင်လိုက်ရပါသည်။ သို့သော် သူ့ကို ကြာရှည်မမြင်လိုက်ရပါ။

သူ့အလှည့်တွင် ရန်သူ၏ ပစ်ခတ်မှုမှာ ကျွန်တော်တို့ ဝင်တိုက်စဉ်ကထက် ပြင်းထန်ပါသည်။

"ဗိုလ်မှူး . . . ဟိုလူထိသွားပြီ"

လေကြောင်းလမ်းပြက လှမ်းအော်လိုက်ခြင်း ဖြစ်၏။ ဗိုလ်ကြီး ဟောပီ၏ လေယာဉ်ပျံသည် ပစ်မှတ်အပေါ်သို့ မရောက်မီ တစ်မိုင်ခန့် အလို၌ပင် ရန်သူ့အမြောက်စခန်းမှ လှမ်းပစ်သော ကျည်တစ်ချက် မှန်သွားဟန်ရှိပါသည်။ ညာဘက်အတွင်းစက်တစ်လုံးမှာ ရုတ်တရက် မီးထလောင်သည်ကို တွေ့လိုက်ရ၏။

သို့သော် ဗိုလ်ကြီးဟောပီသည် သူ့လေယာဉ်ပျံကို နောက်သို့ လှည့်မပြန်ခဲ့။ မူလဦးတည်ထားသည့်အတိုင်း ပစ်မှတ်ပေါ်သို့ ဆက်ပျံသွားပြီး သယ်ဆောင်လာခဲ့သော ဗုံးတစ်လုံးကို စနစ်တကျ ချလိုက်ပါသည်။ သို့သော် ချကွင်းပေါ်မရောက်။ သူ၏ ဗုံးချိန်သမားမှာ အမြောက်ကျည်ဆံလေယာဉ်ပျံကို မှန်စဉ်က ဒဏ်ရာရထားဟန် ရှိပါသည်။ ဗုံးမှာ တာရိုးပေါ် တည့်တည့်ကျသွားပါသည်။ တာရိုးမှာ ကွန်ကရစ်တာရိုး။ သိပ္ပံပညာရှင်ကြီး ကြိုတင်တွက်ဆထားသည့်အတိုင်းပင် ကွန်ကရစ် တာရိုးပေါ်

မှ ဗုံးသည် အရှိန်ဖြင့် လေထဲ ပြန်ခုန်တက်ပြီး လေထဲ၌ ပေါက်သွားပါသည်။ ဗုံးတစ်လုံး ဤမျှ အရှိန်ပြင်းစွာပေါက်သည်ကို ကျွန်တော် မမြင်ဘူးပါ။ ကန်ပြင်တစ်ခုလုံးမှာ စက္ကန့်အနည်းငယ်မျှ နေ့အချိန်ကဲ့သို့ လင်းထိန်သွားပြီး စောစောက တာရိုးပေါ်တွင် ရှိနေသော မျှော်စင်နှစ်ခုမှ တစ်ခုမှာ မြင်ကွင်းမှ လုံးဝပျောက်သွားပါသည်။ ထိုအချိန်၌ ဗိုလ်ကြီး ဟောပီ လေယာဉ်ပျံမှာ ပေ ၅၀၀ အမြင့်ခန့်ကို ဆွဲတက်သွားနေပြီ ဖြစ်၏။ သူ၏ ရည်ရွယ်ချက်ကို ကျွန်တော်တို့ လေသူရဲတိုင်း ရိပ်မိပါသည်။ လေထီးခုန်နိုင်မည့်အမြင့်ကို ဆွဲတက်နေခြင်း ဖြစ်၏။ သို့သော် အချိန်မမီ။ ကံဆိုးလှပါသည်။ ဗုံးပေါက်ကွဲသံနှင့် တစ်ချိန်တည်း လိုလိုပင် ဗိုလ်ကြီးဟောပီ၏ လေယာဉ်ပျံလေထဲတွင် တစ်စစီ ဖြစ်သွားပါသည်။

တစ်စီးတော့ သွားပြန်လေပြီ။

"နံပါတ်(၂)၊ ခေါင်းဆောင်လေယာဉ်ပျံကခေါ်နေတယ်၊ အသံကြားအကြောင်းပြန် . . . ဒါပဲ"

နံပါတ်(၂)မှာ ဗိုလ်ကြီး ဟောပီနှင့်အတူ ကျွန်တော့်လေယာဉ်တောင်ပံဘေးမှ ကပ်လိုက်လာသည့် ကျန်လေယာဉ်တစ်စီး ဖြစ်၏။ လေသူရဲ ဗိုလ်ကြီးမာတင် မောင်းပါသည်။

"ခေါင်းဆောင်နံပါတ်(၂)က ပြန်ထူးနေတယ်။ ဒါပဲ"

"နံပါတ်(၂)တိုက်ပွဲဝင်ရန် အသင့်ပြင်၊ ဒါပဲ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

ဗိုလ်ကြီးမာတင် လေယာဉ်ပျံသည် စောစောက ဗိုလ်ကြီး ဟောပီ ဆင်းသွားသကဲ့သို့ ရေပြင်နား ကပ်၍ ပစ်မှတ်ပေါ်သို့ တန်းပြီး ဝင်သွားခဲ့ပါသည်။ သူတို့ လေယာဉ်ပျံမှ ဗုံးချိန်သမားမှာ အလွန်အမှန်းဆကောင်း

ဟန်ရှိ၏။ ချကွင်းပေါ်တည့်တည့်ကျအောင် ချသွားနိုင်ပါသည်။

ဗုံးကျပြီး စက္ကန့်အနည်းငယ်ကြာသည်နှင့် ရေကာတာကြီးတစ်ခုလုံး တုန်လှုပ်သွားသကဲ့သို့ ကြီးမားသော ဟီးသံကြီးတစ်ခု ကြားလိုက်ရပါသည်။

လျှော်ဖုံးကြီးပေါက်ကွဲလေပြီ။

စောစောက ကျွန်တော် ချသွားသော လျှော်ဖုံးကဲ့သို့ပင် ကန်ရေပြင်မှ ကြီးမားသော ရေပန်းကြီးထိုးတက် လာပါသည်။ တာရိုးကျိုးသွားပြီလော။ ယခုအကြိမ်တွင်လည်း ရုတ်တရက် မပြောနိုင်သေး။ စောင့်ကြည့်ရဦးမည်။

“ခေါင်းဆောင်. . . လေယာဉ်ပျံ နံပါတ်(၂)က ပြောနေတယ် ဗိုလ်မှူး။ ကျွန်တော့် လေယာဉ်ပျံတော့ ထိသွားပြီ။ ဒါပဲ”

ကျွန်တော့် ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပါသည်။

“ဘယ်နေရာထိသွားလဲဗျာ”

“စက်ခေါင်းမှာ တစ်ချက်၊ အမြီးမှာ တစ်ချက်၊ ညာဘက် အပြင်စက်တစ်လုံးတော့ ရပ်သွားပြီ”

“ခင်ဗျား ဆက်ပျံနိုင်ဦးမလား”

“နိုင်ပါလိမ့်မယ် ဗိုလ်မှူး။ ကျွန်တော့်ကို မပူနဲ့ စိတ်ချပါ၊ ဒါပဲ”

ထိုအချိန်၌ ဗုံးဒဏ်ကြောင့် ထောင်တက်နေသော ရေပန်းကြီးလည်း ပြန်ကျသွားလေပြီ။ ရေပြင်တွင် ဝဲဂယက်များသော ထိတ်လန့်ဖွယ်ထနေကြ၏။ သို့သော် တာရိုးမှာမူ မကျိုးသေး။ တည်မြဲတည်လျက်။

“အုပ်စုငယ်(၁)ခေါင်းဆောင်၊ အုပ်စုခေါင်းဆောင်ခေါ်နေတယ်။ အသံကြား အကြောင်းပြန် ဒါပဲ”

"ဗိုလ်မှူးကြားပါတယ်။ ဆက်ပြောပါ ဒါပဲ"

ဗိုလ်ကြီး ဒင်ကီ၏ အသံဖြစ်၏။ သူ့အသံမှာ မြေပြင်တွင် စစ်အေးချိန်၌ ကြားနေကျ အသံအတိုင်းပင် အလွန်တည်ငြိမ်လျက် ရှိ၏။

"ခင်ဗျား ဝင်ချတော့ ဒါပဲ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

ဗိုလ်ကြီး ဒင်ကီ၏ လေယာဉ်ပျံမှာလည်း ဗိုလ်ကြီးမာတင်၏ လေယာဉ်ပျံအတိုင်းပင် ပစ်မှတ်ပေါ် တည့်တည့်ချသွားနိုင်ပါသည်။ ရန်သူ ပစ်ခတ်နေသော အမြောက်ဆံများလည်း တစ်ချက်မှ အမှန်မခံလိုက်ရ။

"ဗိုလ်မှူး ဒီတစ်ခါတော့ ကျိုးပြီ သေချာတယ်"

ဗိုလ်ကြီး ဒင်ကီ၏ လှမ်းပြောလိုက်သော အသံဖြစ်၏။ ကျွန်တော်တို့မှာ ကျောင်းသားငယ်များ စာမေးပွဲ အောင်စာရင်း စောင့်သကဲ့သို့ပင် တာရိုးကျိုး, မကျိုး အဖြေကို အလွန်သည်းခံ၍ စောင့်ကြည့်နေကြရပါသည်။ ရေပန်းကြီး တက်နေသည့် အချိန်မှာလည်း ကြာလှဘိ၏။ ရုတ်တရက်ကို ပြန်မကျနိုင်။

ထိုအချိန်တွင် တကယ်တော့ မိခင်လေတပ်စခန်းရှိ စစ်ဆင်ရေးခန်းမ၌လည်း စစ်ဆင်ရေးမှူး ဗိုလ်ချုပ်ကြီး အပါအဝင် လေတပ်စစ်ဦးစီးအရာရှိများမှာ ရင်တထိတ်ထိတ်နှင့် ရှိနေပါသည်။ ကျွန်တော့် လေယာဉ်ပျံနှင့် စစ်ဆင်ရေးခန်းမမှာ တိုက်ရိုက် ရေဒီယို အဆက်အသွယ် ပြုလုပ်ထား၏။ ယခုည ဖြစ်နေသမျှ အဖြစ်အပျက် အားလုံးကို အချိန်ပြည့် အသေးစိတ် ဌာနချုပ်ကို ပြန်သတင်းပို့ပေးနေပါသည်။ ထို့ကြောင့် သူတို့လည်း ယခုအချိန် ကျွန်တော်တို့ ဖြစ်နေသလို မရိုးမရွ ဖြစ်နေကြပေတော့မည်။

"ဗိုလ်မှူး မကျိုးသေးဘူး"

လေကြောင်းလမ်းပြက လှမ်းပြောလိုက်ခြင်း ဖြစ်၏။

“ဗိုလ်ကြီးဒင်ကီ၏ နံပါတ်(၁) လေယာဉ်ပျံမှာ ဗိုလ်မာဖီ မောင်းသည့် လေယာဉ်ပျံ ဖြစ်၏။ သူတို့ အုပ်စုတွင်လည်း အမှန်တော့ ဤတစ်စီးသာ ကျန်တော့သည်။ သူတို့၏ နံပါတ်(၂)မှာ လမ်းတွင် ပျက်ကျခဲ့လေပြီ။ ယခု ဗိုလ်မာဖီ လေယာဉ်ပျံ ဝင်ချလို့ တာမကျိုးသေးလျှင် အုပ်စုငယ်(၃)မှ ခေါင်းဆောင်ကို တာဝန်ပေးရတော့မည်။ ယခု မိုးရိန်းရေကာတာ တစ်ခုတည်းနှင့် ကျွန်တော်တို့ အချိန်ပေးထားရသည်မှာ များလှလေပြီ။ ယနေ့ည ဒုတိယ ပစ်မှတ်ဖြစ်သော အီဒါရေကာတာသို့ပင် ခရီးဆက်နိုင်ပါဦးမည်လား။

၂ မိနစ်ခန့်အတွင်းမှာပင် ဗိုလ်မာဖီ၏ လေယာဉ်ပျံမှာ ပစ်မှတ်ပေါ်သို့ ဗုံးဝင်ချသွားနိုင်ပါသည်။ ယခု အကြိမ်တွင်လည်း ချကွင်းပေါ်တည့်တည့် ကျသွား၏။ ကျွန်တော်တို့ ငါးမိနစ်ခန့် ထုံးစံအတိုင်း စောင့်ကြည့်ပါသည်။ သို့သော် ဘာတစ်ခုမှ ထူးခြားချက်ကို မမြင်ရ။ ခက်နေသည်မှာ ထိုအချိန်၌ ရှေးက လေယာဉ်တစ်စီးစီး ချသွားသော ဗုံးဒဏ်ကြောင့် တက်လာသည့် ရေပန်းမှ ရေငွေ့အချို့မှာ မြူများသဖွယ် ရေပြင်တစ်ခုလုံးကို အုပ်ဆိုင်းလျက်ရှိလေပြီ။ ကျွန်တော်တို့ လေယာဉ်ပျံ မှန်ပြတင်းပြင်များမှာလည်း ရေငွေ့များဖြင့် ရွှဲရွှဲစိုလျက် ရှိ၏။ ဘာတစ်ခုမှ သဲကွဲစွာ မမြင်ရ။

ကျွန်တော် အချိန်မစောင့်နိုင်တော့ပြီ။ အုပ်စုငယ်(၃)မှ ခေါင်းဆောင်ကိုခေါ်ပြီး သူဦးဆောင်၍ သူ့နောက်လိုက် လေယာဉ်ပျံ ၂-စီးဖြင့် ဆက်တိုက် ဗုံးဝင်ချရန် အမိန့်ပေးလိုက်တော့သည်။

သူတို့ ဗုံးချရန် ပြင်ဆင်လျက် ရှိလေပြီ။

ထိုအချိန်၌ ကျွန်တော့် လေယာဉ်ပျံမှာ ပစ်မှတ်ပေါ် တည့်တည့်တွင် ဖြတ်ပျံနေပါသည်။ ကျွန်တော်သည် ပစ်မှတ်ကို ရုတ်တရက် ငုံ့ကြည့်လိုက်၏။ ကျွန်တော့် မျက်စိကိုပင် ကျွန်တော် မယုံနိုင်ပါ။

ငလျှင်ဗုံးကြီး အစွမ်းပြလေပြီ။

ရေကာတာကြီး ကျိုးသွားလေပြီ။

အပေါက်ကြီးမှာ ပေ ၁၀၀-ခန့်ပင် ကျယ်မည်။ မြေနိမ့်လွင်ပြင်ပိုင်းသို့ ကြီးမားသော ရေလုံးကြီးများမှာ ဒလဟော စီးလျက်ရှိ၏။

“ဟေ့. . . အုပ်ငယ်(၃)ခေါင်းဆောင်. . . ဝင်မချနဲ့တော့ဗျို့၊ ပြန်တက်. . . ပြန်တက်. . . . တာကြီး ကျိုးသွားပြီဗျ”

ကျန်လေယာဉ်ပျံများမှ လေသူရဲများ ‘ဝေါ’ကနဲ ဝမ်းသာစွာ အော်လိုက်ကြသည့် အသံများ ရေဒီယို လှိုင်းတွင် ကျယ်လောင်စွာ ကြားလိုက်ရပါသည်။ ထိုအချိန်၌ ရန်သူ့အမြောက် စခန်းများမှ ပစ်ခတ်မှုမှာလည်း တဖြေးဖြေး လျော့လာခဲ့ပြီး လုံးဝ အသံတိတ် သွားသလောက် ရှိနေပေပြီ။ ကျွန်တော်တို့ အုပ်စုမှာ လေယာဉ်ပျံများမှာ တစ်စီးချင်း ပစ်မှတ်ပေါ် ဖြတ်ခဲ့၍ ကျိုးသွားသည့် တာရိုးပေါက်ကြီးကို လှည့်ပတ်ကြည့်နေကြသည်။

“ဟေ့. . . ဆက်သွယ်ရေး ဆရာလေး ဌာနချုပ်ကို အမြန်ဆုံး သတင်းပို့လိုက်ဟေ့၊ “မိုးရိန်း” ရေကာတာပေါက်သွားပြီ၊ တို့ “အီဒါ” ရေကာတာဘက်ကို ဆက်သွားနေကြပြီလို့”

“ဟုတ်ကဲ့ ဗိုလ်မှူး”

ရေဒီယိုအရာရှိမှာ ကျွန်တော်တို့ လေယာဉ်ပျံတွင် အသက်အငယ်ဆုံး ဖြစ်ပါသည်။ အသက် ၂၀-ပင် မပြည့်တတ်သေး။ လွန်ခဲ့သည့်

လပိုင်းကမှ ကျောင်းမှထွက်၍ လေတပ်ထဲ ဝင်လာသူဖြစ်၏။

"အဲ့. . . အုပ်စု(၁)ခေါင်းဆောင်၊ အုပ်ငယ်(၂)ခေါင်းဆောင်. . . အုပ်စုခေါင်းဆောင် ပြောနေတယ်၊ ခင်ဗျားတို့ လေယာဉ်ပျံတွေ ပြန်စု၊ 'အီဒါ'ရေကာတာဘက် ဆက်သွားမယ်၊ ကျည်မှန်ခံထားရတဲ့ ဗိုလ်ကြီးမာတင်လေယာဉ်ပျံနဲ့ ဗိုလ်ကြီးမာဖီ လေယာဉ်ပျံမလိုက်ခဲ့ကြနဲ့၊ စခန်းပြန်ကြတော့၊ ကျန်လေယာဉ်ပျံတွေ အားလုံးလိုက်ခဲ့ ဒါပဲ"

ကျွန်တော်သည် "အီဒါ"ရေကာတာ ရှိရာ အရှေ့တူရူသို့ ဦးတည်၍ လေယာဉ်ပျံကြီးကို မောင်းသွားခဲ့၏။ ထိုအချိန်၌ လေယာဉ်ပိုက်အောက်သို့ လှမ်းကြည့်လျှင် ပေါက်သွားသော တာရိုးတစ်ဘက်ရှိ မြေနိမ့်ပိုင်းမှာ ရေတဖွေးဖွေးနှင့် ရှိလေပြီ။ လမ်းများ၊ တံတားများ၊ အဆောက်အဦများ ပြိုကျကျိုးပေါက်၍ ရေထဲမျောကုန်လေပြီ။ လမ်းမကြီးများပေါ်တွင် ရှေ့မီးထွန်း၍ သွားနေကြသော မော်တော်ယာဉ်များမှာလည်း မီးပင်ပိတ်ချိန်မရလိုက်။ ကျွန်တော်တို့ မျက်စိရှေ့တွင်ပင် ရေဖုံးလွှမ်းသွားသဖြင့် စောစောက တောက်နေသော မီးရောင်မှာ တဖြေးဖြေး အပြာနုရောင်ဖြစ်သွားပါသည်။ နောက်စိမ်းသွား၊ နောက်ခရမ်းရောင်ဖြစ်ပြီး မြင်ကွင်းမှ ပျောက်သွားပါသည်။

* * *

ရေကာတာကြီး တစ်ခုကို လက်တွေ့ချိုးလိုက်နိုင်ပြီ ဖြစ်၍ လေသူရဲအားလုံးမှာ စိတ်ဓာတ်အလွန်တက်ကြွ လျက်ရှိ၏။

"ဗိုလ်မှူး အုပ်စု (၄)က လှမ်း အကြောင်းကြားတယ်။ သူတို့ 'ဆိုဖီ' ရေကာတာကို ဗုံးဝင်ကြဲပြီးပြီတဲ့၊ ပစ်မှတ်ပေါ် ဗုံးအလုံးတိုင်း တည့်တည့်ကျတယ်၊ ဒါပေမဲ့ တာရိုး ကျိုးမသွားဘူး၊ ခု သူတို့ ပစ်မှတ်

ပေါ်မှာပဲ ဝဲနေတုန်း စခန်းပြန်ခွင့်ပေးပါလို့ ပြောတယ်”

ရေဒီယို ဆက်သွယ်ရေး အရာရှိလေးက ကျွန်တော့်ထံ သတင်းပို့နေခြင်း ဖြစ်၏။ ဘာကြောင့် တာရိုးမကျိုးပါလိမ့်၊ ကျွန်တော် ချက်ခြင်းအဖြေကို တွေ့လိုက်မိသည်။ သူတို့ အုပ်စုတွင် (၅)စီးရှိသည့်အနက် ၂ စီးသာ ပစ်မှတ်ပေါ် ရောက်အောင်သွားနိုင်သည်။ ကျန် (၃)စီးမှာ လမ်းတွင် တပ်ခေါက်သွားရလေပြီ။ ၅-စီး ဆောင်ရွက်ရမည့် တာဝန်ကို ၂-စီးနှင့် အဘယ်သို့ ဆောင်ရွက်နိုင်ကြမည်နည်း။

“အေးအေးပြန်ကြလို့ ပြောလိုက်ကွာ၊ အပြန်ခရီးမှာလဲ ကြပ်ကြပ်သတိထားသွားကြလို့”

မှန်သည်။ အလာခရီးတွင် အန္တရာယ်များလှသလို အပြန်ခရီးမှာလည်း အန္တရာယ်များလှပါသည်။ ရန်သူရေဒါစခန်းများ အနေဖြင့်ကျွန်တော်တို့ သွားလမ်းကို အတိအကျသိထားပြီ ဖြစ်သဖြင့် အပြန်ခရီးတွင် အမြောက်တပ်စခန်း အားလုံးကလည်း ပစ်ခတ်ရန် အသင့်ပြင်ထားကြတော့မည်။ တိုက်လေယာဉ်ပျံများကလည်း ပစ်ချရန် အသင့်စောင့်နေကြတော့မည်။ ဒီအန္တရာယ်လမ်းမှ သူတို့ အဘယ်သို့ဖြတ်ပြန်ကြမည်နည်း။ ကျွန်တော်သည်လည်း ကျွန်တော့် အပြန်ခရီးအတွက် ရုတ်တရက်စိတ်ထဲမှ တွေးပူလိုက်မိပြန်၏။

မိုးရိန်းရေကာတာမှထွက်၍ မိနစ် ၄၀-ခန့်အကြာတွင် အီဒါရေကာတာအနီးသို့ ရောက်လာခဲ့ကြပါသည်။ ထိုအချိန်၌ မြူနှင်းများကလည်း အနည်းငယ်ကျစပြု၍ နေလေပြီ။ အီဒါရေကာတာ ၂ မိုင် ၃ မိုင် အဝေးမှ စီးကြည့်လျှင် ရေးရေးမျှ မြင်နေရ၏။

ကျွန်တော်သည် ကန်ရေပြင်အနီးသို့ ထိုးစိုက်ဆင်းပြီး ရေကာတာ

ရိုးအတိုင်း လိုက်၍ တစ်ပတ်ကွေ့ပတ်ပြီး မြေအနေအထားကို ဆန်းစစ်ကြည့်လိုက်၏။ စခန်းမှ မထွက်လာမီ ကင်းထောက် လေယာဉ်ပျံများ ရိုက်ကူးခဲ့သည့် လေကြောင်းဓာတ်ပုံများနှင့် မည်သည့်ကွဲလွဲချက်မျှ မတွေ့ရ။ ထပ်တူ ဖြစ်နေပါသည်။ ကျွန်တော့် စိတ်အနည်းငယ် အေးရလေပြီ။

"အုပ်စုငယ် (၃)ခေါင်းဆောင်၊ အုပ်စုခေါင်းဆောင် ခေါ်နေတယ်။ ခင်ဗျား ရေကာတာပေါ် ရောက်ပြီလား. . . ဒါပဲ"

"အုပ်စုခေါင်းဆောင်၊ အုပ်ငယ်(၃)ခေါင်းဆောင် ပြန်ပြောနေတယ်။ ဗိုလ်မှူး. . . ကျွန်တော်တို့ ရေကာတာကို ရှာမတွေ့သေးဘူး. . . ဒါပဲ"

"ဟေ့လူ ခင်ဗျားတို့ ရောက်တဲ့နေရာမှာပဲ ဝဲနေ။ ကျွန်တော်တို့ ရေကာတာပေါ်မှာ ရှိတယ်။ ကျည်ပစ်ပြမယ်။ မီးကျည်တွေ့တဲ့ဆီ လိုက်လာခဲ့"

"ဟုတ်ကဲ့ ဗိုလ်မှူး"

ကျွန်တော်သည် ရေဒီယို အရာရှိကို မီးကျည်တစ်လုံး ပစ်ခိုင်းလိုက်သည်။ ဒိုင်းကနဲ အသံနှင့်အတူ ကျွန်တော့် လေယာဉ်အမိုးပေါ်မှ နီရဲနေသော မီးကျည်တစ်ထောင့်သည် မိုးကောင်းကင်ပေါ်သို့ ထိုးတက်၍ သွား၏။

"ဗိုလ်မှူး တွေ့ပြီ တွေ့ပြီ။ ကျွန်တော်တို့ ကန်ဘောင်ဘက်ကို ရောက်နေတယ်။ ခုလှည့်ဝင်လာကြပြီ"

တစ်မိနစ်ခန့်အတွင်းမှာပင် လေယာဉ်ပျံ အားလုံး အစုံအစေ့ ရေကာတာပေါ် ရောက်လာပါသည်။

အီဒါရေကာတာမှာ ဂျာမန်တို့ အလွန်လှပစွာ ဆောက်လုပ်ထား

သည့် ရေကာတာကြီး ဖြစ်၏။ ရေကာတာ ပတ်ပတ်လည်တွင် တောင်ကုန်း ငယ်လေးများနှင့် ဝိုင်းနေပါသည်။

ထိုအချိန်၌ အရှေ့ဘက် ကောင်းကင်ပြင်သို့ ရုတ်တရက် ကျွန်တော် လှမ်းကြည့်လိုက်မိ၏။ ထိတ်ကနဲ ဖြစ်သွားသည်။ အဖြူရောင်များ သန်းစ ပြုနေလေပြီ။

အလင်းရောင် ပေါ်တော့မည်။

အရုဏ်ဦး ရောက်တော့မည်။

ကျွန်တော့်အဖို့ အချိန်မရှိတော့။ မကြာမီ နေထွက်ဦးမည်။ နေရောင် အောက် နေ့ခင်းကြောင်တောင်တွင် ကျွန်တော်တို့ ဗုံးကြဲလေယာဉ်များ သည် မည်သို့မျှ ရန်သူ့နယ်မြေကို ဖြတ်ပျံ၍ မရ။ ရန်သူ့ တိုက်လေယာဉ်ပျံ များ ကြားဖြတ်အတိုက်ခံရ၍ အပြန်ခရီးတွင် စခန်းသို့ တစ်စီးမှ ပြန်ရောက် ကြတော့မည် မဟုတ်ပါ။ ယခု မည်သို့ လုပ်မည်နည်း။ အချိန်မရှိတော့ ပြီ။ ခက်နေသည်မှာ ပစ်မှတ်ပေါ်သို့လည်း ရောက်လျှက်ရှိလေပြီ။ ပစ်မှတ် ပေါ်ရောက်နေပြီးမှ ပစ်မှတ်ကို မတိုက်ခိုက်ရဘဲ လှည့်မပြန်ချင်တော့။

"အုပ်စုငယ်(၃)ခေါင်းဆောင်၊ အုပ်စုခေါင်းဆောင်က ပြောနေ တယ်။ ခင်ဗျားတို့ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဝင်တိုက်ကြတော့ဗျို့။ အချိန် မရှိတော့ဘူး။ အလင်းရောင်ပေါ်တော့မယ်. . . မြန်မြန်လုပ်ကြ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

အုပ်စုငယ်(၃)ခေါင်းဆောင် လေယာဉ်ပျံပစ်မှတ်ပေါ်သို့ ထိုးစိုက် ဆင်းသွားပါသည်။ ထုံးစံအတိုင်းပစ်မှတ်အပေါ်ရောက်လုနီးသည်နှင့် သူ့ ဗိုက်အောက်မှ အမြင့်ပေချိန်သော မီးမောင်းတန်းလေး နှစ်ခုပေါ်၍လာ ၏။ ယခု ရေကာတာကို ဗုံးကြဲရသည်မှာ ပထမရေကာတာကို ဗုံးကြဲရ

သကဲ့သို့ ပစ်မှတ်ကို ချိန်ရသည်မှာ မလွယ်။ ဘေးပတ်ပတ်လည်တွင် တောင်ကုန်းများနှင့်ပြည့်နေသဖြင့် ရေပြင်အနီးပေ ၆၀-အမြင့်သို့ စိုက်ဆင်း ရသည်မှာ အမှန်းဆခက်လှ၏။ အမှတ်(၃)ခေါင်းဆောင် ချိန်၍မှ ရပ့ါ မည်လား။

ကျွန်တော် စိုးရိမ်နေသည့် အတိုင်းပင် ဖြစ်ပါသည်။

"ဟာ. . . သွားပြီ ဗိုလ်မှူး အရှိန်လွန်သွားပြီ။ ဘယ်ဘက်ရောက် သွားပြီ။ နောက်တစ်ပတ် ပြန်ကျော့ဦးမယ်"

အုပ်ငယ်(၃)ခေါင်းဆောင်သည် သူ့လေယာဉ်ပျံ တောင်ပံကို အလွန်စိုက်၍ ကွေ့ပြီးနောက် တစ်ကြောင်းပတ်၍ ကွေ့ဝင်ပြန်သည်။

ကံကောင်းနေသည်မှာ ယခုအချိန်ထိ မြေပြင်ရှိအမြောက်စခန်း များမှ ကျွန်တော်တို့ကို တစ်ချက်မှ လှမ်းမပစ်သေး။ ဂျာမန်လေကြောင်း ထောက်လှမ်းရေးတပ်ဖွဲ့များ အနေဖြင့် ယနေ့ည မိုးရိန်း ရေကာတာကို သာ လာတိုက်ပြီး စခန်းပြန်ကြမည်ဟု ထင်နေကြဟန်ရှိ၏။ ယခု ရေကာတာ ကို လာတိုက်ကြဦးမည်ဟု လုံးဝထင်ထားကြပုံ မရ။ ကြိုအကြောင်းကြား ထားကြပုံ မပေါ်။ အမြောက်တပ်သားများ သူတို့တဲတန်းများကို ပြန်၍ အိပ်မောကျနေကြဟန် ရှိ၏။

"လွဲပြန်ပြီ ဗိုလ်မှူး" ဒီတစ်ခါတော့ ညာဘက်ရောက် သွားတယ်။ ဒီပစ်မှတ်ဟာ ချိန်ရသိပ်ခက်တာပဲ"

မှန်သည်။ ယခု တစ်ကြိမ်တွင်လည်း အုပ်စုငယ်(၃) ခေါင်းဆောင် လေယာဉ်ပျံမှာ အဘယ်သို့ ဖြစ်နေသည် မသိပါ။ ပစ်မှတ်တာရိုးပေါ် ရောက်လုရောက်ခင် ဖြစ်ပြီးမှ ညာဘက်သို့ ဆွဲသွားပြီး အပေါ်ထောင် တက်သွားပါသည်။

"အုပ်ငယ်(၃)ခေါင်းဆောင်. . . အုပ်စုခေါင်းဆောင် ပြောနေတယ်။ ခင်ဗျား ခဏနားနေဦးဗျို့. . . ခင်ဗျားရဲ့ နံပါတ်(၁)ကို ဒီတစ်ချီဝင်တိုက်ခိုင်း ဒါပဲ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

"နံပါတ်(၁) တိုက်ပွဲဝင်ရန် အသင့်ပြင်"

အုပ်စုငယ်(၃)၏ နံပါတ်(၁) လေယာဉ်ပျံမှာ ဗိုလ်ဟင်နရီ၏ လေယာဉ်ပျံ ဖြစ်၏။ ဗိုလ်ဟင်နရီသည် သူ့ခေါင်းဆောင် လေယာဉ်ပျံ ပစ်မှတ်ပေါ်မှ ရှင်းသွားသည်နှင့် ခေါင်းဆောင် လေယာဉ်ပျံ ချဉ်းကပ်ရာ လမ်းကြောင်း ဟောင်းအတိုင်း ပစ်မှတ်အပေါ် ထိုးဆင်းသွားပါသည်။

ဒီလူ ပစ်မှတ်ပေါ်ဆင်းသွားပုံမှာ အဘယ်သို့ ဖြစ်နေသည် မသိပါ။ ကျွန်တော် အဝေးမှ ကြည့်ရသည်မှာ တစ်ဘက်သို့ စောင်းငန်း စောင်းငန်း ဖြစ်နေပုံရ၏။ ခက်ပြီ။ ရောင်ခြည်လည်း ပေါ်တော့မည်။ ယခု အချိလည်း တစ်ပတ်ပြန်ပတ်ရန် သေချာလေပြီ။

သို့သော် ကျွန်တော် မျှော်လင့်သလို မဖြစ်လာ။ ဗိုလ်ဟင်နရီသည် သူ့လေယာဉ်ပျံကို တစ်ပတ်ပြန်ပိတ်မနေတော့ဘဲ ပစ်မှတ်အနီး ရောက်သည်နှင့် သူ့ဗုံးကို ခက်ခက်ခဲခဲဖြုတ်ချလိုက်၏။

အဝေးမှ လှမ်းကြည့်နေကြသော လေယာဉ်ပျံများမှ လေသူရဲအားလုံး'ဟာ'ကနဲ ဖြစ်သွားကြ၏။ သူ့ဗုံးမှာ ချိန်ကွင်းပေါ်မကျ။ မိုးရိန်းရေကာတာကို ဗုံးကြဲစဉ်က ဗိုလ်ကြီးဟောပီ ဖြစ်သွားသကဲ့သို့ တာရိုးပေါ်ကျသွားသည်။ တာရိုးပေါ်ကျလျှင် ဘာဖြစ်တော့မည်ကို ကျွန်တော်တို့အားလုံးသိလေပြီ။ လူတိုင်း၏ ရင်တွင် တထိတ်ထိတ်နှင့် ရှိ၏။ မျှော်လင့်သည့်အတိုင်း ဖြစ်ခဲ့ပါသည်။ ထိုငလျင်ဗုံးကြီးသည် လေထဲ၌ ကြောက်စရာ

အသံကြီး မြည်ဟီး၍ ပေါက်ကွဲသွားသည်။ ဗုံးပေါက်ကွဲချိန်တွင် ယမ်းအား ကြောင့် ပေါ်လာသည့် အလင်းရောင်ဖြင့် ဗိုလ်ဟင်နရီ၏ လေယာဉ်စိုက် ကျနေသည်ကို မထင်မရှား မြင်လိုက်ရသေး၏။

"ဟင်နရီ မင်း ထိသွားပြီလား"

အုပ်စုငယ်(၃)ခေါင်းဆောင် လှမ်းမေးလိုက်သော အသံဖြစ်၏။

"ဟုတ်ကဲ့"

ထိုအသံမှာ ဗိုလ်ဟင်နရီ၏ နောက်ဆုံး ပြောသွားသော အသံဖြစ် ၏။ ထိုဖြေသံကြားပြီးနောက် အုပ်စု(၃)ခေါင်းဆောင်က သူ့နာမည်ကို အကြိမ်ကြိမ် ထပ်ခေါ်ပါသည်။ သို့သော် သူပြန်မထူးတော့။ ပျက်ကျ သွားလေပြီ။

အုပ်ငယ်(၃)မှ နံပါတ်(၂)လေယာဉ်ပျံမှာ ဗိုလ်ရှင်နွန်မောင်းသည့် လေယာဉ်ပျံ ဖြစ်၏။ ဗိုလ်ရှင်နွန်မှာလည်း ပစ်မှတ်အပေါ် နှစ်ကြိမ်တိုင် တိုင် အမျိုးမျိုး ကြိုးစား၍ ချဉ်းကပ်ကြည့်သည်။ သို့သော် မရ။ အမြဲလွဲ နေသည်။

"ကဲ အုပ်ငယ်(၃) ခေါင်းဆောင်၊ အုပ်စုခေါင်းဆောင်က ပြော နေတယ်။ ခင်ဗျား ဒီတစ်ခါ ပြန်ဝင်ကြည့်ဦးဗျာ ဒါပဲ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

ကျွန်တော်သည် စိတ်မရှည်တော့။ အမြဲအလွဲလွဲ အချော်ချော် ဖြစ်နေကြသဖြင့် ကိုယ်တိုင်ပင် ဝင်ကြဲပစ်ချင်လှပေပြီ။ ခက်ပါသည်။ ကျွန်တော့်မှာ ဗုံးမရှိတော့။ ကျွန်တော်တို့ လေယာဉ်ပျံများတွင် ရေကာတာ ဖျက်သည့်ဗုံးမှာ တစ်စီးတွင် တကျော့စာသာ ပါသည်။ ဗုံး တစ်လုံးသာ ပါသည်မဟုတ်လား။

အုပ်ငယ်(၃)ခေါင်းဆောင်သည် ယခုတစ်ကြိမ်တွင် ပထမတစ်ကြိမ် ဝင်သလို တောင်ကုန်းများဘက်မှ မဝင်တော့။ တာရိုးမြေပြင်အတိုင်းပတ်၍ မိနစ်အနည်းငယ်မျှ ပေ ၆၀ အမြင့်ရသည်အထိ လှည့်ပတ်ချိန်ဆ ပျံနေပြီး ပေ ၆၀ အမြင့်ကို ချိန်မိပြီးမှ ပစ်မှတ်အပေါ် ပြန်လှည့်ချိန်၍ ချဉ်းကပ်ဝင်သွားပါသည်။ ဤတစ်ချီတွင်မူ သူ့ဗုံးကို စနစ်တကျ ချသွားနိုင်ခဲ့သည်။ ဗုံးမှာ ချကွင်းပေါ်သို့ တည့်တည့်ကျသွား၏။ သို့သော် တာရိုးမှာ တုတ်တုတ်မျှမလှုပ်။

"ဗိုလ်မှူး ဒီပစ်မှတ် ဝင်လမ်းက သိပ်မလွယ်ဘူး။ ကျွန်တော်တောင် ကံစွတ်လို့ ရသွားတာ။ နံပါတ်(၂) ခင်ဗျား ကြိုးစားကြည့်ဦးဗျာ"

နံပါတ်(၂) ဖြစ်သော ဗိုလ်ရှင်နွန်လေယာဉ်ပျံ ရေပြင်အနီးသို့ စိုက်ဆင်းသွားပြန်သည်။ ဗိုလ်ရှင်နွန်မှာ ကနေဒီယန် လူမျိုးဖြစ်၏။ အားကစားသမား တစ်ဦး ဖြစ်ပြီး စစ်ကြီးမဖြစ်မီက အိုလံပစ်ပွဲတော်တွင် ရေခဲပြင်လျှောစီးသည့် ပြိုင်ပွဲတွင် ရွှေတံဆိပ် ရထားဖူးသည်ဟု ဆို၏။

ယခုတစ်ကြိမ်တွင် ဗိုလ်ရှင်နွန်သည် သူ့လေယာဉ်ပျံကို ပထမအကြိမ် သူ့ပစ်မှတ်အနီးကို ချဉ်းကပ်သွားသကဲ့သို့ပင် တောင်ကုန်းများဘက်မှ ချဉ်းကပ်ဝင်သွားပြီး ပစ်မှတ်တာရိုးနှင့် မိုင်ဝက်ခန့် အလိုရောက်မှ ရုတ်တရက် ရေပြင် အနီးနေသော အကွာအဝေးတွင် ပေ ၆၀ အမြင့်မြန်နှုန်း မိုင် ၂၄၀ တို့ကို ချိန်တွယ်ရန်မှာ မလွယ်ပါ။ သို့သော် သူဘယ်လို ကြံဆလုပ်သွားသည် မသိ။ အချိန်မီ အမြင့်ပေ ၆၀ မြန်နှုန်းမိုင် ၂၄၀ ကိုရပြီး သူ့ဗုံးကို ချကွင်းပေါ် ကျအောင် ချသွားနိုင်ပါသည်။

ထိုဗုံးမှာ ကျွန်တော်တို့ အုပ်စုတွင် နောက်ဆုံးကျန်ရှိသော ဗုံး ဖြစ်၏။ ထိုဗုံးဖြင့် တာရိုးကျိုးလျှင် ကျိုး၊ မကျိုးလျှင်ဖြင့် ခက်ချေပြီ။

ကံတရားသည် ကျွန်တော်တို့ဘက်တွင် ရှိပါသည်။ ဗိုလ်ရှင်နွန် ဖုံးပေါက်ကွဲပြီး၍ ငါးမိနစ်ခန့် မကြာမီပင် အုပ်စု ၃ ခေါင်းဆောင်၏ ကျယ်လောင်စွာ အော်ပြောသော အသံ ရေဒီယိုလှိုင်းမှ ကြားလိုက်ရ၏။

“ဗိုလ်မှူး ကျိုးသွားပြီ”

“သေချာရဲ့လားဗျ”

“သေချာပါတယ်။ တာရိုးအနောက်ဘက်က ပတ်ကြည့်ပါ”

မှန်သည်။ ကျွန်တော် တာရိုးအနောက်ဘက်သို့ ပတ်ကြည့်လျှင် ပေ ၁၀၀-ကျော်ခန့်ရှိသော အပေါက်ကြီးမှ တဝေါဝေါ ပြေးဆင်းနေသည့် ရေလုံးကြီးများကို အထင်အရှား မြင်တွေ့လိုက်ရ၏။ ကျွန်တော့်ရင်ထဲတွင် အထူး ပီတိဖြစ်သွားပါသည်။

“အုပ်ငယ်(၂)ခေါင်းဆောင်၊ အုပ်ငယ်(၃)ခေါင်းဆောင်၊ အုပ်စု ခေါင်းဆောင်မှ ပြောနေတယ်။ အဲ့ . . ခင်ဗျားတို့ ပြန်ကြတော့ဗျို့။ စခန်း ရောက်မှ ပြန်ဆုံကြတာပေါ့။ လမ်းမှာ သေသေချာချာ ဂရုစိုက်”

ရောင်နီပေါ်နေလေပြီ။

မိနစ်ပိုင်းအတွင်း နေထွက်တော့မည်။ ဆောင်ရွက်ရမည့် တာဝန် အားလုံး ပြီးလေပြီ။ သို့သော် နေ့ခင်းကြောင်တောင်တွင် ကျွန်တော်တို့ စခန်းကို အဘယ်သို့ ပြန်ကြရမည်နည်း။

ကျွန်တော်သည် ကျွန်တော့် လေယာဉ်ဦးကို အနောက်စူးစူးသို့ လှည့်လိုက်၏။ ကျွန်တော်တို့ ယခု အိမ်ပြန်လမ်းတွင် ရန်သူ့တိုက်လေယာဉ် ပျံများ၏ လက်မှ လွတ်အောင် ပျံနိုင်မည့်နည်းမှာ တစ်နည်းသာ ရှိပါ သည်။ တိုက်လေယာဉ်ပျံများ လိုက်ရခက်သည့် မြေပြင်အနီးမှ လွတ်ရုံ လေး ကပ်ပျံရန်ပင်။

ကျွန်တော်သည် စက်အားကို ရုတ်တရက် မြှင့်တင်လိုက်သည်။

ကံကောင်းနေသည့် တစ်ခုမှာ ၅ တန်ကျော်ခန့် ထည့်ခဲ့သော ဓာတ်ဆီ အလေးချိန်မှာ သုံးပုံနှစ်ပုံခန့် သုံးပစ်ထားပြီးလေပြီ။ ၅ တန် အလေးချိန်ရှိသော လျှင်ပုံးကြီးကိုလည်း ချပစ်ခဲ့လေပြီ။ ထို့ကြောင့် လေယာဉ်ကြီး သယ်ရသည့်ဝန်မှာ အလွန်ပေါ့လျက်ရှိ၏။ လေယာဉ်ပျံကြီး ၏ မြန်နှုန်းမှာ သိသိသာသာတက်လျက်ရှိ၏။ ရန်သူ့လက်မှ လွတ်အောင် ပြေးရာတွင် လျင်မြန်စွာ ပျံသန်းနိုင်မှုမှာလည်း အမြဲတန်းသာနေသည် မဟုတ်လား။

ပြန်လမ်းအတိုင်း လာခဲ့ကြသည်မှာ နာရီဝက်ခန့် ရှိလေပြီ။ မည်သည့် အနှောင့်အယှက်မှ မတွေ့သေး။ ကျွန်တော် ယခုပျံနေရသည့် ပြန်လမ်းမှာ လာလမ်းနှင့်မတူ။ လာလမ်းအတိုင်း ပြန်လျှင်လည်း ကြိုစောင့် နေကြမည့် ယခုအပြန်ခရီးတွင် ကျွန်တော်တို့ ဟော်လန်နိုင်ငံပေါ်မှ ဖြတ် မပြန်တော့။ ပထမဆုံး ပင်လယ်ပြင်ကို ရောက်အောင်ထွက်မည်။ မြောက် ပင်လယ်. . .။ မြောက်ပင်လယ်ရောက်မှ အင်္ဂလန်ကျွန်းသို့ ဦးတည်ပျံကြ မည် ဖြစ်၏။

အပြန်ခရီး မိနစ် ၄၀ ရှိသွားလေပြီ။

ပင်လယ်စပ်ရောက်ရန် မိနစ် ၂၀ မျှသာ လိုတော့သည်။ ကံတရား မှာ ယခုထိ ကျွန်တော်တို့ဘက်တွင် ရှိမြဲ ရှိနေသည်။ ကျွန်တော့် ရှေ့မှ မြောက်ပင်လယ်သို့ ဦးတည်ပျံနေသော ဗိုလ်ကြီးမာဗင်နှင့် ဗိုလ်ရှင်နွန်တို့ ၏ လေယာဉ်ပျံများမှာ ရှေ့ ၄ မိုင်အဝေးခန့်တွင် ရှိနေကြ၏။ သူတို့ ပျံသန်းနေသည့် အမြင့်ပေမှာလည်း မြေကြီးနှင့် အလွန်ကပ်လွန်းနေ သဖြင့် ရုတ်တရက် မြင်ရလိုက် ပျောက်သွားလိုက်နှင့် ဖြစ်နေ၏။

"ဗိုလ်မှူး ရန်သူ့တိုက်လေယာဉ်ပျံ ၂ စီးနောက်က ကပ်လိုက်လာနေတယ်"

အမြီးပိုင်းရှိ စက်အမြောက်သမားက သတင်းလှမ်းပို့လိုက်ခြင်းဖြစ်၏။ တစ်ချိန်တည်းတွင် ကျွန်တော့် လေယာဉ်ပျံမှ စက်အမြောက်ဖြင့် လှမ်းပစ်သံကိုလည်း ကြောက်လန့်ဖွယ် ကြားလိုက်ရသည်။

ရန်သူ့လေယာဉ်ပျံများ ကြားဖြတ်ဝင်တိုက်မှု ခံရလေပြီ။

ကျွန်တော်သည် မြေပြင်အနီးသို့ ကပ်နိုင်သမျှ ကပ်အောင် ထိုးဆင်းထိုးဆင်းလိုက်သည်။ ကျွန်တော်တို့ ဗိုက်အောက် မြေပြင်မှာ ဂျုံခင်းကြီးဖြစ်၏။ တစ်ချက်တစ်ချက် ရှေ့တွင် ရွာငယ်များကို တွေ့လိုက်ရ၏။ ထိုရွာများကို မြင်လျှင် ကျွန်တော် ဘယ်ညာကွေ့ပတ်ရှောင်ချိန်ပင် မရတော့။ အထက် ပေအနည်းငယ် အမြင့်သို့သာ ဆွဲဆွဲတင်လိုက်ရသည်။ ထိုသို့ အမြင့်ကို အနည်းငယ် တက်လိုက်သည်ဆိုသည်နှင့် နောက်မှ လိုက်လာသော တိုက်လေယာဉ်ပျံ၏ ဒလစပ်လှမ်းပစ်သော ကျည်ဆံများ ပေါ်၍ လာလေပြီ။

"ဗိုလ်မှူး. . . ဗိုလ်ရှင်နွန် လေယာဉ်ပျံတော့ ထိသွားပြီ။ ဂျုံခင်းပေါ် ထိုးကျသွားပြီ"

လေကြောင်း အချက်ပြက လှမ်းသတင်းပို့လိုက်ခြင်း ဖြစ်၏။ ကျွန်တော်သည် ထိုသတင်းကိုပင် စိတ်မဝင်စားနိုင်။

"နောက်ကလိုက်လာတဲ့ ရန်သူ့လေယာဉ်ပျံ ပြတ်ကျန်ရစ်ပြီလား"

"သိပ်မကျန်ဘူး ဗိုလ်မှူး။ မိုင်ဝက်လောက်ပဲ ဝေးဦးမယ်"

"ဟော့လူ. . . စက် ၄ လုံး စလုံးအားကို အဆုံးမြှင့်တင်ပေး"

လေယာဉ်အင်ဂျင်နီယာကို ကျွန်တော် လှမ်း၍ အမိန့်ပေးလိုက်

၏။ ၄ လုံး စလုံးအားကို အကုန်သုံးထားလေပြီ။ လေယာဉ်ပျံကြီး၏ ပြေးနှုန်းမှာ သိသိသာသာကြီးပို၍ မြန်လာ၏။ ကျွန်တော်တို့ မြန်နှုန်း တိုးလာသည်နှင့်အမျှ နောက်မှ ရန်သူ့လေယာဉ်ပျံမှာ ဝေးဝေးကျန်နေရစ် လေပြီ။

'ဗိုလ်မှူး. . . အိမ်မြှောင်ညွှန်း နှစ်ခြောက်သုညဒီဂရီကိုကွေ့'

"ဟော့လူ အန္တရာယ်ကျွန်းထိပ်နှင့် ကပ်မနေဘူးလား"

အန္တရာယ်ကျွန်း ဟူသည်မှာ ထိုအချိန်က ဂျာမနီနိုင်ငံ၏ အနောက် မြောက် အစွန်းထိပ်လေးတွင် ရှိသော "ရေမန်း"မြို့အနီးမှ ကျွန်းတန်းလေး ဖြစ်၏။ ထိုကျွန်းထိပ်တွင် မီးပြတိုက်ငယ်လေး တစ်ခုရှိသဖြင့် လေယာဉ်ပျံ များ ခရီးဝေး ပျံသန်းရာတွင် အလွန်အားထားရသော မြေပြင်အမှတ်အသား ဖြစ်၏။ ကျွန်တော်တို့ ယခင်က မြောက်ပင်လယ်ဘက်မှ ဂျာမနီနိုင်ငံတွင်း သို့ ညဘက်ဝင်ရောက် ဗုံးကြဲလျှင် ထိုကျွန်းတန်းလေးမှ အမြဲ ဖြတ်ပျံတတ် ၏။ ယခုမူ ထိုနေရာတွင် ဂျာမနီရေတပ် စခန်းတစ်ခု ဆောက်ထားပြီး လေယာဉ်ပစ်အမြောက်များ ထူထပ်စွာ ချထားသဖြင့် ထိုကျွန်းတန်းလေး ကို ဖြတ်ပျံမိသည့် လေယာဉ်ပျံတိုင်း မကြာခဏ အပစ်ချခံရတတ်၏။ ထို့ကြောင့်လည်း ကျွန်တော်တို့ လေသူရဲများက အန္တရာယ်ကျွန်းဟု အမည်ပေးထားခြင်း ဖြစ်၏။

"နီးတော့ နီးတယ် ဗိုလ်မှူး၊ ဒါပေမဲ့ မတတ်နိုင်တော့ဘူး၊ ဓာတ်ဆီ အခြေအနေလဲ ကြည့်ပါဦး"

ကျွန်တော်သည် လေကြောင်းလမ်းပြ ညွှန်ပြနေသည့် ဓာတ်ဆီ ဒိုင်ခွက်တို့ လှမ်းကြည့်လိုက်၏။ မှန်သည်၊ ဓာတ်ဆီ အခြေအနေပြ မျှားတံ လေးမှာ အနီမှတ်လေး အနီးသို့ ကပ်၍ နေလေပြီ။ မြောက်ပင်လယ်ကို

ဖြတ်ပျံရန်ပင် ခာတ်ဆီအလုံအလောက် ရှိပါသေးလေစွ။

ကျွန်တော်သည် အိမ်မြှောင်ညွှန်းနှစ်ခြောက်သုည ဒီဂရီသို့ ရုတ်ချည်း ဦးတည်လိုက်၏။ မိနစ်ပိုင်းအတွင်းပင် အန္တရာယ်ကျွန်းတန်းလေး အနီးသို့ ချဉ်းကပ်လာကြ၏။

ကျွန်းထိပ်မှ မီးပြတိုက်ငယ်လေးကိုပင် မြင်တွေ့နေရလေပြီ။

ကျွန်တော်သည် လေယာဉ်ဦးကို မြေပြင်အနီးကို နိမ့်နိုင်သမျှ နိမ့်အောင် တိုး၍ ထိုးဆင်းလိုက်၏။

"ဗိုလ်မှူး ရှေ့မှာ ကြေးနန်းတိုင်တွေ ရှိတယ်နော်"

လေကြောင်းလမ်းပြက စိုးရိမ်၍ လှမ်းသတိပေးခြင်း ဖြစ်၏။

"မတတ်နိုင်ဘူးဗျ၊ ဒီလိုမဆင်းရင်လဲ ဟိုလူတွေ လှမ်းပစ်မဲ့ ကျည်ဆံက ဘယ်လိုမှ လွတ်တော့မှာ မဟုတ်ဘူး"

မှန်သည်။ မြေပြင်တွင် ဝပ်ပျံခြင်းသည်သာ အမြောက်ရန်မှ အသက်သာဆုံး ဖြစ်၏။ ကျွန်တော့်လက်များမှာ တုန်၍နေပါသည်။ နဖူးတွင်လည်း ချွေးသီးများမှာ တစ်ပေါက်ပေါက်ကျလျက် ရှိ၏။

အမြောက်စခန်းပေါ် ရောက်ပြီ။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ရန်သူများ ကြိုတွက်ထားဟန် ရှိ၏။ ရန်သူ့စခန်းမှ လှမ်းပစ်သော ကျည်ဆံများမှာ မိုးမွှန်၍ နေပါသည်။

"ဗိုလ်မှူး. . . ထိသွားပြီ"

မှန်သည်။ ကျွန်တော့် လေယာဉ်နောက်ပိုင်းကို ကျည်တစ်ချက် မှန်သည့်အသံမှာ ကွဲကွဲပြားပြားပင် ကျွန်တော် ရုတ်တရက် ကြားလိုက်ရ၏။

"ဗိုလ်မှူး ကျွန်တော်တို့ စက်အမြောက်သမားတော့ ထိသွားပြီ"

"ဗိုလ်ကြီးမာဗင် လေယာဉ်ပျံ ကျသွားပြီ"

ကျွန်တော့်ကို လှမ်းပြောသည့် သတင်းပို့သံများ ဆက်တိုက်ကြားလိုက်ရ၏။ သို့သော် ကျွန်တော် ထိုသတင်းစကားများကို စိတ်မဝင်စားနိုင်။ ထိုအချိန်၌ ကျွန်တော့် လေယာဉ်ပျံ ညာဘက်အတွင်း အင်ဂျင်သို့ ကျည်တစ်ချက် ထပ်မှန်ပြန်သဖြင့် မီးထမလောင်မီ အင်ဂျင်စက်ကို ရပ်ပစ်နေရ၏။ စက္ကန့်ပိုင်းအတွင်းပင် ထိုစက်တစ်လုံးကို ရပ်ပစ်ရသည့် အလုပ်များပြီးသွား၏။ သို့သော် -

စက် ၄ လုံးတွင် ၃ လုံးသာ ကျန်တော့သည်။ လေယာဉ်ပျံ မြန်နှုန်းမှာ ချက်ချင်း ထိုးကျ၍သွား၏။ လေယာဉ်ပျံကြီးမှာလည်း ထိန်းရသိမ်းရ မလွယ်တော့။ ဟိုလူးဒီလူး ဖြစ်နေသည်။

"ဗိုလ်မှူး မြောက်ပင်လယ်စပ်ကို ရောက်ပြီ"

လေကြောင်းလမ်းပြက လှမ်းသတင်းပို့ခြင်း ဖြစ်၏။ မြောက်ပင်လယ်စပ်ရောက်လျှင် အန္တရာယ်ကျွန်းမှ လွတ်လေပြီ။ မြောက်ပင်လယ်ရေပြင်အတိုင်းလိုက်၍ အင်္ဂလန်ကျွန်းသို့ ဦးတည်ပျံရန်သာ ရှိတော့၏။ ထိုအချိန်၌ပင် ရေဒီယို အရာရှိလေးက ရှေ့စက်ခန်းသို့ ထွက်၍လာပြီး . . .

"ဗိုလ်မှူး ဌာနချုပ်က လှမ်းပြောတယ်၊ ဒီနေ့ စခန်းပြန်ရောက်တဲ့ လေသူရဲတွေ အားလုံးကို ခွင့် ၇ ရက်ပေးမယ်၊ ဒီည ဘားခန်းမှာ အရက်ကြိုက်သလောက် တစ်ပြားမှ မပေးဘဲ သောက်နိုင်တယ်တဲ့"

ကျွန်တော်တို့ အားလုံး တစ်ပြိုင်တည်း ပြုံးလိုက်မိကြပါသည်။

**လေသူရဲတစ်ဦး**

[မှတ်ချက်။ ။ အမှတ် ၆၁၇ ဗုံးကြဲလေယာဉ်အုပ်တွင် ဤစစ်ဆင်ရေး

တစ်ခုတည်းဖြင့် လေသူရဲ ၃၃-ဦး သူရဲကောင်း ဘွဲ့တံဆိပ် အမျိုးမျိုး ချီးမြှင့်ခံခဲ့ရသည်။ နောက်ပိုင်းတွင် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့၏ အစီရင်ခံစာအရ ဂျာမနီနိုင်ငံဘက်တွင် ထိုရေကာတာကြီးများ ကျိုးပေါက်သွားခြင်းဖြင့် စက်ရုံပေါင်း ၂၂၅-ရုံ ပျက်စီးပြီး တံတားပေါင်း ၄၆၃-ခု ကျိုး၍ မြေဧက တစ်သောင်းကျော် ရေလွှမ်းမိုးခံခဲ့ရသည်။ လူ ၁၂၉၄-ယောက်နှင့် ကျွဲ နွား တိရစ္ဆာန် အကောင် ၆၅၀၀ သေဆုံးခဲ့သည်။ ဂျာမနီနိုင်ငံတွင် ထိုတစ်ည ဗုံးကြဲမှုဒဏ်ကြောင့် အပျက်အစီးကို အလုပ်သမား တစ်သိန်းကျော်ဖြင့် လပေါင်းများစွာ ပြန်လည်ပြုပြင်မှုများ လုပ်ရသည်ဟု ဆိုသည်။]

လေသူရဲတစ်ဦး

*  *  *

# စာရေးသူ၏ ဝန်ခံချက်

အောက်ဖော်ပြပါ အဖြစ်အပျက်မှာ ၁၉၅၀ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပျက်ကျခဲ့သော ခရီးသည်တင် ဟတ်စတင်း အမှတ် တီဂျီ ၅၇၄ လေယာဉ် ပျက်ကျခဲ့စဉ်က အဖြစ်အပျက်များ ဖြစ်ပါသည်။ ဤလေယာဉ်ပျက်မှုမှာ ကမ္ဘာကျော် လေယာဉ်ပျံ ပျက်မှုတစ်ခုဖြစ်ပြီး ကမ္ဘာ့သတင်းစာကြီး အားလုံး၌ ထိုအချိန်က အထူးအလေးပေး ရက်ဆက်ဖော်ပြခဲ့ကြ သော အဖြစ်အပျက်များ ဖြစ်ပါသည်။

လေသူရဲတစ်ဦး

# တီဂျီ ၅၇၄ ပျက်ကျခဲ့စဉ်က

## (၂)

ဟတ်စတင်း လေယာဉ်ပျံမှာ စက်ခေါင်းလေးလုံးတပ် ခရီးသည် လေယာဉ်ပျံ ဖြစ်၏။ ခရီးသည် ၃၇ ယောက်တင်နိုင်၏။ သို့သော် ယခု အခေါက်တွင် ၂၇ ယောက်သာတင်ခဲ့၏။ အများစုမှာ လေသူရဲ လွန်းပျံ များ ဖြစ်၏။ လေသူရဲ လွန်းပျံဆိုသည်မှာ ဘုရင့်လေတပ်မတော်၏ ဘန်း စကားဖြစ်ပြီး တာဝန်ထမ်းဆောင်ရက် ပြည့်၍ မိခင်လေတပ်စခန်းသို့ အနားယူရန် ပြန်လာခဲ့သော လေသူရဲများကို ဆိုလိုပါသည်။ ထို့ကြောင့် ယခုအခေါက်တွင် ပါဝင်ခဲ့သော ခရီးသည်များအတွင်း၌ ဟတ်စတင်း လေယာဉ်ပျံမောင်းနှင်မှု သက်တမ်းရင့်ပြီးဖြစ်သော လေသူရဲများလည်း မြင်တွေ့နိုင်၏။

ဤလေသူရဲခရီးသည်များ အကြား၌ အခြားထူးခြားစွာ မြင်တွေ့

နိုင်သည့် ခရီးသည်တစ်ဦးမှာ ဗိုလ်မှူးဘရောင်း ဖြစ်၏။ ဗိုလ်မှူးဘရောင်းမှာ ဘုရင့်လေတပ်မတော်မှ ဆေးမှူး ဆရာဝန်ဖြစ်၏။ စင်ကာပူမြို့မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရောက် ခရီးရှည်ပျံသန်းရာ၌ လူတို့ ခံစားရမည့် လေယာဉ်ခရီး ပင်ပမ်းနွမ်းနယ်တတ်မှု အင်္ဂါရပ်များကို လေ့လာရန်အတွက် လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

ဟတ်စတင်း အမှတ် တီဂျီ ၅၇၄ ၏ ခရီးစဉ်မှာ စင်္ကာပူမှ လန်ဒန်ခရီးဖြစ်၏။ လမ်း၌ လေယာဉ်ပျံ ခေတ္တရပ်နားမည့် မြို့များမှာ ကိုလံဘိုမြို့၊ ကရာချိမြို့၊ ဟာဘနီးရာ မြို့များဖြစ်၏။ တီဂျီ ၅၇၄ မှာ စင်္ကာပူမှ ထွက်ခဲ့ပြီး အယ်အဒင်မြို့ရောက်သည်အထိ မည်သည့်ပြဿနာမှ မပေါ်ပါ။ အယ်အဒင်မြို့နားနီးမှ စက်ချို့ယွင်းမှု အနည်းငယ် တွေ့ရသဖြင့် ထိုမြို့အနီးရှိ ဘုရင့်လေတပ်မတော် စခန်းတစ်ခုသို့ ဆင်းပြီး အနည်းငယ် ပြင်ဆင်ရ၏။ မကြာပါ။ ချက်ချင်းပင် ပြင်ဆင်မှုပြီးစီးပြီး ခရီးဆက်နိုင်ခဲ့ကြ၏။

အယ်အဒင် လေတပ်စခန်းမှ ထွက်လာချိန်မှာ ည ၈ နာရီ ထိုးလေပြီ။ ရက်စွဲမှာ ၁၉၅၀ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့။

လေယာဉ်မှူး ဗိုလ်ကြီး တွန်နာဒိုင်းသည် ဘယ်ဘက် လေသူရဲထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ဒု-လေယာဉ်မှူးမှာ ဗိုလ်ကြီး ဘားနက်ဖြစ်၏။

လေယာဉ်စက် လေးလုံးကို ဘယ်ဘက်အစွန်ဆုံး စက်မှစ၍ တစ်လုံးချင်း စနစ်တကျ နှိုးလိုက်၏။

"တီဂျီ ၅၇၄ လေယာဉ်ပြေးလမ်းထိပ် သွားခွင့်ပြုပါ၊ ဒါပဲ"

မျှော်စင်သို့ ရေဒီယိုလှိုင်းမှ ဆက်သွယ်လိုက်၏။

"တီဂျီ ၅၇၄၊ မျှော်စင်က ပြန်ပြောနေတယ်။ ပြေးလမ်းထိပ်သွား

ခွင့်ပြုတယ်။ မြေပြင်လေ အရှေ့မြောက်ဆယ်မိုင်၊ ပြေးလမ်း အဆင်းအတက် ရှင်း၊ ဒါပဲ”

ဗိုလ်ကြီးတွန်နာဒိုင်းသည် သူ့လေယာဉ်ပျံကို ကွင်းထိပ်သို့ မောင်း သွားခဲ့၏။ ညမှာ မည်းမည်းမှောင်နေသည်။ ကွင်းထိပ်ရောက်သည်နှင့် ပြေးလမ်းပေါ် နေရာယူလိုက်၏။ လေထဲမတက်မီ စစ်ဆေးရသော စစ်ဆေးမှု အားလုံးကို စနစ်တကျ ပြုလုပ်၏။

“မျှော်စင်၊ ကျွန်တော်တို့ တက်တော့မယ်ဗျို့”

“တက်ပါ ခင်ဗျာ”

စက်ခေါင်းလေးလုံးစလုံးကို စက်အရှိန်အဆုံး မြှင့်လိုက်၏။ ဖမ်း ထားသော ဘရိတ်များကို လွှတ်လိုက်၏။ လေယာဉ်ပျံကြီးသည် ပြေးလမ်း ပေါ်တွင် အရှိန်ပြင်းစွာဖြင့် ဘီးလှိမ့်ပြေး၏။ စက္ကန့်ပိုင်းအတွင်း လေထဲ ရောက်ခဲ့လေပြီ။

“ဘီးကြွချိန် တစ်၊ ကိုး၊ ငါး၊ ရှစ် နာရီ။ ဦးတည် အိမ်မြှောင်ညွှန်း နှစ် ရှစ် သုည၊ ပျံသန်းမည့် အမြင့်ပေ ရှစ် ငါး၊ မြင်ကွင်းရှင်း ဒါပဲ”

ဒု လေယာဉ်မှူးက ရှေ့ဆက်ကြမည့် ခရီးစဉ် အသေးစိတ်ကို မျှော်စင်သို့ လှမ်းသတင်းပို့၏။ လေယာဉ်နောက်ပိုင်းရှိ ခရီးသည် အားလုံး မှာလည်း လေထဲရောက်သည်နှင့် ပတ်ထားသော သက်ကယ်ခါးပတ်များ ကို ဖြုတ်လိုက်ကြ၏။ သူတို့အားလုံးမှာ ဘုရင့်လေတပ်မတော်မှ အရှေ့ဖျား ဒေသတွင် တာဝန်ကျနေကြသော အမှုထမ်းများ ဖြစ်၏။ အမိအင်္ဂလန် နိုင်ငံမှ ဝေးနေခဲ့ကြသည်မှာ အချိန်အတန် ကြာလေပြီ။ ခရစ်စမတ်ခေါ် နာတာလူး ပွဲတော်သို့ ရောက်ရန်လည်း လေးရက်သာလိုတော့သည်။ အားလုံး၏ ရင်တွင်း၌ ယခုကဲ့သို့ ထူးခြားသည့် ဘာသာရေးပွဲတော်နေ့ကြီး

၌ ကိုယ့်မိသားစုများနှင့် ပြန်တွေ့ကြရမည်ကိုတွေးပြီး ပီတိဖြစ်နေကြ၏။

"နောက်သုံးဆယ့်ခြောက်နာရီ ကြာရင် မိုးတွေ အမြဲရွာပြီး တိမ်တွေ အမြဲဖုံးနေတဲ့ အမိမြေကို ပြန်ရောက်တော့မယ်။ ရက်ကလည်း ပွဲတော်အချိန်ကြီး။ စခန်းတာဝန်ကျ စာရင်းမှာတော့ တို့နာမည်တွေ မထည့်ထားကောင်းပါဘူး။ ထည့်ထားရင်တော့လည်း အော်ဆဲ ပစ်ဖို့ပဲ ကောင်းတော့တယ်"

ပေ ၈၅၀၀ အမြင့်သို့ ရောက်ခဲ့လေပြီ။

"အင်ဂျင်နီယာ၊ လေယာဉ်မှူး ပြောနေတယ်"

"ဆက်ပြောပါ"

"ဂွန်၊ ပေရှစ်ထောင်ငါးရာရောက်ပြီ။ စက်အားလျှော့လိုက်တော့"

"ဟုတ်ကဲ့။ ကပ္ပတိန်"

လေယာဉ်စက်သံများ ချက်ချင်းပြောင်းသွား၏။ ခရီးသည် အားလုံးမှာလည်း နောက်ပိုင်းတွင် မျက်စိမှိတ်ပြီး ကိုယ့်ထိုင်ခုံ အသီးသီးတွင် အိပ်ပျော်ရန် ကြိုးစားနေကြ၏။ လေယာဉ်မှူး တွန်နာဒိုင်းမှာ လေယာဉ်ပျံသန်းချိန် နာရီ ၂၃၀၀ ကျော် ရှိလေပြီ။ လေယာဉ်မောင်းသင်ကျောင်းမှ အောင်စဉ်က သာမန်အထက်အဆင့်ဖြင့် အောင်ခဲ့သူ ဖြစ်၏။

ရာသီဥတုမှာ အလွန်ကောင်းလှ၏။ မြေပြင်အနီး၌ တိမ်အနည်းငယ်ကို လှမ်းမြင်နေရသည်မှအပ လေယာဉ်ပျံသန်းနေသည့်အမြင့် တစ်ခုလုံးတွင် တိမ်လုံးဝမရှိပါ။ မှန်သားကဲ့သို့ ငြိမ်သက်နေသော ရေပြင်၌ သင်္ဘော ဖြတ်မောင်းသွားနေရသကဲ့သို့ ဖြစ်၏။ ကောင်းကင်ပြင်၌ ပြူထွက်နေသော လမှာ လကွေးကလေး ဖြစ်၏။ သုံးရက်လဟု ဆိုရမည်လား။ ကြယ်များလည်း တောက်နေသည်။ ဤကြယ်မျိုးများမှာ မြေထဲပင်လယ်ဒေသ

ကောင်းကင်ယံ၌ မြင်တွေ့နေကျဖြစ်၏။ လေသူရဲများအတွက် မဆန်းပါ။

"ဘားနက်၊ မောင်ရင် မအိပ်သေးဘူးလား"

"အိပ်မယ်၊ တော်တော်ကြာမှ အိပ်မယ်"

မှန်သည်။ ဒု-လေယာဉ်မှူး ဘားနက်သည် ဤခရီးစဉ်တွင် သူ အနားယူသွားရမည့် အလှည့်ဖြစ်၏။ လေယာဉ်မှူး တွန်နာဒိုင်းမှာ ရှေ့တွင် ခေတ္တဆင်းသက်ပြီး ဓာတ်ဆီဖြည့်ရမည့် ကာစတယ်ဘော်နီယိုမြို့ ရောက်သည်အထိ လုံးဝတာဝန်ယူ မောင်းနှင်သွားမည်။ ထိုမြို့ရောက်လျှင် ဘားနက်က လေယာဉ်မှူးအဖြစ် ဆက်မောင်းပြီး ဒုလေယာဉ်မှူးအဖြစ်၊ ခရီးသည်တစ်ဦးအဖြစ် လိုက်ပါလာခဲ့ သော ဗိုလ်မှူး ဂျိမ်းက ဆက်တာဝန်ယူရမည် ဖြစ်၏။ တွန်နာဒိုင်းမှာ ထိုအချိန်မှစပြီး လုံးဝ ခရီးဆုံးအထိ အနားရပေမည်။

စက်ခန်းနောက်ပိုင်းမှ လေယာဉ်အင်ဂျင်နီယာ၊ လေကြောင်း လမ်းပြနှင့် လေကြောင်းအချက်ပြတို့မှာလည်း သူ့အလုပ်နှင့်သူ ဗျာများ နေကြ၏။ လေကြောင်း အင်ဂျင်နီယာက သူ့လေယာဉ် စက်မှတ်တမ်း တွင် ပန်ကာလည်နှုန်း၊ ဆီဖိအား၊ ဆီအပူရှိန်၊ စက်ခေါင်းအပူရှိန် စသည့် ကို တစ်ခုချင်း အသေအချာ စစ်ဆေး၍ ဖြည့်နေရ၏။ လေကြောင်း လမ်းပြက မြေပြင်၌ လေယာဉ်ပျံတစ်နာရီ ခရီးပေါက်မည့်နှုန်းကို တွက် နေသည်။ လေကြောင်းအချက်ပြက အယ်အဒင်လေတပ်စခန်း မျှော်စင် သို့ ရေဒီယိုလှိုင်းမှ ဆက်သွယ်ပြီး ရေဒီယို အိမ်မြှောင်ညွှန်းရရန် ကြိုးစား နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် လေယာဉ်စက်သံမှအပ လုံးဝ ဆိတ်ငြိမ်နေ၏။ ခရီးသည် အချို့မှာလည်း အိပ်မောကျစပြုလေပြီ။

ည ၈ နာရီ မိနစ် ၄၀။

ရှေ့တွင် မကြာမီ ကြုံတွေ့ရတော့မည့် အန္တရာယ်၏ သင်္ကေတကို ဤအချိန်တွင် ပထမဆုံး စပြ၏။ လေယာဉ်ပျံ၏ အမြီးပိုင်းမှာ အနည်းငယ်တုန်ခါသလို ရှိလာ၏။ ဤထူးခြားမှုကို လေယာဉ်စက်ခန်းတွင်းမှ လေယာဉ်သားများ မည်သူမျှ ဂရုမစိုက်မိပါ။ ခရီးသည်များ အတွင်းမှ ဟတ်စတင်း လေယာဉ်ပျံမောင်း၍ ဝါရင့်နေကြသော လေသူရဲနှစ်ဦးကမူ ချက်ချင်းဂရုပြုမိ၏။

"အင်ဂျင်ခါနေတယ် မဟုတ်လား"

"ဟုတ်တယ်"

မှန်သည်။ စက်တစ်လုံးခါနေလျှင် အမြီးပိုင်းတွင် ဤသို့ပင် လာတုန်ခါနေတတ်၏။ စက်ခေါင်းလေးလုံးတပ် လေယာဉ်ပျံများ၏ စက်လည်နှုန်းမှာ တစ်လုံးနှင့် တစ်လုံး ထပ်တူညီနေရ၏။ မညီ၍မရ။ မည်လျှင် မညီသည့် အလုံးမှာ ခါနေပြီး လေယာဉ်စက်သံမှာ နားထောင်မကောင်းဖြစ်နေ၏။ လေယာဉ်ကိုယ်ထည်မှာ အနည်းငယ်သာခါနေတတ်၏။ အမြီးပိုင်းမှာ အသိသာဆုံး ဖြစ်၏။ လေယာဉ် အင်ဂျင်နီယာက စက်ခေါင်းလေးလုံးစလုံး၏ လည်ပတ်နှုန်းကို ညီအောင်ချက်ချင်း ပြန်ညှိရ၏။ လေယာဉ်အင်ဂျင်နီယာ ထိုင်ခုံရှေ့၌ လေယာဉ်စက်ခေါင်းများ လည်ပတ်နှုန်း ညီမညီကိုပြသော ဒိုင်ခွက်ရှိ၏။ ထိုဒိုင်ခွက်ကို ကြည့်ပြီး အင်ဂျင်နီယာက ပြုပြင်ပေးရ၏။ ယခု ဘာကြောင့် မပြုပြင်သနည်း။ အိပ်များပျော်နေသလား။

ငါးမိနစ်ခန့် ရှိသွားလေပြီ။

"ဟာ၊ တုန်နေတုန်းပဲကွာ။ အင်ဂျင်နီယာ ဘာလုပ်နေလဲ မသိဘူး"

ခရီးသည် လေသူရဲတစ်ဦးက သူ့ဘေးမှ လေသူရဲတစ်ဦးကို

ညည်းတွားပြောလိုက်၏။

"တုန်ချင်သလောက် တုန်စမ်းပါစေကွာ။ ကိုယ့် အလုပ်မှ မဟုတ်ဘဲ"

"ငါက စက်သံမညီရင် အားကြီးနားကြားပြင်းတယ်ကွ။ ငါ့ဘေးမှာ တစ်ယောက်ယောက် တူလာထုနေသလိုပဲ မကြားချင်ဘူး။ အိပ်မရဘူး။ ဟေ့၊ တပ်ထောက်ကြီး"

ထိုလေသူရဲက နောက်ဆုံးမှ ထိုင်ခုံတွင်ထိုင်ပြီး ငိုက်နေသော လေယာဉ်တပ်ထောက်ကြီးကို လှမ်းအော်ခေါ်လိုက်၏။ လေယာဉ်တပ်ထောက်ကြီးဆိုသည်မှာ ခရီးသည်တင် စစ်လေယာဉ်ပျံများ၌ လေယာဉ်မောင်၊ လေယာဉ်မယ် တာဝန်များကို ထမ်းဆောင်ရသော ပုဂ္ဂိုလ်ဖြစ်၏။

"ဘာလဲ ဗိုလ်ကြီး ကော်ဖီလိုချင်လို့လား"

"မလိုချင်ပါဘူး။ ခင်ဗျားတို့ အင်ဂျင်နီယာကို သွားပြောစမ်းဗျာ။ အမြီးပိုင်းခါနေတယ်။ စက်တစ်လုံးအသံ မညီဘူး။ ညှိပါဦးလို့"

လေယာဉ်တပ်ထောက်ကြီး ရှေ့စက်ခန်းထဲသို့ ချက်ချင်းဝင်သွား၏။ အင်ဂျင်နီယာကို သွားသတင်းပို့လိုက်၏။ အင်ဂျင်နီယာက သူ့ရှေ့ရှိ လေယာဉ်စက်လည်နှုန်း ညီမညီပြသော ဒိုင်ခွက်ကို လှမ်းကြည့်လိုက်၏။ ဘာမှ ထူးခြားမှုမပြ။

"ဒီမှာ ညီနေသားပဲကွ"

ဒိုင်ခွက်ကို လက်ညှိုးထိုးပြီး လေယာဉ်အင်ဂျင်နီယာက လေယာဉ်တပ်ထောက်ကြီးကို လှမ်းပြောလိုက်၏။

"ကျုပ်လဲ မသိဘူး။ အနောက်က ခရီးသည် လေသူရဲ အရာရှိတစ်ယောက်က လာပြောခိုင်းလို့ ကျုပ် လာပြောတာပဲ"

လေယာဉ်အင်ဂျင်နီယာက သူ့စက်ခန်း အခြေအနေကို ငြိမ်ပြီး

သတိထား အကဲခတ်ကြည့်လိုက်၏။ ထူးခြားချက် မတွေ့ရ။ လုံးဝမတုန်။ မှန်သည်။ လေယာဉ်စက်တစ်လုံး မငြိမ်၍ အမြီးပိုင်း၌ တုန်ခါနေလျှင် စက်ခန်းအတွင်း၌လည်း အနည်းငယ်တော့ တုန်ခါသည့် သင်္ကေတကိုပြတတ်၏။ ယခု ဘာမှမပြ။ ညကလည်း ငြိမ်သက်နေသည်။ ခရီးသည် အများစုမှာလည်း အိပ်ပျော်နေချေပြီ။

လေယာဉ်တပ်ထောက်ကြီး စက်ခန်းအတွင်းမှ အနောက်ပိုင်းသို့ ပြန်လှည့်ထွက်သွား၏။

မကြာပါ။

ငါးမိနစ်ခန့်အတွင်းမှာပင် ရှေ့စက်ခန်းမှ ပေါက်ကွဲသံတစ်ခု ကြားလိုက်ရ၏။

အိပ်ပျော်နေသူ အားလုံးချက်ချင်းလန့်နိုးကုန်၏။ အနံ့ဆိုးကြီး တစ်ခု ခရီးသည်များအခန်းသို့ ရုတ်ချည်းဝင်လာ၏။ မီးလောင်ပြီဟု ချက်ချင်း ထင်လိုက်မိကြ၏။ မဟုတ်ပါ။ အနံ့မှာ စက္ကန့်ပိုင်းအတွင်း ပြန်ပျောက်သွား၏။

လေယာဉ်တပ်ထောက်ကြီးမှာ ရှေ့စက်ခန်းအတွင်းသို့ ပြေးဝင်သွား၏။

စက်ခန်းကြမ်းပေါ်တွင် ဒုလေယာဉ်မှူး ဗိုလ်ကြီး ဘားနက် လဲနေပါသည်။ လေယာဉ်သား အားလုံး ကိုယ့်တာဝန်နှင့်ကိုယ် ခြေမအား လက်မအား ဖြစ်နေပြီး မည်သူမျှ ခေါင်းမဖော်နိုင်ကြ။ လေယာဉ်တပ်ထောက်ကြီးက ဒုလေယာဉ်မှူး ဘေးကြမ်းပေါ်တွင် ထိုင်ချလိုက်၏။ ဗိုလ်ကြီး ဘားနက် တစ်ကိုယ်လုံး သွေးချင်းချင်းနီနေပါသည်။

"ဗိုလ်ကြီး ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်တာလဲတော့ မသိဘူး။ ကျုပ် ညာဘက်လက်တော့ မရှိတော့ဘူး"

မှန်သည်၊ ဒု-လေယာဉ်မှူး ဗိုလ်ကြီးဘားနက်၏ ညာလက်မှာ လက်မောင်းရင်းမှ တိတိရိရိပြတ်နေလေပြီ။

အရေးပေါ်။

စက်ခေါင်းတစ်လုံး ပေါက်ကွဲသွားပြီလား။

ဘာတွေဖြစ်ကုန်ပြီလဲ။

တပ်ထောက်ကြီးက ဒုလေယာဉ်မှူးကို ပွေ့ချီပြီး နောက်ဘက် ခရီးသည်များအခန်းသို့ သယ်ရန်ကြိုးစားလိုက်၏။ မရ။ ခြေထောက်ပိုင်းမှာ စက်ခန်းမှ ပြုတ်ထွက်လာသော ပစ္စည်းအစိတ်အပိုင်းတစ်ခုနှင့် ငြိနေသည်။ ဖြုတ်မရ။ ထို့ကြောင့် လူနာကို ပြန်ချထားပြီး နောက်ပိုင်းမှ ဆရာဝန် ဗိုလ်မှူးဘရောင်းကို ခေါ်ရန် ပြန်ထွက်သွားခဲ့၏။

လေယာဉ်မှူး တွန်နာဗိုင်း အနေဖြင့် ပေါက်ကွဲသံကြားပြီးနောက် ပထမဆုံး သူသတိထားမိသည်မှာ သူ့လက်တွင်းရှိ လေယာဉ်ထိန်းကိရိယာများမှ လေယာဉ် ဘယ်ညာလူးနိုင်သည့် ကိရိယာမှတစ်ပါး ကျန်မည်သည့် အထိန်း ကိရိယာမှ အလုပ်မလုပ်တော့ခြင်း ဖြစ်၏။ ပဲ့ထိန်းလည်း ပျက်သွားပြီ။ လေယာဉ်အတက် အဆင်းထိန်းလည်း ပျက်သွားပြီ။ နောက် ဘယ်ဘက် ဒုတိယ အင်ဂျင်စက်မှာလည်း ရပ်သွားလေပြီ။

"ဘယ်နံပါတ် ၂၊ စက်ခေါင်း ဘာဖြစ်တာလဲ"

"ပန်ကာပြုတ်ထွက်တာလား"

မှန်သည်။

ပန်ကာပြုတ်ထွက်သွားခြင်း ဖြစ်၏။ သို့သော် တစ်ခုလုံး ပြုတ်

ထွက်သည် မဟုတ်။ ပန်ကာဒလက်လေးခုမှ တစ်ခုပြုတ်ထွက်သွားခြင်းဖြစ်၏။ ဤတစ်ခုမှာ အရှိန်ဖြင့် စက်ခေါင်းတွင်းသို့ ဝင်လာပြီး ပထမလေယာဉ်ပဲ့နှင့် အတက်အဆင်းထိန်းကြိုးများကို ခုတ်ဖြတ်ပြီး နောက်ဆုံးဒု လေယာဉ်မှူး ဘားနက်၏ လက်တစ်ဘက်ကို ခုတ်ဖြတ်၍ လေယာဉ်ပျံ၏ ကိုယ်ထည် ညာဘက်ဘေးတွင် ကန့်လန့်စူးစိုက်ဝင်နေ၏။

လေယာဉ်အင်ဂျင်နီယာ ဂွန်မှာလည်း သူ့လေယာဉ်နံပါတ် ၂ စက်ခေါင်း ဘာဖြစ်နေသည်ကို ရုတ်တရက် မှန်းဆမရပါ။ ထိုစက်ခေါင်းကို သူ့ အင်ဂျင်နီယာထိုင်ခုံမှလည်း လှမ်းမြင်နိုင်သည်မဟုတ်။ သူ့ခမျာရှေ့မှ ဒိုင်ခွက်များ၏ ထူးခြားချက်ကိုသာ အားစိုက်ကြည့်ပြီး ပထမဆုံးနံပါတ် ၂ စက်ခေါင်း၏ အရှိန်ထိန်းသည့် မောင်းတံကို အဆုံးလျှော့ချလိုက်၏။ စက်ဖိအားမှာ သုညအမှတ်သို့ ပြနေသည်။ နံပါတ် ၂ စက်ကိုရှေ့မှ လေယာဉ်မှူး ရပ်ပစ်လိုက်ပြီလား။ သူတွေးကြည့်၍ မရ။ အမှန်တော့အမှတ် ၂ စက်မှာ ရပ်သွားသည် မဟုတ်။ ပန်ကာဒလက် တစ်ခုပြုတ်ထွက်သွားပြီး နောက်ဆုံး ထိုအရှိန်ကို မခံနိုင်သဖြင့် စက်ခေါင်းတစ်ခုလုံးလေယာဉ်တောင်ပံမှ ပြုတ်ထွက်၍ မြေပြင်သို့ ကျသွားနှင့်လေပြီ။ လေယာဉ်တစ်စီးတွင် ဘယ်တောင်ပံ၌ စက်တစ်လုံး၊ ညာတောင်ပံ၌ နှစ်လုံးသာကျန်တော့သည်။

လေယာဉ်ပျံကြီးမှာ ထိုအချိန်၌ လီဘီရာနိုင်ငံ၏ မြို့ရွာမရှိသောသဲကန္တာရကြီးပေါ်၌ ပျံသန်းလျက်ရှိ၏။

သာမန်အချိန်၌ ထိုခေတ် ဟတ်စတင်း လေယာဉ်ပျံကြီးများ၏စက်ထိန်းမောင်းတံကို လေယာဉ်အင်ဂျင်နီယာက တာဝန်ယူကိုင်၏။ လေယာဉ်မှူး၏ ရှေ့မှ လိုရင် လိုသလို နောက်မှ အင်ဂျင်နီယာက ကူထိန်း

ပေး၏။ သို့သော် အရေးပေါ် အချိန်၌မူ လေယာဉ်မှူးက အချိန်လုနေရသဖြင့် စက်အထိန်းမောင်းတံကို သူ့ဟာသူကိုင်ပြီး လိုသလို ကိုယ်တိုင်ထိန်း၏။ စက်အထိန်းမောင်းတံမှာ ဟတ်စတင်း လေယာဉ်ပျံများ၌ လေယာဉ်မှူးရှေ့တွင် တစ်စုံ၊ အင်ဂျင်နီယာရှေ့တွင် တစ်စုံ အထိန်းနှစ်စုံရှိ၏။

လေယာဉ်မှူး ဗိုလ်ကြီးတွန်နာဒိုင်းမှာ တစ်ကိုယ်လုံး ချွေးသီး ချွေးပေါက်များ ကျနေသည်။ ခေါင်းတစ်ခုလုံးမှာလည်း ထူပူလျက်ရှိ၏။ မထူပူ၍လည်း မဖြစ်တော့။ သူ့လေယာဉ်ပျံမှာ အဓိက အထိန်းရွက်များ ထိန်းမရ ဖြစ်နေပြီ မဟုတ်လား။ ဘယ်ဘက်နံပါတ် ၂ စက်ခေါင်းရပ်သွားသဖြင့် လေယာဉ်ဦးမှာ ဘယ်ဘက်သို့ ယိမ်းပါသွား၏။ တွန်နာဒိုင်းက ညာဘက်ပဲ့ကို လှမ်းကန်ထိန်းလိုက်၏။ အထိန်းရွက်များ ပျက်နေသဖြင့် လေယာဉ်ဦးမှာ တုတ်တုတ်မျှ မလှုပ်။ ဘယ်ဘက်နံပါတ် တစ်စက်ကို ညာဘက်စက်နှစ်လုံးအားနှင့် ညီအောင် အဆုံးမြှင့်တင်ပေးလိုက်၏။ လေယာဉ်ဦးမှာ ဘယ်ဘက်သို့ ယိမ်းဆွဲနေရာမှ မူလဦးတည်ရပ်သို့ ပြန်တည့်လာပါသည်။ တော်ပါသေးသည်။ ပဲ့အစား အတောင်ပံနှစ်ဘက်ရှိ စက်အားများကို အတိုးအလျှော့ပြု၍ လေယာဉ်ဦးကို ဘယ်ညာ အတိမ်းအစောင်း အထိုက်အလျောက် လုပ်နိုင်သေးသည် မဟုတ်လား။

သို့သော် ထိုအချိန်၌ လေယာဉ်မှူး အဓိက ရင်ဆိုင်နေရသည့် ပြဿနာမှာ လေယာဉ်ပျံ၏ တည်ငြိမ်မှုများ ပျက်သွားခြင်း ဖြစ်၏။ ဘယ်နံပါတ် ၂ စက်ခေါင်းမှာ ရိုးရိုးပျက်သွားသည် မဟုတ်။ တစ်ခုလုံးကျွတ်ပြီး ပြုတ်သွားခြင်း ဖြစ်သဖြင့် သူပြုတ်ထွက်သွားသည့် နေရာတွင် အပေါက်ကြီး ဖြစ်နေသည်။ မူလစက်ခေါင်း ဘေးပတ်လည်ရှိ ကိုယ်ထည် သတ္တုပြားများ တွန့်လိမ်ပြီး အပေါ် အောက်လန်ပြီး ရှေ့မှ လေတိုးလျှင် တိုးသလို

လေယာဉ်ပျံကြီး၏ တည်ငြိမ်မှုကို ပျက်အောင် ဖန်တီးနေ၏။ အခိုက အထိန်းရွက်များ ပျက်နေချိန်၌ တည်ငြိမ်မှုမရှိတော့သော လေယာဉ်ပျံ ပျက်ကြီးကို အဘယ်သို့ နိုင်အောင်ထိန်းရတော့မည်နည်း။ စက်အထိန်း ခလုတ်များကို ကိုင်ထားသော တွန်နာဒိုင်း၏ လက်ချောင်းများမှာ ကြောက်စိတ်များကြောင့် နတ်ပူးသလို တုန်ခါနေသည်။

ယခုပြဿနာမှာ နေ့ဘက်တွင်ဖြစ်လျှင် တော်သေးသည်။ အလင်း ရောင်ရှိသဖြင့် ကြံသင့်သလောက် ကြံနိုင်ဦးမည်။ ယခုမှာ ည။

ခက်ပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးနေသည်။ အနီးဆုံး လေယာဉ် ကွင်းမှာလည်း ဘယ်မျှ အဝေးတွင် ရှိမည်ကို မမှန်းဆရသေး။ ခက်ချေပြီ။

ပန်ကာဒလက် ပြုတ်ထွက်ချိန်၌ လေယာဉ်ဦးမှာ အနောက်စူးစူး သို့ ဦးတည်နေ၏။ အမြင့်ပေမှာ ၈၅၀၀။ ပျံသန်းနှုန်းမှာ ၁၈၅ မိုင်။

စက်တစ်လုံးရပ်ထားရသဖြင့် လေယာဉ်ဦးမှာ အောက်သို့ နိမ့်ဆင်း သွား၏။ လေယာဉ်မှူးက အထိန်းမောင်းတံကို နောက်သို့ ဆွဲလိုက်၏။ ပြန်မော့မလာ။ မှန်သည်။ အတက်အဆင်းထိန်းရွက်က အလုပ်မှ မလုပ် တော့ချေပဲ။

"လေယာဉ်တပ်ထောက်ကြီး လေယာဉ်မှူးခေါ်နေတယ်"

လေယာဉ်ပျံတွင်းသုံး ရေဒီယိုလှိုင်းမှ လေယာဉ်မှူး တွန်နာဒိုင်းက နောက်မှ တပ်ထောက်ကြီးကို လှမ်းခေါ်လိုက်၏။

"လေယာဉ်မှူး၊ တပ်ထောက်ကြီး ပြန်ထူးနေတယ်။ ဆက်ပြောပါ"

"တိုနီ၊ ငါတို့ လေယာဉ်ပျံတစ်စင်းလုံးရဲ့ အထိန်းကြိုးတွေ ပြတ် ကုန်ပြီ။ ကောင်းတာဆိုလို့ အတောင်ဘယ်ညာစောင်းနိုင်တဲ့ အထိန်းမောင်းတံ

တစ်ခုပဲ ကျန်တယ်။ ခု လေယာဉ်ဦးက အောက်ကိုစိုက်ဆင်းနေတယ်။ မင်းခရီးသည်တွေကို အမြီးပိုင်းစွန်ဆုံးက ခုံတွေဆီ ရွှေ့ပြီး ထိုင်ခိုင်းကြည့်စမ်းပါ။ ဦးပြန်မော့လာအောင်လို့"

"ဟုတ်ကဲ့၊ ကပ္ပတိန်။ ခု ရွှေ့ထိုင်ခိုင်းလိုက်မယ်"

လေယာဉ်တပ်ထောက်ကြီးက ခရီးသည် လေသူရဲများကို ရှေ့မှ ကက်ပတိန်၏ ဆန္ဒကို ရှင်းပြလိုက်ပြီး အမြီးပိုင်းခုံများသို့ အမြန်ရွှေ့ထိုင်ခိုင်းလိုက်၏။ ခရီးသည်များကလည်း ကျိုးနွံစွာပင် အမြန်ရွှေ့လိုက်ကြ၏။

"ကပ္ပတိန် တပ်ထောက်ကြီး သတင်းပို့နေတယ်။ ခရီးသည်တွေ အကုန်နေရာ ရွှေ့ထိုင်ခိုင်းပြီးပြီ။ ဒဏ်ရာရထားတဲ့ ဒု လေယာဉ်မှူးနဲ့ ဆရာဝန် ဗိုလ်မှူးကိုတော့ အရွှေ့ရခက်နေလို့ ကျွန်တော့်ရှေ့မှာပဲ ချန်ထားတယ်"

"ဦးက ပြန်မမော့လာသေးဘူး"

"မင်းရှေ့ဘက်မှာ ခရီးသည်တွေရဲ့ ပစ္စည်းတွေ ရှိသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ရှိတယ်"

"အဲဒါတွေကိုလဲ အမြီးပိုင်းဘက် အကုန်ရွှေ့လိုက်စမ်း"

လေယာဉ်တပ်ထောက်က ခရီးသည်များ၏ ပစ္စည်းအားလုံးကို အမြီးပိုင်း၌ သွားစုပုံထားလိုက်၏။

အမြီးလေးသွားပြီ။

လေယာဉ်ဦးမှာ ချက်ချင်းပြန်မော့ပြီး၊ အပေါ်ထောင်တက်လာ၏။ မြန်နှုန်းမှာလည်း ချက်ချင်းကျသွား၏။

"လေယာဉ် တပ်ထောက်၊ ကပ္ပတိန်ပြောတယ်။ အမြီးပိုင်းဘက်

သိပ်လေးသွားပြန်ပြီ။ ပစ္စည်းနည်းနည်းကို ရှေ့ဘက်ပြန်ရွှေ့”

“ဟုတ်ကဲ့၊ ကပ္ပတိန်”

တပ်ထောက်ကြီးက ဝန်အချို့ကို ရှေ့ဘက်ပြန်ရွှေ့လိုက်၏။ မော့နေသော လေယာဉ်ဦးနေရာမှန် ပြန်ကျသွား၏။

ခက်လှပါသည်။

လေယာဉ်ပျံမှာ ဦးစိုက်နေလျှင်လည်း တဖြည်းဖြည်း အမြင့်မှ အနိမ့်ရောက်သွားပြီး မြေကြီးနှင့် ဝင်ဆောင့်၍ ပါလာသမျှ လူများသေကုန်မည်။ ဦးမော့နေပြန်တော့လည်း မြန်နှုန်းတဖြည်းဖြည်း လျော့ကျလာပြီး နောက်ဆုံး လေယာဉ်ပျံ အနည်းဆုံး လေထဲပျံနေရမည့်နှုန်း အောက်ရောက်သွားလျှင် လေယာဉ်ပျံကြီးများမှာ ရုတ်တရက် ခဲလုံးတစ်လုံး ကောင်းကင်မှ ပြုတ်ကျသွားသလို ပြုတ်ကျ ပျက်စီးသွားမည်။ လေယာဉ်မြန်နှုန်းမှာ များနေ၍လည်း မဖြစ်။ နည်းနေ၍လည်း မရ။ ဦးမှာ မော့နေ၍လည်းမရ။ စိုက်နေ၍လည်း မဖြစ်။ ယင်းသို့ ပြုတ်ကျသွားခြင်းကို လေသူရဲသုံး ဝေါဟာရအားဖြင့် Stall ဟု ခေါ်၏။

“ရှေ့ကကောင် ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ ခဏနေရင် တို့အားလုံး မြေကြီးပေါ် ပြန်ရောက်ကြမှာတော့ သေချာတယ်ကွ”

ခရီးသည်ထဲမှ လေသူရဲတစ်ဦးက သူ့ဘေးမှ လေသူရဲတစ်ဦးကို ပြောလိုက်၏။

“ဘာပြုလို့လဲ”

“ဘာဖြစ်ရမှာလဲကွ။ မင်း သိပ္ပံပညာရှင်ကြီး နယူတန်ပြောထားတဲ့ စကားကို မေ့သွားပြီလား။ ကမ္ဘာ့ဆွဲအားကြောင့် လေထဲသွားနေကြတဲ့ အရာဝတ္ထုအားလုံးဟာ နောက်ဆုံးတော့ မြေပြင်ပြန်ရောက်ကြတာပဲ

ဆိုတာ၊ တစ်ခုနှင့်တစ်ခု အချိန်ပဲ ခြားတာရှိတယ်တဲ့၊ ဟဲ ဟဲ"

နားထောင်နေသည့် ဘေးက လေသူရဲကလည်း ရောရယ်လိုက်၏။ ဤမျှကြီးသော သေဘေးတွေ့နေချိန်၌ ရယ်စရာ ပြောနေနိုင်ကြသည်မှာ အံ့စရာကောင်းလှ၏။

ထိုအချိန်၌ လေကြောင်းလမ်းပြနှင့် လေကြောင်းအချက်ပြမှာလည်း အလွန်အလုပ်များနေကြ၏။ လမ်းပြက လေယာဉ်ပျံကြီး၏ ရောက်ရှိနေသော တည်နေရာ အတိအကျကို ရှာဖွေပြီး အချက်ပြကို ပေးလိုက်၏။ အချက်ပြက နီးရာလေတပ်စခန်းများမှ အကူအညီ ရနိုင်ရေးအတွက် ချက်ချင်း ရေဒီယိုလှိုင်းမှ အသံလွှင့် ဆက်သွယ်ရန် ကြိုးစား၏။

ပထမဆုံး အသံလွှင့်နိုင်ချိန်မှာ ည ၈ နာရီ ၄၈ မိနစ်တွင် ဖြစ်၏။

"အက်၊ အို၊ အက်။ အက်၊ အို၊ အက်။ အက်၊ အို၊ အက်။ တီဂျီ ၅၇၄ မှ သတင်းပို့နေတယ်။ တည်နေရာ မြောက်လတ္တီတွတ် ၃၂ ဒီဂရီ သုည ငါးမိနစ်၊ အရှေ့လောင်ဂျီတွတ် ၂၁ ဒီဂရီ ၂၀ မိနစ်၊ လေယာဉ်မြန်နှုန်း ၁၇၀။ ဦးတည်အိမ်မြှောင်ညွှန်း ၁၄၀၊ အမြင့်ပေ ခုနှစ်ထောင်၊ အင်ဂျင်တစ်လုံး ပေါက်ကွဲ၊ အထိန်းရွက်ကြိုးတွေ ပျက်စီး၊ အရေးပေါ် ကွင်းဆင်းမယ်။ ကြားသည့်မျှော်စင်များ ပြန်ဆက်သွယ်ပါ၊ ပြန်ဆက်သွယ်ပါ"

လေကြောင်းအချက်ပြက လေလှိုင်းတစ်ခုတွင် အသံလွှင့်ပြီးသည်နှင့် အခြားလေလှိုင်း တစ်ခုသို့ ချက်ချင်းပြောင်းခေါ်လိုက်ပြန်၏။ အက်စ် အို အက်စ် S.O.S ဆိုသည်မှာ လေယာဉ်ပျံများ၊ သင်္ဘောများ၏ အရေးပေါ် အန္တရာယ် တွေ့ချိန်များ၌ အကူအညီတောင်းသည့် ကမ္ဘာသုံး

အချက်ပြ စကားဖြစ်၏။

တီဂျီ ၅၇၄ မှ အသံလွှင့်ချက်ကို လူဂါ၊ ကာစတယ် ဘောနီယို၊ နီကိုစီရာနှင့် ဘင်နီနာမြို့များရှိ လေယာဉ်ထိန်းမျှော်စင်များက ဖမ်းယူရရှိ၏။ တီဂျီ ၅၇၄ ၏ တည်နေရာနှင့် အနီးဆုံးမျှော်စင်မှာ ဘင်နီနာ လေယာဉ်ကွင်းမှ မျှော်စင်ဖြစ်၏။

ည ၈ နာရီ ၅၁ မိနစ်တိတိတွင် ဘင်နီနာ လေယာဉ်ကွင်း မျှော်စင်မှ တီဂျီ ၅၇၄ ကို ပြန်ဆက်သွယ်ပါသည်။

"တီဂျီ ၅၇၄ ဘင်နီနာမျှော်စင်မှ ပြန်ဆက်သွယ်နေတယ်။ ခင်ဗျား သတင်းပို့ချက်များ အကုန်ရ။ ကျွန်တော် လေယာဉ်ကွင်းမှ ခင်ဗျား တည်နေရာ အိမ်မြှောင်ညွှန်း၊ သုညရှစ်ခုနှစ်ဒီဂရီ ကြားလျှင် အကြောင်းပြန် ဒါပဲ"

"ဘင်နီနာမျှော်စင် တီဂျီ ၅၇၄ က ပြန်ပြောနေတယ်။ အိမ်မြှောင် ညွှန်းရ။ ခဏစောင့်ပါဦး။ ဒါပဲ"

လေကြောင်းအချက်ပြက လေယာဉ်မှူးကို ဘင်နီနာ မျှော်စင်နှင့် အဆက်အသွယ်ရကြောင်းနှင့် အိမ်မြှောင်ညွှန်းကို သတင်းပို့လိုက်၏။

"ဘင်နီနာမျှော်စင် တီဂျီ ၅၇၄ က ပြောနေတယ်။ ကပ္ပတိန်က သူနှင့်လိုင်းတို လေလှိုင်းက တိုက်ရိုက်ဆက်သွယ်ပါတဲ့၊ ဒါပဲ"

ဘင်နီနာမျှော်စင်နှင့် လေယာဉ်မှူး တွန်နာဒိုင်းတို့ လှိုင်းတိုမှ တိုက်ရိုက်အဆက်အသွယ် စလုပ်ကြ၏။

အချိန်မှာ ည ၉ နာရီရှိလေပြီ။

"ဘင်နီနာမျှော်စင် တီဂျီ ၅၇၄ ကပ္ပတိန် ပြောနေတယ်။ ကျွန်တော့် အသံ ဘယ်အဆင့်ကြားလဲ"

"သုံးသုံး ကပ္ပတိန်"

"ကျွန်တော့် လေယာဉ်ပျံသန်းနှုန်းက အခု ၁၇၀ ပဲ ရှိတယ်။ ကျွန်တော် အရှေ့ဘက်က ခင်ဗျား လေယာဉ်ပြေးလမ်းရှိရာကို ဝင်လာမယ်။ လမ်းမှာ အတားအဆီး ဘာရှိလဲ၊ ဒါပဲ"

"လေယာဉ်ပြေးလမ်း အရှေ့ဘက် ခုနှစ်မိုင်အတွင်းမှာတော့ အားလုံးရှင်းတယ်။ ဘာအတားအဆီးမှ မရှိဘူး။ ခုနှစ်မိုင် ဟိုဘက်မှာတော့ တောင်ကုန်းတွေ ရှိတယ်"

"ခင်ဗျားတို့ မြို့ကမ်းခြေက သောင်ပြင်အခြေအနေရော ဘယ်လိုရှိလဲ"

"ရှင်းပါတယ်။ ဒါပေမဲ့ မြင်ကွင်းမကောင်းဘူး။ ချဉ်းကပ်လမ်းမကောင်းဘူး"

"ကွင်းအရှေ့ဘက် ခုနှစ်မိုင်အတွင်းမှာ တောအုပ်တို့၊ သစ်ပင်ကြီးတို့၊ မြောင်းတို့ရှိလား"

"မရှိဘူး၊ ဒါပေမဲ့ ချိုင့်တွေတော့ ရှိတယ်။ သိပ်တော့ မနက်ဘူး"

"ဒါဖြင့် ကျွန်တော် ကမ်းခြေသောင်ပြင်ပေါ်ပဲ ဆင်းချင်တယ်ဗျာ"

"ကျွန်တော်တို့ စခန်းရဲ့ တပ်မှူးက ပြောတယ်။ သောင်ပြင်ပေါ်ဆင်းမှာကို သူ သဘောမတူချင်ဘူးတဲ့။ ချဉ်းကပ်လမ်းမကောင်းဘူး။ အန္တရာယ်ပိုများလိမ့်မယ်တဲ့"

"ခင်ဗျားတို့ ပြေးလမ်းထိပ်မှာ ရှင်းထားတဲ့ မြေကွက်အကျယ်ရော ဘယ်လောက်ရှိလဲ"

"ကိုက်ငါးရာ"

"ကိုက်ငါးရာဆိုရင်တော့ မဆိုးဘူး"

လေယာဉ်မှူး တွန်နာဒိုင်းသည် သူ့စိတ်ထဲတွင် အမျိုးမျိုး တွက်ဆကြည့်နေ၏။ ဘင်နီနာ လေယာဉ်ကွင်းမှာ ပင်လယ်ကမ်းခြေနှင့် ကပ်နေသော လေယာဉ်ကွင်း ဖြစ်၏။ ဘုရင့်လေတပ်စခန်း တစ်ခု တပ်စွဲထားသဖြင့် သူလိုသည့် အကူအညီ အကုန်ရနိုင်မည်မှာတော့ အမှန်ဖြစ်၏။ သို့သော် ထိုစခန်းမှာ စခန်းငယ်၊ စခန်းကြီးရှိသော ကာစတယ်ဘော်နီယိုမြို့အထိ ဆက်သွားလျှင် ကောင်းလေမလား။ သို့သော် သူ့လေယာဉ်ပျံကိုလည်း သူစိတ်မချလှ။ ကာစတယ်ဘော်နီယိုမြို့အထိ မရောက်ဘဲ လမ်းတွင် ထိုးကျသွားလျှင်ဖြင့် အကုန်အကျိုးနည်းတော့မည်။

သူသည် လေယာဉ်ဦးကို ဘင်နီနာလေယာဉ်ကွင်းရှိရာသို့ ဦးတည်လိုက်၏။ လေယာဉ်ပျံကို ထိန်းမောင်းနေရသည်မှာလည်း စိတ်ပျက်စရာကောင်းလောက်အောင် ခက်လှဘိ၏။ လေယာဉ်ဦး၏ ဘယ်ညာယိမ်းနွဲ့မှုကို ဘယ်တောင်ပံရှိ စက်တစ်လုံးနှင့် ညာတောင်ပံရှိ စက်နှစ်လုံးကို အလျှော့အတင်းလုပ်၍ စမ်းထိန်းကြည့်၏။ မဆိုးပါ။ ရသင့်သလောက်ရပါသည်။ သို့သော် တစ်ဘက်က တစ်လုံး၊ ကျန်တစ်ဘက်က နှစ်လုံးဖြစ်နေသဖြင့် ယိမ်းနွှန်းမှာ အထိန်းရခက်လောက်အောင် အားကြီးနေ၏။ အလွန်သတိထားနေရ၏။ ပြဿနာ အကြီးဆုံးမှာမူ လေယာဉ်ဦးကို နိမ့်ဆင်းအောင် မြင့်တက်အောင် လုပ်ခြင်းဖြစ်၏။ နောက်ပိုင်းမှ လေယာဉ်တပ်ထောက်ကြီးနှင့် အပေးအယူ လုပ်၍ ဝန်ပစ္စည်းများကို အမြီးနှင့် ခေါင်းကို အမျိုးမျိုးပြောင်းပြီး လေယာဉ်ဦးကို အပေါ်တက် အောက်ဆင်းဖြစ်အောင် လုပ်ရန်မှာ မြေပြင်နှင့် အလှမ်းဝေးသော အမြင့်၌လုပ်၍ ဖြစ်သော်လည်း မြေပြင်အနီးရောက်နေချိန်၌ လုပ်ရန် မလွယ်ပါ။ အန္တရာယ်များလွန်းလှ၏။ အပေးအယူ မှားသွားသည်နှင့် အားလုံးသေမည်

ဖြစ်၏။ စက်အားကို အတိုးအလျှော့လုပ်၍ လေယာဉ်ဦးကို ထိန်းလျှင် ကောင်းမည်လား ဖြစ်နိုင်သည်။ လေယာဉ်ပျံ၏ သိပ္ပံသဘောမှာ စက်အား မြှင့်ပေးလိုက်လျှင် ခေါင်းထောင်ပြီး လျှော့ပေးလိုက်လျှင် ခေါင်းကျသွားမည်။ သို့သော် စက်တစ်လုံး ပျက်နေသဖြင့် လေယာဉ်ဦးစိုက်ဆင်းရန် လွယ်သလောက် ခေါင်းမော့အောင် လုပ်ဖို့ ခက်နေသည်။ ထို့ကြောင့် တစ်ခုတည်းသော ကွင်းဆင်းနိုင်သော နည်းမှာ လေယာဉ်ပျံကို စက်အား အကုန်မြှင့်ပြီး မြေပြင်နား လျှပ်ပျံသွားမည်၊ နောက် ပြေးလမ်းပေါ်ရောက်မှ စက်အားကို အကုန်ပိတ်ချလိုက်ပြီး လေယာဉ်ကိုယ်ထည်ကြီး ပြေးလမ်းပေါ် ပစ်ချလိုက်ရန် ဖြစ်၏။ တစ်စီးလုံးမှ လူများ အသက်ရှင်ရန် မမျှော်လင့်နိုင်သော်လည်း ရှင်သင့်သလောက်တော့ ရှင်ကြဦးမည် မဟုတ်လား။ အားလုံးစုပြုံသေကြမည့်အစား၊ တစ်ယောက် အသက်ရှင်လည်း မဆိုး။ နှစ်ယောက်အသက်ရှင်လည်း မဆိုး။

ထိုအချိန်၌ ဘင်နီနာ လေယာဉ်ကွင်းရှိ ဘုရင့်လေတပ်စခန်းမှ တာဝန်ရှိသူများမှာလည်း အလွန်ဗျာများနေကြ၏။ ပထမဆုံး လေယာဉ်ပြေးလမ်းမှ ကွင်းဆင်းမီးများကို အရေးပေါ် လိုက်ထွန်းရ၏။ တီဂျီ ၅၇၄ ၏ ခရီးစဉ်မှာ ကာစတယ်ဘော်နီယို လေဆိပ်၌ ဆင်းရန်ဖြစ်၏။ ဘင်နီနာ လေဆိပ်သို့ ဆင်းရန်မဟုတ်။ ထို့ကြောင့် ဘင်နီနာလေဆိပ်တွင် ဆင်းသက်ရန် ကြိုတင်ပြင်ဆင်မှု ဘာမှလုပ်မထား။ ခုမှအရေးပေါ် အားလုံးလုပ်ရ၏။

လေတပ်စခန်းမှူးက ဘင်ဟာဇီမြို့ဆေးရုံသို့ ဖုန်းဆက်ပြီး ဆရာဝန်နှင့် သူနာပြုကားများ ရှိသလောက် အရေးပေါ်အတွက် အမြန်လွှတ်ပေးရန် ပြော၏။ ဆေးရုံတာဝန်ခံများကလည်း ချက်ချင်းလွှတ်ပေး၏။ နောက်

မီးသတ်ကားများကို ရနိုင်သမျှ ရှာရ၏။

"မျှော်စင် တီဂျီ ၅၇၄ က ပြောနေတယ်"

"ဆက်ပြောပါ"

"ခင်ဗျား လေယာဉ်ပြေးလမ်းမှာ ကွင်းဆင်းမီးတွေ ထွန်းပြီးပြီလား"

"ပြီးပြီ"

"ဒါဖြင့် ကျွန်တော် စဆင်းလာတော့မယ်"

"မဆင်းနဲ့ဦး၊ မဆင်းနဲ့ဦး။ ခင်ဗျား နောက်ဆယ့်ငါးမိနစ်လောက် လေထဲဆက်ဝဲနေလို့ မဖြစ်ဘူးလား။ သူနာပြုကားတွေက ခုထိ မရောက်လာကြသေးဘူး။ ဆေးရုံကတော့ ထွက်လာကြပြီ"

"ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

"စခန်းမှူးက ခင်ဗျားမှာ ခရီးသည် ဘယ်လောက်ပါခဲ့သလဲတဲ့"

"နှစ်ဆယ့်ခုနှစ်ယောက်"

"လေယာဉ်သားတွေ အပါအဝင်လား"

"မဟုတ်ဘူး။ လေယာဉ်သားတွေပါရင် သုံးဆယ့်သုံးယောက်"

ဘင်နီနာလေတပ်စခန်းမှူးကလည်း လူအရေအတွက် အတိအကျ သတင်းရရန်မှာ သူ့အတွက် အလွန်အရေးကြီးလှ၏။ ဤအရေအတွက် သိမှ မြေပြင်မှ ကယ်ဆယ်ရေး လူအင်အားကိုလည်း သူ အတိအကျ ပြင်ဆင်ပေးနိုင်မည် မဟုတ်လား။ အချိန် ညဖြစ်နေခြင်းမှာ မြေပြင်မှ ကယ်ဆယ်ရေးသမားများအတွက်လည်း အလွန်ကြီးသော အခက်အခဲ ဖြစ်နေ၏။ လေယာဉ်ပျံ ပျက်အနီးသို့ ရောက်အောင်သွားရေး၊ ချဉ်းကပ်ရေး၊ ကယ်ဆယ်ရေးများမှာ မှောင်မည်းမည်းအတွင်း၌ အဘယ်သို့ လျင်မြန်စွာ ဆောင်ရွက်ကြရမည်နည်း။

လေယာဉ်တပ်ထောက်ကြီးမှာ ထိုအချိန်၌ နောက်ပိုင်းခရီးသည်များအကြားတွင် အလွန်အလုပ်ရှုပ်နေ၏။ အရေးပေါ်ကွင်းဆင်းခြင်းဖြစ်၍ ခရီးသည်တိုင်း သက်ကယ်ခါးပတ်စနစ်တကျ ပတ်ရန်လို၏။ ရွေ့ရှားနိုင်သော ဝန်စည်အားလုံးကို ချည်နှောင်ရ၏။ အရေးပေါ် ထွက်နိုင်သော သက်ကယ်တံခါးပေါက်များကို ကြိုတင်ဖွင့်ပစ်လိုက်ရ၏။

ဆေးမှူးဗိုလ်မှူး ဘရောင်းမှာ ဒဏ်ရာပြင်းထန်စွာ ရထားသော ဒုလေယာဉ်မှူးအနီး ကြမ်းပြင်ပေါ်၌ပင်ထိုင်ပြီး အမျိုးမျိုး ပြုစုပေးနေ၏။ ဒုလေယာဉ်မှူး၏ ဒဏ်ရာများမှာလည်း ပြင်းထန်လှဘိ၏။

"ဗိုလ်မှူး၊ ကွင်းဆင်းသွားတော့မယ်။ ထိုင်ခုံပေါ် ပြန်ထိုင်ပြီး သက်ကယ်ခါးပတ်ပတ်ပါ"

လေယာဉ်တပ်ထောက်ကြီးက ဆေးမှူးကို လှမ်းပြောလိုက်၏။

"ဒီလူနာကို ဘယ်နှယ်လုပ်ကြမလဲ"

တပ်ထောက်ကြီးက မည်သို့မျှ ပြန်မဖြေပါ။ ဖြေရခက်နေဟန်ရှိ၏။

"ခင်ဗျား ကပ္ပတိန်ကို သွားသတင်းပို့ပေးပါ။ ကျွန်တော့် အန္တရာယ်ကို ကျွန်တော်သိတယ်။ ဒါပေမဲ့ ဒီလူနာဘေးမှာပဲ ကျွန်တော့်ကို ဆက်နေခွင့်ပေးပါလို့."

လေယာဉ်တပ်ထောက်ကြီး ပြန်လှည့်ထွက်သွား၏။

ည ၉ နာရီ ၄၉ မိနစ်တွင် လူနာတင်ကားနှင့် မီးသတ်ကားများ လေယာဉ်ကွင်းရောက်လာခဲ့ကြ၏။

"တီဂျီ ၅၇၄၊ မျှော်စင်က ခေါ်နေတယ်"

"ပြောပါ"

"လူနာတင်ကားတွေ ရောက်လာပြီ။ အားလုံး အဆင်သင့်ပဲ။ ခင်ဗျားတို့ ဆင်းချင်ဆင်းခဲ့တော့"

"ဟုတ်ကဲ့၊ ဆင်းခဲ့မယ်။ ကျွန်တော် ပင်လယ်ဘက်က လှည့်ပတ်ဝင်ခဲ့မယ်။ ခင်ဗျား ပြေးလမ်းစတဲ့ နေရာ အတိအကျက ဘယ်နားလောက်ကလဲ"

"ပထမဆုံးကွင်းဆင်းမီးရဲ့ ကိုက်တစ်ရာအလိုက"

အချိန်မှာ ည ၉ နာရီ ၅၁ မိနစ်။

လေယာဉ်မှူးတွန်နာဒိုင်းသည် သူ့လေယာဉ်ပျံကို မြေပြင်မှ ပေတစ်ထောင်အကွာအဝေးနား ရောက်သည်အထိ ဆင်းသက်လာသည်။ အောက်တွင် ပင်လယ်ပြင်ကြီး ဖြစ်၏။ ညာဘက်တောင်ပံထိပ်တွင် ဘင်ဟာဇီမြို့မှ လင်းနေသော လမ်းမီးများကို မြင်တွေ့နေရ၏။ သူသည် လေယာဉ်ဦးကို တစ်ရာ့ရှစ်ဆယ်ဒီဂရီ လှည့်ပြီး ဘင်နီနာလေယာဉ်ကွင်းရှိရာသို့ ဦးတည်လိုက်၏။

သုံးမိနစ်ခန့်အတွင်းမှာပင် လေယာဉ်ပြေးလမ်းပေါ်မှ ကွင်းဆင်းမီးများကို စမြင်တွေ့ရ၏။ ထိုအချိန်၌ ပြေးလမ်းနှင့် သူ့လေယာဉ်ပျံရှိသော အကွာအဝေးမှာ ဆယ်မိုင်ခန့်လိုသေး၏။ ဆယ်မိုင်ခရီးမှာ လေကြောင်းခရီးတွင် ဝေးသော ခရီးမဟုတ်။ တွန်နာဒိုင်းသည် သူ့လေယာဉ်ပျံ၏ ဘီးထိန်းခလုတ်ကို လှမ်းကြည့်လိုက်၏။ ဘီးများမှာ မ တင်ထားပါသည်။ သူ့ ဝမ်းဗိုက်နှင့် ရှပ်ဆင်းမည့် ဖြစ်၏။ လေယာဉ်ပျံ အရှိန်ထိန်းရန် အပိုတောင်ပံကိုလည်း မချရဲ၊ ချလိုက်လျှင် ဦးမော့သွားမည်။ ထိုအချိန်၌ လေယာဉ်ပျံခန်းရှေ့ မြန်နှုန်းပြဒိုင်ခွက်တွင် တစ်နာရီ ၁၄၀ မိုင်နှုန်းကို ပြလျက်ရှိ၏။ လေယာဉ်ပျံ၏ အမြင့်မှာ တဖြည်းဖြည်း မြေပြင်အနီးသို့

နိမ့်ဆင်းလာခဲ့သည်။

နောက်ပိုင်းမှ ခရီးသည်များမှာ ထိုအချိန်၌ အသက်မရှိသော အရုပ်ကလေးများလို ကိုယ့်ထိုင်ခုံ အသီးသီး၌ ငြိမ်ထိုင်နေကြ၏။ ဆေးမှုး ဗိုလ်မှူးဘရောင်းတစ်ယောက်သာ ငြိမ်မနေနိုင်။ သူ့ လူနာတို့ စောင်ခြုံ ပေးလိုက်။ ခေါင်းအနေအထားကို ပြောင်းပေးလိုက်နှင့် အလုပ်များ နေ၏။

လေယာဉ်ပြေးလမ်းမှ တစ်မိုင်ခန့်လိုတော့သည်။

တွန်နာဒိုင်းက သူ့လေယာဉ်ပျံ၏ စက်အရှိန်ကို အနည်းငယ် စမ်းပြီး လျှော့ချကြည့်လိုက်၏။ လေယာဉ်ပျံကြီးမှာ ရုတ်တရက် မြေပြင် အနီးသို့ ပြေးကပ်နစ်ဝင်သွား၏။

“ဟာ ပြေးလမ်းမီးတွေ ပျောက်သွားပြီဗျို့”

ဤစကားမှာ မျှော်စင်မှ တီဂျီ ၅၇၄ လေယာဉ်မှူး၏ စကားကို နောက်ဆုံးကြားလိုက်ရခြင်းပင် ဖြစ်၏။

မှန်သည်။

လေယာဉ်ပျံကြီးမှာ မြေကြီးပေါ် ရောက်သွားလေပြီ။

ပြေးလမ်းမှ ကိုက်ခြောက်ရာ အကွာတွင် ဖြစ်၏။

ရှေးဦးစွာ လေယာဉ်ပျံပန်ကာများနှင့် မြေပြင်ဝင်ဆောင့်၏။ နောက် လေယာဉ်ဦး၊ နောက် ကိုယ်ထည်၊ နောက် လေယာဉ်ပျံ တစ်စီးလုံး ကိုက်တစ်ရာ အဝေးခန့်ရောက်သည်အထိ လေထဲ ပြန်မြောက်တက်သွား ပြီး နောက်တစ်ကြိမ် မြေပြင်နှင့် ပြန်ထိသောအချိန်မှု ပထမဆုံး ညာဘက် အတောင်ပံနှင့် အရင်ထိ၏။ တစ်ပိုင်းပြတ်ကျန်ခဲ့၏။ နောက်စက်ခန်း တစ်ခုလုံး ကျွံဝင်သွား၏။

နောက်မြေပြင်တွင် တစ်စီးလုံး ကန့်လန့်ကြီး ဒရွတ်တိုက် ပါသွား

ပြီး ပထမတစ်ကြိမ် မြေပြင်နှင့် လေယာဉ်ပျံထိသောနေရာမှ ကိုက် ၃၆၀ အကွာနေရာတွင် ရပ်သွား၏။

လူနာတင်ကားနှင့် မီးသတ်ကားများ လေယာဉ်ပျက်ရှိရာသို့ အရှိန်ပြင်းစွာဖြင့် မောင်းလာကြ၏။ လေယာဉ်ပျံပေါ်မှ ခရီးသည်များမှာ အားလုံး ကြောင်နေသည်။

တစ်ဦးတစ်ယောက်မှလည်း ဒဏ်ရာရခြင်းမရှိ။ ဓာတ်ဆီ တိုင်ကီမှာလည်း ဂါလံရှစ်ရာမျှ ကျန်သေးသော်လည်း မီးမလောင်။ မပေါက်ကွဲ။

ခရီးသည်အားလုံး ရှေ့လေယာဉ်ပျံ စက်ခန်းရှိရာသို့ မိမိတို့ အသီးသီး ထိုင်ခုံများမှ မထသေးဘဲ စိုက်ကြည့်နေကြသည်။ စက္ကန့်အတန်ကြာသည်အထိ မည်သူမျှ မထွက်လာ။

သက်ကယ်အဖွဲ့ ရောက်ခဲ့လေပြီ။

အရေးပေါ် တံခါးများမှ လေယာဉ်ပျံပျက်ပေါ် ခုန်တက်ပြီး ခရီးသည်များကို အမြန်ဆင်းခိုင်း၏။ စက်ခန်းအတွင်းရှိ လေယာဉ်သားများမှာမူ လေကြောင်းလမ်းပြနှင့် လေကြောင်းတပ်ထောက်ကြီးတို့မှ လွဲပြီး မည်သူမျှ အသက်ရှင်ကျန်ရှိသူ မရှိပါ။ အားလုံးသေဆုံးသွား၏။ ဆေးမှူးဗိုလ်မှူးဘရောင်းမှာမူ ပြင်းထန်စွာ ဒဏ်ရာရသွား၏။ သို့သော် အသက်မသေပါ။ သူ၏ လေယာဉ်ပျက်ကျစဉ် မိမိလူနာအပေါ် အသက်စွန့်ပြီး စောင့်ရှောက်သော ကြိုးပမ်းမှုများအတွက်ပင် ဗြိတိန်နိုင်ငံ၏ စစ်အေးချိန် ချီးမြှင့်သော အမြင့်ဆုံး သူရဲကောင်းဘွဲ့ တံဆိပ်ကို ၁၈၅၁ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ချီးမြှင့်ခံရပါသေးသည်။

လေသူရဲတစ်ဦး

* * *

# စာရေးသူဝန်ခံချက်

အောက်ဖော်ပြပါ အဖြစ်အပျက်မှာ အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ Iceal E.Hambliton လေသူရဲ ဒုဗိုလ်မှူးကြီး ၁၉၇၂-ခုနှစ်အတွင်း ဗီယက်နမ် စစ်မြေပြင်၌ လေယာဉ်ပျက်ကျစဉ် တွေ့ကြုံခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်များကို ပြန်လည်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ၁၉၈၁-ခုနှစ် ဩဂုတ်လထုတ် Reader's Digest မဂ္ဂဇင်းမှ William C. Anderson ၏ Call Sign 'BAT 21' ကို တိုက်ရိုက် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

လေသူရဲတစ်ဦး

# လင်းနို့ ၂၀

## (၃)

ဒုပိုလ်မှူးကြီး ဟယ်မင်တန်သည် လေယာဉ်ပျံအတွင်းရှိ သူ့ထိုင်ခုံ၌ မသက်မသာ ထိုင်နေ၏။ ထိုင်ခုံသည် သူ့အတွက် ကျပ်နေ၏။ တကယ်တော့ သူ တာဝန်ထမ်းဆောင်နေရသည့် အီးဘီ ၆၆ လေယာဉ်ပျံမှာ အကြီးစားလေယာဉ်ပျံ ဖြစ်၏။ တိုက်လေယာဉ်ပျံငယ်လေး မဟုတ်။ ထိုင်ခုံများကို ကျယ်ကျယ်ဝန်းဝန်း တပ်ထားသင့်၏။ သူ့အရပ်မှာ ခြောက်ပေနှစ်လက်မ ရှိ၏။ လူထွားလွန်း၍ပင် ထိုင်ခုံကျပ်နေသလား သူသည် လေကြောင်း လမ်းပြဖြစ်၏။ အသက်မှာလည်း ၅၃ နှစ် ရှိနေလေပြီ။ စစ်မြေပြင် ရှေ့တန်းတိုက်ပွဲများ၌ တာဝန်ယူသင့်သော အရွယ်မဟုတ်တော့။ မှန်သည်။ သူ၏ အထူးကျွမ်းကျင်သော အရည်အချင်းများကို အမေရိကန် လေတပ်မတော်၌ လူငယ်လေကြောင်း လမ်းပြများ အစားထိုးစရာ မရှိ၍သာ သူ့ကို ရှေ့တန်းပို့ထားရခြင်း ဖြစ်၏။

မြောက်ဗီယက်နမ် တပ်များ၏ ပြင်းထန်သော ထိုးစစ်မှာ လွန်ခဲ့သော နှစ်ရက်ကမှ စခဲ့၏။ တပ်မသုံးခုကို ရုရှနိုင်ငံလုပ် ပထမတန်း သံချပ်ကာကားများ ရံပြီး ကွန်တဝိုင်မြို့ သိမ်းပိုက်ရန် အပြင်းအထန် ချီတက်နေ၏။ ဤထိုးစစ်ကို ဟန့်တားရန် တောင်ဗီယက်နမ်ရှိ အမေရိကန် လေတပ်ဆွယ်များမှ လေယာဉ်ပျံတိုင်းကို အသုံးချရန် လိုအပ်နေ၏။ မည်သည့် လေသူရဲ၊ လေကြောင်းလမ်းပြကိုမှ အရံထား၍မရ။ တကယ်တော့ ဟယ်မင်တန်သည် ဂွမ်သို့ ခွင့်သွားရန်အတွက် အားလုံး ပြင်ဆင်ထားပြီး ဖြစ်၏။ အထက်မှ အမိန့်အရ မလွှဲသာ၍သာ ခွင့်ကို ဖျက်ပြီး ရှေ့တန်းလိုက်ခဲ့ရခြင်း ဖြစ်၏။

အီးဘီ ၆၆ လေယာဉ်ပျံကြီးသည် အရှေ့အရပ် စူးစူးသို့ ဦးတည် ပျံသန်းနေ၏။ ဟယ်မင်တန်၏ တာဝန်မှာ ရိုးရိုး လေကြောင်းလမ်းပြ တာဝန်မဟုတ်ပါ။ ရန်သူ့ရေဒါစခန်းများက မိမိဘက်မှ တိုက်လေယာဉ်ပျံများနှင့် ဗုံးကြဲလေယာဉ်ပျံများ၏ ပျံသန်းရာလမ်းကို မသိရန် လှည့်ဖြားသည့် အထူးလျှို့ဝှက် အီလက်ထရောနစ်စက်ကို ကိုင်တွယ်ရသော တာဝန်ဖြစ်၏။ တိုက်ပွဲဝင် ပျံသန်းရသည့် အကြိမ်ပေါင်းမှာလည်း ၆၃ ကြိမ် ရှိသွားပြီ။ ငြီးလည်း ငြီးငွေ့လှပြီ ဖြစ်၏။

"ရန်သူ့မြေပြင် ဝေဟင်ပစ် ဒုံးပျံတစ်စင်း တက်လာနေတယ်"

လေလှိုင်းအတွင်းမှ ပေါ်လာသော လေယာဉ်သားတစ်ဦး၏ အသံဖြစ်၏။ ဟယ်မင်တန်သည် သူ့ရှေ့ရှိ ရေဒါဒိုင်ခွက်များကို စစ်ဆေးကြည့်လိုက်၏။ ဘာမှမတွေ့။ အသေအချာ ထပ်စစ်ဆေးကြည့်ပြန်၏။ တွေ့ပြီ။ သူ့လေယာဉ်ပျံကြီးရှိရာသို့ အတိအကျဦးတည်ပြီး ပျံသန်းလာနေ၏။ ရှေ့မှ လေသူရဲကို သတိပေးရန် သူပြင်ဆင်လိုက်၏။ အချိန်မရတော့။

ပြင်းထန်သော ပေါက်ကွဲသံကြီးကို ကြားလိုက်ရ၏။ လေယာဉ်ပျံ တစ်စီးလုံး သွက်သွက်ခါသွား၏။

သူသည် အရေးပေါ် လေယာဉ်ပျံ ခုန်ထွက်နိုင်သည့် ခလုတ်ကို နှိပ်လိုက်၏။

လေထဲ ထွက်သွားပြီ။

လေထဲထွက်လာနိုင်သည့်သူမှာ တစ်ယောက်တည်းသာ ရှိ၏။

သူသည် လေထဲရောက်သည်နှင့် ဘေးဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။ တကယ်တော့ အီးဘီ ၆၆ လေယာဉ်ပျံ၌ လေယာဉ်သားမှာ ခြောက်ဦး ရှိသဖြင့် အခြားလေထီးငါးခုကိုလည်း လှမ်းမြင်သင့်၏။ တစ်ခုမှ မမြင်ရ။

သူသည် သူရောက်နေမည့် နေရာကို တွက်ချက်ဆင်ခြင် ကြည့်လိုက်၏။ အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်း၏ တောင်ဘက် ၁၂ မိုင် အကွာ ကန်လိုဒေသ အတွင်းရှိရမည်။ ဤဒေသမှာ ယနေ့ ရန်သူတို့၏ ထိုးစစ်ဦးရောက်နေသော ဒေသဖြစ်၏။ ရန်သူတပ်သား လေးသောင်းကျော် ရှိနေသော ဒေသဖြစ်၏။ ခက်ပြီ။

သူသည် ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက် ပြန်၏။ ပေတစ်သောင်းနှစ်ထောင် အမြင့်ခန့်၌ အို ၂ အမျိုးအစား ကင်းထောက်လေယာဉ်ပျံ တစ်စီးကို လှမ်းမြင်နေရ၏။ အို ၂ အမျိုးအစား လေယာဉ်ပျံများ၏ တာဝန်မှာ ဂျက်တိုက်လေယာဉ်ပျံများ၏ ပစ်မှတ်ကို လမ်းပြရသော တာဝန်ဖြစ်၏။

“အို ၂၊ အို ၂၊ ကျွန်တော့် အသံ ကြားလား အကြောင်းပြန်ပါပဲ”

ဟာယ်မင်တန်သည် လေထီးကြိုးကို လက်တစ်ဘက်မှ ကိုင်ပြီး ကျန်လက်တစ်ဘက်ဖြင့် အရေးပေါ် သက်ကယ်ရေဒီယို စကားပြောခွက်ကိုကိုင်ပြီး လှမ်းခေါ်လိုက်၏။

"ဘယ်သူလဲ၊ အို ၂ မှ ပြန်ပြောနေတယ်။ ကျွန်တော့် တိုက်ပွဲဝင်အမည် ခွေးဘီလူး၊ ခင်ဗျား တိုက်ပွဲအမည် အကြောင်းပြန်။ ဒါပဲ"

"ခွေးဘီလူး၊ ကျွန်တော့် တိုက်ပွဲဝင်အမည် လင်းနို့ ၂၁၊ လေထီးနှင့် ဆင်းနေတယ်၊ ခင်ဗျားရဲ့ ၁၂ နာရီ ထောင့်မှာ ရှိတယ်၊ မြင်ရင် အကြောင်းပြန်၊ ဒါပဲ"

"တွေ့တယ်ဗျို့၊ တွေ့တယ်၊ ခင်ဗျား မြေပြင်ရောက်သွားရင်လဲ ဒီလေလှိုင်းကပဲ ကျွန်တော့်ကို ဆက်ပြီး ဆက်သွယ်ပါ၊ ရန်သူလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး တွေ့သမျှကိုလဲ သတင်းပို့ပေးပါ"

ဟာယ်မင်တန်၏ လေထီးမှာ မြေပြင်သို့ ရောက်တော့မည်။

ရောက်သွားပြီ။

ကံကောင်းသည်ဟု ဆိုရမည်။ မြေပြင်မှာ ပင်လယ်ဘက်မှ လွင့်လာသော နှင်းများနှင့် ဖုံးနေသည်။ မည်သည့်ရန်သူကမှ သူ့လေထီးကျသွားသော နေရာအတိအကျကို မြင်လိုက်နိုင်ကြမည် မဟုတ်။

သူ၏ ထီးကျသွားသော နေရာမှာ စပါးခင်းအတွင်း ဖြစ်၏။ သူသည် သူ့လေထီးကို ချက်ချင်းလုံးထွေးပြီး မြေထဲမြှုပ်ပစ်လိုက်၏။ မလှမ်းမကမ်းမှ ရန်သူတင့်ကားများ၊ အမြောက်သံများကို အတိုင်းသား ကြားနေရ၏။

"လင်းနို့ ၂၁၊ ခွေးဘီလူး ခေါ်နေတယ်၊ ခင်ဗျား အခြေအနေ ဘယ်လိုလဲ၊ အကြောင်းပြန်၊ ဒါပဲ"

"အားလုံးကောင်း ဒါပဲ"

"ခင်ဗျား ခွေးနံပါတ်စဉ် ဘယ်လောက်လဲ"

ဗီယက်နမ် စစ်မြေပြင်၌ အမှုထမ်းနေသည့် လေယာဉ်သားတိုင်း၌ လျှို့ဝှက်နံပါတ်ကို ပြောပြလိုက်ခြင်းဖြင့် ဌာနချုပ်မှ မိမိ မည်သူဖြစ်သည်ကို ချက်ချင်း သိနိုင်၏။ ထိပ်တန်းလျှို့ဝှက်ချက် နံပါတ်ဖြစ်၏။

ဟယ်မင်တန်သည် သူ၏ ခွေးနံပါတ်စဉ်ကို သတင်းပို့လိုက်၏။

"ခင်ဗျား အနှစ်သက်ဆုံး အားကစားဟာ ဘာလဲ"

"ဂေါက်သီး"

"ဟုတ်ပြီ၊ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်တို့ စိတ်ချနိုင်ပြီ။ လင်းနို့ ၂၁၊ ခင်ဗျားရောက်နေတဲ့ နေရာမှာ ဆက်ငြိမ်နေပါ။ မနက်ကျရင် ကျုပ် ပြန်လာခဲ့မယ်။ ဒါပဲ"

အို ၂ ကင်းထောက် လေယာဉ်ပျံ တောင်အရပ်သို့ ဦးတည်ပြီး ပျံသန်းထွက်သွား၏။

ည ရောက်ခဲ့ပြီ။

သစ်ပင်အုပ်လေးများ မြင်တွေ့နေရသော အနောက်စူးစူး အရပ်သို့ ဟယ်မင်တန်သည် တွား၍ ရွှေ့သွားခဲ့၏။ သူတို့ကိုယ်တွင် ကပ်၍ ပါလာသော အရေးပေါ် သက်ကယ်ပစ္စည်းများကို စစ်ဆေးကြည့်လိုက်၏။ မီးကျည်၊ မုဆိုးသုံးဓား၊ ဒသမ ၃၈ ခြောက်လုံးပြူး၊ ကျည်အတောင့် နှစ်ဆယ်၊ မြေပုံ၊ အိမ်မြှောင်။

သူသည် မြေပြင်ကို တစ်ကိုယ်အိပ်စရာ တူးဆွလိုက်၏။ လှဲအိပ်လိုက်၏။ ကိုယ်ပေါ်သို့ သစ်ရွက်များ ဖုံးလိုက်၏။

* * *

လက်နက်ကြီးများ ပစ်သံများကြောင့် သူ လန့်နိုးလာ၏။ မိုးလင်းခဲ့ပြီ။ မလှမ်းမကမ်းမှ လူသံနှင့် ယာဉ်များ သွားလာသံကို ကြားနေရ၏။ ထိုကြားနေရသော နေရာသို့ ဦးတည်ပြီး တွားရ၍ ရွေ့သွားခဲ့၏။

အနီးသို့ ရောက်သွားခဲ့ပြီ။

သူသည် သစ်ခြုံနွယ်ပင်များကြားမှ ရှေ့သို့လှမ်းကြည့်လိုက်၏။ သူနှင့် ကိုက်နှစ်ဆယ်ကွာသော တောလမ်းကြီးပေါ်၌ တင့်ကားများ၊ အမြောက်တင်ကားများနှင့် ရန်သူစစ်သားများ ရပ်နားနေသည်ကို တွေ့ရ၏။ လေကြောင်းမှ မမြင်နိုင်အောင် ပုံဖျက်ထား၏။ စစ်သားအချို့မှာ သူရှိရာ နေရာသို့ လက်ညှိုးထိုးပြီး လှမ်းကြည့်နေကြ၏။ စစ်သားတစ်ယောက်၏ လက်ထဲတွင် နိုင်လွန် လေထီးတစ်ခုကို ကိုင်ထား၏။ သူ့ လေထီး ဖြစ်ကောင်း ဖြစ်နိုင်၏။

"ခွေးဘီလူး လင်းနို့ ၂၁ မှ ခေါ်နေတယ်၊ အသံကြား အကြောင်းပြန် ဒါပဲ"

"လင်းနို့ ၂၁၊ ခွေးဘီလူး ပြန်ထူးနေတယ်၊ ဆက်ပြောပါ၊ ဒါပဲ"

"ခွေးဘီလူး၊ ကျွန်တော် ရန်သူနှင့် ကိုက်နှစ်ဆယ် အကွာလောက်ကို ရောက်နေတယ်။ စစ်သားတွေ၊ တင့်ကားတွေ အမြောက်တွေ အများကြီးပဲ။ တိုက်လေယာဉ်ပျံပစ် ကူခေါ်ပါ"

"ဟုတ်ပြီ၊ ခေါ်လိုက်မယ်။ ခင်ဗျား ရောက်နေတဲ့ နေရာ အတိအကျကို ကျွန်တော် မြင်သာအောင် ပြပါ၊ ဒါပဲ"

ဟယ်မင်တန်သည် သူ့သက်ကယ် ပစ္စည်းအိတ်တွင်းမှ အချက်ပြမှန်ကိုထုတ်ပြီး အို-၂ လေယာဉ်ပျံမှ လေသူရဲမြင်သာအောင် မြေပြင်တွင် ပက်လက်လှန်အိပ်၍ ပြလိုက်၏။

"တွေ့ပြီ၊ တွေ့ပြီ၊ ခင်ဗျား ရောက်နေတဲ့ နေရာမှာပဲ ငြိမ်နေပါ"

၄းမိနစ်ခန့်အတွင်း ဂျက်တိုက်လေယာဉ်ပျံများ အသံပေါ်လာ၏။ တောလမ်းပေါ်ရှိ ရန်သူတင့်ကားများပေါ်သို့ ဒုံးပျံများဖြင့် စတင်တိုက်ခိုက်၏။ မြေပြင်မှ ရန်သူလေယာဉ်ပစ် အသံများလည်း ဆက်တိုက်ပေါ်လာ၏။ ရန်သူ့လေယာဉ်ပစ် အမြောက်များမှာ ဟယ်မင်တန်၏ ဘေးပတ်ဝန်းကျင်တွင် စနစ်တကျ ချထားပါသည်။ ထိုအခါမှပင် ဟယ်မင်တန်သည် သူယခု ရန်သူ့စစ်ကြောင်းကြီး အလယ်တည့်တည့် အတွင်းတွင် ရောက်နေသည့် အဖြစ်ကို သိလိုက်တော့၏။ ချက်ချင်းပင် သက်ကယ်ပစ္စည်းအိတ်အတွင်းမှ အိပ်ဆောင်မြေပုံငယ်ကို ထုတ်ပြီး ရန်သူလေယာဉ်ပစ် အမြောက်တပ်စုများ တည်နေရာကို စနစ်တကျ မှတ်သားလိုက်၏။

"ခွေးဘီလူး၊ လင်းနို့ ၂၁ က ပြောနေတယ်။ ရန်သူ့ပင်မ လေယာဉ်ပစ် အမြောက်တပ်စုဟာ တောင်ကုန်း ၃၁ ပေါ်မှာ ရှိနေတယ်။ အဲဒါကို ပထမဦးစားပေး ဖြိုပါ"

"ကောင်းပြီ"

အို ၂-ကင်းထောက်လေယာဉ်ပျံ ချက်ချင်းတိုက်လေယာဉ်အုပ်ကို သတင်းပေးလိုက်ဟန်ရှိ၏။ ဂျက်လေယာဉ်ပျံများသည် ရုတ်ချည်း တောင်ကုန်း ၃၁ ကို ဦးတည်တိုက်ခိုက်ကြ၏။

"ခွေးဘီလူး၊ လင်းယုံ (၁)မှ ပြောနေတယ်၊ ကျုပ်တို့ ပစ်ခတ်မှု မှန်မမှန် ခင်ဗျား မိတ်ဆွေကို မေးပေးပါဦး"

ဂျက်တိုက်လေယာဉ်အုပ်၏ ခေါင်းဆောင်က လှမ်းပြောနေသံဖြစ်၏။

"လင်းနို့ ၂၁၊ ခွေးဘီလူး ခေါ်နေတယ်၊ တောင်ကုန်း ၃၁ ထိမထိ

အကြောင်းပြန်၊ ဒါပဲ”

“ခွေးဘီလူး၊ လင်းနို့ ၂၁ က ပြန်ပြောနေတယ်၊ ခင်ဗျားတို့ ပစ်ချက်တွေ အကုန်ညာဘက်ရောက်နေတယ်၊ ဘယ် ကိုက်တစ်ရာကို ပစ်ပါ၊ ဒါပဲ”

ဂျက် တိုက်လေယာဉ်ပျံများက ဟယ်မင်တန် ညွှန်ကြားသည့် အတိုင်း ဆက်လက်ပစ်ခတ်ကြ၏။ တောင်ကုန်း ၃၁ မှ ရန်သူ့ အမြောက် စခန်း ပြိုလေပြီ။

ထိုနေ့က တစ်နေ့လုံး ဟယ်မင်တန်သည် မြေပြင်မှ ရန်သူ့ပစ်မှတ်များကို တိတိကျကျ အသေးစိတ် သတင်းပို့ပြီး တိုက်လေယာဉ်ပျံများကို ပစ်ခတ်စေခဲ့၏။ သူ့ကြောင့် သေသပ်စွာ ဖုံးဖျက်ထားသော ရန်သူ့အကြီးစား တင့်ကားခြောက်စီး ပျက်စီးသွား၏။ ရန်သူအများအပြား ကျဆုံး၏။ မိမိဘက်မှ ပစ်ခတ်သော ဒုံးကျည်များမှာ မိမိအနီး၌ မကြာခဏ ပေါက်ကွဲတတ်သဖြင့် သူ့တစ်ကိုယ်လုံးမှာ မီးခိုးများ၊ ယမ်းနံ့များနှင့် ပေကျံနေ၏။ စစ်၏ ဆိုးရွားလှသော အနိဋ္ဌာရုံမြင်ကွင်းများကိုလည်း ဤသို့ အနီးကပ် သူတစ်ခါမှ မမြင်ခဲ့ဖူးပါ။ သူသည် နောက်ဆုံးတွင် ရှေ့၌ မြင်တွေ့နေရသော မြင်ကွင်းများကို ဆက်မမြင်ချင်တော့သဖြင့် သူ့မျက်နှာကိုပင် လက်နှင့်အုပ်ပြီး မြေပြင်တွင် မှောက်အိပ်နေမိ၏။

“လင်းနို့ ၂၁၊ ခွေးဘီလူး ပြောနေတယ်၊ ခင်ဗျားကို ကယ်ဖို့ ရဟတ်ယာဉ် ထွက်လာပြီ”

မင်္ဂလာသတင်းဖြစ်၏။ သူအလွန် ဝမ်းသာသွား၏။

“လင်းနို့ ၂၁၊ အသင့်ပြင်ထားပါ၊ ရဟတ်ယာဉ် ခင်ဗျားရှိရာကို ဦးတည်ပျံလာနေပြီ”

မှန်သည်။ အရှေ့တည့်တည့်မှ ရဟတ်ဟာဉ်တစ်စီးသည် သူရှိရာသို့ ဦးတည်ပျံသန်းလာချေ၏။ သူသည် အချက်ပြ မီးကျည်ကိုထုတ်ပြီး အဆင်သင့် ပြင်ထားလိုက်၏။ ရဟတ်ဟာဉ်ပေါ် ပြေးတက်ရန်လည်း သူ့ခြေထောက်များကို အသင့်ကွေးထား၏။

မျှော်လင့်သလို ဖြစ်မလာ။

သူနှင့် မလှမ်းမကမ်းသို့ ရဟတ်ယာဉ်ရောက်လာသည်နှင့် မြေပြင်မှ ရန်သူ့စက်အမြောက်များသည် ရဟတ်ယာဉ် သွားလမ်းရှေ့ကို ကြိုပြီး ရေပန်းနှင့် လှမ်းပက်သလို ကျည်အမြောက်များကို တစ်ချိန်တည်းသုံး၍ လှမ်းပစ်ကြ၏။ ရဟတ်ယာဉ်မှာ တစ်မိုင်အနီးခန့်ရောက်လာပြီးမှ ဆက်မပျံလာရဲတော့။ ပြန်ကွေ့သွားရ၏။ မိမိ ပတ်ဝန်းကျင်၌ ရန်သူ့ စက်အမြောက်များ ဤမျှ အရေအတွက် များပြားစွာ ဝိုင်းရံနေကြလိမ့်မည်ဟု ဟယ်မင်တန် လုံးဝမရိပ်မိခဲ့ပါ။

"ခွေးဘီလူး၊ စိမ်းပြာမှ ပြောနေတယ်"

"ဆက်ပြောပါ"

ပြန်ကွေ့သွားသော ရဟန်ယာဉ်နှင့် အို-၂ ကင်းထောက်လေယာဉ်ပျံ ဆက်သွယ်နေကြခြင်း ဖြစ်၏။

"ကျွန်တော့် ရဟတ်ယာဉ် စက်ခေါင်းမှာ ကျည်တစ်ချက်မှန်သွားတယ်၊ ပစ်မှတ်ပေါ် ရောက်အောင် ထပ်သွားနိုင်တော့မှာ မဟုတ်ဘူး၊ စခန်းပြန်တော့မယ်"

"ဟုတ်ကဲ့၊ ပြန်ပါ"

ဟယ်မင်တန်သည် စခန်းပြန်လှည့်သွားသော ရဟတ်ယာဉ်ကိုမျက်စိတစ်ဆုံး ငေးစိုက်ကြည့်နေမိ၏။

"လင်းနို့ ၂၁၊ ခွေးဘီလူး ခေါ်နေတယ်"

"ဆက်ပြောပါ"

"ခင်ဗျား မြင်တဲ့အတိုင်းပဲဗျာ၊ ဒီနေ့အဖို့တော့ ဘာမှ တတ်နိုင်မှာတော့ မဟုတ်ဘူး၊ တစ်ညတော့ ဆက်သည်းခံပါဦးဗျာ"

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်"

ဟယ်မင်တန်သည် သူမနေ့ညက တစ်ညအိပ်ခဲ့သော တစ်ကိုယ်စာ တူးထားသည့် ကျင်းရှိရာသို့ ပြန်တွားသွား၏။ သူ အလွန်ရေငတ်၏။ သူဘာမှ မစားရ မသောက်ခဲ့ရသည်မှာ ၂၄ နာရီ တိတိ ရှိသွားလေပြီ။

အမှောင်ပျိုးသည်နှင့် နှင်းမှုံများလည်း ကျလာ၏။ ပတ်ဝန်းကျင် တစ်ခုလုံးမှာ ဘာမှ သဲကွဲခြင်း မရှိတော့။

* * *

မနက် ၄ နာရီ ၂၀ မိနစ်တွင် ဟယ်မင်တန် ပြန်နိုးလာ၏။ သူ့ဗိုက်မှာ မခံမရပ်နိုင်အောင် ဆာနေသည်။ အစာတစ်ခုခုတော့ရှာစားထားဦးမှ ဖြစ်မည်။ သက်ကယ်ရဟတ်ယာဉ်လာချိန်၌ အာဟာရပြတ်ပြီး အားအင်ကုန်ခန်းနေလျှင် မခက်ချေလား။ မနေ့နေ့လယ်က မြင်တွေ့ထားသော ဥယျာဉ်ခြံတစ်ခုကိုလည်း သတိရ၏။ ထိုခြံ၌ အစာသွားရှာလျှင်ရနိုင်သည်။

သူသည် သက်ကယ်ရေဒီယိုဆက်သွယ်ရေးစက်ကို ထုတ်လိုက်သည်။ ညကင်းထောက်လေယာဉ်ပျံတစ်စင်းကို အဆက်အသွယ်လုပ်ကြည့်၏။ ချက်ချင်းပြန်ထူး၏။ သူ့ရည်ရွယ်ချက်ကို ပြောပြလိုက်၏။

"သတိတော့ထားဗျာ။ ခင်ဗျားဘေးပတ်လည်တစ်ခုလုံးမှာ မိုင်းဗုံးတွေမြှုပ်ထားတာရှိတယ်။ လမ်းသွားရင် ခြေဖျားလေးထောက်ပြီးသွား။ သိပ်သတိထား"

ညမှာ အမှောင်အတိ ဖြစ်၏။

ဟယ်မင်တန်သည် သူ့အကျႌအိတ်အတွင်းမှ အိတ်ဆောင်အိမ်မြှောင်ငယ်လေးကိုထုတ်လိုက်၏။ ဥယျာဉ်ရှိမည့်နေရာကိုမှန်းဆပြီး အိမ်မြှောင်ညွှန်းကိုကြည့်လိုက်၏။ ၁၅၈ ဒီဂရီ။ သူသည် သူပုန်းလျှိုရာကျင်းသို့ မှောင်ကြီးမည်းမည်းအတွင်း၌ ပြန်လာရန်မှာ အကွာအဝေးကိုလည်း အတိအကျသိထားမှဖြစ်မည်။ အကွာအဝေးကို အတိအကျမှန်းဆရန်မှာ ခြေလှမ်းကို ရေတွက်သွားခြင်းဖြစ်၏။ သူသည် ၁၅၈ ဒီဂရီ အိမ်မြှောင်ညွှန်းကိုဦးတည်ပြီး ခြေဖျားထောက်လျှောက်သွား၏။ ခြေတစ်လှမ်းလှမ်းတိုင်း မိုင်းနင်းမိမည်စိုး၍ ရင်ထဲ၌ တထိတ်ထိတ်ခုန်နေ၏။ အထူးသဖြင့် မြေပျော့သည့်နေရာကိုမနင်းမိရန် သတိထား၏။ မိုင်းမြှုပ်ထားတတ်သည့်နေရာများမဟုတ်လား။ မကြာမီ ဥယျာဉ်စပ်သို့ရောက်သွား၏။ ဘယ်ရီပင်များကို တွေ့ရသည်။ ဘယ်ရီသီးများကိုဆွတ်ပြီး အရည်ညှစ်၍ စုပ်စားလိုက်သည်။ အလွန်ချိုလှဘိ၏။ ဥယျာဉ်မှာမကျယ်၊ အလွန်ကျဉ်းသော ဥယျာဉ်လေး ဖြစ်၏။

အပြန် အိမ်မြှောင်ညွှန်းမှာ ၁၅၈ ဒီဂရီ၏ ဆန့်ကျင်ဘက် ၃၃၈ ဒီဂရီ ဖြစ်၏။ သူသည် ၃၃၈ ဒီဂရီ အိမ်မြှောင်ညွှန်းကိုကြည့်ပြီး ပြန်လျှောက်လာသည်။ ခြေလှမ်းကိုလည်းမမှားအောင် အသေအချာ ရေတွက်၏။ သူ့ ကျင်းရှိရာနေရာသို့ရောက်ပြီး ခြေဖြင့်စမ်းပြီး ကျဉ်းကိုရှာကြည့်၏။ မတွေ့။ ရုတ်တရက် ထူပူသွား၏။ သို့သော် ချက်ချင်းပင် သူ့စိတ်ကိုတည်ငြိမ်အောင်ပြန်ထိန်းပြီး လက်ရှိရောက်နေသောနေရာကို အတိအကျမှတ်သား၍ ယင်းနေရာကိုဗဟိုပြုပြီး စက်ဝိုင်းပုံပတ်၍ တွင်းရှိနိုင်သောနေရာကို ရှာ၏။ သုံးမိနစ်ခန့်အတွင်းမှာပင် ပြန်ရှာတွေ့၏။ သူသာ

လေကြောင်းပြအတတ်ကို ကျွမ်းကျင်တတ်မြောက်သူမဟုတ်လျှင် ဤသို့ ညအမှောင်ထုအတွင်း၌ သွားလာရန် လွယ်လိမ့်မည်မဟုတ်ပါ။ လမ်းပျောက်နေမည်မှာ အမှန်ဖြစ်၏။ သူသည် ချက်ချင်းပင် ကျင်းထဲလဲလျောင်းပြီး ပြန်အိပ်နေလိုက်၏။

* * *

ဗိုလ်မှူးကြီးဝေါ်ကာမှာ ခန္ဓာကိုယ်အလွန်ကြီးထွားသူဖြစ်၏။ သို့သော် သူသည် အမှတ် ၃၈၈ တိုက်လေယာဉ်အုပ်၏ အုပ်မှူးဖြစ်၏။ ဤတိုက်လေယာဉ်အုပ်မှာ ဟယ်မင်တန်၏မိခင် လေယာဉ်အုပ်ပင်။

စစ်ဆင်ရေးခန်းမတွင် လေသူရဲများ စုရုံးနေသည်။ ဟယ်မင်တန် လေယာဉ်ပျက်ကျသောနေရာ မြေပုံညွှန်းကို ဝိုင်း၍ကြည့်နေကြသည်။ မကြာမီ အမှတ် ၃၈၈ လေယာဉ်အုပ်၏ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးဆန်ဖစ်ကတ် ဝင်လာ၏။

“ကဲ. . ရဲဘော်တို့ မကောင်းသတင်းတစ်ခုတော့ အစီရင်ခံရဦးမယ်။ ရန်သူဘက်က ဟယ်မင်တန်ဟာ ဘယ်သူလဲဆိုတာ သိသွားကြပြီ”

“ကျုပ်တို့ အမှတ် ၃၈၈ တိုက်လေယာဉ်အုပ်က ဆိုတာရော သိလား”

ဗိုလ်မှူးကြီးဝေါ်ကာက လှမ်းမေးလိုက်၏။

“သိမယ်ထင်တယ်”

“အဲဒါသိရင်တော့ သူတို့ရေဒါတွေကို လှည့်ဖျားတဲ့ အီလက်ထရောနစ်ပညာရှင်ဖြစ်တယ်ဆိုတာလည်း သိပြီးပြီ ဖြစ်နေကြမှာပဲ။ ဒီလိုသိတယ်ဆိုတာနဲ့ ဟယ်မင်တန်ဟာ အမေရိကန်တပ်မတော်ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်တွေအများကြီးသိထားတဲ့ အရာရှိဆိုတာ သူတို့ မှန်းဆကြည့်

လို့ ရမှာပဲ”

“ဒါကတော့ ပြောဖို့ခက်ပါတယ်”

“ခက်ခက် မခက်ခက်ဗျာ။ ကျုပ်သဘောကတော့ ဟယ်မင်တန်ကို ရန်သူလက်ထဲပါမသွားခင် မရ ရအောင် ဖြစ်တဲ့နည်းနဲ့ ပြန်ကယ်ရမယ်”

* * *

လေးရက်ရှိသွားပြီ။

ဟယ်မင်တန်သည် သူ့မျက်နှာပေါ်တွင် နေရောင်ထိုးနေသဖြင့် ရုတ်တရက် အိပ်နေရာမှ လန့်နိုးလာ၏။ ရာသီဥတုမှာ မနေ့ကထက် အနည်းငယ်ကောင်းလာသလိုရှိ၏။ မြူများဆိုင်းနေမှုမှာလည်း အနည်းငယ်ပါးသွားသလိုပင်။ မနေ့ကမူ ဤနှင်းထုကြီးကြောင့်ပင် သက်ကယ် ရဟတ်ယာဉ် ပေါ်မလာနိုင်ခဲ့ဟန် ရှိ၏။

သူသည် မလှမ်းမကမ်းမှ ရန်သူတင့်ကားများ လှုပ်ရှားသွားလာနေသော လမ်းဆုံရှိရာနေရာသို့ တွားသွား၏။ ရန်သူလှုပ်ရှားမှုများကို အသေးစိတ်မှတ်သား၏။ ထို့နောက် မိမိခိုအောင်းရာ ကျင်းရှိရာသို့ ပြန်လာပြီး လှဲအိပ်လိုက်၏။ ယနေ့လည်း သက်ကယ်ရဟတ်ယာဉ် လာဦးမည်မဟုတ်။ ခွေးဘီလူးထံမှ သတင်းပို့ချက်များအရ ဟယ်မင်တန်တို့ တိုက်လေယာဉ်အုပ်မှ မတ်ကလတ်ဆိုသူ၏ လေယာဉ်ပျံသည်လည်း အပစ်ချခံရပြီး မတ်ကလတ်သည် လေထီးဖြင့် ခုန်ဆင်း၍ မိမိနှင့်မလှမ်းမကမ်းတောအုပ်တစ်နေရာတွင် ပုန်းလျှိုးနေသည်ဟုဆို၏။ မတ်ကလတ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက အလွန်နာမည်ကြီးခဲ့သော အမေရိကန်ဗိုလ်ချုပ်ကြီး ကလတ်၏ မြေးတော်သူဖြစ်၏။ သူ၏ လွတ်မြောက်ရေးအတွက်လည်း

မိခင်လေတပ်စခန်းမှ လေသူရဲများ အလုပ်များနေကြဟန်ရှိ၏။

ဟယ်မင်တန်သည် မိမိမြင်တွေ့ခဲ့သော ရန်သူ့လှုပ်ရှားမှုများကို သတင်းပို့ရန်အတွက် ရေဒီယိုဆက်သွယ်ရေးစက်ငယ်ကလေးကို အင်္ကျီအိတ်အတွင်းမှ ဆွဲထုတ်လိုက်၏။ ထို့နောက် မလှမ်းမကမ်းမှ လုံးဝ မမျှော်လင့်ထားသော မြင်ကွင်းတစ်ခုကြောင့် လန့်ပြီး ကြက်သေသေ၍ ငေးကြည့်နေမိ၏။ မြင်ကွင်းမှာ ဆယ်နှစ်အရွယ်ခန့်သာရှိဦးမည့် ဗီယက်နမ်ကလေးငယ်တစ်ဦးဖြစ်၍ သူနှင့် ၁၅ ကိုက်ခန့်အကွာတွင် ခွေးတစ်ကောင်ကို လည်ပင်းကြိုးဆွဲပြီး မတ်တတ်ရပ်နေ၏။ သူဘာလုပ်ရမည်နည်း။ ပြေးလျှင်ကောင်းမလား။ နေ့ခင်းကြောင်တောင်ကြီးပြေး၍လည်း လွတ်မည်မဟုတ်။ သူသည် မျက်လုံးကိုစုံမှိတ်ပြီး သေပုံဟန်ဆောင်နေလိုက်၏။

ကလေးငယ်သည် သူ့ထံသို့လျှောက်လာ၏။ ဒုတ်တစ်ချောင်းဖြင့် သူ့ရင်ဘတ်ကို ထိုးကြည့်၏။ ခွေးကလည်း ဟယ်မင်တန်၏မျက်နှာကို လာနမ်း၏။ လျှာဖြင့်လျက်၏။ အခံရခက်လိုက်သည်ဖြစ်ခြင်း။ သူလှဲနေရာမှထပြီး ကလေးငယ်ကို သတ်လိုက်ရမည်လား။ မလုပ်သင့်မလုပ်ရက်။ အကျဉ်းသားအဖြစ် ဖမ်းထားရမည်လား။ လက်တွေ့လုပ်ရန် မလွယ်။ သူ ဆက်ငြိမ်နေ၏။

ကလေး ကျေနပ်သွားဟန်ရှိ၏။ အမှန်ပင် ဟယ်မင်တန်ကို လူသေတစ်ဦးဟု ယူဆသွားဟန်ရှိ၏။ ခွေးကိုဆွဲပြီး အဝေးသို့ပြန်လျှောက်သွား၏။

ဟယ်မင်တန်သည် ကလေးငယ် ခြေသံပျောက်သွားသည်နှင့် ခေါင်းထောင်ပြီး ထကြည့်လိုက်၏။ ကလေးသည် ရွာရှိရာသို့ ဦးတည်သွားနေ၏။ မိုင်းဗုံးများချထားသော လယ်ကွင်းများကို ဖြတ်လျှောက်နေ၏။

အံ့စရာဖြစ်၏။ ခွေးသည် မိုင်းရှင်းသော လူသွားလမ်းကို ကလေးကို ဦးဆောင်ပြီး ခေါ်သွား၏။ မကြာမီ ရွာစပ်မှ အိမ်တစ်လုံးအနီးသို့ ကလေးငယ်ရောက်သွား၏။ ကလေးငယ်က အမျိုးသမီးကြီးကို ဘာပြောလိုက်သည်မသိ။ အမျိုးသမီးကြီး အိမ်ထဲ ပြန်ပြေးဝင်သွား၏။ စစ်သား သုံး-ယောက် ထွက်လာ၏။ ကလေးငယ်က ဟယ်မင်တန် ပုန်းလျှိုးနေသောနေရာကို လက်ညှိုးထိုးပြနေ၏။ စစ်သားသုံးယောက်သည် ချက်ချင်းပင် ဟယ်မင်တန် ရှိသောနေရာသို့ ပြေးလာကြ၏။ သို့သော် မိုင်းဗုံးများ ချထားသော လယ်ကွင်းအနီးသို့ ရောက်သောအခါ၌ ဆက်မပြေးဝံ့ကြတော့ဘဲ ခွေးကိုဦးဆောင်စေပြီး နောက်မှ တစ်လှမ်းချင်း လိုက်လာကြ၏။

"ခွေးဘီလူး၊ လင်းနို့ ၂၁ ခေါ်နေတယ်"

"လင်းနို့ ၂၁၊ ဆက်ပြောပါ"

"ကျွန်တော့်ဆီ စစ်သားသုံးယောက် ဖမ်းဖို့လာနေကြတယ်။ ခုရွာအစပ်က လယ်ကွင်းပြင်ကို ဖြတ်လာနေကြပြီ။ ခင်ဗျား လှမ်းမြင်နိုင်တယ် မဟုတ်လား။ တိုက်လေယာဉ်ပျံ စစ်ကူခေါ်ပေးပါ။ မြန်မြန်လုပ်ဗျို့"

"ဟုတ်ကဲ့၊ ခေါ်လိုက်မယ်"

နှစ်မိနစ်အတွင်း လေယာဉ်ပျံသံ ကြားရ၏။ တိုက်လေယာဉ်ပျံ မဟုတ်။ အို ၂ ကင်းထောက်လေယာဉ်ပျံဖြစ်၏။ အို ၂ ကင်းထောက် လေယာဉ်ပျံမှာ စစ်သားသုံးယောက်၏ ခေါင်းပေါ်တည့်တည့်သို့ ဖြတ်ပျံပြီး သူ့အတောင်ပံများမှ ဗုံးနှစ်လုံးကိုဖြုတ်ချလိုက်၏။ ထိုဗုံးများမှာ တကယ်တော့ လူသတ်ဗုံးမဟုတ်။ မီးခိုးဗုံးဖြစ်၏။ အို ၂ ကင်းထောက် လေယာဉ်ပျံတွင် လူသတ်ဗုံးမပါပါ။ ရန်သူကို တိုက်ခိုက်အန္တရာယ်ပြုနိုင်သော လေယာဉ်ပျံမဟုတ်ပါ။ သို့သော် ရန်သူစစ်သားသုံးယောက်သည်

မီးခိုးပုံးများကျလာသည်ကို မြင်သည်နှင့် ရုတ်တရက်လန့်ပြီး ခွေးနောက် မလိုက်တော့ဘဲ ခြေဦးတည့်ရာ စွတ်ပြေးကြ၏။ မိုင်းပုံးများနင်းမိပြီး မိုင်းပုံးများ ထကွဲတော့၏။ သုံးယောက်စလုံး၏ ခန္ဓာကိုယ်များ လေထဲ မြောက်တက်သွားကြ၏။

"လင်းနို့ ၂၁၊ ခွေးဘီလူး ခေါ်နေတယ်"

"ဆက်ပြောပါ"

"တိုက်လေယာဉ်ပျံကိုစောင့်နေရင် အချိန်မီတော့မယ် မထင်လို့ ကျူပ်ပဲ ဝင်နွှဲလိုက်ရတယ်။ အခြေအနေကောင်းတယ် မဟုတ်လား"

"ကောင်းတယ်၊ သိပ်ကောင်းတယ်။ ကျေးဇူးပါပဲဗျာ"

* * *

နေ့လယ် မွန်းတည့်ချိန် ရောက်ခဲ့ပြန်ပြီ။

သက်ကယ်ရဟတ်ယာဉ်၏ အရိပ်အရောင်မျှမမြင်။ ဟယ်မင်တန်ကိုယ်တိုင်လည်း သက်ကယ်ရဟတ်ယာဉ်ကို အားမကိုးချင်တော့။ မိမိအစွမ်းအစကိုပင် အားထား၍ ရန်သူ့နယ်မြေကိုဖြတ်၍ပြေးလျှင် ကောင်းမည်လား။

သူသည် အိပ်ဆောင်မြေပုံကိုထုတ်၍ ရန်သူ့နယ်မြေကို ဖြတ်ပြန်နိုင်သော နည်းလမ်းများကို ရှာကြံကြည့်ကြ၏။ အနောက်စူးစူးသို့သွားလျှင် မိုင် (၄၀)ကျော်သည်နှင့် လာအိုနိုင်ငံ၏ နယ်စပ်ကို ရောက်မည်။ သို့သော် လာအိုနိုင်ငံက မိမိကိုလက်ခံနိုင်မည်လား မပြောနိုင်။

မြောက်ဘက်မှာမူ ရန်သူပိုင်နယ်မြေဖြစ်၍ မည်သို့မှပြေး၍မဖြစ်။ ရန်သူ့မြို့တော် ဟန္နိုင်မြို့သို့သာ ရောက်သွားမည်။

တောင်ဘက်ကိုပြေးလျှင်မူ လွတ်အောင်သာပြေးနိုင်လျှင် မိမိ တပ်

စခန်းရှိသောနေရာသို့ ပြန်ရောက်နိုင်မည်ဖြစ်သည်။ သို့သော် ရန်သူ့စစ်ဦး အတွင်းကို ထိုးဖောက်၍ပြေးရမည်။ လွတ်ရန် မလွယ်လှ။

အဖြစ်နိုင်ဆုံးနည်းလမ်းမှာ အရှေ့စူးစူးကို ဦးတည်ပြီးပြေးရန် ဖြစ်၏။ အရှေ့စူးစူးတွင် ပင်လယ်ရှိသည်။ သို့သော် ပင်လယ်စပ်သို့ မရောက်မီ ရန်သူချီတက်ရာလမ်းကြောင်း အထပ်ထပ်ကို ဖြတ်ရဦးမည်။ ထင်သလို လွယ်မည်မဟုတ်။

အကောင်းဆုံးနည်းမှာ အဘယ်နည်း။

သည်းခံပြီး သက်ကယ်ရဟတ်ယာဉ် ရောက်လာသည်အထိ စောင့်ရန်ပင် မဟုတ်လား။

ရာသီဥတုမှာ အလွန်သာယာလှ၏။ ယခုမွန်းတည့်ချိန်၌ မြူများလည်း အရိပ်အယောင်မျှ မရှိတော့။ ကောင်းကင်တစ်ခုလုံးမှာလည်း ပြာလဲ့နေ၏။

"လင်းနို့ ၂၁"

"ပြောပါ"

"စိမ်းပြာထွက်လာပြီ။ အဆင်သင့် လုပ်ထားပါ"

"ဟုတ်ကဲ့"

ဟယ်မင်တန်၏ရင်ထဲ၌ မဖော်ပြတတ်အောင် ဝမ်းသာသွား၏။ လက်ထဲမှမြေပုံကို ချက်ချင်းခေါက်သိမ်းလိုက်၏။ အချက်ပြမီးကျည်ကို ဆွဲထုတ်ပြီး အသင့်ပြင်ထားလိုက်၏။

ငါးမိနစ်ခန့်အတွင်း ရဟတ်ယာဉ်စက်သံကို စကြားရ၏။ ရဟတ်ယာဉ်မှာ တစ်စီးမဟုတ်။ နှစ်စီးဖြစ်၍ အနောက်အရပ်ရှိ မြစ်ကြောင်းအတိုင်း အနိမ့်ပျံပြီး သူ့ထံ ဦးတည်လာနေသည်။ ရဟတ်ယာဉ်နှစ်စီးမှ

တစ်စီးမှာ ရဟတ်ယာဉ် တိုက်လေယာဉ်ပျံဖြစ်၏။ သက်ကယ်ရဟတ်ယာဉ်ကို ပစ်ကူပေးရန် တွဲ၍ လိုက်ပါလာခြင်းဖြစ်၏။

တဖြည်းဖြည်း နီးလာပြီ။ အချက်ပြမီးကျည်များကို အသင့်ကိုင်ထားသော ဟယ်မင်တန်၏လက်များမှာ တဆတ်ဆတ်နှင့်တုန်နေ၏။

ရန်သူ့စက် အမြောက်များကလည်း သူနှင့် နီးလာသည်နှင့် အစွမ်းကုန် စ၍ပစ်ခတ်တော့၏။ ရဟတ်ယာဉ် တိုက်လေယာဉ်ပျံကလည်း သူ့တွင် ပါသမျှ စက်သေနတ်များကိုသုံးပြီး ရှေ့မှ ပျံသန်းရာ လမ်းကြောင်းကို ရှင်းပြီး လိုက်လာ၏။

"စိမ်းပြာ၊ ခွေးဘီလူး ပြောနေတယ်။ ရန်သူ့စက်အမြောက်စခန်းခင်ဗျား ၁၂ နာရီမှာရှိတယ်။ သတိထား"

၁၂ နာရီဆိုသည်မှာ လေသူရဲများသုံးသော ဝေါဟာရတွင် ရှေ့တည့်တည့်ကို ဆိုလိုခြင်း ဖြစ်၏။

ရဟတ်ယာဉ် ရန်သူ့စက်အမြောက်စခန်းပေါ် တည့်တည့်ရောက်သွားပြီ။ မြေကြီးတုန်အောင် ပစ်ခတ်မှုများ ရုတ်တရက်ပေါ်လာ၏။

"ကွေ့. . ကွေ့၊ ဟော့လူ. . ကွေ့"

ခွေးဘီလူးမှ စိမ်းပြာကို စိုးရိမ်စွာ လှမ်းပြောနေခြင်းဖြစ်၏။ အချိန်မမီတော့ပါ။ သက်ကယ်ရဟတ်ယာဉ်သည် ရန်သူ့စက်အမြောက်မှန်ပြီး လေထဲ၌ မီးလုံးကြီးအဖြစ်ပေါက်ကွဲ၍ ဟယ်မင်တန်၏ မျက်စိရှေ့၌ပင် မြေပြင်သို့ ထိုးကျသွား၏။

"သွားပြီ။ ခြောက်ယောက်တော့သွားပြီ။ ငါ့တစ်ယောက်ရဲ့အသက်ကိုကယ်ဖို့အတွက် ငါ့ရဲဘော်ခြောက်ယောက်ရဲ့အသက် ဆုံးပါရောလား"

ဟယ်မင်တန်သည် ပျက်ကျသွားသော ရဟတ်ယာဉ်ကိုကြည့်ပြီး

စိတ်ထဲမှ ညည်းတွားလိုက်မိ၏။ အလွန်လည်း ဝမ်းနည်းသွား၏။ သက်ကယ် ရဟတ်ယာဉ်တစ်စီးတွင် လေယာဉ်သား ခြောက်ဦး ပါရှိပါသည်။

* * *

တစ်ရက် ကူးခဲ့ပြန်ပြီ။

လွန်ခဲ့သည့်ညကလည်း ဟယ်မင်တန်သည် သူနှင့် မလှမ်းမကမ်း မှ ဉယျာဉ်တွင်းသို့ အစာရှာထွက်ခဲ့သေးသည်။ ကံကောင်းထောက်မလွန်း သဖြင့် ရန်သူ့ညကင်းဖွဲ့တစ်ခု ဘေးရန်မှ သီသီလေး လွတ်လာခဲ့၏။

ခြောက်ရက်မြောက်သောနေ့ အရုဏ်တက်တွင်မူ ရန်သူ့ မိုင်းဖုံး ရှင်းတပ်ဖွဲ့တစ်ခု ရောက်လာပြီး ရွာနှင့် ဟယ်မင်တန်ရှိနေသော တောအုပ် အကြားရှိ မိုင်းဖုံးများကို ရှင်းသည်ကိုတွေ့ရ၏။ မိုင်းများ ရှင်းပြီးသည်နှင့် သူ့ကို ရန်သူများ တောနင်းရှာကြတော့မည်ကို သူ ချက်ချင်းသဘော ပေါက်၏။ ထို့ကြောင့် တိုက်လေယာဉ်ပစ်ကူကို လှမ်းခေါ်လိုက်၏။ တိုက် လေယာဉ်ပျံများ ရောက်လာ၏။ ရန်သူများကို ပစ်ခတ်ပေး၏။ သို့သော် ရန်သူ မိုင်းရှင်းတပ်သားများက တိုက်လေယာဉ်ပျံများ ပျံသွားသည်နှင့် သူတို့တာဝန်ကို ချက်ချင်း ပြန်ထမ်းဆောင်၏။ ခက်ပြီ။ အနှေးနှင့်အမြန် ရန်သူများ သူတို့ ဧကန် ရောက်လာကြတော့မည် ဖြစ်၏။

ခုနစ်ရက် မြောက်ခဲ့ပြန်ပြီ။

မိုင်းဖုံးရှင်းတပ်သားများ ပို၍ရောက်လာခဲ့၏။ တိုက်လေယာဉ်ပျံ များကလည်း အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ပေး၏။ ထို့ကြောင့် ရန်သူ တပ်သားများ၏ လုပ်ငန်းမှာ မှန်းသလောက် အရာမရောက်။ မ တွင်။ ညဘက်တွင်လည်း တိုက်လေယာဉ်များက မီးကျည်များကြဲချပြီး မြေပြင် မှ ဖုံးရှင်းတပ်သားများကို အနှောင့်အယှက်ပေး၏

မနက် ၃ နာရီတွင် မြူနှင်းများကျလာ၏။ မြေပြင်တစ်ခုလုံးကို ဖုံးသွား၏။ ထိုအချိန်မှစ၍ တိုက်လေယာဉ်များ ရန်သူဗုံးရှင်း တပ်သား များကို အနှောင့်အယှက်ပေး၍ မရတော့။

ညသန်းခေါင်ယံကျော်ပြီးစ အချိန်ဖြစ်၏။ ဗိုလ်မှူးကြီး ဝေါကာ သည် စစ်ဆင်ရေးခန်းမအတွင်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက် နေ၏။ သူ့ရဲဘော် လေသူရဲများက သူ့အမူအယာကိုကြည့်ပြီး ငြိမ်နေ ကြ၏။

"ဟယ်မင်တန်ရဲ့ သတင်းပေးပို့ချက်အရ ရန်သူ့လေယာဉ်ပစ် အမြောက်တွေ သူ့ပတ်ဝန်းကျင်ကို ပိုပြီး ရွှေ့ပြောင်းနေရာချထားကြတယ် လို့ ပြောတယ်။ ဒါကြောင့် ဌာနချုပ်က သက်ကယ်ရဟတ်ယာဉ်နဲ့ ဝင် ကယ်မယ့်အစီအစဉ်ကို ပြန်ရုပ်သိမ်းလိုက်ပြီ။ ဝင်ကယ်ရင်လဲ နောက် တစ်စင်း အပစ်ချခံရရုံပဲရှိမှာပဲ။ ဒီတော့ ဟယ်မင်တန်ကိုကယ်ဖို့ တို့ တခြား ဘယ်လိုနည်းလမ်းရှာကြံကြဦးမလဲ"

ဗိုလ်မှူးကြီး ဝေါကာသည် သူ၏ ထောက်လှမ်းရေးအရာရှိကို လှမ်းကြည့်လိုက်၏။ ထောက်လှမ်းရေးအရာရှိ နံရံတွင် ချိတ်ဆွဲထားသော စစ်သုံးမြေပုံကို အသေအချာစိုက်ကြည့်ပြီး . . .

"မဲခေါင်မြစ်ဟာ ဟယ်မင်တန် ခုရောက်နေတဲ့ နေရာရဲ့ တောင် ဘက် နှစ်မိုင်တိတိအကွာမှာ ရှိတယ်။ ဟယ်မင်တန် အဲဒီမြစ်ရောက်တဲ့ အထိ သွားနိုင်ရင်တော့ ရန်သူ စစ်ဦးရဲ့ဘေးကို တော်တော်ရောက်သွား ပြီ။ တကယ်လို့ မြစ်ကိုရောက်အောင် သွားနိုင်ပြီး မြစ်ကြောင်းအတိုင်း အောက်ဘက်ကို နည်းနည်းလေးဆင်းသွားနိုင်ရင် သူ့ကို ကျွန်တော်တို့

ဝင်ကယ်လို့ရပြီ”

ဗိုလ်မှူးကြီး ဝေါ်ကာက ထောက်လှမ်းရေးအရာရှိ ထောက်ပြနေသော မြေပုံပေါ်မှ အနေအထားများကို အသေအချာ စစ်ဆေးကြည့်လိုက်၏။

“မြစ်ကိုရောက်အောင် သွားဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့ဖြစ်အောင်သွားဖို့ မလွယ်ဘူးနော်။ ဒီမှာ သူနဲ့မြစ်ကြားက ရန်သူ့အနေအထားတွေ အသေအချာကြည့်ဦး။ လေယာဉ်ပစ် အမြောက်စခန်းတွေ၊ ရွာတွေ၊ မိုင်းကွင်းတွေ။ အဲလေ. . မတတ်နိုင်ဘူး။ သူ လွတ်မြောက်ဖို့ မျှော်လင့်စရာက ဒီတစ်လမ်းပဲရှိတယ်ဆိုရင်လည်း ဒီလမ်းပဲ ကျုပ်တို့ ရွေးကြရမှာပဲ။ ဒီလမ်းအောင်မြင်ဖို့ပဲ စကြံကြတာပေါ့”

နောက် ၂၄ နာရီ ကြာသွားခဲ့ပြန်ပြီ။

“လင်းနို့ ၂၁၊ ခွေးဘီလူး ခေါ်နေတယ်”

“ဆက်ပြောပါ။ ဒါပဲ”

“ခင်ဗျား ခုရောက်နေတဲ့နေရာ အတိအကျကို သိတယ်မဟုတ်လား”

“ဟုတ်ကဲ့။ သိပါတယ်”

“သိရင် ကောင်းပြီ။ ခင်ဗျား ရှေ့ဆက်လုပ်ရမှာကတော့ Charlie the Tuna ထဲက အတိုင်းပဲ။ အသင့်ပြင်ထား”

ဟယ်မင်တန်သည် သူ့နားကိုသူ မယုံနိုင်အောင်ပင် ကြောင်၍ သွား၏။ Charlie the Tuna မှာ အမေရိကန်ရုပ်မြင်သံကြားမှ အခန်းဆက်ပြသလေ့ရှိသော ရုပ်ရှင်ဇာတ်လမ်း၏အမည်ဖြစ်၏။ ငါးလေးတစ်ကောင်၏ ဇာတ်လမ်းဖြစ်၏။ ခွေးဘီလူးသည် ဤရုပ်ရှင်အမည်ကို ပြော

ခြင်းဖြင့် သူ့ကို ဘာဆိုလိုပါသနည်း။ သူ အမျိုးမျိုး စဉ်းစား၏။ မိနစ် အနည်းငယ်အတွင်းပင် သူအဓိပ္ပာယ်ဖော်၍ရ၏။ သူ မြစ်ရှိရာသို့ ရောက် အောင် သွားရမည်။ မြစ်ကိုရောက်ပြီးမှ သူ့ကို ကယ်ဆင်ရန် စီစဉ်ထား ကြဟန် ရှိ၏။

"ခွေးဘီလူး၊ လင်းနို့ ၂၁က ပြောနေတယ်။ ခင်ဗျားပြောတဲ့ ပဟေဠိရဲ့ အဓိပ္ပာယ်ကို ကျွန်တော် ဖွင့်လို့ရပြီ"

"ကောင်းတယ်ဗျို့၊ သိပ်ကောင်းတယ်။ ခင်ဗျား ဂေါက်သီး ဝါသနာပါတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ကွင်း တော်တော်များများမှာ ကစားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ခင်ဗျား ခုကစပြီး ၁၈ ကျင်းပြည့်တဲ့အထိ ဂေါက်သီး စကစား ရမယ်။ ခု ပထမကျင်းစထွက်မယ်။ ဒီကျင်းက ကျူကန်ကွင်းက ကျင်း။ ဒီကွင်းရဲ့ ကျင်းရှိတဲ့အရပ်ကို အသေအချာ ဂရုစိုက်။ ကျင်း မရောက်ခင် ဘောလုံးကို ဒုက္ခပေးနိုင်တဲ့ အပေါက်တွေ အများကြီးရှိတယ်နော်"

ဂေါက်သီးကစားမယ်။ ကျူကန်ကွင်းက ပထမကျင်း။ ခွေးဘီလူး သည် သူ့ကို ဘာဆိုလိုသနည်း။ သူ့ခေါင်းတစ်ခုလုံး ပူသွားအောင် အမျိုးမျိုး ဆင်ခြင်ကြည့်သည်။ ရန်သူ့ဘက်မှ နားမလည်နိုင်အောင် လျှို့ ဝှက်ညွှန်ကြားချက်များ ပေးနေသည်ကိုတော့ သူ ချက်ချင်း သဘောပေါက် သည်။ ကျူကန်ကွင်း၏ ပထမကျင်းမှာ အရှေ့တောင်အရပ်ကို ဦးတည် ၏။ အကွာအဝေးမှာ ကိုက် ၄၃၀။ မှန်သည်။ ခွေးဘီလူးသည် သူ့ကို မဲခေါင်မြစ်ရောက်သည်အထိ ရန်သူ့ဘေးအန္တရာယ်များမှ ကင်းအောင်

အန္တရာယ်ရှိသောနေရာများကို ရှောင်ရန်အတွက် အိမ်မြှောင်ညွှန်းနှင့် အကွာအဝေးကို အတိအကျ တွက်ချက်ပေးပြီး ခေါ်ယူနေခြင်းပင် မဟုတ်လား။

"ခွေးဘီလူး၊ လင်းနို့ ၂၁ ခေါ်နေတယ်"

"ဆက်ပြောပါ"

"ကျွန်တော် ဘောလုံးကို စရိုက်တော့မယ်"

"ရိုက်"

* * *

ဟယ်မင်တန်သည် အိမ်မြှောင်ညွှန်းကို အသေအချာကြည့်ပြီး သစ်ပင်တစ်ပင်၏အရိပ်အောက်တွင် ဝင်နားလိုက်၏။ လသာသောည ဖြစ်သော်လည်း တိမ်ဖုံးနေသဖြင့် အလင်းရောင်များကို မမြင်ရ။ သူသည် အကွာအဝေးကို မလွဲမသွေရန်အတွက် ခြေလှမ်းများကို အသေအချာ ရေတွက်မှတ်သားလိုက်၏။ မိုင်းဗုံးအန္တရာယ်ရှိသဖြင့် ခြေလှမ်းတစ်လှမ်း လှမ်းမိတိုင်း ရင်ထဲတွင် တထိတ်ထိတ်နှင့်ရှိ၏။ ညင်ညင်သာသာရှိရန်လည်း အလွန် သတိထား၏။

မိနစ် သုံးဆယ်ခန့်ကြာလျှင် ကိုက် ၄၃၀ ခန့်သို့ ရောက်၏။ အလွန်မောနေ၏။ မှန်သည်။ သူ ရေနှင့် ရိက္ခာပြတ်နေသည်မှာ ရက်ပေါင်းများစွာ ကြာပြီမဟုတ်လား။

သူသည် ရောက်နေသောနေရာ၏ ဘေးပတ်ဝန်းကျင်အနေအထားကို စစ်ဆေးကြည့်လိုက်၏။ လမ်းဆုံတစ်ခုတွင် ဖြစ်နေ၏။

"ခွေးဘီလူး၊ လင်းနို့ ၂၁ ခေါ်နေတယ်"

"ဆက်ပြောပါ"

"ကျင်းနံပါတ် ၁ ကို ရောက်ပြီ"

"ခက်ရင်းခွ"

"ဟုတ်တယ်၊ ခက်ရင်းခွ"

ခက်ရင်းခွမှာ လေကြောင်းလမ်းပြပညာ၌ လမ်းဆုံးကို ဆိုလိုခြင်း ဖြစ်၏။

"တော်တယ်ဗျို့၊ ခင်ဗျား သိပ်တော်တယ်။ ခင်ဗျား ဂေါက်သီး ကျင်းထဲဝင်သွားပြီ။ ကဲ. . နောက်တစ်ကျင်း ဆက်ကစားကြရအောင်။ ခု ကစားမယ့်ကျင်းက ကျင်းနံပါတ် ၅။ ဒေးဗစ်မွန်သင်ကွင်းက ကျင်း နံပါတ် ၅"

ဒေးဗစ်မွန်သင်ကွင်းမှ ကျင်းနံပါတ် ၅ မှာ အရှေ့သို့ ဦးတည်၏။ အကွာအဝေးမှာ ကိုက် ၃၅၀ ရှိ၏။ ဟယ်မင်တန်သည် သူ၏အိမ်မြှောင် မှ ၉၀ ဒီဂရီ ဦးတည်ရပ်ကို ရှာလိုက်၏။ တွေ့ပြီ။ သူသည် ၉၀ ဒီဂရီ အရပ်ကိုဦးတည်ပြီး တစ်လှမ်းချင်းဆက်လျှောက်သွား၏။ မိုင်းဗုံးများ ထောင်ထားသောကွင်းကို ကျော်ခဲ့ပြီးဖြစ်သည်ကို သတိရသည်။ ထို့ကြောင့် သူ့ခြေလှမ်းမှာ ပထမကျင်းကထက် ပိုသွက်နေ၏။

"ခွေးဘီလူး၊ လင်နို့ ၂၁ ပြောနေတယ်။ ကျွန်တော် ကျင်းနံပါတ် ၅ ကို ရောက်ပြီ"

"ကောင်းပြီ။ ခင်ဗျား ခု ဆက်ကစားရမှာလည်း နံပါတ် ၅ ကျင်း ပဲ။ ရှော လေတပ်စခန်း။ ဂေါက်သီးကွင်းက ကျင်းနံပါတ် ၅။ မှတ်မိ တယ်မဟုတ်လား"

"ဟုတ်ကဲ့"

ရှော လေတပ်စခန်း ဂေါက်ကွင်းမှ ကျင်းနံပါတ် ၅မှာ အရှေ့မြောက်

အရပ်သို့ ဦးတည်နေ၏။ သူသည် အိပ်ဆောင်သက်ကယ်မြေပုံကိုထုတ်ပြီး သူ၏ ဦးတည်ရပ်ကို စစ်ဆေးကြည့်လိုက်၏။ သူဦးတည်ရပ်မှာ ဗီယက်နမ်ရွာတစ်ရွာရှိရာသို့ ဦးတည်နေ၏။ ထိုရွာအနီးတွင် ရန်သူ့လေယာဉ်ပစ်အမြောက်စခန်းတစ်ခုရှိ၏။ တစ်နေ့က မိမိဘက်မှ အသက်ကယ်ရဟတ်ယာဉ်ကို ပစ်ချခဲ့သည့်စခန်းမှာ ဤအမြောက်စခန်းမှပင်ဖြစ်သည်။ ထို့-ကြောင့် သူဆက်လျှောက်ရမည့်ခရီးကို နောက်တွန့်နေ၏။ ရွာမှ ရွာသူရွာသားအားလုံး ရွှေ့ပြောင်းပြေးကုန်ကြပြီလား။ သူမတွေးတတ်။ ခွေးဘီလူးကိုမေးရန်လည်း မသင့်တော်ဟု သူယူဆ၏။

သူသည် အရှေ့မြောက်အရပ်ကိုဦးတည်ပြီး လျှောက်လာ၏။ ကိုက်နှစ်ရာခန့်ရောက်ခဲ့ပြီ။ သူမောလာ၏။ ထို့ကြောင့် ခေတ္တထိုင်၍ နားလိုက်၏။ သူ၏ ဦးတည်ရပ်ကို ထပ်မံစစ်ဆေးကြည့်၏။ ရွာ၏ အစွန်းတစ်ဘက်ကို ဦးတည်နေ၏။ ဖြစ်နိုင်သည်။ သူ့ကို ခွေးဘီလူးက ရွာ၏ဘေးမှ ကွင်းပတ်လမ်းပြပြီး ခေါ်သွားချင်ဟန်ရှိ၏။

သူ ဆက်လျှောက်လာမိပြန်သည်။

ရွာအစွန်းသို့ရောက်ပြီ။ သူသည် မြေပြင်တွင် ဝပ်တွားပြီး ရွာအခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ လူသံဟူ၍ ဘာမျှမကြားရ။ အားလုံး အိပ်မောကျနေကြသလား။

"ခွေးဘီလူး၊ လင်းနို့ ၂၁၊ ကျင်းနံပါတ် ၅ ပေါ်ရောက်ပြီ"

"ဟုတ်ကဲ့။ ကောင်းတယ်ဗျို့။ ခုဆက်ပြီး ခင်ဗျား ကစားရမှာကတော့ ကျင်းနံပါတ် ၁၄၊ မာစတာဂေါက်ကွင်းက ကျင်းနံပါတ် ၁၄။ ခင်ဗျား မှတ်မိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

ခက်ပြီ။ မစတာဂေါက်ကွင်း၏ ကျင်းနံပါတ် ၁၄၏ ဦးတည်ရပ်မှာ အင်္ဂလိပ်ဘာသာဖြင့် Dog Leg ဟုခေါ်သော တစ်ဆစ်ချိုးအနေအထား ဦးတည်ရပ်ဖြစ်၏။ ပထမ အရှေ့သို့ ဦးတည်ပြီးနောက် အရှေ့မြောက် အရပ်သို့ ချိုးသွား၏။ အကွာအဝေးမှာ ကိုက် ၄၂၀ ရှိ၏။ ခက်သည်မှာ ယခုသူရောက်နေသော နေရာမှ အရှေ့အရပ်သို့ ဦးတည်သွားလျှင် ရွာ အလယ်တည့်တည့်ကို ဖြတ်သွားရမည်။ ရန်သူ့ရွာအတွင်းသို့ ဖြတ်ဝင် လျှောက်သွားရန် သင့်တော်ပါ့မလား။ ခွေးဘီလူး သူ့အား မှားပြီး လမ်း ညွှန်နေသလား မပြောတတ်။ သူဆက်သွားရန် မဝံ့မရဲဖြစ်နေ၏။

"ခွေးဘီလူး၊ လင်းနို့ ၂၁ ပြောနေတယ်။ ခင်ဗျားပြောတာ မာစတာဂေါက်ကွင်းက ကျင်းနံပါတ် ၁၄ဆိုတာ သေချာတယ်နော်"

"သေချာပါတယ်။ ဆက်သာကစားပါ"

မတတ်နိုင်ပြီ။ ခွေးဘီလူးမှာ ရန်သူ့သတင်းအစုံရနေသော ဌာန ချုပ်မှ ညွှန်ကြားသည့်အတိုင်း သူ့အား လမ်းညွှန်နေခြင်းဖြစ်၍ သူ့စကား ကို ယုံရမည်။ သူညွှန်ကြားသည့်အတိုင်း အတိအကျ လိုက်နာရမည်။

ထိုအချိန်တွင် အမေရိကန် ပင်တာဂွန်စစ်ဌာနချုပ်၌ ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုရာ သည် သူ့အလုပ်စားပွဲတွင် အလုပ်များ နေရာမှ သူ၏ထောက်လှမ်းရေးအရာရှိကို လှမ်းမေးလိုက်၏။

"ဘယ်လိုလဲ၊ ဟယ်မင်တန် ကစားနေတဲ့ဂေါက်သီးပွဲက"

"မဆိုးပါဘူး"

ထောက်လှမ်းရေးအရာရှိသည် သူ့စားပွဲပေါ်တွင်တင်ထားသော လေကြောင်းဓာတ်ပုံတစ်ခုကိုယူပြီး ဗိုလ်ချုပ်ကြီး စားပွဲရှေ့ ချပြလိုက်၏။

ဓာတ်ပုံမှာ ဟယ်မင်တန် ပုန်းကွယ်နေသောနေရာကို လေကြောင်းမှ ဓာတ်ပုံရိုက်ယူထားသော မြေပုံဖြစ်၏။ ဟယ်မင်တန်၏ ယခု မဲခေါင်မြစ်ရှိရာကို ဦးတည်သွားနေသော လမ်းများကို ရောင်စုံခဲတံများနှင့်ရေးခြစ်၍ အသေးစိတ် ဖော်ပြထားသည်။

"ဗိုယက်နမ်စံတော်ချိန်အရ မနက်မလင်းခင်တော့ ဒီလူ ၁၈ ကျင်းပြီးအောင် ကစားနိုင်လိမ့်မယ်ထင်တယ်။ ခု ပထမကျင်းလေးကျင်းတော့ ဘာပြဿနာမှ မပေါ်ဘဲ ပြီးအောင် ကစားသွားပြီးပြီ"

"အင်း. . ငါ့စိတ်ထဲမှာတော့ ဒီလောက် ကလီကမာအမျိုးမျိုးတွေးပြီး ကြံရတဲ့အကြံမျိုး မကြံဖူးဘူး။ ဒီမှာ ရေရင် မင်းလူကစားနေတဲ့ ဂေါက်သီးကွင်း အနေအထားတွေကို လာကြည့်စမ်းပါဦး"

စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးက မလှမ်းမကမ်းမှ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ် ဂွန်ရေရင်ကို လှမ်းခေါ်လိုက်၏။

"ကြည့်စရာမလိုပါဘူးဗျာ။ ဒီစစ်ဆင်ရေးက ကျုပ်ကိုယ်တိုင် ဦးစီးပြီး လုပ်ထားတဲ့ စစ်ဆင်ရေးပဲ။ ခင်ဗျား ကျွန်တော်တို့ ဒီစစ်ဆင်ရေးကို ဘယ်လို နံမည်ပေးထားလဲ သိလား"

"ဆိုပါဦး"

"အယ်ဖရက်ဟစ်ကော့ တဲ့"

အယ်ဖရက်ဟစ်ကော့မှာ သူရဲတစ္ဆေဆန်ဆန် ထူးဆန်းသော ဝတ္ထုများရေးခြင်းဖြင့် နာမည်ကြီးလာသော ကမ္ဘာကျော်စာရေးဆရာကြီး၏ အမည်ဖြစ်၏။ စစ်ဦးစီး ဗိုလ်ချုပ်ကြီး မိုရာက အသံထွက်၍ ရယ်လိုက်၏။

"ကြံကြံဖန်ဖန်ဗျာ"

"မတတ်နိုင်ဘူး။ ဒီစိတ်ကူးကို ရှေ့တန်းကထောက်လှမ်းရေးအရာရှိ

က သတင်းပို့လာတာနဲ့ ဟယ်မင်တန်နဲ့ ဂေါက်သီးကစားဖူးတဲ့လူတွေ အကုန်ခေါ်ရတာပဲ။ နောက် သူတို့နဲ့ တိုင်ပင်ပြီး ဟယ်မင်တန် အသေအချာ မှတ်မိမယ်ထင်တဲ့ ဂေါက်သီးကွင်းက အိမ်မြှောင်ညွှန်းတွေကို ရွေးကြတာပဲ"

စစ်ဦးစီး ဗိုလ်ချုပ်ကြီးက လေတပ် ဗိုလ်ချုပ်ပြောသည့် စကားများကို အသေအချာ နားထောင်ပြီး ခေါင်းညိတ်၏။

"ရယ်စရာ မဟုတ်ဘူးနော်။ ဒီစစ်ဆင်ရေးအောင်ရင်တော့ ဒီစစ်ဆင်ရေးက စစ်ရေးစီမံချက်တွေကို ကျုပ်တို့ထိပ်တန်း လျှို့ဝှက်ချက်အနေနဲ့ ဆက်သိမ်းထားဦးမှ။ နောက်ထပ် သုံးချင်ထပ်သုံးရဦးမှာ။ စစ်ပွဲကြီးတစ်ပွဲရဲ့အလယ်မှာ ဂေါက်သီးပွဲကျင်းပနေတယ်ဆိုတာ ဘယ်စစ်သမိုင်းမှာမှ ရှိခဲ့ဖူးမှာ မဟုတ်ဘူး"

* * *

ဟယ်မင်တန်သည် သူ့နာရီကို ကြည့်လိုက်၏။ သန်းခေါင်ယံကျော်ခဲ့ပြီ။ ခွေးဘီလူး ညွှန်ကြားသည့်အတိုင်း ရွာလယ်ခေါင်မှ သူ ဖြတ်ပြီး လျှောက်လာခဲ့၏။ သက်ရှိသတ္တဝါဟူ၍ တစ်ရွာလုံးတွင် တစ်ဦးတစ်ယောက်မျှ မရှိပါ။

ရွာကျော်ခဲ့ပြီ။

ရွာအစွန် တဲတစ်လုံးအနီး၌ နံပါတ် ၁၄ ကျင်း၏ ခရီးသည် ပြီးဆုံး၏။ သူသည် မလှမ်းမကမ်းမှ ကောက်ရိုးပုံတစ်ခုပေါ်တွင် လှဲအိပ်လိုက်၏။ ရေငတ်သည့်ဒဏ်၊ ဆာလောင်မွတ်သိပ်သည့်ဒဏ်တို့မှာလည်း မခံမရပ်နိုင်အောင် ရှိ၏။

"ခွေးဘီလူး"

"ပြောပါ"

"နံပါတ် ၁၄ကျင်းကို ဘောလုံးသွင်းပြီးပြီ။ ကျွန်တော် သိပ်ဆာတယ်ဗျာ။ ရေငတ်တဲ့ဒဏ်လည်း မခံနိုင်တော့ဘူး။ တစ်ခုခုမစားမသောက်ရရင် ကျွန်တော် ဘယ်လိုမှ ဆက်ကစားနိုင်မှာ မဟုတ်ဘူး"

"မပူနဲ့။ ကျွန်တော်တို့ ဒီအတွက်လည်း စီစဉ်ထားပြီးသား။ ခင်ဗျား ဆက်သာကစား။ နောက်ဆုံး ဂေါက်ကလပ်ကိုတွေ့မယ်။ အဲဒီ ဂေါက်ကလပ်မှာ ခင်ဗျားလိုချင်တာ အကုန်ရှိတယ်။ ခု ဆက်ကစားရမယ့်ကျင်းက အေဘီနီလီဂေါက်ကွင်းက ကျင်းနံပါတ် ၄"

အေဘီနီလီဂေါက်ကွင်းမှ ကျင်းနံပါတ် ၄၏ အိမ်မြှောင်ညွှန်းမှာ အရှေ့စူးစူးသို့ ဦးတည်၏။ အကွာအဝေးမှာ ၂၉၇ ကိုက်ဖြစ်၏။

ဟယ်မင်တန်သည် အရှေ့စူးစူးသို့ ဦးတည်လျှောက်သွား၏။ ကိုက်တစ်ရာခန့်ရောက်လျှင် မောလွန်းသဖြင့် တစ်ကြိမ်နားရ၏။ ဆယ်ကိုက်ခန့်အကွာတွင် တဲတစ်လုံးတွေ့၏။ ဟယ်မင်တန်သည် ဆာလွန်းသဖြင့် ခွေးဘီလူးထံတွင် ခွင့်မပန်တော့ဘဲ ထိုတဲတွင် အစာရှိလိုရှိငြား ကပ်သွား၏။ တဲအတွင်းမှ ကြက်တစ်ကောင်လန့်ပြီး ပျံထွက်လာ၏။ သူသည် သက်ကယ်ခါးကို ဆွဲထုတ်လိုက်၏။ လူသည် အလွန်ရေငတ်ခြင်း၊ ဆာလောင်ခြင်းဖြစ်သည့်အချိန်၌ ဆင်ခြင်ဉာဏ်မရှိတော့ပါ။ ဟယ်မင်တန်သည် အစာတစ်ခုခုကိုရငြား တဲအတွင်း စွတ်ဝင်သွား၏။ တဲအတွင်းမှ ထွက်လာသူတစ်ဦးနှင့် ဝင်တိုက်မိ၏။ အပြင်ပြန်ခုန်ထွက်လိုက်၏။ ဗီယက်နမ်လူမျိုးတစ်ဦးဖြစ်၏။ လက်တွင် ဓားမြှောင်တစ်လက်ကိုင်ထားပြီး ဟယ်မင်တန်ကိုမြင်သည်နှင့် လှမ်းထိုးလိုက်၏။ ဟယ်မင်တန် ရှောင်သော်လည်း မလွတ်။ ပခုံးအထက်နားတွင် ထိုးမိသွား၏။ နောက်တစ်ကြိမ်

ထိုးရန် ဟန်ပြင်လိုက်ပြန်၏။ ဒုတိယအခွင့်အရေးကို ဟယ်မင်တန် မပေးတော့ပါ။ သူ့လက်တွင်ရှိနေသော သက်ကယ်တောသုံးဓားဖြင့် ရန်သူ့ရင်ညွန့်ကို ချိန်၍ ထိုးထည့်လိုက်၏။ သွေးများ ပန်းထွက်လာသည်။ ဓားကိုင်ထားသော သူ့လက်တစ်ခုလုံးမှာ သွေးများနှင့် ပေကျံကုန်၏။ ဟယ်မင်တန်၏ဘဝတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဓားဖြင့် ထိုးသတ်ခြင်းမပြုဖူးပါ။ သူသည် ကြောက်လွန်းသဖြင့် တုန်နေ၏။ ရုတ်ချည်းပင် ရန်သူထံမှ ဝေးရာသို့ ပြေးရန်သတိရပြီး ရှေ့အရပ်သို့ဦးတည်ပြီး ပြေးသွား၏။ အလွန်မောလာ၏။ နောက်ဆုံး မခံနိုင်တော့သဖြင့် မြေကြီးပေါ်တွင် ထိုင်ချလိုက်ပြီး. .

"ခွေးဘီလူး"

"ပြောပါ"

"ကွင်းထဲမှာ တခြားအားကစားသမားတစ်ယောက်နဲ့တွေ့တယ်။ သူ့ဘောလုံး တွင်းမဝင်ဘူး။ ကျွန်တော့်ဘောလုံးပဲ တွင်းဝင်တယ်။ ဒါပေမဲ့ ကျွန်တော့် ဂေါက်တံ ထိပ်ပဲ့သွားတယ်"

ဌာနချုပ်မှ တာဝန်ရှိသူများ ရုတ်ချည်း ဟယ်မင်တန် ဆိုလိုသည်ကို အားလုံး သဘောပေါက်၏။ အားလုံးမျက်နှာတွင် ဟယ်မင်တန်အတွက် စိုးရိမ်ထိတ်လန့်မှုများနှင့် ပြည့်နေကြ၏။

ဟယ်မင်တန်သည် ခေတ္တနားပြီးနောက် နှစ်ကျင်းပြီးသည်အထိ ခရီးဆက်ခဲ့ပြန်၏။ ခုနစ်ကျင်းသို့ရောက်ပြီးနောက် သူ ခေတ္တနား၏။ မောလွန်းသဖြင့် မိနစ်အနည်းငယ်ပင် အိပ်ပျော်သွား၏။ လူတစ်ယောက်ကို သတ်ခဲ့မိပြီ။ ဤလူ၏အလောင်းကို မနက်မိုးလင်းသည်နှင့် ရန်သူများတွေ့ပြီး သူ့နောက်ကို ခြေရာခံလိုက်ကြတော့မည်။

"လင်းနို့ ၂၁"

ရေဒီယိုဆက်သွယ်ရေးစက်မှ အသံမြည်လာ၏။

"ပြောပါ"

"ခင်ဗျားအခြေအနေ ဘယ်လိုလဲ"

"ရေလုံးဝမသောက်ရတော့ ကျွန်တော့်ခန္ဓာကိုယ်ကို ကျွန်တော် ဆက်ပြီး သယ်မသွားနိုင်လောက်အောင် ဖြစ်နေတယ်"

"မပူနဲ့။ နောက်တစ်ကျင်းမှာ ခင်ဗျား လိုချင်တဲ့ရေရစေ့မယ်။ ဒါပေမဲ့ ရေဗူးကိုတော့ ခင်ဗျားဟာခင်ဗျား ဖောက်ရလိမ့်မယ်။ ခု ဆက်ကစားရမယ့်ကျင်းက ကော်လိုနာဒီကျူဆင်ဂေါက်ကွင်းက ကျင်းနံပါတ် ၄ "

ဟယ်မင်တန်သည် လှဲအိပ်ရာမှ ထလိုက်၏။ သူ့ခေါင်းမှာ မူးဝေနေသလိုရှိ၏။ ပခုံးမှ ဓားဒဏ်ရာကလည်း တဖြည်းဖြည်း ပို၍ နာလာသလိုရှိ၏။ သူသည် ရေရစေမည်ဟု ခွေးဘီလူးပြောထားသော ကျင်းနံပါတ် ၄ ခရီးကို ဆုံးသည်အထိ ကြိုးစားလျှောက်သွား၏။ ငှက်ပျောခင်းတစ်ခုသို့ရောက်သွား၏။ ရေ လုံးဝမတွေ့။ ငှက်ပျောသီးများ ရှာကြည့်၏။ အရိပ်အရောင်မျှမမြင်။ သူ အလွန်စိတ်ဓာတ်ကျသွား၏။ ခွေးဘီလူးသည် ရေမရှိဘဲ ရေရှိသည်ဟု သူ့ကို ဘာကြောင့်ပြောရသနည်း။ သူ့ကို မရှိဘဲ ရှိသည်ဟု လိမ်ပြောလိမ့်မည်မဟုတ်။ ခွေးဘီလူး၏စကားတွင် ရေဗူးကို သူ့ဟာသူ ဖောက်ရလိမ့်မည်တဲ့။ သူ သတိရပြီ။ ငှက်ပျောပင်များ၏အူတိုင်တွင် ရေရှိရမည်။ သူသည် ငှက်ပျောပင်တစ်ပင် ခုတ်လှဲလိုက်၏။ မှန်သည်။ အူတိုင်အတွင်းမှ ရေများပန်းထွက်လာ၏။ ရုတ်တရက်ပင် ထွက်လာသည့်ရေများကို ငုံ့ပြီး စုပ်ယူလိုက်၏။ အရသာရှိလိုက်သည်

ဖြစ်ခြင်း။ သူသည် ရေကို သောက်ရုံနှင့် မကျေနပ်သေး။ လက်တွင်စိုနေသော ရေများဖြင့် သူ့ကိုယ်ကိုလည်း သုတ်လိမ်းပစ်လိုက်သေး၏။ အလွန်လန်းဆန်းသွားသလို ရှိ၏။

"လင်းနို့ ၂၁"

"ပြောပါ"

"ခင်ဗျားအသံ တယ်မာပါလား။ ရေဗူးတွေ တွေ့သွားပြီထင်တယ်"

"ဟုတ်ကဲ့"

"ဒီနေ့တော့ ကျင်းအားလုံးပြီးအောင် ကစားဖို့ အချိန်ရတော့မယ် မထင်ဘူး။ အားလုံး ပြီးအောင်တော့ မနက်ဖြန်မှ ဆက်ကစားကြတာပေ့ါ။ ခင်ဗျား အခြေအနေဘယ်လိုလဲ။ နောက်တစ်ကျင်းလောက် ဆက်ကစားနိုင်အုံးမယ် ထင်လား"

"ရနိုင်ပါလိမ့်မယ်"

* * *

ဟယ်မင်တန်သည် ကိုးကျင်းမြောက်ခရီးကို ဆက်လျှောက်သွားပြန်၏။ မကြာမီ တောအုပ်တစ်ခုကို ကျော်လာနိုင်၏။ ရှေ့တွင် မည်သည့်အပင်ကြီးမှမရှိတော့။ ကမ်းစပ်အနီးသို့ရောက်လာခြင်းဖြစ်နိုင်သည်။ သူသည် သစ်ပင်တစ်ပင်ပေါ်သို့တက်ပြီး ရှေ့ခရီးကို မျှော်ကြည့်လိုက်၏။ လရောင် မှုန်ဝါးဝါးအောက်တွင် သဲသောင်ပြင်နှင့်တူသော မြင်ကွင်းတစ်ခုကို လှမ်းမြင်လိုက်ရ၏။ သူသည် သစ်ပင်ပေါ်မှ ချက်ချင်း ပြန်ဆင်းပြီး ရှေ့ခရီးကို ဆက်လျှောက်သွား၏။ မှန်သည်။ သောင်ပြင်ဖြစ်၏။ မြစ်အစပ်ဖြစ်၏။ ရှေ့တွင် ရေတွေ့တော့မည်။ သူသည် ရေ မြင်တွေ့လိုဇောဖြင့် အရှိန်အဟုန်ပြင်းစွာ ဆက်လျှောက်သွား၏။ ဤသည်မှာ သူ့အမှား

ပင်ဖြစ်တော့၏။ အသက်ကယ်သင်တန်းကျောင်းတက်စဉ်က မြစ်အနီးသို့ ရောက်လျှင် ကမ်းပါးများရှိတတ်သည်။ ခြေလှမ်းလှမ်းတိုင်း အလွန်သတိထားရမည်ဟု သင်ထား၏။ သူ ဤသင်ကြားချက်ကို မေ့နေခဲ့၏။ ရုတ်တရက် ကမ်းပါးတစ်ခုမှ အရှိန်ကျော်ပြီး ပြုတ်ကျသွားသည်။ သူ့ရင်ထဲတွင် အေးကနဲဖြစ်သွား၏။ ချက်ချင်း မြေပြင်တွင် ဆောင့်မိသည့်ဒဏ်များ အသက်သာဆုံးဖြစ်ရန် သူ့ခေါင်းကို လက်နှစ်ဘက်ဖြင့်အုပ်ပြီး ခါးကို ရှေ့သို့ ကုန်းပြီး ကွေးထားလိုက်၏။

ကမ္ဘာအောက်ခြေနှင့်ထိပြီ။ သူသည် ဒလိမ့်ခေါက်ကွေး ထိုးကျသွား၏။ အရှိန်ရပ်သွားချိန်၌ သူသည် ချက်ချင်း မလှုပ်ရဲ။ ခြေနှင့်လက်များ တစ်ခုခုကျိုးသွားလေပြီလား။ သူ တစ်ခုချင်း တဖြည်းဖြည်း လှုပ်ရှားကြည့်၏။ ကံကောင်းသည်။ မည်သည့်ကြီးကျယ်သော ဒဏ်ရာမှမရ။ ရေစပ်သို့ရောက်လာခဲ့ပြီ။ မဲခေါင်မြစ်ကမ်းသို့ရောက်လာခဲ့ပြီ။ သူသည် သူရောက်ရှိနေသည့်နေရာကို ခွေးဘီလူးထံ သတင်းပို့လိုက်၏။

"ကောင်းဗျို့၊ သိပ်ကောင်း။ ခင်ဗျား ခုဆက်လုပ်ရမှာကတော့ အီစတာဝေလီယံ အတိုင်းပဲ"

အီစတာဝေလီယံမှာ ရေကူးခြင်းဖြင့် အလွန်နာမည်ကြီးခဲ့သော အမေရိကန် ရုပ်ရှင်မင်းသမီးအမည်ဖြစ်၏။ ခွေးဘီလူးက သူ့ကို ရေကူးသွားရန် ညွှန်ကြားချက်ပေးနေခြင်းဖြစ်၏။ သူ့ကို ရေတွင်ဖော့ပြီး ရေစီးအတိုင်း မျှောချသွားရန်ပြောခြင်းဖြစ်ရမည်။ သူသည် သူ့ကိုယ်မှ မလိုအပ်သော ပစ္စည်းအားလုံးကို ကမ်းစပ်တွင်ချလိုက်၏။ အိပ်ဆောင်ရေဒီယို၊ မီးကျည်နှင့် သက်ကယ်ဓားကိုသာ သူနှင့်အတူ ယူဆောင်သွားရန် ဆုံးဖြတ်လိုက်၏။

မြစ်ရေမှာ မြောက်မှ တောင်သို့ စီးနေ၏။

သူသည် ရေနက်အတွင်းသို့ ဆင်းလိုက်၏။ ရေစီးအတိုင်း မျှောချလိုက်၏။ ပေ နှစ်ဆယ်ခန့် သွားမိသည်နှင့် မောလာ၏။ နားချင်လာ၏။ ရေအနက်ကို ခြေဖြင့်ထောက်၍ စမ်းကြည့်လိုက်၏။ အံ့ဩစရာ တွေ့ရပြန်သည်။ ရေမှာမနက်။ အောက်ခြေကို ခြေထောက်မိနေ၏။ မြစ်ပြင်၏ အောက်ခြေမှာ ကျောက်လွှာကြီး ဖြစ်နေ၏။ ထို့ကြောင့် ခြေထောက်လိုက်သောအခါ သူ့ခြေဖဝါးမှာ ကျောက်စွန်းများနှင့်ထပြီး စူး၍သွား၏။ ကမ်း၌ ဖိနပ်ချွတ်ပစ်မိခဲ့သည်မှာ မှားခဲ့ပြန်ပြီ။ တကယ်တော့ ရေမနက်ခြင်းကြောင့် ဖိနပ်သာပါလျှင် ကျောက်လွှာအတိုင်း လျှောက်သွားလျှင် ဖြစ်နိုင်သည်။ သူသည် ရုတ်ချည်းပင် ဖိနပ်ချွတ်ပစ်ထားသောနေရာသို့ ပြန်သွားပြီး ဖိနပ်ပြန်ဝတ်လိုက်ရန် ဆုံးဖြတ်လိုက်၏။ ပြန်လျှောက်သွား၏။ ဖိနပ်ဝတ်လိုက်၏။

ဖိနပ်ဝတ်ပြီးနောက် ရေမြှုပ်ကျောက်လွှာအတိုင်း လိုက်နင်းပြီး လျှောက်သွား၏။ တစ်ဘက်ကမ်းသို့ရောက်သည်အထိပင် ကူးနိုင်ခဲ့၏။ တစ်ဘက်ကမ်းသို့ ရောက်ခဲ့ပြီ။

"လင်းနို့ ၂၁"

"ပြောပါ"

"ခင်ဗျားပတ်ဝန်းကျင်မှာ ပိုးစုန်းကြူးတွေရှိတယ်နော်။ မြင်တယ်မဟုတ်လား။ သတိထား"

ပိုးစုန်းကြူး။ သူ ရုတ်တရက် ခွေးဘီလူး ဘာကိုဆိုလိုသည်ကို သဘောမပေါက်။ ဘေးပတ်ဝန်းကျင် ဘယ်ညာကို လှမ်းကြည့်လိုက်၏။ သူ့ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။ စောစောက သူဖြတ်ကူးပြေးလာခဲ့သော

တစ်ဘက်ကမ်း၌ လက်နှိပ်ဓာတ်မီးရောင် အများအပြားကိုမြင်တွေ့ရ၏။ သူ့နောက်ကို လိုက်ရှာနေကြသော ရန်သူများပင် မဟုတ်လား။ သူတို့ သူရှိရာတစ်ဘက်ကမ်းသို့များ ကူးလိုက်လာကြလေဦးမလား မပြောနိုင်။

"လင်းနို့ ၂၁၊ ခင်ဗျား ခုည တစ်ကျင်းတော့ ဆက်ကစားမှဖြစ်မယ် ဗျို့။ ကြိုးစားလိုက်ဦးဗျာ။ ခင်ဗျား ဒီပွဲမှာ အနိုင်ရဖို့ကတော့ သေချာသလောက်ရှိနေပါပြီ"

ခွေးဘီလူးက ညွှန်ကြားချက်များပေး၏။ ယခု သူသွားရမည့်ခရီးမှာ မြစ်ကြောင်းအတိုင်း ကိုက် ငါးရာခန့် အောက်သို့ စုံဆင်းသွားရန်ဖြစ်၏။ သူသည် ကမ်းစပ်အတိုင်းလိုက်၍ အောက်ဘက်သို့ အလွန် ခက်ခဲစွာ မျှောချလာခဲ့၏။

* * *

ကိုက် သုံးရာ့ခြောက်ဆယ့်ငါးကိုက်။

ခြောက်ဆယ့်ခြောက်။

ခြောက်ဆယ့် ခုနစ်။

သူသည် ရှေ့မှ အတားအဆီးတစ်ခုနှင့် ဝင်တိုက်မိ၏။ ရင်ဘတ်နှင့် ဝင်တိုက်မိခြင်းဖြစ်၏။ သူသည် တိုက်မိသည့်အရာဝတ္ထုကို လက်ဖြင့် စမ်းကြည့်လိုက်၏။ မီးရထားသံလမ်းကြိုးဖြစ်နေ၏။ ဆယ်ပေအရှည်ခန့် ရှိလိမ့်မည်။ ထိုမီးရထားသံလမ်းကိုတွယ်ပြီး သူ့ခရီးကို ဆက်လျှောက်သွား၏။ သွားရ ပိုလွယ်သွားသလိုရှိ၏။

ကိုက်သုံးရာ့ရှစ်ဆယ်ခရီးကို ရောက်ပြီ။ ဤခရီးမှာ ကျင်းအမှတ် ၁၄၏ ခရီးဆုံးဖြစ်နိုင်၏။ သူသည် မြစ်စပ်သို့ ပြန်ကပ်ပြီး ချုံများကြားတွင် တွယ်ကပ်ပြီး ပုန်းလျှိုးနေ၏။

မိနစ်သုံးဆယ်ခန့် ကြာသွားခဲ့ပြီ။

သူ့ခန္ဓာကိုယ်တွင်ရထားသော ဒဏ်ရာအမျိုးမျိုးမှာ ပို၍နာကျင်ကိုက်ခဲလာ၏။ အဆိုးဆုံးမှာ ပခုံးမှ ဓားဒဏ်ရာပင်ဖြစ်၏။ သူသည် မျက်စိနှစ်လုံးကို စုံမှိတ်ပြီး ကိုက်ခဲသော ဝေဒနာအမျိုးမျိုးမှ သက်သာအောင် အခြားစိတ်ဝင်စားစရာများကို ကြိုးစားတွေး၍ အာရုံပြုနေ၏။

မကြာမီ အသံတစ်သံကိုကြား၏။

သူ အထူးနားစွင့်၍ သဲကွဲမှုရှိအောင် နားထောင်၏။ လှေလှော်သံ။ သူသည် ချုံတွင်းမှ ခေါင်းပြူထွက်ပြီး အသံရှိရာသို့ ချောင်းကြည့်လိုက်၏။ သူနှင့် ကိုက် ငါးဆယ်အကွာ၌ လှေတစ်စင်း အပေါ်ဘက်မှ စုန်ဆင်းလာခြင်းဖြစ်၏။ လှေမှာ တဖြည်းဖြည်း သူနှင့် ပိုနီးလာ၏။ လှေပေါ်၌ ရန်သူစစ်သား ခြောက်ယောက်ခန့်ပါ၏။ သူတို့သေနတ်များကို သူတို့ပေါင်ပေါ်၌ တင်ထားကြ၏။

မီးရထားသံလမ်းပျက်အနီးသို့ ရောက်သောအခါ လှေကိုရပ်လိုက်၏။ လှေပဲ့ကိုင်သူက လှေကို သံလမ်းနားကပ်သွား၏။ စစ်သားတစ်ယောက် သံဘားတန်းများကို အသေအချာစစ်ဆေး၏။ ဗီယက်နမ်ဘာသာဖြင့် တစ်ဦးကိုတစ်ဦး တိုးတိုးပြော၏။ လက်နှိပ်ဓာတ်မီးဖြင့် ဟိုထိုး သည်ထိုး ကြည့်၏။ သံလမ်းမှာ မြစ်ကူးတံတားဗုံးမှန်၍ ကျိုးကျနေသော အစိတ်အပိုင်းတစ်ခုဖြစ်၏။ စစ်သားတစ်ဦးက သေနတ်ဦးဖြင့် ရေညာဘက်ကို ထိုးပြ၏။ တံတားပျက်ရှိရာသို့ စစ်ဆေးကြည့်ရှု၏။ နောက် ရေစုန်အတိုင်း လိုက်၍ အောက်သို့ ပြန်စုန်ဆင်းသွားကြ၏။ ဟယ်မင်တန်နောက်သို့ လိုက်နေသော ရန်သူတပ်ဖွဲ့ဖြစ်ရမည်ကို ဟယ်မင်တန် ချက်ချင်း တွေးယူ၍ ရ၏။

တစ်နေ ကုန်ခဲ့ပြီ။
အမှောင်ပျိုးခဲ့ပြီ။
နေဝင်လုပြီ ဖြစ်၏။

ဟယ်မင်တန်သည် သူ့ခြေနှင့်လက်ကို ခက်ခဲစွာ လှုပ်ရှားနေရ၏။ ခြေပမ်းလက်ပမ်းကျနေပြီဖြစ်၏။ ကျင်းအမှတ် ၁၅ နှင့် ၁၆ ကိုလည်း သူအောင်မြင်စွာ ကစားခဲ့ပြီးပြီ။ ဆက်ကစားရန် ၂ ကျင်းသာ ကျန်တော့၏။

ခွေးဘီလူး၏ သတင်းပေးချက်အရ သူ့ကို ရိက္ခာချပေးမည့် လေယာဉ်ပျံ မိနစ်ပိုင်းအတွင်း ရောက်လာတော့မည်ဟု ဆို၏။ မှန်သည်။ မကြာမီ လေယာဉ်ပျံစက်သံများကြား၏။ အနိမ့်ပျံလာကြ၏။ သုံးစီးဖြစ်၏။ သူနှင့် မလှမ်းမကမ်းမှ ဖြတ်ပျံသွား၏။ မိုင်ဝက်ခန့်အကွာတွင် လေထီးခြောက်ခုကို ကြဲချသွား၏။ မိုင်ဝက်အကွာအဝေးကို သူ မည်သို့မျှ မသွားနိုင်ပါ။ သွားမယူနိုင်ပါ။ ဘာကြောင့် လေထီးကိုလည်း ခြောက်လက်တောင် ချပေးသွားရသနည်း။ ရန်သူ့ကို လှည့်စားခြင်းဖြစ်နိုင်၏။ မှန်သည်။ မကြာမီ လေယာဉ်ပျံစက်သံ ကြားရပြန်၏။ လေယာဉ်ပျံတစ်စီးတည်းဖြစ်၏။ သစ်ပင်ထိပ်ဖျားအမြင့်မှ သူ့အပေါ် တည့်တည့်ပျံလာသည်။ သူ့ခေါင်းပေါ်ရောက်သည်နှင့် လေထီးတစ်ခုကို ချပေးသွားသည်။ သူနှင့် ကိုက် ၂၀ခန့် အဝေးကကမ်းပေါ်ရှိ သစ်ပင်များကြားတွင် ကျသွား၏။ သူသည် ရုတ်ချည်းပင် ရိက္ခာများရလိုဇောဖြင့် ပုန်းလျှိုးနေရသော ရေစပ်ချုံဖုတ်အတွင်းမှထွက်၍ ကမ်းပါးပေါ် တက်၏။ ကမ်းပါးမှာ အလွန် မတ်စောက်၏။ တက်မရ။ မြေထဲမှ ထိုးထွက်နေသော ကိုင်စရာ သစ်မြစ်တစ်ခုကို ဆွဲကိုင်ပြီး အပေါ်တက်ရန် ကြိုးစား၏။ သစ်မြစ်ပြုတ်ကျပြီး သူ ရေထဲ ဒလိမ့်ခေါက်ကွေး ပြန်ကျသွားပြန်၏။ အလွန် ခွန်အားနည်း

နေပါသည်။ ပခုံးမှ ခါးဒဏ်ရာမှ ယိုစီးကျနေသော သွေးများဖြင့် နှံးခွေ၍ နေလေပြီ။ မည်သို့မျှ ရိက္ခာချည်ထားသော လေထီးရှိရာသို့ ရောက်အောင် သွားနိုင်တော့မည်မဟုတ်။ အလွန် စိတ်ဓာတ်ကျချင်လာသလိုရှိ၏။

"လင်းနို့ ၂၁၊ ခွေးဘီလူး ခေါ်နေတယ်"

"ပြောပါ"

"ရလား"

"မရဘူး။ တစ်ကြိမ် ထပ်ကြိုးစားပေးပါဦးလား"

"မလုပ်နဲ့။ ပွဲကြည့်ပရိသတ်က ခင်ဗျားကို မဲနေကြတယ်။ ဩော်၊ ဒါထက် သတင်းကောင်းတစ်ခု ပြောပြရဦးမယ်။ ခင်ဗျားရဲဘော်တော့ ၁၈ ကျင်း ကစားပြီးလို့ ကလပ်ထဲတောင် ပြန်ဝင်သွားပြီ"

"ဘာ. . ခင်ဗျားတို့ 'မတ်ကလပ်'ကို ကယ်လို့ရသွားပြီလား"

"ဟုတ်တယ်"

"ဝမ်းသာလိုက်တာဗျာ"

ဟယ်မင်တန်သည် ဘုရားရှင်ကိုမှန်းပြီး ဝတ်ပြုလိုက်သည်။ ဆုတောင်းမိ၏။ ကျေးဇူးတင်မိ၏။

မှောင်လာသည်နှင့် ဟယ်မင်တန်သည် ကျန်နှစ်ကျင်းခရီးကို ခြေဆန့်ရန် ဟန်ပြင်လိုက်၏။ ပထမခြေဆန့်ရမည့်ခရီးမှာ ကျင်းအမှတ် ၁၇ ဖြစ်သည်။ တစ်ကိုယ်လုံးမှာ အလွန်နွမ်းနယ်နေသဖြင့် ခက်ခဲစွာ ရွေ့သွားနေရသည်။ သို့သော် ရင်ထဲ၌မူ 'မတ်ကလပ်'ကို ကယ်လိုက်နိုင်သည့် သတင်းကို ကြားထားသဖြင့် အားတက်နေမိ၏။ ဤသတင်းမှာ သူ့အတွက် မျှော်လင့်ချက် အလင်းရောင်လေးပင် ဖြစ်၏။

*       *       *

အမေရိကန်စစ်ဌာနချုပ်၌ ဗိုလ်ချုပ်ကြီး မိုရာသည် နံရံတွင် ချိတ်ထားသော လေကြောင်းခရီးပုံများကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ ထို့နောက် နေရာတစ်ခုကို လက်ညှိုးနှင့်ထိုးပြီး . . .

"ဟယ်မင်တန် ခုရောက်နေတဲ့ အမှတ် ၁၇ ကျင်းရဲ့ မြက်ခင်းဆိုတာ ဒီနေရာ မဟုတ်လား"

"ဟုတ်ကဲ့။ ခု သူ အမှတ် ၁၈ ကျင်းကို ဆက်ထွက်ဖို့ အသင့်ပြင်ခိုင်းထားတယ်"

"သူ့အခြေအနေက ဘယ်လိုလဲ"

"သိပ်အားနည်းနေတယ်။ ကျွန်တော်တို့ချပေးတဲ့ လေကြောင်းရိက္ခာတွေကိုတောင် ကမ်းပါးပေါ် တက်ပြီး ရအောင် သွားမယူနိုင်တော့ဘူး"

"ဒီအတိုင်းဆိုရင် ၁၈ ကျင်း ခရီးကိုလည်း သူရောက်အောင် သွားနိုင်ချင်မှ သွားနိုင်တော့မှာပဲ။ ကိစ္စမရှိပါဘူး။ သူ ခုရောက်နေတဲ့ ရေစပ်မှာပဲ ဆက်ပုန်းခိုင်းသင့်ရင် ပုန်းခိုင်းထား။ ကယ်မယ့် အဖွဲ့တွေကို သူ့ဆီ တစ်နည်းနည်းနဲ့ရောက်အောင် သွားခိုင်းမယ်။ ကျုပ်ကတော့ ဒီလူ့ကို မရ ရအောင် ကယ်ချင်တယ်။ မဲခေါင်မြစ်အတိုင်း 'အင်ကာပရိတ်' လေယာဉ်တင်သင်္ဘောကြီးလွှတ်ပြီး ကယ်ဖို့လိုမယ်ဆိုရင်တောင် လွှတ်ပေးလိုက်ချင်သေးတယ်"

*　　*　　*

ဟယ်မင်တန်သည် လက်တစ်ဘက်က မီးရထားသံလမ်းပျက်ကို ကိုင်ပြီး ခေါင်းကို ရေထဲနှစ်လိုက်၏။ သူ အသက်ရှူကြပ်လာသလို၊ လည်ပင်း နင်ချင်လာသလို ခံစားရ၏။ သူ့နာရီလက်တံကို လှမ်းကြည့်လိုက်၏။

မကြာမီ အရုဏ်ကျင်းပြန်တော့မည်။ နောက် ကိုက် ၂၀ ရောက်သည် အထိ သူခရီးဆက်ရဦးမည်။ ဤခရီးကို သူ ရောက်အောင်ပင် သွားနိုင် ပါတော့မည်လား။

အမှတ် ၁၇ ကျင်းခရီးကိုရောက်အောင် သူ သုံးနာရီလုံးလုံး ကြိုး စားရ၏။ ဤကျင်းသို့ရောက်ပြီးနောက် သူ တစ်နာရီ နား၏။ နောက် ၁၈ ကျင်းခရီးကို ဆက်၏။ ၁၈ ကျင်းခရီးကိုဆက်ရသည်မှာ သူ့အတွက် အပင်ပန်း အဆင်းရဲဆုံးခရီးပင်ဖြစ်၏။ သူ့ခွန်အားအခြေအနေမှာ အချိန် မရွေး မေ့မြောသွားနိုင်သည့်အခြေဆိုက်နေလေပြီ။ ကမ်းစပ်မှ သစ်ကိုင်း သစ်မြစ်များကိုပင် ဆက်တွဲခိုထားနိုင်သည့်အဆင့် မရှိတော့။ ရေနစ်၍ ပင် သူ မကြာခင် သေရတော့မည်လား။

ဆယ့်ငါးကိုက်သာ လိုတော့သည်။

ဆယ်ကိုက်သာ လိုတော့သည်။

ငါးကိုက်သာ လိုတော့သည်။

အမှတ် ၁၈ ကျင်းခရီးကို အောင်မြင်စွာ သူရောက်ခဲ့ပြီ။ ယခု သူရောက်နေသောနေရာမှာ ရွှံ့နွံများ အလွန်ထူထပ်သောနေရာဖြစ်သည်။ ယခုနေရာမှ ဆက်၍ အသက်ကယ်အဖွဲ့လာနိုင်သည်ဖြစ်စေ၊ မလာနိုင် သည်ဖြစ်စေ သူ မည်သို့မျှ ခရီးမဆက်နိုင်တော့။ သူ့ခန္ဓာကိုယ်ကို သူ ဘယ်သို့မျှ ဆက်မလှုပ်ရှားနိုင်တော့။

"ခွေးဘီလူး၊ လင်းနို့ ၂၁ ခေါ်နေတယ်"

"ပြောပါ"

"ကျွန်တော့် အမှတ် ၁၈ ကျင်းကို ဘောလုံးသွင်းပြီးပြီ။ ဂေါက် ကလပ်ကိုလည်း မရောက်နိုင်သေးပါလားဗျ"

"မပူနဲ့။ ခင်ဗျားရောက်တဲ့နေရာမှာ ဆက်ဆက်ငြိမ်နေ၊ မျက်လုံးကိုဖွင့်ထား။ ခင်ဗျား ဂေါက်အိတ်ကူသယ်မယ့်ကောင်လေး မကြာခင်ရောက်လာလိမ့်မယ်"

ဟယ်မင်တန်သည် ရွှံ့များကြားတွင် ထိုင်ချလိုက်၏။ ခြင်များကလည်း သူ့မျက်နှာပေါ်ဝဲ၍ တဝီဝီနှင့် ပတ်ပျံနေသည်။ သူ့လက်များမှာ ခြင်မောင်းနိုင်သည့်အင်အားပင် မရှိတော့။

မကြာမီ မြစ်ကြောင်းအတွင်း၌ လှေငယ်တစ်စီး ပေါ်လာ၏။ လှေသည် သူရှိသောနေရာတည့်တည့်သို့ ဦးတည်လှော်လာ၏။ လှေပေါ်တွင် လှေသမားတစ်ဦးသာပါ၏။ လှေဝမ်း၌ ငှက်ပျောရွက်များ တင်ထား၏။

တဖြည်းဖြည်း နီးလာပြီ။

လှေသမားမှာ ပုံဖျက်ထားသော ယူနီဖောင်းဝတ်စုံကို ဝတ်ထားသည်။ အိပ်ဆောင်ရေဒီယိုကို ပခုံးတွင်လွယ်ပြီး သေနတ်ကို ပေါင်ပေါ်တွင် တင်ထားသည်။ သူ့မျက်လုံးမှာ ဝိုင်းနေသည်။ ဟယ်မင်တန် မြင်ဖူးသမျှ မျက်လုံးများတွင် အဝိုင်းစက်ဆုံး မျက်လုံးပိုင်ရှင်ဖြစ်၏။

"ဗိုလ်မှူးကြီး ဟယ်မင်တန်"

"ဟုတ်ကဲ့"

လှေသည် သူ့ဘေးတွင် ချက်ချင်း ထိုးစိုက်ပြီး လှေသမားက ဟယ်မင်တန်ကို နွံတွင်းမှ မ,ချီ၍ လှေဝမ်းထဲသို့ ဆွဲတင်လိုက်သည်။ ငှက်ပျောရွက်များဖြင့် ဖုံးလိုက်၏။

ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်၍ ခက်ခဲစွာ ကစားရသော ဂေါက်သီးပွဲကြီး ပြီးဆုံးသွားလေပြီ။

ဟယ်မင်တန်ကိုလာကယ်သော လှေမှာ အမေရိကန်စစ်သားများ

ဗီယက်နမ် ရွာတစ်ရွာမှ ခိုးလာသောလှေဖြစ်၏။ မြစ်ကြောင်းတစ်ခုလုံးမှာ ဟယ်မင်တန်ကိုကယ်မည့်သူများ လာမည်ကိုသိ၍ မြောက် ဗီယက်နမ် တပ်ဖွဲ့များက နည်းမျိုးစုံဖြင့် ပိတ်ဆို့ထား၏။ ဟယ်မင်တန်၏ ရဲဘော်များ အကြံအဖန်ကောင်းလွန်း၍သာ နောက်ဆုံး ကယ်လိုက်နိုင်ကြခြင်းဖြစ်၏။

* * *

ဟယ်မင်တန်သည် လေယာဉ်ပျက်ကျစဉ်အတွင်း သူ၏ ထူးခြားသော ဖွဲ့သတ္တိများအတွက် လည်းကောင်း၊ သူ့အသက်ကိုဂရုမစိုက်ဘဲ ရန်သူ့တပ်ဖွဲ့များ၏ လှုပ်ရှားမှုကို မပြတ် သတင်းပို့ပေးနိုင်ခဲ့သည့်အတွက် လည်းကောင်း အမေရိကန် လေတပ်မတော်၏ သူရဲကောင်း ဘွဲ့တံဆိပ်လေးခုကို တပြိုင်တည်း ချီးမြှင့်ခံရ၏။ ယခု သူ အမေရိကန်လေတပ်မတော်မှ အနားယူလိုက်လေပြီ။ တပ်ဆမ်မြို့တွင် ယနေ့ နေထိုင်၏။ သူ့အိမ်နှင့် ထိုမြို့၏ ဂေါက်ကွင်းမှာ မဝေးပါ။ မလှမ်းမကမ်းတွင်ရှိ၏။

လေသူရဲတစ်ဦး

* * *

# စာရေးသူ၏ ဝန်ခံချက်

ဤဝတ္ထုမှာ John Castle နှင့် Arthur Hailey တို့နှစ်ဦး ပေါင်းရေးသော Runway Zero eihgt ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ Arthur Hailey ၏ ဝတ္ထုများမှာ ယနေ့ အင်္ဂလိပ်စာပေလောကတွင် အလွန်လူကြိုက်များသော ဝတ္ထုများ ဖြစ်ပါသည်။ အကြိမ်ကြိမ် ပြန်ရိုက်ခဲ့ရပါသည်။

Arthur Hailey ၏ဝတ္ထုများမှာ များများစားစားလည်းမရှိပါ။ ယနေ့ထိ ကျွန်တော် တွေ့ဖူးသမျှ (၅)အုပ်သာ ရှိပါသည်။ ယခု ကျွန်တော် ဘာသာပြန်လိုက်သည့်ဝတ္ထုမှာ ကျွန်တော့်ဘဝတွင် ဖတ်ဖူးသမျှ လေယာဉ်ပျံဝတ္ထုများတွင် ဆွဲဆောင်အားအကောင်းဆုံးဝတ္ထုဖြစ်ပါသည်။ စကိုင်လိုက်သည့်အချိန်မှစ၍ မပြီးမချင်း မချနိုင်လောက်အောင် ကောင်းပါသည်။

ရတနာပုံစာအုပ်တိုက်

**Arthur Hailey** ဝတ္ထုများ အောင်မြင်ခြင်းနှင့်ပတ်သက်၍ ယနေ့စာအုပ်ဝေဖန်သူများက ဤစာရေးဆရာသည် သူရေးသည့် အကြောင်းအရာတစ်ခုကို အချိန်ကြာမြင့်စွာ စနစ်တကျ လေ့လာ၍ အသေးစိတ် နားလည်မှ စရေးပြီး သူရေးသည့်ဝတ္ထုများတွင် နိုင်ငံရေး၊ စီးပွားရေး၊ အချစ်၊ သိပ္ပံနှင့် စွန့်စားခန်းများကို စာဖတ်သူမပျင်းအောင် အနုပညာမြောက်စွာ ရောယှက်ပေးနိုင်သည့်အတွက် ဖြစ်သည်ဟု ဆိုပါသည်။

လေသူရဲတစ်ဦး

# ပြေးလမ်း သုညရှစ်

## (၄)

မိုးဖွဲဖွဲရွာနေသည်။

အငှားကားတစ်စီးသည် 'ဝင်းပတ်'လေဆိပ်သို့ အရှိန်ပြင်းစွာဖြင့် မောင်းဝင်လာ၏။ လေဆိပ်အဆောင်အဦးရှေ့ တံခါးဝရောက်သည်နှင့် ရုတ်တရက် ဘရိတ်အုပ်၍ ထိုးရပ်လိုက်၏။ ကားအတွင်းမှ ခရီးသည် တစ်ဦးသည် 'ဝုန်း'ကနဲ ခုန်ထွက်လာပြီး ကားခပေး၍ ခရီးသွား သားရေအိတ်တစ်လုံးကိုဆွဲပြီး လေဆိပ်အဆောက်အဦးတွင် ကမျောသောပါး ဝင်၍ သွား၏။

လေဆိပ် အဆောက်အဦတွင်းသို့ ရောက်သည်နှင့် ထိန်ထိန်လင်း လျက်ရှိသော လျှပ်စစ်မီးရောင်များမှာ သူ့ကို ကြိုလိုက်သည်။ သူသည် လေဆိပ်နံရံရှိ နာရီကြီးကို တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက် ကနေဒါလေကြောင်းကုမ္ပဏီမှ လက်မှတ်ရောင်းကောင်တာသို့ သွက်လက်

စွာ ချဉ်းကပ်သွား၏။ ထိုအချိန်၌ ကောင်တာဘေးတွင် ခရီးသည်တစ်ဦး တစ်ယောက်မျှ မရှိတော့ပါ။ လက်မှတ်ရောင်းသည့် စာရေးတစ်ဦးသာ ခေါင်းငုံ့၍ အလုပ်များလျက်ရှိ၏။ ထို စာရေးသည် သူအနားရောက်သည် နှင့် စကားပြောခွက်ကိုကောက်ကိုင်လိုက်ပြီး သူ့ကိုလည်း လက်တစ်ဖက် ဖြင့် အသံမထွက်ရန် အချက်ပြလိုက်၏။

"ခရီးစဉ်အမှတ် ၉၈ ဖြင့် ဗင်ကိုဗာမြို့သို့ လိုက်ပါကြမည့် ခရီးသည်များခင်ဗျာ. .၊ လေယာဉ်ထွက်တော့မှာဖြစ်တဲ့အတွက် ဝင်ပေါက် အမှတ် ၉၈ သို့ ကြွကြပါရန် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်"

လေဆိပ် အနားယူခန်းအတွင်း ထိုင်နေကြသော လူတစ်စုမှာ ချက်ချင်း ရုတ်တရက်ထ၍ ထွက်ခွာသွားကြ၏။ သူသည် ထိုအခါမှပင် ကောင်တာမှ စာရေးကို စကားပြောရန် ဟန်ပြင်လိုက်ပါသည်။ သို့သော် မပြောနိုင်။

"ဒီမှာ သူငယ်၊ 'မွန်တီရယ်'က ခရီးစဉ်အမှတ် ၆၃ ရောက်လာပြီ လား"

အသက်အရွယ်ကြီးကြီး မိန်းမကြီးတစ်ဦးဖြစ်၏။ သူ မပြောမီ ဖြတ်၍ ကောင်တာမှ စာရေးကို လှမ်းမေးလိုက်ခြင်း ဖြစ်၏။

"မရောက်သေးဘူး ခင်ဗျား၊ ဒီခရီးစဉ်ဟာ ၃၇ မိနစ်နောက်ကျပြီး မှ ရောက်ပါ့မယ်"

"ဟင်. . ဒုက္ခပါပဲ၊ အဒေါ်က အဒေါ့်တူမတစ်ယောက်ကို ဒီခရီး စဉ်နဲ့ ထည့်ပေးလိုက်မလို့ စီမံထားတာ။ မောင်တို့ကုမ္ပဏီပိုင်လေယာဉ်ပျံ တွေ. . ."

"ဒီမှာ ဒီမှာ၊ ခုနက ခရီးစဉ်အမှတ် ၉၈ နဲ့ 'ဗင်ကိုဗာ'ကို သွားဖို့

လက်မှတ်များ ကျန်သေးလားဗျ”

သူသည် စိတ်မရှည်တော့ဟန်ရှိ၏။ သူ့ဘေးမှ မိန်းမကြီး၏ ရှည်နေသောစကားကိုဖြတ်၍ ဖောက်ပြောလိုက်၏။

“မရှိတော့ဘူးခင်ဗျား။ တစ်စောင်မှကို မရှိတော့ဘူး။ ဆရာ မြို့ထဲက လေယာဉ်ရုံးမှာ အရံထားတဲ့နေရာတွေ ကြည့်ခဲ့လို့လား”

“မကြည့်ခဲ့ပါဘူး။ ကြည့်ဖို့လဲ အချိန်မရပါဘူး။ လက်မှတ်ဝယ်ထားပြီး မသွားဖြစ်တဲ့လူရှိရင် သူ့နေရာများ ရမလားလို့ လေဆိပ် တိုက်-ရိုက်ဆင်းခဲ့တာ။ ခင်ဗျားတို့ ဒါမျိုး ကျန်တတ်တယ်မဟုတ်လား”

“ဟုတ်ပါတယ်ခင်ဗျား၊ ဒီနေ့တော့ မနက်ဖြန်ကစားမယ့် ‘ဗင်ကိုဗာ’ ဖလားပွဲအမီသွားတဲ့ ခရီးသည်တွေများတာမို့ တစ်နေရာမှကို မကျန်တာပါ။ တခြား ‘ဗင်ကိုဗာ’ကိုသွားမယ့် ခရီးစဉ်တွေ အားလုံးလဲ ဒီအတိုင်းပဲ ပြည့်နေပါတယ်။ ဆရာ မနက်ဖြန်ညနေထိ ဒီကထွက်ဖြစ်ရင် ကံကောင်းပဲ”

သူသည် စိတ်ပျက်သွားဟန်ရှိ၏။ လက်တွင်ဆွဲထားသော ခရီးသွားသားရေအိတ်ကြီးကိုလည်း ကြမ်းပေါ်ပစ်ချလိုက်၏။ သူ့လက်ဖဝါးများမှာ ချွေးများဖြင့် စို့လျက်ရှိသည်။

“ဘယ်လောက်ပဲ နေရာ အခက်အခဲရှိရှိဗျာ။ ကျွန်တော့်အလုပ်က သိပ်အရေးကြီးနေတာ။ မနက်ဖန်နေ့လယ်ထက် နောက်မကျဘဲ ဗင်ကိုဗာ ကို ရောက်ကိုရောက်မှဖြစ်မှာ။ ခင်ဗျား ကြည့်လုပ်ပေးပါအုံးဗျာ”

လက်မှတ်ရောင်းသည့်စာရေးသည် သူ့လက်ထဲမှ ခရီးစဉ်ကို တစ်ခါ လှန်လှော၍ ကြည့်လိုက်ပြန်သည်။ ထို့နောက် ရုတ်တရက် တစ်ခုခုကို အကြံရလိုက်ဟန်ဖြင့် . . .။

www.burmeseclassic

“သြော်. . တစ်ခုတော့ ရှိတယ်ဗျ”

“အင်း. . ဆိုပါဦး”

“တခြားမဟုတ်ဘူး။ တိုရန်တိုမြို့က ဒီဖလားပွဲကိုသွားဖို့ စင်းလုံးငှားထားတဲ့ လေယာဉ်ပျံတစ်စီးရှိတယ်။ အဲဒီ လေယာဉ်ပျံမှာ နေရာကျန်ဦးမလား မသိဘူး”

“ဘယ်ကုမ္ပဏီပိုင် လေယာဉ်ပျံလဲဗျ၊ နေရာရမှာရော သေချာလား”

“အတိအကျတော့ ဘယ်ပြောနိုင်မလဲ ဆရာ၊ မေပယ်လီ ကုမ္ပဏီပိုင်ပါ။ ဆရာ သွားစုံစမ်းကြည့်ပါလား”

“ဘယ်မှာ သွားစုံစမ်းရမှာလဲ”

“ဟိုရှေ့က ကောင်တာ ပဲ”

သူသည် သွက်လက်ပေ့ါပါးစွာ လက်မှတ်ရောင်းစာရေး ညွှန်ပြသည့် ကောင်တာ ရှိရာသို့ ပြေးသွား၏။ ထိုကောင်တာ ရှေ့တွင်လည်း လူ မရှိတော့ပါ။ လက်မှတ်ရောင်းစာရေးတစ်ဦးသာ သူ့ကိုစောင့်ကြိုလျက်ရှိ၏။

“ကျွန်တော် ဘာကူညီရမလဲ ဆရာ”

“ဗင်ကိုဗာကို တိုက်ရိုက်သွားမယ့် လေယာဉ်ပျံလက်မှတ် ကျန်သေးလားဗျ”

“ခဏလေးခင်ဗျား။ ကျွန်တော် ကြည့်လိုက်ဦးမယ်”

စာရေးလုပ်သူသည် ခဲတံတစ်ချောင်းဖြင့်ထောက်၍ သူ့လက်ထဲမှ ခရီးသည်စာရင်းများကို တစ်မိနစ်ခန့် လှန်လှောကြည့်နေ၏။ ထို့နောက် ချက်ချင်း ခေါင်းပြန်ထောင်လျက်. . .။

“ရှိတယ်ခင်ဗျား။ တစ်နေရာကျန်သေးတယ်”

"အောင်မလေး။ ကျေးဇူးတင်လိုက်တာ။ ဒီလက်မှတ် ရောင်းစမ်းပါ။ ကျုပ် အရေးတကြီး ဒီမြို့ကို သွားစရာရှိနေလို့။ ဘယ်လောက်ကျလဲဗျ"

"၆၅ ဒေါ်လာပါ"

သူသည် ချက်ချင်းပင် စာရေးလုပ်သူကို ငွေထုတ်ပေးလိုက်၏။

"ဆရာ့နာမယ်က"

"ဂျော့စပင်ဆာပါ"

စာရေးသည် ချက်ချင်းပင် ဂျော့စပင်ဆာ၏နာမည်ကို ခရီးသည်စာရင်းတွင် ဖြည့်စွက်ပေးလိုက်ပြီး . .

"ဒီမှာ ဆရာ. . လေယာဉ်ပျံလက်မှတ်၊ ဒါက လေယာဉ်ပျံပေါ်တက်ခွင့်လက်မှတ်ပါ။ မြန်မြန် ကြွပါ ဆရာ။ လေယာဉ်ပျံက ထွက်တော့မယ်။ ခရီးသည်တွေ အားလုံး တက်နှင့်ကုန်ကြပြီ"

ဂျော့စပင်ဆာသည် အပြေးအလွှားပင် လေယာဉ်ပျံရှိရာသို့ ဆင်းသွားခဲ့၏။ သူ လေယာဉ်ပျံအနီးသို့ ရောက်သောအခါ၌ လေယာဉ်ပျံ တံခါးမကြီး ပိတ်တော့မည်ဖြစ်၏။

"မင်္ဂလာညနေခင်းပါ။ ရှင် အချိန်မီရောက်တာပဲ"

လေယာဉ်မယ်က သူ့ကို ဆီးနှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"ဟုတ်တယ်။ ခုမှ လက်မှတ် ဝယ်ရလို့ဗျာ"

"ကဲ. . ကဲ. . ဟိုရှေ့နားက လွတ်နေတဲ့နေရာမှာသာ ဝင်ထိုင်လိုက်ပါ"

ဂျော့စပင်ဆာသည် သွက်လက်စွာပင် လေယာဉ်မယ်ညွှန်ပြသောနေရာသို့ ဝင်ထိုင်လိုက်၏။ သူဝင်ထိုင်မိ၍ စက္ကန့်ပိုင်းအတွင်းပင် လေယာဉ်ပျံကြီး တံခါးမကြီးမှာလည်း ပိတ်သွားပြီး လေယာဉ်ပျံကြီး၏

ပန်ကာလေးလုံးမှာ တစ်ခုချင်းလည်၍ လာကြ၏။ စက်နှိုးပြီးလေပြီ။

ဂျော့စပင်ဆာသည် သူ၏ဘေးတွင် ထိုင်နေသူကို ငဲ့ကြည့်လိုက်သည်။ အဝတ်အစားကို သပ်ရပ်စွာဝတ်ဆင်ထားသော ဆံပင်ဖြူနေသည့် အသက်အရွယ်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ မျက်နှာပေါက်လည်း အလွန်ခန့်ညားလှ၏။ ထိုအချိန်၌ လေယာဉ်ပျံကြီးမှာ တရွေ့ရွေ့နှင့် လေယာဉ်ပြေးလမ်းထိပ်ကို ထွက်စပြုလျက်ရှိလေပြီ။

"မောင်က ဖလားပွဲ သွားမလို့ဘဲလား"

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်က ကုန်တင်ကား အရောင်းကိုယ်စားလှယ်ပါ။ ဗင်ကိုဗာမှာ ကုန်တင်ကားရောင်းဖို့ စာချုပ်စရာရှိလို့ အရေးတကြီး ခရီးထွက်ခဲ့တာပါ။ ဦးကရော. . ."

"ဦးက ဆေးဖက်ကပါ။ ဆေးဖက်က တာဝန်နဲ့ထွက်ခဲ့တာ"

"ဘာလဲ ဆရာဝန်ပဲလား ခင်ဗျား"

"ဟုတ်ပါတယ်"

"ဒါဆိုရင်တော့ ကောင်းသားပဲ။ လမ်းမှာ ကျွန်တော်အိပ်မပျော်ရင် ကျွန်တော့်ကို အိပ်ဆေးတိုက်ပါနော် ဟဲ. . ဟဲ"

ထိုအချိန်၌ လေယာဉ်ပျံကြီး၏ အလွန်ကျယ်လောင်သော စက်သံပေါ်ထွက်လာ၏။ ဆရာဝန်အဖိုးကြီးသည် ဂျော့စပင်ဆာ၏ နားနားကို ကပ်၍. .

"အိပ်ဆေးသောက်လို့လဲ မထူးဘူး မောင်ရဲ့၊ ဒီလောက်ညံတဲ့ စက်သံကို အိပ်ဆေးက နိုင်မှာမဟုတ်ဘူး"

ထိုအချိန်၌ပင် စက်သံမှာ ပြန်၍လျော့ဆင်းသွားပြန်သည်။

"ကိစ္စမရှိဘူး ဦးရဲ့။ ဒီလိုညံနေတဲ့စက်သံက တစ်လမ်းလုံးကြားနေ

ရမှာမဟုတ်ဘူး။ ခုမြည်တဲ့စက်သံက လေယာဉ်ပျံကြီး လေထဲမရောက်ခင် စက်လေးလုံးလုံး ကောင်းမကောင်း စမ်းတဲ့အသံပါ။ ကျွန်တော်တို့ လေ-ယာဉ်ပျံရဲ့စက်တစ်ခုစီမှာ 'မက်နီတို' (၂)စီ ရှိတယ်။ အဲဒီ 'မက်နီတို'တွေ ကောင်းမကောင်း စမ်းတယ်ဆိုပါတော့"

"မောင့်ကြည့်ရတာ လေယာဉ်ပျံအကြောင်း တော်တော် သိတယ် ထင်တယ်"

ထိုအချိန်၌ လေယာဉ်ပျံကြီးမှာ လေထဲတက်ရန်အတွက် လေယာဉ်ပြေးလမ်းပေါ်တွင် အရှိန်နှင့် စပြေးနေပြီဖြစ်၏။

"နည်းနည်းပါးပါးပါ ဦးရယ်။ ကျွန်တော်က စစ်အတွင်းတုန်းက လေတပ်မှာ လေသူရဲဝင်လုပ်ခဲ့ရဖူးပါတယ်။ ခုတော့ အချိန်တွေလဲ ကြာလာပြီဆိုတော့ ဒီပညာကို လုံးဝမေ့သလောက် ရှိနေပါပြီ"

လေထဲ ရောက်ခဲ့လေပြီ။ လေယာဉ်ပျံကြီးမှာ ညာဘက်သို့ စောင်းကွေ့၍ အပေါ်သို့ တအိအိနှင့် ထောင်တက်လျက်ရှိ၏။

"မောင်က ဘာလေယာဉ်ပျံ မောင်းခဲ့ဖူးလဲ"

"စပစ်ဖားယားပါ"

"သြော်. . သြော်"

စကားပြတ်၍ သွားကြပြန်သည်။ ထိုအချိန်၌ 'ခါးပတ်ချွတ်နိုင်သည်။ ဆေးလိပ်သောက်နိုင်သည်'ဟူသော သတိပေးစာတမ်းလည်း ပေါ်၍လာ၏။

ဂျော့စပင်ဆာသည် ဒီနေ့ သူ့အဖြစ်များကို သူ ပြန်တွေးကြည့်နေ၏။ သူ ယခု ခရီးထွက်လာခြင်းမှာ အထက်က တယ်လီဖုန်းဖြင့် အမိန့်ရ၍ မိနစ်ပိုင်းအတွင်းမှာပင်ဖြစ်၏။ ဤမျှ မြန်ဆန်စွာ ထွက်ခဲ့နိုင်ပြီး

မနက်ဖြန် ဗင်ကိုဗာ၌ ဆောင်ရွက်ရမည့် စာချုပ်ကိစ္စအားလုံးသာ ချောချော မောမောရှိလျှင် သူ့အထက်မှ ပုဂ္ဂိုလ်များမှာ သူ့ကို အထင်မကြီးဘဲ နေနိုင်ကြတော့မည်မဟုတ်။ မကြာခဏပင် သူ့ကို တိုးမြှင့်ပေးတော့မည်ဟု သတင်းပြေးနေသော အရောင်းဌာနတာဝန်ခံမန်နေဂျာရာထူးကို ရုတ်ခြည်း တိုးမြှင့်ပေးစရာ အလားအလာ အများကြီးရှိ၏။ သူသည် ငွေလိုနေသည်။ ယခု သူနေရသော အိမ်ထက် ကောင်းသောအိမ်ကို ပြောင်းချင်နေသည်မှာ ကြာလေပြီ။ ငွေမရှိ၍ မပြောင်းနိုင်။ ယခုကဲ့သို့ ရာထူးတိုးပြီး ဝင်ငွေကောင်းမှ ပြောင်းနိုင်တော့မည်ဖြစ်၏။

ဂျော့စပင်ဆာတို့ အရှေ့မျက်စောင်းထိုးထိုင်ခုံတွင် ထိုင်လျက်ရှိနေသူနှစ်ဦးမှာမူ အားကစား ဂျာနယ်တစ်ခုကို အလွန်စိတ်ဝင်စားစွာ ဖတ်လျက်ရှိကြ၏။ သူတို့ကို ကြည့်ရသည်မှာ အားကစားသတင်းများမှလွဲ၍ လောကကြီးတစ်ခုလုံးကို မေ့နေကြဟန်ရှိ၏။

ထိုပုဂ္ဂိုလ်များ အရှေ့ထိုင်ခုံတွင်ထိုင်နေသူ နှစ်ဦးမှာမူ စိမ်ပြေနပြေ ဝီစကီသောက်လျက်ရှိကြ၏။ တစ်ခါခါလည်း ဘာကို သဘောတွေ့ကြသည်မသိပါ။ အရက်ခွက်များကိုချ၍ တိုးတိုး တိုးတိုး စကားပြောပြီး ရုတ်တရက် ကျယ်လောင်စွာ အော်ရယ်လိုက်တတ်ကြ၏။

လေယာဉ်ပျံကြီး၏ စားဖိုခန်းတွင်မူ လေယာဉ်မယ် ဂျင်နက်ဗင်ဆင်မှာ ခရီးသည်များကို ညစာကျွေးရန်အတွက် အလုပ်ရှုပ်လျက်ရှိ၏။ လေ-ယာဉ်ပျံထဲတွင် ခရီးသည်များကို ညစာကျွေးရသည့်အလုပ်မှာ လွယ်သော အလုပ်မဟုတ်။ အတွေ့အကြုံများပြီးဖြစ်သော လေယာဉ်မယ်တစ်ဦးပင် (၂)နာရီခန့် အချိန်ယူလုပ်ရသော အလုပ်ဖြစ်၏။ ဂျင်နက်မှာ အသက် ၂၁ နှစ်ခန့်ရှိလေပြီ။ သူ့ပုံသဏ္ဍာန်မှာ မြင့်မြင့်သွယ်သွယ်ဖြစ်၏။ သူ့ကို

မြင်လိုက်သည်နှင့် သတိပြုမိကြသည့် အလှမှာ တောက်ပနေသည့် မျက်လုံးများနှင့် မို့နေသည့် ပါးလေးများပင် ဖြစ်၏။

ခရီးသည်များအခန်းတွင် စကားသံများနှင့် ဆူညံနေသလောက် လေယာဉ်ဦးပိုင်းစက်ခန်းတွင် စက်သံမှလွဲ၍ ဘာမျှမကြားရ။ လေယာဉ်မှူး နှစ်ဦးသည် သူတို့ထိုင်ခုံအသီးသီးတွင် တည်ငြိမ်စွာ ထိုင်လျက်ရှိကြ၏။

"အမှတ် ၃ စက်ခေါင်းအပူချိန် ဘယ်လိုနေလဲ ကြည့်ပါအုံးဗျ"

လေယာဉ်မှူးက ဒု-လေယာဉ်မှူးကို လှမ်းမေးလိုက်သော အသံဖြစ်၏။

"ကောင်းပါတယ် ကပ္ပတိန်။ စောစောက များနေသလိုရှိပေမယ့် ပြန်ကောင်းနေပြန်ပြီ"

"ဒါဖြင့်ရင်လဲ တစ်လမ်းလုံး စိတ်ချမ်းသာရတာပေါ့။ မိုးလေဝသ သတင်းကလဲ လမ်းမှာတွေ့ရမယ့် ရာသီဥတုကမဆိုးဘူးလို့ ဆိုတာပဲ။ ခုအချိန်ကတော့ ကောင်းတာများပါတယ်ဗျာ။ နောက်လဆိုရင်တော့ မလွယ်ဘူး။ ရာသီဥတု စဆိုးလာပြီ"

လေယာဉ်ပျံကြီးမှာ တစ်သောင်းငါးထောင်အမြင့်သို့ ရောက်လာလေပြီ။ ည၏အမှောင်ထုကြီးမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို စိုးမိုးလျက်ရှိ၏။

"ဦး. . ညစာ သုံးဆောင်တော့မလားရှင်"

"ဩော်. . ဩော် ကောင်းသားပဲ။ ဘာများရနိုင်လဲကွဲ့"

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်မှာ ဆရာဝန်ကြီး 'ဘိတ်' အနီးသို့ ဘယ်အချိန်က ရောက်လာသည်မသိပါ။ ဆရာဝန်ကြီး ပခုံးအနားကပ်ပြီး အထက်ပါအတိုင်း လှမ်းမေးလိုက်မှ ဆရာဝန်ကြီး ဘိတ် မှာ သူ့ကို

သတိထားမိလိုက်၏။

“အသားနဲ့ငါးနှစ်မျိုးလုံး ရနိုင်ပါတယ်။ ဦး ကြိုက်တာ သုံးဆောင်ပါ”

“ဦးက ငါးမကြိုက်ဘူး။ အသားပဲပေးပါ”

“ဒီဘက်က အကိုကြီးရောရှင့်”

ဆရာဝန်ကြီး ဘိတ် ဘေးမှ ဂျော့စပင်ဆာကို လှမ်းမေးလိုက်ခြင်းဖြစ်၏။

“ကျွန်တော့်ကိုလဲ အသားပဲပေးပါဗျာ”

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်သည် သွက်လက်စွာ ပြန်ထွက်၍ သွား၏။ ထို့နောက် နှစ်နာရီလုံးလုံး လေယာဉ်ပျံတစ်စီးလုံးမှာ ညစာ စားသောက်ခြင်းအလုပ်ဖြင့်ပင် ရှုပ်ထွေးလျက်ရှိ၏။

ခရီးသည်များ စားသောက်ပြီးလျှင် ဂျင်နက်ဗင်ဆင်သည် စားဖိုခန်းမှ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ရှေ့စက်ခန်းသို့ လှမ်းဆက်လိုက်၏။

“ကပ္ပတိန်. . ခရီးသည်တွေတော့ ညစာစားပြီးသွားကြပါပြီ။ ကပ္ပတိန်တို့ဖို့ ယူခဲ့ရတော့မလား”

“ဒီည ဘာရမလဲ ဂျင်နက်”

“သိုးသားနဲ့ငါး”

“ငါးက ဘာငါးလဲကွ”

“ပင်လယ်ငါးသလောက်”

“ကောင်းရဲ့လား”

“မဆိုးပါဘူး။ တချို့ခရီးသည်တွေကတော့ တော်တော်ကြိုက်ပုံရပါတယ်”

“ဒါဖြင့် ငါးယူခဲ့ကွာ”

"ဟော့. . ပီတာ၊ ခင်ဗျားရော ဘာစားမလဲ"

"ကျွန်တော်လဲ ငါးပဲစားမယ် ကပ္ပတိန်"

"ကိုင်း ဂျင်နက်. . ပီတာဖို့လဲ ငါးပဲယူခဲ့ဟော့"

အချိန်မှာ ည ၁၂ နာရီထိုးလုပြီဖြစ်၏။

အနောက်ဘက် ခရီးသည်များအခန်းတွင် အချို့ခရီးသည်များမှာ အိပ်မောကျစပြုလျက်ရှိလေပြီ။

* * *

"ပီတာ. . ခင်ဗျား ခဏမောင်းအုံးဗျာ။ ကျွန်တော် အပြင်ထွက် အညောင်းဆန့်လိုက်အုံးမယ်"

"ဟုတ်ကဲ့. . ကပ္ပတိန်"

ကပ္ပတိန် ဒန်နီသည် ပေါ့ပါးစွာ သူ့ထိုင်ခုံမှထ၍ နောက်ခန်းဘက်သို့ ထွက်လာခဲ့၏။ အသက် ၃၅ နှစ်ခန့်သာ ရှိသေးသူဖြစ်၏။ သူ့မျက်နှာတွင် ထူးခြားနေသည်မှာ ထူ၍ ပါးစပ်ပေါ်ကွေးကျနေသော နှုတ်ခမ်းမွေးများပင်ဖြစ်၏။ သူ့လေယာဉ်သားများက သူ့ကို ကပ္ပတိန်နှုတ်ခမ်းမွေးဟု သူ့နောက်ကွယ်တွင် နောက်ပြောင်ခေါ်တတ်ပါသည်။

အချိန်မှာ ည (၁)နာရီ ထိုးလုနီးပေပြီ။

ကပ္ပတိန် ဒန်နီသည် စက်ခန်းတွင်း အညောင်းဆန့်လမ်းလျှောက်နေရာမှ ခရီးသည်များ အခန်းဘက်သို့ လှည့်ကြည့်ရှုရန် စက်ခန်း တံခါးရွက်ကလေးကို တွန်းဖွင့်လိုက်၏။ စက်ခန်းတွင်း အလင်းရောင်မရှိဘဲ မှောင်နေသလောက် ခရီးသည်များအခန်းဘက်တွင်မူ လျှပ်စစ်မီးရောင်များဖြင့် ထိန်ထိန်လင်းလျက်ရှိ၏။ သူသည် ခရီးသည်များအခန်းသို့ ကူး

လိုက်သည်နှင့် ချက်ချင်း သတိပြုမိလိုက်သည့်မြင်ကွင်းမှာ လေယာဉ်မယ် ဂျင်နက်ဗင်ဆင်က ခရီးသည်အမျိုးသမီးတစ်ဦး၏ခေါင်းကို နှိပ်ပေးနေခြင်း ပင်ဖြစ်၏။ ထိုအမျိုးသမီး ဘာများဖြစ်ပါလိမ့်။ ဂျင်နက်ဗင်ဆင် အနီးသို့ သူ ချဉ်းကပ်သွား၏။

"ဂျင်နက်. . . ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး ကပ္ပတိန်. . ဒီအစ်မကြီး လေယာဉ်ပျံမူးတာနဲ့ တူပါတယ်"

ဂျင်နက်က သွက်လက်စွာပင် ပြန်ဖြေလိုက်၏။

"မဟုတ်ဘူး. . မဟုတ်ဘူး။ ကျွန်မ လေယာဉ်ပျံနဲ့ ခရီးအကြိမ်ကြိမ် သွားဖူးပါတယ်။ တစ်ခါမှ ခုလိုမဖြစ်ဖူးပါဘူး။ ခုဖြစ်တာ မိနစ်ပိုင်းအတွင်း ကောက်ကာငင်ကာဖြစ်တာ"

ခရီးသည်အမျိုးသမီးသည် ခေါင်းငုံ့၍ သူ့မျက်နှာကို လက်နှင့် ထောက်ပြီး နှိပ်နေရာမှ ချက်ချင်း ခေါင်းထောင်၍ ဂျင်နက်၏စကားကို ကန့်ကွက်လိုက်၏။ အမျိုးသမီးကြီးမှာ အသက် (၄၀)ခန့်ရှိမည်ဖြစ်၏။

"ဘယ်လိုဖြစ်တာလဲခင်ဗျာ"

"ခေါင်းထဲမှာ ငါးမိနစ် ဆယ်မိနစ်အတွင်းမှာ မူးသလိုလိုဖြစ်လာ ပြီး ဟောဒီ ဗိုက်ထဲမှာလဲ အောင့်လာသလိုပဲ"

"အစ်မကြီးတစ်ယောက်ထဲ ခရီးထွက်လာတာလား"

"မဟုတ်ပါဘူးရှင်။ ဒါ ကျွန်မ ခင်ပွန်းသည်ပါ"

အမျိုးသမီးကြီးက သူ့ဘေးတွင်ကပ်ထိုင်နေသော အသက် ၃၅ နှစ်ခန့်ရှိ ထောင်ထောင်မောင်းမောင်း ယောကျ်ားတစ်ဦးကို ထိုးပြလိုက်၏။

"ဒါဖြင့် ဒီလိုလုပ်ဗျာ။ အစ်မကြီး လေယာဉ်မူးရင်သောက်တဲ့

ဆေးပြားလေးတွေ သောက်ကြည့်ပါအုံး။ မသက်သာရင် ဒီနောင်ကြီးက ကျွန်တော်တို့ကို ထပ်အကြောင်းကြားပါ။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကူညီပါ့မယ်။ ခုလို ကျွန်တော်တို့ လေယာဉ်ပျံစီးပြီး သွားတဲ့အခါမှ ဖြစ်ရတာလဲ စိတ်မကောင်းပါဘူး ခင်ဗျာ”

ကပ္ပတိန် ဒန်နီသည် စက်ခန်းရှိရာသို့ ပြန်လျှောက်လာခဲ့၏။ ထိုနောက် ချက်ချင်း သူ့ထိုင်ခုံတွင် ဝင်ထိုင်ခြင်းမပြုသေးဘဲ လေယာဉ်မယ် ဂျင်နက်ဗင်ဆင်ကို စောင့်နေခဲ့သော ၂ မိနစ်အတွင်းပင် ဂျင်နက်ဗင်ဆင် စက်ခန်းတွင်းသို့ လိုက်ဝင်လာခဲ့၏။

“မိန်းမကြီးအခြေအနေကြည့်ရတာ ဘယ်လိုထင်လဲ ဂျင်နက်”

“စောစောကတော့ အကောင်းကြီးပဲ ကပ္ပတိန်။ သူပြောသလို ချက်ချင်းကောက်ကာငင်ကာဖြစ်ခဲ့တာ။ မိန်းမကြီး အခြေအနေကြည့်ရတာ သိပ်မကောင်းဘူး။ မျက်နှာတစ်ခုလုံးလဲ ချွေးစီးတွေထွက်နေပြီး ဝေဒနာတစ်ခုကို တော်တော် မသက်မသာခံနေရပုံရတယ်”

“တို့ခရီးသည်တွေထဲမှာ ဆရာဝန်တစ်ယောက်ယောက်များ ပါသလား”

“ခရီးသည်စာရင်းမှာ ဆရာဝန်လို့ ရှေ့ကနံမယ်တပ်ပြီး စာရင်းပေးလိုက်လာတဲ့ ခရီးသည်တော့မတွေ့မိဘူး။ ဒါပေမဲ့ တစ်ဦးချင်း အသေအချာ လိုက်မေးကြည့်ရင်တော့ မသိဘူး”

“ဒါဖြင့် မင်းလိုက်မေးကြည့်စမ်းကွာ”

“ဟုတ်ကဲ့ ကပ္ပတိန်”

ဂျင်နက်ဗင်ဆင်သည် သွက်လက်စွာပင် ခရီးသည်များအခန်းသို့ ပြန်ကူးသွားခဲ့၏။ သူသည် နောက်ဆုံးထိုင်ခုံတွင် လိုက်ပါလာသော ခရီး

သည်များကစပြီး တစ်ဦးချင်း လိုက်မေး၏။

"ဦးက ဆရာဝန်ပါလား"

"အစ်ကိုကြီးက ဆရာဝန်ပါလား"

"အစ်မကြီးက ဆရာဝန်ပါလား"

သူမေးသမျှ ခရီးသည်များမှာ ခေါင်းခါသည်ချည်းဖြစ်၏။

နောက်ဆုံး ဂျော့စပင်ဆာအနီးသို့ ရောက်လာခဲ့၏။

"အကိုကြီးက ဆရာဝန်လားရှင့်"

"ဟာ. . မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်က ကုန်ကားရောင်းကိုယ်စားလှယ်ပါ။ ခင်ဗျားက ဆရာဝန် လိုက်ရှာနေတာလား"

"ဟုတ်ပါတယ်ရှင်"

"ဒီဘက်က ဦးကြီးက ဆရာဝန်ပါ"

"ဟင်. . ဟုတ်လား"

ထိုအချိန်၌ ဆရာဝန်ကြီး ဘိတ်မှာ တခေါခေါနှင့် အိပ်မောကျလျက်ရှိပါသည်။

"နှိုးရမှာတော့ အားနာစရာကြီးရှင်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ခရီးသည် လူနာတစ်ယောက် ပြချင်လို့ နှိုးပေးပါအုံး"

"ဦး. . ဦး"

"ဟင်. . " ဒေါက်တာဘိတ်သည် ချက်ချင်းနိုး၍လာ၏။

"လေထဲမှာလဲ ဦးအတွက် အရေးပေါ် လူနာပြချင်တဲ့လူတစ်ယောက် ရောက်နေလို့"

ဂျော့စပင်ဆာက ဒေါက်တာဘိတ်ကိုနှိုးရင်း ဟာသနှော၍ ပြောလိုက်၏။

"ခွင့်လွှတ်ပါဦးရယ်။ ဦးက ဆရာဝန်နော်"

"ဟုတ်ပါတယ်။ ကျုပ် ဒေါက်တာဘိတ်ပါ"

"အနှောင့်အယှက်ပေးတယ်လဲ မအောက်မေ့ပါနဲ့ဒေါက်တာ။ ခရီးသည်လူနာတစ်ဦးကို ခဏလိုက်ကြည့်နိုင်ရင် လိုက်ကြည့်ပေးပါ"

ဒေါက်တာဘိတ်သည် သွက်လက်စွာပင် ဂျင်နက်ဗင်ဆင်နောက်သို့ လိုက်သွားခဲ့၏။

ထိုအချိန်၌ လေယာဉ်စက်ခန်းအတွင်း ကပ္ပတိန် ဒန်နီမှာ လေယာဉ်လေအခြေအနေပြ ဒိုင်ခွက်များကို စစ်ဆေးကြည့်ရှုရင်း အလုပ်များလျက်ရှိ၏။

"ကပ္ပတိန်. . ရှေ့မှာ တိမ်တွေတွေ့နေရတယ်။ နောက် ငါးမိနစ်လောက်ဆိုရင်တော့ ကျွန်တော်တို့ တိမ်ထဲဝင်ကြတော့မယ်ထင်တယ်"

ဒုတိယလေယာဉ်မှူးက လှမ်းပြောလိုက်ခြင်းဖြစ်၏။

"ဟော့. . မဝင်နဲ့ မဝင်နဲ့။ အနောက်မှာ လူနာအမျိုးသမီးတစ်ဦးပါလာတယ်။ တိမ်ထဲဝင်လို့ လေယာဉ်ပျံလူးရင် ခံနိုင်မှာမဟုတ်ဘူး။ တိမ်ကလွတ်အောင် ပေနှစ်သောင်းအမြင့်ထိ တက်ကြရအောင်။ ခဏနေအုံး။ မျှော်စင်ကို လှမ်းအခွင့်တောင်းလိုက်အုံးမယ်"

ကပ္ပတိန်ဒန်နီသည် သွက်လက်စွာ စကားပြောခွက်ကို ကောက်ကိုင်ပြီး လေယာဉ်ထိန်းမျှော်စင်ကို ရေဒီယိုလှိုင်းမှ ဆက်သွယ်လိုက်၏။

"ရီဂျီနာမျှော်စင်၊ လေယာဉ်ပျံ ၇၁၄ မှခေါ်နေတယ်။ အသံကြားအကြောင်းပြန်. . ဒါပဲ"

"လေယာဉ်ပျံ ၇၁၄၊ ရီဂျီနာမျှော်စင်မှ ပြန်ထူးနေတယ်။ ခင်ဗျားဆက်ပြောပါ. . . ဒါပဲ"

"ကျွန်တော်တို့ရှေ့မှာ တိမ်ထူနေလို့ တိမ်လွတ်အောင် ပေနှစ်သောင်းအမြင့်ထိတက်ချင်တယ်။ တခြားလေယာဉ်ပျံတွေသွားလမ်းရှင်း မရှင်း အကြောင်းပြန်ပါ. . . ဒါပဲ"

"လေယာဉ်ပျံ ၇၁၄. . တခြားလေယာဉ်သွားလမ်းအားလုံး ရှင်းနေတယ်။ ပေ နှစ်သောင်းအထိ တက်နိုင်တယ်. . . ဒါပဲ"

ကပ္ပတိန်ဒန်နီသည် ချက်ချင်းပင် စက်အားကိုမြှင့်တင်ပြီး ပေနှစ်သောင်းအမြင့်သို့ တက်လာခဲ့၏။

"ကပ္ပတိန်"

"ဟင်. . ."

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်ဖြစ်၏။ သူ့ဘေးတွင် မားမားရပ်လျက်ရှိပါသည်။

"ဟိုအမျိုးသမီး အခြေအနေမကောင်းဘူး။ ပိုဆိုးလာနေသလိုပဲ"

"ဟုတ်လား။ ဆရာဝန်ရှာလို့ရော တွေ့လား"

"တွေ့တယ်။ ခု ဆရာဝန်စမ်းသပ်ကြည့်နေတယ်။ ခက်တာက ဘာဖြစ်မှန်းလဲမသိဘူး။ ခုပဲ ရှေ့နားက ခရီးသည် ယောကျ်ားတစ်ယောက်ကလဲ ဟိုအမျိုးသမီးဖြစ်သလို ဗိုက်အောင့်ပြီး ခေါင်းမှာ စီစီစီစီနဲ့ နာလာလို့။ ကျွန်မကိုဆေးရှိရင် ပေးပါအုံးလို့တောင်းနေတယ်။ ကပ္ပတိန် လိုက်ကြည့်ချင် ကြည့်ပါလား"

"အေး အေး. . ကိုယ်လိုက်ခဲ့မယ်"

ကပ္ပတိန်ဒန်နီသည် ချက်ချင်းပင် လိုက်လာခဲ့၏။ သူတို့ခရီးသည်များ အခန်းသို့ရောက်လျှင် အမျိုးသမီးလူနာဘေးတွင် ကုန်းကုန်း ကုန်း-ကုန်းနှင့် အလုပ်များနေသော ဒေါက်တာဘိတ်ကို လှမ်းမြင်လိုက်ရ၏။

ကပ္ပတိန်ဒန်နီသည် ဒေါက်တာဘိတ် အနီးသို့ ဦးတည်လျှောက်သွားခဲ့၏။

"ခင်ဗျား စိတ်ကိုတင်းထား။ ထိုင်တာလဲ အသက်သာဆုံးဖြစ်အောင်ထိုင်။ ကဲ. . မျက်လုံးကိုကြိုးစားဖွင့်ထား။ ကျွန်တော် နဲနဲကြည့်ချင်လို့"

ဒေါက်တာဘိတ်သည် သူ့အိတ်တွင်းမှ ဆရာဝန်သုံး လက်နှိပ်ဓာတ်မီးငယ်လေးကိုထုတ်ပြီး အမျိုးသမီး၏မျက်လုံးကို အမျိုးမျိုး ထိုးကြည့်နေ၏။

"ခင်ဗျား မျက်လုံးထဲကရော နာလား"

"မနာဘူး။ ဒါပေမဲ့ ကျွန်မ ဘာကိုမှ သဲသဲကွဲကွဲမမြင်တော့ဘူး။ ရှေ့မှာမြင်နေရတာ အားလုံးဟာ မှုန်ဝါးဝါးဖြစ်နေတယ်။ နှစ်ခု ဖြစ်နေတယ်"

"ဗိုက်ထဲက နာတာရော ဘယ်လိုနေလဲ"

ဒေါက်တာဘိတ်သည် အမျိုးသမီးကြီး၏ဗိုက်ကို တစ်နေရာစီ ထောက်၍ စစ်ဆေးကြည့်နေ၏။ ထို့နောက် ကျေနပ်သလိုရှိမှ အမျိုးသမီး အနားမှခွာ၍ ထရပ်လိုက်၏။

"ဒေါက်တာ၊ ဒါ ကပ္ပတိန် ဒန်နီပါ"

"ဩော်. . "

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်မိတ်ဆက်ပေးလိုက်လျှင် ဒေါက်တာဘိတ်နှင့် ကပ္ပတိန်ဒန်နီသည် တစ်ဦးကိုတစ်ဦး သွက်လက်စွာ လက်ဆွဲနှုတ်ဆက်လိုက်ကြ၏

"ဒါထက်နေပါအုံး မိန်းကလေး။ မင်းကို တစ်ခုမေးရအုံးမယ်။ ဒီအမျိုးသမီးကို မင်း ဘာဆေးတွေတိုက်ထားလဲ"

"ခေါင်းကိုက်ပျောက်ဆေးနဲ့ရေပဲ တိုက်ထားပါတယ်"

"သူ့ယောကျ်ားပြောတော့ စောစောက တစ်ချိန်လုံး အန်နေတယ်ဆို"

"ဟုတ်ကဲ့"

ဒေါက်တာဘိတ်သည် သူ့အသံကို ဘေးကလူတွေမကြားအောင် နှိမ့်ပစ်လိုက်ပြီး . .

"အန်နေတဲ့လူနာကို ခေါင်းကိုက်ပျောက်ဆေးပေးရတယ်လို့ မင်းကို ဘယ်သူနာပြုသင်တန်းကျောင်းကများ သင်ပေးလိုက်တာလဲ မိန်းကလေးရယ်။ နောက်ကိုမှတ်ထား။ ဒီလိုလူနာမျိုးကို ဘယ်တော့မှ ခေါင်းကိုက်ပျောက်ဆေး မပေးနဲ့။ ရေပဲတိုက်"

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်၏ မျက်နှာလေးမှာ နီရဲ၍သွား၏။

"ဒီမှာ ခင်ဗျာ. . . ဦးက ဆရာဝန်လား"

"ဟုတ်ပါတယ်"

ခရီးသည်တစ်ဦးဖြစ်ဟန်ရှိ၏။ လူတစ်ယောက်သည် ဒေါက်တာဘိတ် အနီးသို့ ကပ်လာပြီး အထက်ပါအတိုင်း မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော့်ဘေးက လူနာတစ်ယောက်လဲ အန်ပြီးမူးနေလို့ လာကြည့်ပေးပါအုံး။ ဗိုက်ထဲက အောင့်တယ်လဲ ပြောတယ်"

"ဟင်. . "

ဒေါက်တာဘိတ်၏နှုတ်မှထွက်လာသော အာမေဋိတ်အသံဖြစ်၏။ ထိုအချိန်၌ပင် စက်ခန်းမှခေါ်နေသည့် တယ်လီဖုန်းခေါင်းလောင်းသံသည် ရုတ်တရက်မြည်၍လာ၏။ ကပ္ပတိန်ဒန်နီသည် တယ်လီဖုန်းရှိရာသို့ ပြေးသွားပြီး . .

"ပီတာလား။ ကျွန်တော်ဒန်နီပါ"

"ကပ္ပတိန်၊ စက်ခန်းကို အမြန်လာပါ။ ကျွန်တော် ဘယ်လိုဖြစ်နေလဲမသိဘူး။ ရုတ်တရက် ဗိုက်အောင့်ပြီး မျက်လုံးတွေလဲ ပြာလာသလိုပဲ"

"ဟုတ်ကဲ့-ဟုတ်ကဲ့။ ကျွန်တော် ခု လာခဲ့မယ်"

"ဒေါက်တာ၊ ရှေ့စက်ခန်းကိုလိုက်ခဲ့ပါအုံး။ ကျွန်တော့် ဒုလေယာဉ်မှူး ကိုယ်တိုင် ဗိုက်အောင့်ပြီး မျက်လုံးတွေပြာလာလို့တဲ့"

သူတို့သုံးဦးလုံး စက်ခန်းသို့ ပြေးသွားကြ၏။

စက်ခန်းတွင် ဒုလေယာဉ်မှူး ပီတာမှာ မျက်နှာတွင် ချွေးသီးချွေးပေါက်များနှင့် လေယာဉ်ပျံကို မနိုင်မနင်း ကြိုးစားထိန်းမောင်းလျက်ရှိ၏။ ကပ္ပတိန်ဒန်နီသည် သွက်လက်စွာ သူ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ လေယာဉ်ထိန်း မောင်းတံပေါ်သို့ လက်ကို ချက်ချင်း တင်လိုက်ပြီး ပွဲများပေါ်သို့လည်း ခြေနှစ်ဖက်ကို မသိမသာ ဖိနင်းထားလိုက်၏။

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်နှင့်ဒေါက်တာဘိတ်တို့လည်း တိုင်ပင်ထားသည့်အလားပင် ဒုလေယာဉ်မှူး ပီတာကို သူ့ထိုင်ခုံပေါ်မှ အတူတွဲ၍ ချီမ ဆွဲချလိုက်ကြ၏။

"ဒေါက်တာ. . ခု ဒီလေယာဉ်ပျံပေါ်မှာ ဒီလူတွေဟာ ဘာရောဂါဖြစ်နေကြတာလဲ။ ကျွန်တော့်ကို ပြောပါအုံး"

ကပ္ပတိန်ဒန်နီသည် လေယာဉ်ပျံမောင်းနေရာမှ ဒေါက်တာဘိတ်ကို လှမ်းမေးလိုက်၏။

"အင်း. . အတိအကျတော့ ပြောလို့မရသေးဘူး။ ဒါပေမဲ့ လူနာတွေအားလုံး ရောဂါလက္ခဏာအတူတူပဲဖြစ်နေတယ်။ အင်း. . ဖြစ်ဖို့များတာတော့ . . . ဂျင်နက်"

"ဟုတ်ကဲ့ရှင့်"

"မင်းတို့ ဒုလေယာဉ်မှူး စောစောက ညစာစားတုန်းက ဘာနဲ့ စားလဲ"

"ငါး. . ."

"ဟို. . ဗိုက်အောင့်ပြီး အန်နေတဲ့ခရီးသည်တွေရော ဘာနဲ့စားလဲ"

"ကျွန်မ မမှတ်မိတော့ဘူးရှင်။ သွားမေးကြည့်ရမလား"

"အေး အေး. . ဦးပါလိုက်ခဲ့မယ်"

ဒေါက်တာဘိတ်နှင့် ဂျင်နက်ဗင်ဆင်တို့သည် သွက်လက်စွာ စက်ခန်းမှ ထွက်၍ သွားကြပြန်၏။ စက်ခန်းမှခရီးသည်များအခန်းသို့ ကူးသည့် တံခါးဝသို့ရောက်လျှင်. . .

"ဒေါက်တာ- ဒီမှာပဲစောင့်နေပါလား။ ကျွန်မဖာသာကျွန်မ သွားမေးပါ့မယ်။ ဒေါက်တာပါ ပါလာရင် ခရီးသည်တွေအားလုံး လန့်ကုန်မှာ စိုးလို့ "

"အေး-အေး၊ ဦး ဒီမှာ စောင့်နေမယ်"

ဂျင်နက်ဗင်ဆင်သည် ခရီးသည်များအခန်းသို့ သွက်လက်စွာ ဝင်သွား၏။ နှစ်မိနစ်ခန့်အတွင်းပင် သူ့စက်ခန်းတွင်းသို့ ပြန်၍လာပြန်သည်။

"ဒေါက်တာ အန်နေတဲ့ခရီးသည်တွေ ငါးဟင်းနဲ့ ညစာစားကြတယ်"

"ဟင်- ဒါဆိုရင်တော့ သေချာသလောက်ပဲ။ အစာအဆိပ်တက်တဲ့ရောဂါဖြစ်လိမ့်မယ်။ ဒီညကျွေးတဲ့ ငါးဟာ မသန့်ဘူးနဲ့တူတယ်"

"ဒေါက်တာ တခြားခရီးသည် သုံးလေးယောက်လောက်လဲ မူးတယ်။ ဗိုက်နာတယ်နဲ့ ကျွန်မကို အကူအညီတောင်းနေတယ်။ ပထမဆုံး

စပိုက်နာပြီး မူးနေတဲ့အမျိုးသမီးကြီးကတော့ ခု မေ့မျောသွားတော့မလို ဖြစ်နေပြီ။ ဒေါက်တာ သူ့ကို အရင်လိုက်ကြည့်ပေးပါအုံးလား"

ဂျင်နက်ဗင်ဆင်မျက်နှာမှာ အလွန်စိုးရိမ်ထိတ်လန့်သော အသွင်ကို ဆောင်လျက်ရှိ၏။

"ခက်တာပဲ မိန်းကလေးရယ်။ ဦးမှာ ဘာဆေးမှ ခုပါတာမဟုတ်ဘူး။ မင်း ဒီလူနာတွေ သက်သာစေချင်ရင် ဦး ခရီးသွားအိတ်ကို အရင်သွားယူပေးအုံး။ အဲဒီထဲမှာ ဆေးတချို့တော့ ပါပါတယ်"

"ဒေါက်တာ့အိတ် နံပါတ်ပြားရော"

"ဒီမှာ"

ဒေါက်တာဘိတ်သည် သူ့အင်္ကျီအိတ်အတွင်းမှ ပစ္စည်းအပ်ကတ်ပြားနှစ်ခုကို ထုတ်ပေးလိုက်၏။

"ဦးမှာ ခရီးသွား အိတ်နှစ်လုံး ပါခဲ့တယ်။ အိတ်အငယ်ကို ဦး လိုချင်တယ်"

"ဟုတ်ကဲ့။ ကျွန်မပစ္စည်းတွေ ထားတဲ့အခန်းဆီ သွားရှာကြည့်အုံးမယ်။ ပစ္စည်းတွေ အများကြီးဆိုတော့ ရုတ်တရက် ရှာလို့တွေ့မယ်တော့ မထင်ဘူး"

ဂျင်နက်ဗင်ဆင်သည် ဒေါက်တာဘိတ်၏ ဆေးအိတ်ရှာရန်အတွက် အခန်းမှထွက်ရန် ဟန်ပြင်လိုက်ပြန်၏။

"ဟေ့ ဟေ့- နေအုံး၊ မင်းတို့ကပ္ပတိန်ကရော၊ ဒီညစာ ငါးဟင်းနဲ့စားလား။ သိုးသားဟင်းနဲ့စားလား"

ဂျင်နက်ဗင်ဆင်၏ရင်မှာ ရုတ်တရက် ထိတ်ကနဲဖြစ်၍သွား၏။ မျက်လုံးများမှာလည်း ပြာလာသလိုရှိ၏။ 'ဟင်-ဒုက္ခ-ဒုက္ခ၊ ငါ ဘယ်လို

လုပ်ရပ့်မလဲ’ ဂျင်နက်သည် ရုတ်တရက် မှုးချင်သလို ဖြစ်၍သွား၏။ ထို့နောက် စက္ကန့်အနည်းငယ်ကြာမှ သူ့ကိုယ်သူ ကြိုးစား၍ ပြန်ထိန်းပြီး

“ဒုံ-လေယာဉ်မှူးလိုပဲ သူလဲ ငါးဟင်းနဲ့ပဲစားတယ် ဒေါက်တာ”

“မင်းရော ဘာဟင်းနဲ့စားလဲ”

“ကျွန်မလား။ ကျွန်မက သိုးသားနဲ့ စားတယ်”

“ကဲ-ကဲ- မင်း ကိုယ့်ဆေးအိတ်သာ သွားရှာပေတော့”

* * *

ဒေါက်တာဘိတ်သည် ကပ္ပတိန်ဒန်နီ၏ ထိုင်ခုံအနီးသို့ ပြန်လျှောက်၍သွား၏။ သူ့ရင်ထဲတွင် အတွေးမျိုးစုံဖြင့် ဘောင်ဘင်ခတ်လျက်ရှိ၏။

“ကပ္ပတိန်. . ”

“ဟုတ်ကဲ့၊ ဒေါက်တာ”

“ခု လေယာဉ်ပျံပေါ်မှာဖြစ်နေတဲ့ရောဂါကတော့ အစားအဆိပ်တက်တဲ့ရောဂါပဲ။ စောစောက ဒီလေယာဉ်ပျံပေါ်မှာ ညစာကျွေးတဲ့ ငါးဟင်းဟာ မသန့်ဘူးနဲ့ တူတယ်”

“သေချာလား ခင်ဗျား”

“အတိအကျတော့ ဘယ်လိုပြောနိုင်မလဲ။ ကျုပ်မှာ ဘာဆေးပစ္စည်းမှ မယ်မယ်ရရ ပါတာမှမဟုတ်ဘဲ”

“အင်း. . ဒုက္ခပဲ။ ကျွန်တော်လဲ ငါးဟင်းနဲ့ပဲ စားမိပြီ ဒေါက်တာ”

“ဟုတ်တယ်။ ကျုပ်သိတယ်။ တစ်ခုတော့ရှိပါတယ်။ ဒီငါးဟင်းနဲ့ စားတဲ့လူတိုင်း အစားအဆိပ်ဖြစ်မယ်လို့တော့ အတိအကျပြောလို့ မရပါဘူး။ တစ်ဦးချင်းရဲ့ ကိုယ်ခံအားအပေါ်တည်ပြီး အဆိပ်ကို တွန်းလှန်

ပစ်နိုင်တာတွေရှိပါသေးတယ်။ ဒါထက် မေးပါရစေ။ ဒုလေယာဉ်မှူးနဲ့ ကပ္ပတိန် တစ်ချိန်ထဲ ညစာစားကြတာလား"

"မဟုတ်ဘူး။ သူက နဲနဲစောတယ်။ နာရီဝက်လောက်ကို စောလိမ့်မယ်ထင်တယ်။ နောက်ပြီး ဒီလူက အစားသိပ်ကြီးတဲ့လူ။ ကျွန်တော့် နှစ်ဆလောက်ကို စားလိုက်သလား မသိဘူး"

"အင်း- ဒါဆိုရင်တော့ တော်ပါသေးတယ်။ တကယ်လို့ ကပ္ပတိန် အဆိပ်သင့်ရင်တောင် ချက်ချင်း မသင့်နိုင်သေးပါဘူး။ ကျုပ် တစ်ခု အကြံပေးပါရစေ။ ကျုပ်တို့ အရေးပေါ် ဆင်းစရာ ဒီအနီးအနားမှာ လေယာဉ်ကွင်းတွေ မရှိဘူးလား"

"မရှိဘူးခင်ဗျား၊ ကျွန်တော် ဒီလိုလုပ်ဖို့ စဉ်းစားကြည့်ပြီးပါပြီ။ ဒီအနားမှာရှိတဲ့ ကွင်းတွေအားလုံး နှင်းမြူတွေနဲ့ ဖုံးနေတယ်။ ဘယ်လိုမှ ဆင်းလို့မရဘူး"

"ဒါဖြင့် ကျွန်တော်တို့ထွက်လာကြတဲ့ လေယာဉ်ပျံကွင်းကို ပြန်လှည့်ကြမယ်ဆိုရင်ရော"

"ဒါလဲမဖြစ်သေးဘူး။ အဲဒီကွင်းဟာလဲ မြူတွေဖုံးနေပြီလို့ ကျွန်တော် ရေဒီယိုကြေးနန်းသတင်းရပြီးပါပြီ"

"အင်း- ဒါဆိုရင်တော့ ရှေ့ဆက်သွားဖို့ တစ်နည်းပဲရှိတယ် ဆိုပါတော့"

"ဟုတ်ပါတယ် ခင်ဗျား"

ဒေါက်တာဘိတ်မှာ အလွန်စိတ်ပျက်သွားဟန်ရှိ၏။ သူ့ဘောင်းဘီ အိတ်အတွင်းမှ လက်ကိုင်ပဝါကိုထုတ်၍ သူ့မျက်နှာတွင် သီးထွက်လျက်ရှိသော ချွေးသီးချွေးပေါက်များကို သုတ်ရင်း

"ကျွန်တော်တို့ ဗင်ကိုဗာကို ရောက်ဖို့က ဘယ်နှစ်နာရီလောက် ဆက်သွားကြအုံးမလဲ"

"သုံးနာရီခွဲတိတိကို သွားရအုံးမယ်"

"ဒါဖြင့်ရင် ဒီလေယာဉ်ပျံမှာ အလိုအလျောက် လေယာဉ်မှူး မပါဘဲ ထိန်းပေးနိုင်တဲ့စက်တွေ ဘာတွေ တပ်ထားတာမရှိဘူးလား"

"ရှိပါတယ်။ အလိုအလျောက် ထိန်းနိုင်တဲ့ 'အော်တိုပိုင်းလော့' ပါပါတယ်။ ဒါပေမဲ့ ဒေါက်တာ၊ ဒီစက်က ကွင်းပေါ်ရောက်အောင် ပြန်ဆင်းနိုင်တာမဟုတ်ဘူး။ ခု ကျွန်တော်တို့ ပျံနေတဲ့အမြင့် ပျံနေတဲ့ အိမ်မြှောင်ညွှန်းက လွဲမသွားရုံလောက် ထိန်းပေးနိုင်တာ"

"အေးလေ. . ဒါပေမဲ့ တော်သေးတာပေါ့။ ခင်ဗျား တစ်ခုခုဖြစ် တာနဲ့ လေယာဉ်ပျံကြီးကို မြေပြင်ထိုးမကျသွားအောင်လောက်တော့ ထိန်း နိုင်တာပဲမဟုတ်လား။ ကျွန်တော် အကြံပေးချင်တာက မဖြစ်သော်ရှိ ဖြစ် သော်ရှိပေါ့ဗျာ။ ခင်ဗျားပါ မတော်တဆ အစာအဆိပ်တက်လာရင် ရုတ်- တရက် ကျုပ်တို့တွေ အန္တရာယ်မတွေ့နိုင်အောင် အဲဒီစက်ကိုဖွင့်ပြီး ခု ချိန်မှာ မောင်းထားခိုင်းရင် ကောင်းမယ်ထင်တယ်။ ဒါပေမဲ့ ကျုပ် အကြံ ပေးတာနော်။ ကပ္ပတိန်က ဒီအန္တရာယ်ကို ကျုပ်ထက် ပိုသိပါတယ်။ ကပ္ပတိန် သဘောပဲ"

"ဒေါက်တာ အကြံပေးတာ မဆိုးပါဘူး။ မှန်ပါတယ်။ ကျွန်တော် ခုပဲ အော်တိုပိုင်းလော့ ဖွင့်လိုက်ပါ့မယ်"

ကပ္ပတိန်ဒန်နီသည် အော်တိုပိုင်းလော့ ဖွင့်ရန်အတွက် ချက်ချင်း အလုပ်များ၍သွားပြန်၏။ သူသည် စက်အခြေအနေ ဒိုင်ခွက်များကို တစ်ခုချင်းထောက်၍ စစ်ဆေးကြည့်လိုက်၏။ အားလုံး ကောင်းလျက်ရှိ

၏။ တစ်ခါ သူ ဒုတိယအကြိမ် ပြန်စစ်ဆေးကြည့်ပြန်၏။ အားလုံး ကောင်း လျက်ရှိ၏။

ထို့နောက် အော်တိုပိုင်းလော့ ခလုတ်ကို ညင်သာစွာဖွင့်လိုက်၏။ ထို့နောက် သူ့လက်နှင့် ခြေများကို လေယာဉ်ထိန်းမောင်းတံနှင့် ပဲ့ထိန်း များပေါ်မှ ညင်သာစွာ ချလိုက်ပါသည်။

"ဒေါက်တာ၊ ဒါဒေါက်တာ လိုချင်တဲ့ ဆေးအိတ် ဟုတ်ပါတယ် နော်"

"အေး-ဟုတ်တယ်။ ကျေးဇူးပဲ ဂျင်နက်"

ဒေါက်တာဘိတ်သည် ဂျင်နက်လက်တွင်းမှ ဆေးအိတ်ကို လှမ်း ယူလိုက်ပြီး ချက်ချင်း သူ့ဘောင်းဘီအိတ်တွင်းမှ သော့ကို ထုတ်၍ ဖွင့် လိုက်၏။

"တော်သေးတယ်ကွယ်။ ကိုယ့်မှာ ဒီဆေးပြားတွေ ပါလာပေလို့။ ဒါ အဆိပ်ဖြေဆေးပြားတော့ မဟုတ်ဘူး။ အန်ဆေး။ အန်လိုက်ရင် လူနာ တွေ နဲနဲတော့ သက်သာသွားကောင်းပါရဲ့။ မတတ်နိုင်ဘူး။ ရှိတာနဲ့ပဲ လုပ်ကြတာပေါ့။ ဒီလူနာတွေ အဆိပ်ဖြေဖို့က ချက်ချင်း ဆေးရုံပို့နိုင်မှ ဖြစ်နိုင်တာ။ ကပ္ပတိန် ရော့. . ခင်ဗျား ဒီဆေးပြားတစ်ခုကို သောက်လိုက်။ နောက် ရေကိုလဲ တတ်နိုင်သလောက် ဝအောင်သောက်ပစ်လိုက်။ ဗိုက် ထဲမှာ ရေများသွားတော့ အဆိပ်တွေ ရေနဲ့ရောပြီး ပေါ့သွားနိုင်တာပေါ့။ ဂျင်နက်. . မင်း ငါးဟင်းစားမိတဲ့လူနာတွေအားလုံးကို ဒီဆေးပြားတစ်ပြား စီ လျှောက်တိုက်။ နောက်ပြီး ရေ နှစ်ခွက် သုံးခွက်စီသောက်ခိုင်း။ ဩော်- ဒုလေယာဉ်မှူးကို အရင်တိုက်လိုက်ဦးဟေ့။ သူက ပိုအရေးကြီးတယ်"

ဂျင်နက်သည် ဒုလေယာဉ်မှူးခေါင်းကို မ,၍ ဆေးပြားတစ်ပြား

ကို ကြိုးစားတိုက်လိုက်၏။ သို့သော် မည်သို့မျှ ထူးခြားမလာ။

“ဂျင်နက်”

ကပ္ပတိန်ဒန်နီ လှမ်းခေါ်လိုက်သော အသံဖြစ်၏။

“ဟုတ်ကဲ့ ကပ္ပတိန်”

“ကိုယ်တော့ နောင်ကို သတ်သတ်လွတ် တစ်သက်လုံး စားတော့မယ်”

“ဟုတ်တယ် ကပ္ပတိန်။ ကျွန်မလဲ စားရင်ကောင်းမလား စိတ်ကူးနေတာ”

သူတို့သုံးဦးလုံးပင် မည်သို့မျှ ထွက်ပေါက်ရှာမရအောင် ကြီးမားလှသည့် အန္တရာယ်ကြီးကို တွေ့နေရာမှ နှစ်ခြိုက်စွာ ပြုံးလိုက်ကြ၏။

“ဩော်. . ဒါထက် ဒေါက်တာ။ ဒေါက်တာတို့ ခရီးသည်လူနာတွေကို ဆေးလိုက်မတိုက်ကြခင် ခု လေယာဉ်ပျံပေါ်မှာ ဘာဖြစ်နေတယ်ဆိုတာကို ခရီးသည်အားလုံးကို အရင်ရှင်းပြလိုက်ရင် ကောင်းမယ်ထင်တယ်။ တော်တော်ကြာ လေယာဉ်ပျံတစ်စီးလုံး မဟုတ်တာတွေ အကြောက်လွန်ပြီး ထိန်းသိမ်းမရ ဖြစ်နေရင် ပြဿနာတက်နေရမှာစိုးလို့”

ကပ္ပတိန်ဒန်နီက လေယာဉ်ပျံကို ဂရုတစိုက် မောင်းနေရာမှ ဒေါက်တာဘိတ်ကို လှည့်ကြည့်ပြီး ပြောလိုက်၏။ ဒေါက်တာဘိတ်သည် အနည်းငယ်ခန့် စဉ်းစားနေသလို ခေတ္တ ငြိမ်နေပြီးမှ

“အင်း- ရှင်းရှင်းပဲ အမှန်ကို ပြောပြလိုက်တာ ကောင်းတယ် ထင်ပါတယ်။ ဘယ်မှာလဲ အသံချဲ့စက် စကားပြောခွက်”

ဒေါက်တာဘိတ်သည် သွက်လက်စွာ ရေဒီယိုစက်ဘေးမှ စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး

"ခရီးသည်အပေါင်းတို့ခင်ဗျား။ ကျေးဇူးပြု၍ နားထောင်ကြပါ။ ကျွန်တော့်နာမည် ဒေါက်တာဘိတ်ပါ။ ဒီလေယာဉ်ပျံနဲ့ လိုက်ခဲ့တဲ့ ခရီးသည်တစ်ဦးပါ။ ခင်ဗျားတို့လဲ ခုလောက်ဆိုရင် အားလုံးရိပ်မိကြလောက်ပြီဖြစ်ပါလိမ့်မယ်။ ဒီနေ့ လေယာဉ်ပျံပေါ်မှာ ညစာကျွေးတဲ့အစာအချို့ဟာ မသန့်ဖြစ်နေပြီး ခရီးသည်အချို့ အစာအဆိပ်တက်တဲ့ဝေဒနာ ခံစားနေကြတယ်ဆိုတာ မှန်ပါတယ်ခင်ဗျား။ ဒီနေ့ညစာအဖြစ် တည်ခင်းတဲ့ ငါးဟင်းဟာ သိပ်မသန့်ပုံရပါတယ်။ ကျွန်တော် ဆက်ပြီး အစီရင်ခံပါရစေခင်ဗျား။ ကျွန်တော်တို့ လေကြောင်းသွားလာမှုသမိုင်းမှာ ခုလို အစားအသောက် အဆိပ်တက်တဲ့အမှုအခင်းမျိုး အကြိမ်ကြိမ်ဖြစ်ပွားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ ဒီအန္တရာယ် အမြဲလွတ်အောင် ရုန်းနိုင်ခဲ့တယ်။ ခုထိ ညစာတည်းခင်းတဲ့ငါးဟာ မသန့်ဘူး ဆိုပေမယ့် ငါးစားတဲ့ ခရီးသည်တိုင်းဟာ အဆိပ်တက်ဝေဒနာရမယ်လို့ ပုံသေပြောလို့ မရပါဘူး။ အစားအဆိပ်တက်တဲ့ရောဂါဖြစ်ပွားမှုဟာ တစ်ဦးချင်းရဲ့ ကိုယ်ခံအားပေါ်မှာ အများကြီး တည်ပါသေးတယ်။ ဒါပေမဲ့ ပိုပြီးစိတ်ချရအောင် ဒီည ငါးစားမိတဲ့ခရီးသည်တိုင်းကို ကျွန်တော့်မှာပါတဲ့ ဆေးတစ်လုံးစီ လိုက်ဝေပေးပါ့မယ်။ ငါးစားမိသူတိုင်း ဒီဆေးပြားနဲ့ ရေကို အဝသောက်ကြပါခင်ဗျား။ ယခု အဆိပ်သင့်တဲ့ ဝေဒနာကို စတင်ခံစားနေရပြီးဖြစ်တဲ့ ဝေဒနာသည်တွေကိုလဲ ကျွန်တော် တစ်ဦးချင်း အရေးကြီးတဲ့လူကို အရေးကြီးသလို လိုက်ကြည့်ရှုစောင့်ရှောက်ပေးပါ့မယ်။ ဒါပါပဲခင်ဗျား။ ကျေးဇူးတင်ပါတယ်။ အားလုံး စည်းကမ်းရှိရှိနဲ့ ကိုယ့်ထိုင်ခုံမှာသာ ကိုယ် အေးအေးထိုင်နေကြပါ။ ကျွန်တော်တို့ လေယာဉ်မှူးကလဲ ဗင်ကိုဗာ လေယာဉ်ကွင်းမှာ ဆရာဝန်နဲ့ ဆေးရုံကား၊ လူနာတင်ကားတွေ

အသင့်စောင့်နေဖို့ ကြိုတင် အကြောင်းကြားထားပြီးပါပြီ။ နောက်တစ်ခု သတိပေးပါရစေဦးခင်ဗျား။ ကျွန်တော်တို့ ခုအချိန်ကစပြီး အိမ်သာကို သုံးတဲ့အခါ ဘယ်သူမှ သော့မခတ်ကြပါနဲ့ခင်ဗျား။ စေ့ရုံစေ့ပြီးတော့ အသုံး ပြုကြပါ။ မတော်တဆ အဆိပ်သင့်ထားတဲ့ လူနာတစ်ဦးဦး အိမ်သာထဲ မှာ မေ့လဲသွားရင် ထုတ်ရခက်မှာစိုးလို့ပါ"

"ကဲ. . ဂျင်နက် သွားကြစို့ "

ဒေါက်တာဘိတ်နှင့် လေယာဉ်မယ် ဂျင်နက်တို့သည် ခရီးသည် များရှိရာအခန်းသို့ အပြေးထွက်သွားကြပြန်၏။ လေယာဉ်မှူးကပ္ပတိန် ဒန်နီသည် ဒေါက်တာဘိတ်တို့ထွက်သွားသည်နှင့် ဗင်ကိုဗာ မျှော်စင်သို့ အဆက်အသွယ် လုပ်လိုက်၏။

"ဗင်ကိုဗာမျှော်စင်၊ လေယာဉ်ပျံ ၇၁၄ ကခေါ်နေတယ်။ အသံ ကြား အကြောင်းပြန်. . . ဒါပဲ"

"၇၁၄. . . ဗင်ကိုဗာမှ ပြန်ပြောနေတယ်။ ဆက်ပြောပါ. . ဒါပဲ"

"ဗင်ကိုဗာမျှော်စင်၊ ကျွန်တော်တို့ လေယာဉ်ပျံ ၇၁၄ အရေးကြီး သတင်းပို့စရာရှိတယ်။ ကျွန်တော်တို့လေယာဉ်ပေါ်မှာ ဒီည ညစာကျွေး တဲ့ ငါးဟင်းတချို့ဟာ မသန့်လို့ ခု ခရီးသည်တချို့ အစားအဆိပ်သင့်ပြီး မူးတဲ့လူမူး၊ အန်တဲ့လူအန် ဖြစ်နေပါတယ်။ တချို့လဲ သတိမေ့ကုန်ကြပါ ပြီ။ ဒီ အဆိပ်သင့်တဲ့လူတွေထဲမှာ ဒုလေယာဉ်မှူးလဲပါတယ်။ ကျေးဇူး ပြုပြီး ခင်ဗျားတို့ ဒီကိစ္စ ဆေးရုံကိုအကြောင်းကြားပေးပါ။ ကျွန်တော်တို့ လေယာဉ်ပျံ ဆင်းမယ့်အချိန်မှာ အရေးပေါ်ကုသဖို့ ဆရာဝန်တွေနဲ့ သူနာပြုကားတွေကို အဆင်သင့်စီစဉ်ထားပေးပါ။ နောက် ကျွန်တော်တို့ လေကြောင်းကုမ္ပဏီကိုလဲ အကြောင်းကြားပေးပါ။ ဒီညကျွေးတဲ့ ငါးဟင်း

ဟာ မသန့်လို့ တခြားလေယာဉ်ပျံတွေက ခရီးသည်တွေကိုလဲ မကျွေးမိအောင် အချိန်မီနှိုးဆော်မှုတွေ လုပ်ပေးပါလို့. . . ဒါပဲ”

“ဟုတ်ကဲ့ခင်ဗျား . . . ကျွန်တော်တို့ အမြန်ဆုံးစီစဉ်ပါ့မယ်။ အကြောင်းကြားပေးပါ့မယ်”

လေယာဉ်မှူး ကပ္ပတိန်ဒန်နီ၏ အရေးပေါ် သတင်းပို့ချက်များရလျှင် ဗင်ကိုဗာမျှော်စင်မှ တာဝန်ရှိသူများမှာ ချက်ချင်း အလုပ်များ၍သွား၏။ လေယာဉ်ပျံ ၇၁၄ ၏ သွားလမ်းမှ အခြားလေယာဉ်ပျံအားလုံးကို ရှင်းခိုင်းလိုက်၏။ ဗင်ကိုဗာမြို့ပြရဲဌာနကို ဖြစ်ရပ်အားလုံးကို ချက်ချင်း အကြောင်းကြားလိုက်၏။ ဆေးရုံသို့လည်း ချက်ချင်း ဖုန်းဆက်လိုက်၏။ မြို့တွင် အိပ်မောကျနေသော မေပယ်လီလေယာဉ်ကုမ္ပဏီမှ တာဝန်ခံ မန်နေဂျာကိုလည်း ဖုန်းဆက်လှမ်းခေါ် လိုက်၏။ မိနစ်ပိုင်းအတွင်းမှာပင် လေယာဉ်ကွင်း၌ ပြင်ဆင်မှုအားလုံး ပြုလုပ်ပြီးလေပြီ။

ဒေါက်တာဘိတ်နှင့် လေယာဉ်မယ် ဂျင်နက်ဗင်ဆင်တို့သည် စက်ခန်းမှ တံခါးရွက်ကိုဖွင့်၍ ခရီးသည်များအခန်းသို့ ကူးလိုက်ကြသည်နှင့် သူတို့နှစ်ဦးကို အားကိုးတကြီး စောင့်နေကြသော ခရီးသည်များကို မြင်တွေ့လိုက်ရ၏။

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်သည် ရေချိုင့်ယူရန်အတွက် စားဖိုဆောင်သို့ တန်း၍ထွက်သွား၏။ ဒေါက်တာဘိတ်မှာမူ ခရီးသည်လူနာများကို မည်သည့်လူနာမှ စကြည့်လျှင် ကောင်းနိုးဖြင့် လေယာဉ်ပျံ တစ်စီးလုံးမှ ခရီးသည်များကို ခြုံ၍ လှမ်းကြည့်လိုက်၏။

“ဒေါက်တာ၊ ကျွန်တော့်နာမည် ‘အော့ဘော့’ပါ။ ကျွန်တော် ဒေါက်တာ့ကို ဘာများဝိုင်းအကူအညီပေးနိုင်ပါသလဲ ခင်ဗျာ”

အသက် အစိတ်ခန့်ရှိ ပုပုပျပ်ပျပ် လူငယ်တစ်ဦးဖြစ်၏။ သူ၏ စကားပြောသံမှာ အင်္ဂလိပ်သံပီပီသသဖြစ်၏။ အင်္ဂလိပ်လူမျိုးတစ်ဦး ဖြစ်ဟန်ရှိပါသည်။ ဒေါက်တာဘိတ်သည် ထိုလူငယ်ကို ရုတ်တရက် ခေတ္တအကဲခတ်ကြည့်လိုက်ပြီး. . .

"ဝိုင်းကူပေးနိုင်တာတွေတော့ အများကြီးပဲ။ မောင့်ကို တာဝန်မပေးခင် ပထမဆုံးမေးပါရစေဦး။ မောင် ဘာဟင်းနဲ့ ဒီညစာစားလိုက်လဲ"

"ကျွန်တော် သိုးသားပါ။ ငါး မစားပါဘူး"

"ကဲ. . ဒါဖြင့်ရင် မောင် လေယာဉ်မယ်နောက်ကိုလိုက်သွား။ ဒီသူငယ်မ ခရီးသည်လူနာတွေကို ရေတိုက်တဲ့အခါ ကူတိုက်ပေးပါ"

အော့ဘော့အမည်ခံ လူငယ်သည် ပေ့ါပါးစွာ လေယာဉ်မယ်နောက်သို့ အပြေးလိုက်သွား၏။ သူသည် လေယာဉ်မယ် ဂျင်နက်နှင့် စားဖိုဆောင်အဝတွင် ဆုံမိလိုက်ပါသည်။

"ဟေ့. . ဒီမှာ။ ကျွန်တော့်ကို ဒေါက်တာက ခင်ဗျားလူနာတွေကို ရေတိုက်တဲ့အခါ ကူတိုက်ပေးပါဆိုလို့ လိုက်လာတာ"

သူသည် သွက်လက်စွာ ဂျင်နက်ကို နှုတ်ဆက်လိုက်၏။

"ဟင်. . ဒါဖြင့်ရင် အတော်ပဲ။ ရှင် ဟိုပေါ်က ရေချိုင့်တစ်ချိုင့်ယူ။ ရေအပြည့်ထည့်။ ကျွန်မနဲ့အတူ လိုက်ခဲ့ပါ။ ဪ. . ဒါထက် ရှင့်နာမည်က. . ."

"အော့ဘော့"

"ဘာ. . အော့ဘော့"

"ဟုတ်တယ်။ ခင်ဗျား မကြားဖူးဘူးလား။ လင်ကာရှာပြည်နယ်က ကမ္ဘာကျော် အော့ဘော့ဆိုတဲ့ ဝက်မျိုး။ အဲဒီဝက်တွေက ကျွန်တော့်နာမည်

ကိုယူပြီး မှည့်ထားတာ”

“ခစ်ခစ်. . ”

ဂျင်နက်သည် အသံထွက်၍ပင် ရယ်လိုက်မိ၏။ ထိုလူ၏အမူအရာကိုလည်း သူမ၏ရင်တွင်း၌ အလွန် နှစ်ခြိုက်၍သွားမိ၏။ အရေးအကြောင်းတွင် ဒီလိုပုဂ္ဂိုလ်မျိုးနှင့်မှ တွေ့တတ်ပေစွ။

ဒေါက်တာဘိတ်သည် မေ့မျောနေပြီဖြစ်သော ပထမဆုံးအစာအဆိပ်သင့်သည့် အမျိုးသမီးကြီးကို ဂရုတစိုက် စမ်းသပ်ကြည့်နေ၏။

“ကျုပ်မှာလဲ ဘာဆေးမှ အားကိုးလောက်တာတွေ ပါခဲ့တာ မဟုတ်ဘူး။ ခုရှိတာနဲ့ တတ်နိုင်သလောက် လုပ်ပေးနေရတာ။ ခင်ဗျားဇနီး ခုလို မေ့နေတာလဲကောင်းပါတယ်။ ဘာမှစိုးရိမ်စရာမရှိဘူး သဘာဝက သူ့ကို မေ့ဆေးပေးထားသလိုပဲ။ ယာယီအားဖြင့်လဲ သူခံနေရတဲ့ဝေဒနာတောင် သက်သာသွားစေပါတယ်။ ခင်ဗျား ခုအတိုင်းသာ သူ့ကို နွေးအောင် စောင်နဲ့ သေသေချာချာဂရုစိုက် ထွေးထားပေး။ ပြန်သတိလည်လာတိုင်း ရေကိုကြိုးစားတိုက်။ ကျုပ် တခြားလူနာတွေ လိုက်ကြည့်လိုက်ဦးမယ်”

“ဟုတ်ကဲ့ဒေါက်တာ။ ကျေးဇူးပါပဲ။ ဒေါက်တာ ဒီလေယာဉ်မှာ ပါလာခဲ့တာ ကျွန်တော်တို့ကို ဘုရားမတာပဲ”

ဒေါက်တာဘိတ်သည် အခြားလူနာတစ်ဦးရှိရာသို့ ရွှေ့၍သွားပြန်သည်။ ထိုလူနာမှာ ခရီးထွက်လာစက သူ့ရှေ့မျက်စောင်းထိုး ထိုင်ခုံတွင် ထိုင်ပြီး တစ်လမ်းလုံး ဝီစကီသောက်လာခဲ့သည့် လူနာဖြစ်၏။

“သူ့ကို ရေတိုက်ပြီးပြီလား”

ထိုလူနာ၏ဘေးတွင်ထိုင်နေသော ထောင်ထောင်မောင်းမောင်း ခရီးသည်ကို လှမ်းမေးလိုက်၏။

"တိုက်လို့ရမယ် မထင်ဘူး ဒေါက်တာ။ သူက စထွက်လာကတည်းက တစ်လမ်းလုံး အရက်ချည်းပဲ သောက်ခဲ့တာ"

"သူ ငါးဟင်းစားတာများ ခင်ဗျား မြင်မိသေးလား "

"ဟုတ်ကဲ့။ သူစားတာတွေ့ပါတယ်။ ဒါပေမဲ့ နဲနဲလေးပါ။ စားတယ်ဆိုရုံလေး။ အမြည်းအတွက်ပဲ။ ပဲသကြားဗူးတစ်ဗူးသာ ယူပေးပါလို့ လေယာဉ်မယ်ကိုပြောပြီး ညစာ တစ်ဗန်းလုံး ပြန်ပေးလိုက်တာတွေ့တယ်"

"ဒါဖြင့် အရက်သောက်လွန်ပြီး ဇက်ကျိုးနေတာ ထင်ပါတယ်"

ဒေါက်တာဘိတ်သည် ထိုလူအနားမှ ပြန်လည်ထွက်ခွာသွား၏။ ထို့နောက် မောသလိုလိုရှိသဖြင့် သူ့ထိုင်ခုံရှိရာသို့ ပြန်သွားပြီး ခေတ္တအမောပြေ ဝင်ထိုင်နေ၏။

"ဘယ်လိုလဲ ဦး။ တော်တော်ပန်းနေပြီလား"

ထွက်လာစက သူနှင့်စကားကောင်းလာခဲ့သော လူငယ်က လှမ်းပြောလိုက်ခြင်းဖြစ်၏။

"ပန်းတော့ပန်းတာပေါ့ဗျာ။ လေယာဉ်ပျံတစ်စီးလုံး ခေါက်တုံ့ခေါက်ပြန်လျှောက်ရတာပဲ။ ဪ. . ဒါထက် မောင်က ငါးမစားမိဘူးနော်"

"မစားမိပါဘူး ဦးရဲ့။ ကျွန်တော်က မော်တော်ကားအရောင်းကိုယ်စားလှယ်ဆိုတော့ လည်ရ၊ နပ်ရ ပါးရပါတယ်။ အကောင်းနဲ့အဆိုးကို ခွဲတတ်ရပါတယ်. . ဟဲ. . ဟဲ"

ထိုအချိန်၌ပင် လေယာဉ်မယ် ဂျင်နက်ဗင်ဆင်သည် သူတို့စခန်းသို့ ရုတ်တရက်ရောက်လာပါသည်။

"ဒေါက်တာ၊ ကပ္ပတိန်စက်ခန်းထဲက အရေးတကြီး လှမ်းခေါ်နေတယ်။ လိုက်ခဲ့ပါဦး"

"ဟုတ်လား"

ဒေါက်တာဘိတ်သည် ဂျင်နက် အနောက်မှ ချက်ချင်း ထလိုက်သွား၏။ သူတို့နှစ်ဦး စက်ခန်းတွင်းသို့ ရောက်လျှင် နှစ်ဦးလုံး ထိတ်ကနဲဖြစ်သွားကြ၏။ မဖြစ်၍မနေနိုင်။ ကပ္ပတိန်ဒန်နီသည် မျက်နှာတွင် ချွေးသီးချွေးပေါက်များနှင့် သူ့ထိုင်ခုံတွင် ဒယိမ်းဒယိုင်ဖြစ်လျက်ရှိ၏။ သူ့ခေါင်းတွင်တပ်ဆင်ထားသော ဆက်သွယ်ရေးနားကျပ်မှာလည်း ကြမ်းပေါ်ကျလျက်ရှိပါသည်။

ကပိတိန် အစားအဆိပ်သင့်ရောဂါရလေပြီ။

နှစ်ဦးလုံးပင် ကပ္ပတိန်ဒန်နီ အနီးသို့ ပြေးသွားကြ၍ သူ့လေယာဉ်မှူး ထိုင်ခုံမှ ဝိုင်းဝန်းမချီပြီး ကြမ်းပေါ်တွင် ပက်လက်လဲ၍ မေ့မျောလျက်ရှိသော ဒုလေယာဉ်မှူးအနီးသို့ ချလိုက်ကြ၏။

"ဒေါက်တာ. . ကျွန်တော် အဆိပ်စတက်နေပြီ။ မဟန်နိုင်တော့ဘူး။ ကျွန်တော့်ကို ချက်ချင်း ပျောက်အောင်ကုပေးစမ်းပါ။ ကျွန်တော်မပါဘဲ ဒီလေယာဉ်ပျံကွင်းရောက်ရင် ဆင်းနိုင်မှာမဟုတ်ဘူး။ ကျွန်တော့်ကို. . ကျွန်တော့်ကို "

"ဟော့လူ၊ တိတ်တိတ်နေ၊ တိတ်တိတ်နေ၊ စကားမပြောနဲ့။ ခင်ဗျားခြေတွေလက်တွေကိုသာ သက်သာအောင် လျှော့ထားလိုက်။ ဂျင်နက်. . သူ့လည်ပင်းက ကြယ်သီးနဲ့ လည်စည်းကို ဖြုတ်လိုက်"

ထိုအချိန်၌ပင် ကပ္ပတိန်ဒန်နီသည် မျက်လုံးများ မှိတ်၍ မေ့မျောသွားပါသည်။

* * *

လေယာဉ်ပျံကြီးသည် တည်ငြိမ်စွာ ဆက်လက်ပျံသန်းသွားလျက်

ရှိ၏။ လေယာဉ်ပျံသန်းသွားလျက်ရှိသောအမြင့်မှာ မြေပြင်မှ ပေ နှစ်-သောင်း (ဝါ) ၄ မိုင် အမြင့်တွင်ဖြစ်၏။ အကယ်၍ ထိုအချိန်ကသာ မြေပြင်တွင် မြူနှင်းများနှင့် မဖုံးနေလျှင် ကြိုကြား ကြိုကြားရှိသော ရွာငယ်အချို့မှ မီးရောင်များကို မြင်တွေ့နေရမည်ဖြစ်၏။ ယခုမူ ဘာမှ မမြင်နိုင်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပိတ်ပိတ်မှောင်လျက်ရှိ၏။

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ဒေါက်တာ"

ခေတ္တဆိတ်ငြိမ်နေသော ပတ်ဝန်းကျင်ကိုဖျက်ဆီး၍ ဂျင်နက်၏ အသံပေါ်လာခြင်းဖြစ်၏။

"ဦးလဲ မင်းကို ဒီမေးခွန်းမေးချင်နေတာ"

"ကပ္ပတိန် အခြေအနေဘယ်လိုလဲ။ သူ ကွင်းမရောက်ခင် ပြန်သတိရနိုင်မှာလား"

"ဦး ဘာမှ မပြောနိုင်သေးဘူး မိန်းကလေးရဲ့။ ဦး နားလည်သလောက်တော့ ဒီလူတွေ သူတို့ခံနေရတဲ့ အဆိပ်သင့်တဲ့ဝေဒနာရဲ့ အမြင့်ဆုံးအဆင့်ကိုတောင် မရောက်သေးဘူး။ အဆိပ်က စတက်တုန်းရှိသေးတာ။ သတိပြန်ရဖို့မပြောနဲ့။ သူတို့အသက် ရှင်မယ် မရှင်မဘူးဆိုတာတောင် ပြောလို့မရသေးဘူး။ အားလုံးက အချိန်မီကွင်းပြန်ရောက်နိုင်တဲ့အပေါ်မှာ တည်နေတာ။ ဦးက ဒီလူနာတွေကို ဒီလေယာဉ်ပျံကြီးပေါ်မှာ ဘာမှ ကုပေးနိုင်တာမဟုတ်ဘူး။ ရှေ့ဦးသူနာပြုသဘောလောက် လုပ်ပေးနိုင်တာ။ သူတို့ကို အချိန်မီဆေးရုံပို့ပေးနိုင်ရင် သူတို့အသက်ရှင်နိုင်မှာပဲ"

ဒေါက်တာဘိတ်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။

"မင်းကို တစ်ခုမေးပါရစေအုံး။ ဒီလေယာဉ်ပေါ်မှာ ခရီးသည်ဘယ်နှစ်ယောက်ပါသလဲ"

"ငါးဆယ့်ခြောက်ယောက်"

"ဒီငါးဆယ့်ခြောက်ယောက်ထဲမှာ လေယာဉ်ပျံမောင်းတတ်တဲ့ လူတစ်ယောက်မှ မပါဘူးလား"

ဂျင်နက်သည် ခရီးသည်စာရင်းကိုယူ၍ တစ်ဦးချင်း၏အမည်ကို စစ်ဆေးကြည့်ရှုလိုက်၏။

"လေကြောင်းကုမ္ပဏီမှာ အလုပ်လုပ်တယ်ဆိုတဲ့လူတောင် တစ်ယောက်မှမပါဘူး။ ဒါပေမဲ့ လိုက်မေးကြည့်ရင်တော့ မသိဘူး"

"ကဲ- ဒါဖြင့်ရင် မင်းတစ်ယောက်ချင်း လိုက်မေးကြည့်ပါလား။ ခု ဒီလေယာဉ်ပျံပေါ်မှာ ငါးဟင်းစားမိတဲ့လူက ဘယ်နှစ်ယောက်ရှိလဲ"

"ဆယ့်ငါးယောက်လောက်ရှိမယ်။ ဒါပေမဲ့ လူတိုင်း အဆိပ်မသင့်ကြသေးဘူး"

"ထားလိုက်တော့။ ဒီ ၁၅ ယောက်လုံးကိုဖယ်ပြီး ကျန်တဲ့လူတွေကို လိုက်မေးကြည့်ပါ။ အဲ- တစ်ခုတော့ရှိတယ်နော်။ ကပ္ပတိန် ခုလို အစားအဆိပ်သင့်ပြီး မေ့နေတဲ့အဖြစ်ကို ဘယ်သူ့ကိုမှမသိစေနဲ့။ တော်တော်ကြာ တစ်ယောက်တစ်ပေါက်နဲ့ ခရီးသည်တွေအားလုံးသိကုန်ရင် လေယာဉ်ပျံတစ်စီးလုံး ကြောက်ကြောက်လန့်လန့်နဲ့ ထိန်းမရဖြစ်ကုန်မယ်။ ဒီတော့ ဒီလိုလုပ်ပါလား။ ဒုလေယာဉ်မှူး အဆိပ်သင့်တဲ့အဖြစ်ကိုတော့ သူတို့ တစ်စွန်းတစ်စသိနေကြပြီပဲ။ မင်းကို ကပ္ပတိန်က သူ့ကို ရေဒီယို စကားပြောစက်ဝိုင်းကူပြောပေးဖို့ လေယာဉ်ပျံမောင်းဖူးတဲ့ လူတစ်ယောက် လိုက်ရှာခိုင်းလို့ လိုက်ရှာတဲ့သဘောမျိုးပြော။ တစ်ယောက်ချင်းကို ကြားရုံ တိုးတိုးမေး။ တိုးတိုးပြော။ ခုအချိန်မှာ တို့အားလုံး အသက်ရှင်ရေးဟာ အဲဒီလူကိုရှာတွေ့နိုင် မတွေ့နိုင်ပေါ်မှာ တည်နေပြီ။ မင်း သွားရှာပေတော့"

"ဟုတ်ကဲ့"

ဂျင်နက်ဗင်ဆင်သည် ပေ့ါပါးစွာ ဆရာဝန်ကြီး ဘိတ်အနီးမှ ထွက်ခွာသွား၏။

"ဟော့. . ဟော့. . နေအုံး. . နေအုံး"

ဂျင်နက်ဗင်ဆင် စက်ခန်းတံခါးဝသို့ ရောက်လျှင် ဒေါက်တာဘိတ်သည် ရုတ်တရက် လှမ်းအော်လိုက်၏။

"ဦး ခုမှသတိရတယ်။ ဦးဘေးမှာထိုင်တဲ့ သူငယ် မင်းမှတ်မိမလား မသိဘူး။ လေယာဉ်ပျံထွက်ခါနီးမှ ရောက်လာတဲ့သူငယ်"

"ဟုတ်ကဲ့ မှတ်မိတယ်။ မစ္စတာစပင်ဆာ မဟုတ်လား"

"အေး ဟုတ်တယ်။ ဂျော့စပင်ဆာ သူ့ကို အရင်သွားခေါ်။ သူက အရင်တုန်းက လေယာဉ်ပျံမောင်းဖူးတယ်လို့ ဦးကို ခရီးထွက်စက ပြောဖူးတယ်။ ဒါပေမဲ့ သူ့ကိုလဲ ရေဒီယိုစကားပြောစက်ကူပြောပေးဖို့ ခေါ်တဲ့ သဘောထက် ဘာမှ ပိုမပြောလိုက်နဲ့နော်"

"ဟုတ်ကဲ့"

ဂျင်နက်ဗင်ဆင်သည် ဂျော့စပင်ဆာရှိရာသို့ တန်းထွက်သွား၏။ ဒေါက်တာဘိတ်သည် ဂျင်နက် ထွက်သွားသည်နှင့် ကပ္ပတိန်ဘေးတွင် ဒူးထောက်ထိုင်ချပြီး ကပ္ပတိန်၏ အခြေအနေကို ထပ်မံစမ်းသပ်စစ်ဆေးကြည့်ရှုလိုက်၏။

တစ်မိနစ်ခန့်အတွင်းမှာပင် ဂျော့စပင်ဆာ စက်ခန်းတံခါးကို တွန်းဖွင့်၍ ဝင်လာခဲ့၏။ ဒေါက်တာဘိတ်သည် ချက်ချင်း ကပ္ပတိန်ဘေးတွင် ဒူးထောက်ထိုင်နေရာမှ ပြန်ထပြီး စက်ခန်းတံခါးကို သွားပြန်ပိတ်လိုက်၏။

"ကပ္ပတိန်က ရေဒီယိုစကားပြောစက် ကူပြောပေးဖို့ ကျွန်တော့်

ကို ခေါ်တယ်ဆို”

“ဟုတ်ပါတယ်။ ကိုင်း. . မောင် ရှေ့ဘက်လာခဲ့”

“ကျွန်တော်က မပြောတာကြာလှပြီ။ ဒီနေ့ ရေဒီယိုလှိုင်းက ဆက်သွယ်နည်းစနစ်တွေကိုလဲ သိတာမဟုတ်ဘူး။ ဖြစ်ပါ့မလား မသိဘူး”

“ကိုင်းပါ။ လာမှသာ လာစမ်းပါ”

ဒေါက်တာဘိတ်သည် ဂျော့စပင်ဆာကို လေယာဉ်မှူးနှစ်ဦး လဲနေသည့်အနီးသို့ ခေါ်သွား၏။ ဂျော့စပင်ဆာသည် လဲနေသော လေယာဉ်မှူးနှစ်ဦးကို မြင်လျှင်. . .

“ဦး. . . ဒါ လေယာဉ်မှူးတွေ မဟုတ်ပါဘူးနော်”

“ဟုတ်တယ်”

“ဘာ. . ဟုတ်တယ်။ နှစ်ယောက်စလုံးလား”

“ဟုတ်တယ်။ နှစ်ယောက်စလုံး”

“ဒါဖြင့်. . . ”

“အဲဒီအတွက် မောင့်ကို ခေါ်တာပဲ။ မောင် လေယာဉ်ပျံ မောင်းဖူးတယ် မဟုတ်လား”

“ဟုတ်ကဲ့။ စစ်အတွင်းတုန်းက။ ကြာလှပြီ”

“ဘယ်လောက်ကြာကြာ မတတ်နိုင်ဘူး။ ခု ကပ္ပတိန်ရော၊ ဒု လေယာဉ်မှူးရော မောင် မြင်တဲ့အတိုင်း အစာအဆိပ်သင့်လို့ လဲနေကြပြီ။ မောင် ဒီလေယာဉ်ပျံကို ဗင်ကိုဗာလေဆိပ်ရောက်တဲ့အထိ မောင်းပေတော့”

“ဟာ-ဟာ. . မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အကုန်သေကုန်လိမ့်မယ်”

"မောင် စစ်တုန်းက လေယာဉ်ပျံ မောင်းဖူးတယ်ဆို"

"ဟုတ်တယ်။ ကြာပြီပဲ။ စစ်ပြီးတာ ၁၃ နှစ်လုံးလုံးရှိပြီ မဟုတ်လား။ စစ်ပြီးကတည်းက ကျွန်တော် တစ်ခါမှ လေယာဉ်ပျံပေါ် ပြန်မတက်တော့ဘူး။ နောက် ကျွန်တော် မောင်းခဲ့ရတာက တိုက်လေယာဉ်ပျံ။ စပစ်ဖားယား။ ငယ်ငယ်လေး။ ဒီလေယာဉ်ပျံကြီးရဲ့ ရှစ်ပုံတစ်ပုံလောက် ရှိမယ်။ စက်ကလဲ တစ်လုံးထဲ။ ဒီလေယာဉ်ပျံက လေးလုံးရှိတာ။ ကျွန်တော် မောင်းဖူးတဲ့ လေယာဉ်ပျံနဲ့ ဒီလေယာဉ်ပျံက ပျံသန်းပုံ သဘောချင်း လုံးဝ တူတာမဟုတ်ဘူး ဦးရဲ့"

ဂျော့စပင်ဆာ လက်ဖျားလေးများမှာ တုန်၍နေ၏။ ထို့ကြောင့် သူသည် သူ့လက်ကို မသိမသာ ကုတ်အကျီအတွင်းသို့ ထည့်လိုက်၏။ စီးကရက်ဗူးကို စမ်းမိရက်သားဖြစ်၏။ သူသည် ချက်ချင်းပင် စီးကရက်ဗူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို ကွန်ရွေ့မပျက် မီးညှိသောက်လိုက်၏။

"မောင်းကြည့်စမ်းပါအုံးလား"

"မဖြစ်ကိုမဖြစ်ဘူး ဦးရဲ့။ ဘာနဲ့တူသလဲဆိုရင် ပြိုင်ကားလို ကားပေါ့ပေါ့လေးကိုပဲ မောင်းတတ်တဲ့လူကို ၁၆ ဘီးတပ် ကုန်တင်ကားအကြီးကြီးကို လူသွားလူလာ အင်မတန်ရှုပ်တဲ့ လမ်းထဲမှာ အပြင်းမောင်းခိုင်းသလိုပဲ ဖြစ်နေမယ်။ အန္တရာယ်သိပ်များလွန်းပါတယ် ဦးရယ်။ တခြားနည်း စဉ်းစားကြည့်ပါအုံး"

"အေးလေ။ မောင် မမောင်းချင်ဘူးဆိုရင်လဲ မမောင်းနဲ့အုံးပေါ့။ ဦး. . လေယာဉ်မယ်ကို တခြားမောင်းတတ်တဲ့လူများ ရှိအုံးမလားလို့ ခရီးသည်တွေအထဲမှာ သွားမေးခိုင်းထားတယ်။ တစ်ယောက်ရှိသေးရင်တော့ မောင် မမောင်းနဲ့ပေါ့"

ထိုအချိန်၌ပင် စက်ခန်းဖွင့်သံကြားပြီး လေယာဉ်မယ် ဂျင်နက်-ဗင်ဆင် ဝင်၍လာ၏။

"ဒေါက်တာ. . တစ်ယောက်မှမရှိဘူး"

"ကိုင်း. . မောင်၊ မမောင်းချင် မောင်းချင် မောင် ကြိုက်သလိုသာ မောင်းပေတော့။ ကျုပ်ကလဲ ဆေးပဲ ကုတတ်တယ်။ ဒီလေယာဉ်ပျံတစ်စီးလုံးမှာ ကျန်းကျန်းမာမာထဲက လေယာဉ်ပျံအကြောင်း နားလည်တာ မောင်တစ်ယောက်ပဲရှိတယ်။ မောင် မမောင်းရင် ကျုပ်တို့အားလုံး လေ-ယာဉ်ပျံကြီး ခါတ်ဆီကုန်တဲ့အချိန်ကတော့ အတူတူစု အသေခံကြရုံပဲ ရှိတော့တယ်။ မောင့်သဘောပဲ"

ဂျော့စပင်ဆာသည် အလွန်စိတ်ညစ်၍သွားဟန်ရှိ၏။ သူ့နဖူးတွင်လည်း ချွေးများစို့လျက်ရှိ၏။

"ဦး. . ဒီလေယာဉ်မှူးနှစ်ယောက်ကို အချိန်မီ သတိပြန်ရအောင် မလုပ်ပေးနိုင်ဘူးလား"

"မနိုင်လို့ မောင့်ကို ပြောနေတာပေါ့။ ဒီ လူနှစ်ယောက် ချက်ချင်း လေယာဉ်ပျံ မောင်းနိုင်အောင်မပြောနဲ့။ အသက်ရှင်နိုင်မယ် မရှင်နိုင်ဘူးဆိုတာတောင် အတိအကျ ပြောလို့မရဘူး။ အချိန်မီ ဆေးရုံပို့နိုင်တဲ့ ဆီမှာ တည်နေတယ်"

"ကိုင်း - ဒါဖြင့်လဲ ကျွန်တော် မောင်းမယ်"

ဂျော့စပင်ဆာသည် လေသူရဲထိုင်ခုံများရှိရာသို့ ရွှေ့သွား၏။ ဒေါက်တာဘိတ်က သူ့နောက်မှလိုက်သွား၏။ သူသည် ဘေးပြတင်းပေါက်မှ မြေပြင်သို့ လှမ်းကြည့်လိုက်၏။ ကြယ်ရောင်များကြောင့် အရောင် တလက်လက်နှင့်ရှိသော သမုဒ္ဒရာရေပြင်ကြီးကို ရေးရေးမြင်လိုက်၏။

ချက်ချင်းပင် ပစိဖိတ်သမုဒ္ဒရာပေါ်တွင် လေယာဉ်ပျံကြီး ဖြတ်ကျော်ပျံသန်းဆဲဖြစ်မည်ဟု သူတွေးလိုက်မိ၏။ သူသည် ကပ္ပတိန်ထိုင်ခုံဖြစ်သော ဘယ်ဘက်ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"ကိုင်း- ဒေါက်တာ၊ ဒေါက်တာ အလိုအတိုင်း ကျွန်တော် စမောင်းတော့မယ်။ ဒေါက်တာ ယုံကြည်တဲ့ဘုရား ဘယ်နှစ်ဆူရှိသလဲ။ ဖြစ်နိုင်ရင် ခုချိန်ကစပြီး ဘုရားတိုင်းဆီမှာသာ ဆုတောင်းပေတော့"

"မောင်က ခုလိုအချိန်မျိုးထဲမှာတောင် ဟာဟဉာဏ် ရွှင်တုန်းပဲကိုး"

နှစ်ဦးလုံး ပြုံးလိုက်ကြ၏။

"ဒါထက် ဦး. . ခရီးသည်တွေကို ဘယ်လိုပြောပြမယ် စိတ်ကူးထားလဲ"

"ခုချိန်မှာတော့ ဘာမှမပြောသေးဘူး။ လုံးဝ ဘာမှ အသိမပေးသေးဘဲ ထားမယ်လို့ စိတ်ကူးထားတယ်"

"ကောင်းတယ်။ ဒါ အကောင်းဆုံးပဲ"

သူသည် သူ့ရှေ့တွင် ရှိနေသော လေယာဉ်စက် အခြေအနေပြဒိုင်ခွက်များကို တစ်ခုချင်း လိုက်ကြည့်လိုက်၏။ လေသူရဲမျက်စိရှေ့တည့်တည့်တွင်ရှိ ဒိုင်ခွက်များမှာ လေယာဉ်ပျံသန်းမှုဆိုင်ရာ ဒိုင်ခွက်များဖြစ်ဟန်ရှိ၏။ မှန်သည်။ အမြင့်ပြဒိုင်ခွက်ကိုကြည့်ပြီး သူတို့ ယခု ပျံသန်းလျက်ရှိသောအမြင့်မှာ ပေ နှစ်သောင်းရှိသည်ကို ချက်ချင်း သူသိလိုက်၏။ နောက် အိမ်မြှောင်ညွှန်း ၂၉၀ ဒီဂရီ၊ မြန်နှုန်း ၂၁၀ မိုင်၊ လေယာဉ်စက်အားထိန်းမောင်းတံ၊ ပန်ကာအားထိန်း မောင်းတံ၊ ဓာတ်ဆီထိန်းလက်တံ၊ သူသည် တစ်ခုချင်း အားလုံးထောက်ကြည့်ပြီး စက္ကန့်ပိုင်းအတွင်းပင် ဤဒိုင်ခွက်တစ်ခုချင်း၏ အလုပ်များကို ပြန်သတိရလာသလိုရှိ၏။

"ဘယ်လိုလဲ၊ မောင် မောင်းနိုင်တယ်နော်"

"ဘယ်ပြောနိုင်အုံးမလဲ ဦး၊ စမ်းကြည့်ရအုံးမှာပေါ့။ ကျွန်တော့် တစ်သက်မှာ တစ်ခါမှ ခုလို လေယာဉ်ရဲ့စက်ခန်းမျိုးထဲ ဝင်မထိုင်ဖူးဘူး။ ဒါထက် ကျွန်တော်တို့ ခု ဘယ်ရောက်နေလဲ။ ဘယ်လေယာဉ်ကွင်းကို ဦးတည်နေလဲတောင်မသိဘူး"

"စောစောက ကပ္ပတိန်ပြောတော့ ရောကီးတောင်တန်းကို ဖြတ်နေတယ်လို့ပြောတာပဲ။ လေယာဉ်ဦးကလဲ ဘယ်မှမလှည့်ရသေးဘူး။ ဗင်ကိုဗာကိုပဲ ဦးတည်ထားပါတယ်။ မြေပြင်မှာတော့ နှင်းမြူတွေဖုံးနေတယ်လို့ ပြောတယ်"

"သြော်. . ဒါကြောင့်ကိုး။ မြေပြင်လှမ်းကြည့်တော့ အဖြူရောင်လှိုင်းတွေမြင်နေရတာ။ ကျွန်တော်က အဖြူရောင်လှိုင်းတွေပဲမြင်နေလို့ ပစိဖိတ်ပေါ်မှာ ဖြတ်နေတုန်းလားလို့။ နေအုံး. . ပထမဦးဆုံး လုပ်ဖို့က ရေဒီယိုစကားပြောခွက်က ဘယ်မှာလဲ။ စကားပြောရင် ဘယ်ခလုတ်ကို နှိပ်ရလဲ"

ဂျင်နက်သည် ရှေ့တိုးလာ၍ ရေဒီယိုစကားပြောခွက်ကို ကောက်ယူပေးရင်း. . .

"ရော့ရှင့်။ ဒီမှာ ရေဒီယိုစကားပြောခွက် မျှော်စင်ကိုလှမ်းပြောတဲ့အခါ ဟောဒီနားက ခလုတ်တွေဖွင့်ပြီးပြောတာပဲ။ ကျွန်မ ဘယ်လိုပြောရမှန်းတော့ မသိဘူး"

ဂျော့စပင်ဆာသည် ဂျင်နက်ပြရာနေရာသို့ လှမ်းကြည့်လိုက်၏။

"သြော်. . ဒါက ရေဒီယိုလှိုင်းရွေးတဲ့ ခလုတ်ပါ။ ကိစ္စမရှိဘူး။ ဒီခလုတ်ကိုကိုင်ဖို့ မလိုသေးဘူး။ ပထမဆုံး ကပ္ပတိန်ထားခဲ့တဲ့ လေလှိုင်း

အတိုင်း အစမ်း ဆက်သွယ်ကြည့်ရအောင်။ ဪ. . ဒါထက် ကျွန်တော့်ကို ဒု လေယာဉ်မှူးထိုင်ခုံမှာထိုင်ပြီး နဲနဲပါးပါး ကူလုပ်ပေးဖို့ လူတစ်ယောက်တော့ လိုလိမ့်မယ်။ ဒီမှာ၊ ခင်ဗျား ဒီဘက်ထိုင်ခုံမှာ ဝင်ထိုင်နေပါလား"

"ဟုတ်သားပဲ ဂျင်နက်။ မင်း ဒုလေယာဉ်မှူး ထိုင်ခုံမှ ဝင်ထိုင်နေပါလား"

ဒေါက်တာဘိတ်က ဂျော့စပင်ဆာ စကားကို ထောက်ခံလိုက်၏။

"ကျွန်မ ဘာမှ နားလည်တာမှ မဟုတ်ဘဲ"

"ကိစ္စမရှိပါဘူး။ ထိုင်သာဝင်ထိုင်။ ကျွန်တော် လုပ်ဆိုတာကို ကူလုပ်ပေးရုံပဲ"

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်သည် ဆက်ငြင်းမနေတော့ဘဲ ဒုလေယာဉ်မှူးထိုင်ခုံတွင် အသာဝင်ထိုင်လိုက်၏။ ထိုအချိန်၌ ခရီးသည်များအခန်းဘက်မှ လေယာဉ်မယ်ခေါ်သည့် ခေါင်းလောင်းသံလည်း မြည်၍လာ၏။

"ကိုင်း - မောင်တို့နှစ်ယောက် ကြည့်သာလုပ်ကြပေတော့။ ဦး. . ခရီးသည်လူနာတွေဆီ ပြန်သွားအုံးမယ်။ ဂျင်နက်. . မင်း ဒီမှာပဲ ထိုင်နေ။ ဦး. . လေယာဉ်မယ်တာဝန်တွေပါ လုပ်ပေးပါ့မယ်"

ဒေါက်တာဘိတ်သည် ခရီးသည်များ အခန်းသို့ ထွက်သွား၏။

"ဒါထက် ခင်ဗျားနာမည်က ဘာ. . . "

"ဂျင်နက်"

"ကိုင်း. . ဂျင်နက်၊ ကျုပ်တို့နှစ်ယောက် ဆက်လုပ်ကြရမယ့် အလုပ်က မလွယ်ဘူး။ ခင်ဗျား စိတ်အေးအေးထားပြီး ကျွန်တော် ခိုင်းတာကိုသာလုပ်။ မပျာနဲ့။ လေယာဉ်ပျံမောင်းတဲ့အလုပ်က ပျာလို့မရဘူး။ ကဲ. .

ကျွန်တော် ဒီလေယာဉ်ပျံကြီး အန္တရာယ်တွေ့နေပြီဆိုတဲ့အကြောင်း စသတင်းပို့မယ်။ ဒီလေယာဉ်ပျံ ရေဒီယိုအခေါ်က. . ."

"လေယာဉ်ပျံ ၇၁၄"

ဂျော့စပင်ဆာသည် စကားပြောခွက်မှ ခလုတ်အနီလေးကိုနှိပ်၍

"မေဒေး. . . မေဒေး. . . မေဒေး

မေဒေး. . . မေဒေး. . . မေဒေး

မေဒေး. . . မေဒေး. . . မေဒေး"

မေဒေးဆိုသည်မှာ လေယာဉ်ပျံများ သေလောက်သည့် အရေးပေါ် အန္တရာယ်ကြုံတွေ့ချိန်၌ ရေဒီယိုလှိုင်းမှ အသံလွှင့်ရသည့် ကမ္ဘာသုံး အချက်ပြဖြစ်၏။ ဂျော့စပင်ဆာသည် ဤအချက်ပြကိုတော့ ဘယ်အခါမှ မေ့မည်မဟုတ်ပါ။ ဤအချက်ပြစကားကို စစ်အတွင်းကတစ်ကြိမ် အော်ခဲ့ရဖူး၏။ ထိုအချိန်က သူမောင်းနေသည့် စပစ်ဖားယားတိုက်လေယာဉ်ပျံမှာ ပြင်သစ်နိုင်ငံပေါ်၌ တိုက်ပွဲဝင်ပျံသန်းနေစဉ် ရန်သူစက်အမြောက်မှန်ပြီး လေယာဉ်ပျံအမြီးပိုင်းတစ်ခုလုံး ကြေမွ၍သွား၏။ ထိုအချိန်၌ သူ မေဒေး အကြိမ်ကြိမ် အော်ခဲ့ရသည်။ မေဒေးကြောင့်ပင် သူ့ကို ကူညီပေး မည့် ဟာရီကိန်းတိုက်လေယာဉ်ပျံနှစ်စီး အချိန်မီ ပေါ်လာပြီး သူ့အသက် ရှင်ခဲ့၏။ သူ မေဒေးကို ဘယ်တော့မှ မမေ့။

"ကျွန်တော် လေယာဉ်ပျံ ၇၁၄ပါ။ အရေးပေါ် အန္တရာယ်တွေ့နေပါတယ်။ အသံကြားသည့်မျှော်စင်မှ ပြန်ထူးကြပါ. . ဒါပဲ"

သူ့အသံလွှင့်ချက် ဆုံးသည်နှင့်ပင်. . .။

"လေယာဉ်ပျံ ၇၁၄၊ ဗင်ကိုဗာမျှော်စင်မှ ပြန်ထူးနေတယ်။ ခင်ဗျားတို့ ဘယ်လိုဖြစ်နေကြလဲ။ ကျွန်တော်တို့ တစ်ချိန်လုံးလှမ်းခေါ်နေတာ။

ပြန်မထူးလို့ စိတ်ပူနေတာ။ ဆက်သတင်းပို့ပါ. . . ဒါပဲ”

“ဗင်ကိုဗာမျှော်စင်၊ ကျေးဇူးပဲဗျာ။ ကျွန်တော်တို့ ၇၁၄ မှာ အကြီးအကျယ် အန္တရာယ်တစ်ခုနဲ့ ကြုံတွေ့နေရပါတယ်။ လေသူရဲနှစ်ယောက်စလုံး အစားအဆိပ်သင့်ပြီး သတိမေ့နေကြတယ်။ ကျွန်တော်တို့ အပေါ်မှာပါတဲ့ ခရီးသည်. . ဟော့. . ဂျင်နက် ဘယ်နှစ်ယောက်”

“ငါးယောက်၊ ဒါလွှန်ခဲ့တဲ့ ငါးမိနစ်လောက်ကပြောတနော်။ ခုဒါထက် ပိုနိုင်တယ်”

“အဲ - ခရီးသည်ငါးယောက်ထက်မနည်းလဲ အစားအဆိပ်သင့်ထားတယ်။ ကျွန်တော်တို့ လေယာဉ်ပျံပေါ်မှာ ခရီးသည်ဆရာဝန် တစ်ယောက် ပါလာတယ်။ ဒီဆရာဝန်ရဲ့အဆိုအရ လေသူရဲနှစ်ဦးလုံး အချိန်မီပြန်သတိရပြီး လေယာဉ်ပျံမောင်းနိုင်မယ့် အခြေအနေမရှိဘူး။ လေသူရဲနှစ်ယောက်ရော၊ အခြားအဆိပ်သင့်နေတဲ့ ခရီးသည်တွေရော ဆေးရုံကို အချိန်မီမပို့နိုင်ရင် အသက်အန္တရာယ်အတွက် စိုးရိမ်ရတယ်လို့ ပြောတယ်။ ခင်ဗျား. . ဒီအထိ မှတ်လို့ရတယ်နော်”

“ရပါတယ်။ ဆက်သာပို့ပါ”

ဂျော့စပင်ဆာသည် သက်ပြင်းတစ်ချက်ကို ရှူလိုက်၏။ ထို့နောက်မှ ဆက်ပြီး. . . ။

“အဲ. . နောက် ဖြစ်တာတွေကတော့ ခင်ဗျားတို့အတွက် ပို စိတ်ဝင်စားစရာဖြစ်မလားမသိဘူး။ ကျွန်တော့်နာမည်က ဂျော့စပင်ဆာပါ။ ဒီလေယာဉ်ပျံ ၇၁၄ နဲ့ လိုက်ခဲ့တဲ့ ခရီးသည်တစ်ဦးပါ။ ခု ကျွန်တော် ဒီလေယာဉ်မှူးဖြစ်နေပြီ။ ခင်ဗျားတို့ကို အကြောင်းကြားချင်တာက ကျွန်-တော် နာရီတစ်ထောင်ကျော်လောက် လေယာဉ်ပျံ မောင်းဖူးတယ်။

ဒါပေမဲ့ စက်တစ်လုံးတပ် တိုက်လေယာဉ်တွေချည်းပဲ။ စစ်အတွင်းတုန်းက မောင်းခဲ့တာ။ ခု လုံးဝ လေယာဉ်ပျံပေါ် ပြန်မတက်ဖူးတာ ၁၃ နှစ်ရှိပြီ။ ခင်ဗျားတို့ ဒီလေယာဉ်ပျံကို မောင်းတတ်တဲ့ လေယာဉ်မှူးတစ်ယောက်လောက် အမြန်ဆုံးရှာပြီး ကျွန်တော့်ကို ဒီလေယာဉ်ပျံ ဘယ်လိုမောင်းရတယ်ဆိုတာ ပြောပြခိုင်းပါ. . . ဒါပဲ”

တစ်ဖက်မှအသံမှာ ခေတ္တဆိတ်ငြိမ်၍ သွား၏။ ဘာမှ ပြန်ထူးသံမကြားရ။

“လေယာဉ်ပျံ ၇၁၄. . ။ ဗင်ကိုဗာမျှော်စင်က ပြန်ပြောနေတယ်။ ခင်ဗျား သတင်းပို့ချက် အားလုံးရတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာကို ခုပဲ အကြောင်းကြားလိုက်မယ်။ ခေတ္တစောင့်နေပါ. . . ဒါပဲ”

ရေဒီယိုလှိုင်းမှအသံများမှာ ဆိတ်ငြိမ်၍သွားပြန်၏။ ဂျော့စပင်ဆာသည် သူ့လက်ထဲမှ စကားပြောခွက်ကို ပြန်ချ၍ထားလိုက်၏။

“ကိုင်း. . ဂျင်နက်၊ ကျုပ်တို့အပိုင်းက ဆောင်ရွက်ရမယ့်တာဝန်ပိုင်းတစ်ခုတော့ ပြီးသွားပြီ။ သူတို့ဆီကပြန်မယ့်စကားကို စောင့်နေရုံပဲရှိတော့တယ်”

သူသည် သူ့ရှေ့ရှိ အော်တိုပိုင်းလော့ စက်ထိန်း၍ လှုပ်ရှားလျက်ရှိသော လေယာဉ်အထိန်းလက်တံများကို စူးစိုက်ကြည့်လိုက်မိ၏။ ထိုအထိန်းလက်တံများကိုကြည့်ရင်း စစ်အတွင်းတုန်းက လေသူရဲဘဝကို သတိရမိသလိုလည်းရှိ၏။ တကယ်တော့ သူသည် တစ်ချိန်က လေယာဉ်ပျံမောင်းနှင်သည့်အလုပ်ကို အလွန်ကျွမ်းကျင်ခဲ့ဖူးသူဖြစ်၏။ သူ့နာမည်မှာ သူ့လေတပ်စခန်းတစ်ခုလုံးတွင် အကျော်ကြားဆုံးဖြစ်၏။ သုံးကြိမ်တိုင်တိုင်း အသက်ဘေးမှ သီသီလေးလွတ်ပြီး စခန်းရောက်အောင် ပြန်လာခဲ့

ဖူး၏။ သို့သော် ဤပညာမှာ သူ့အဖို့ မေ့သလောက်ရှိနေလေပြီ။ တစ်ချိန်တည်းတွင် တစ်ဦးတည်းထိုင်၍ရသော စပစ်ဖားယား လေယာဉ်ပျံ စက်ခန်းငယ်ငယ်လေးနှင့် ယခု သူထိုင်နေသည့် လေယာဉ်ပျံစက်ခန်း အကြီးကြီးမှာ မည်သို့မျှ ယှဉ်၍မရ။ တကယ်တော့ သူ့အဖို့ လေယာဉ်ပျံ စက်ခန်းတွင်း ဝင်ထိုင်နေရသည်နှင့်ပင်မတူ။ သူ တစ်ခါမျှ မရောက်ဖူးသော ရေငုပ်သင်္ဘော စက်ခန်းအတွင်း ဝင်ထိုင်နေရသည်နှင့်တူ၏။ သူ့ရှေ့တွင် မြင်နေရသော စက်ကိရိယာဒိုင်ခွက်အားလုံးမှာ စိတ်ကူးယဉ် သိပ္ပံဝတ္ထု တစ်ပုဒ်မှ မြင်ကွင်းများ၊ ဖြစ်ရပ်များနှင့် တူလှဘိ၏။ သူ မည်သို့ ဤ လေယာဉ်ကြီးကို ကွင်းရောက်အောင် ပြန်မောင်းရမည်နည်း။

* * *

ကမ္ဘာကို အရှေ့ဘက်မှ ပတ်သွားမည့် စက်လေးလုံးတပ် လေယာဉ်ပျံကြီးတစ်စီးစက်သံကြောင့် ဗင်ကိုဗာလေယာဉ်ကွင်းတစ်ခုလုံးမှာ ရုတ်တရက် ဆူညံသွား၏။ လေယာဉ်ပျံကြီးမှာ လေထဲရောက်သည်နှင့် ညာဘက်သို့ တဖြည်းဖြည်း ကွေ့သွား၏။ လေယာဉ်တောင်ပံဖျားနှစ်ဖက်တွင် တပ်ထားသော မှိတ်တုတ်မှိတ်တုတ် မီးလေးများမှာ အချိန်အတန်ကြာပင် မြေပြင်မှ မြင်တွေ့နေရပါသည်။

ကွင်းဆင်းပြီး လေဆိပ်သို့ ဘီးလှိမ့်ဝင်လာသော လေယာဉ်ပျံ တစ်စီးမှာမူ လေယာဉ်ရုံအဆောက်အဦးရှေ့သို့ရောက်သည်နှင့် အေးအေးဆေးဆေးပင် ညင်သာစွာရပ်လိုက်၏။ အလွန်အေးသော ညတစ်ည ဖြစ်၏။ ဗင်ကိုဗာလေဆိပ်တွင် ရပ်ထားသော လေယာဉ်ပျံအားလုံးပင် နှင်းရည်များနှင့် ရွှဲရွှဲစိုလျက်ရှိပါသည်။

ဗင်ကိုဗာလေယာဉ်ထိန်းမျှော်စင်တွင်မူ တာဝန်ရှိသူများမှာ အလွန်အလုပ်များလျက်ရှိပါသည်။ မျှော်စင်ထိန်းအရာရှိသည် တယ်လီဖုန်းတစ်ခုဖြင့် ဟိုဆက်လိုက်၊ သည်ဆက်လိုက်ဖြင့် အသက်မရှူနိုင်အောင်ရှိ၏။ ဗင်ကိုဗာရှိ မေပယ်လိကုမ္ပဏီမန်နေဂျာ မစ္စတာ ဘာဒင်မှာလည်း အဆင်သင့်ရောက်လျက်ရှိလေပြီ။ မျှော်စင်ထိန်းအရာရှိအနီးတွင် မတ်တတ်ရပ်လျက်ရှိ၏။

"မစ္စတာဘာဒင်၊ ကျွန်တော်တော့ အရှေ့ဘက်ကိုသွားမယ့် လေ-ယာဉ်ပျံတွေ အကုန်ရပ်ခိုင်းထားတယ်။ နောက်တစ်နာရီအတွင်းမှာ ဒီကွင်းက တက်ချင်တဲ့ လေယာဉ်ပျံတွေအားလုံး တက်ခိုင်းလိုက်မယ်။ အဲဒီနောက်တော့ ဒီကွင်းပိတ်လိုက်ဖို့ ပြောထားလိုက်ပြီ။ ဘယ်လေယာဉ်ပျံကိုမှ အဝင်အထွက် မလုပ်စေတော့ဘူး"

မျှော်စင်ထိန်းအရာရှိ၏ ပြောလိုက်သောစကားသံဖြစ်၏။

ထိုအချိန်၌ပင် တယ်လီဖုန်းသံမြည်၍လာပြန်၏။

"ဟုတ်တယ်။ ဒီကွင်းကိုဆင်းမယ့် လေယာဉ်ပျံတွေ နောက် မိနစ် ၄၀ လောက်ပဲ လက်ခံနိုင်မယ်လို့ပြောလိုက်။ အဲဒီနောက်မှ ဆင်းမယ့်လေယာဉ်ပျံတွေတော့ တခြားကွင်းကို ဆင်းကြပါစေတော့။ ခင်ဗျား မီးသတ်အရာရှိချုပ်ကိုရော ဖုန်းဆက်ပြီးပြီလား"

တစ်ဖက်မှ ဘာပြန်ပြောသည်မသိပါ။

"သူ့ကိုပြောလိုက်။ သူကိုယ်တိုင် လေယာဉ်ပျံကွင်းကို ဆင်းခဲ့ပါလို့။ နောက် မြို့ထဲက မီးသတ်ကား အချို့ကိုလဲ လာကူဖို့ ပြောခိုင်းလိုက်အုံး"

မျှော်စင်ထိန်းအရာရှိသည် တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

ထိုအချိန်၌ပင် လက်ထောက်မျှော်စင်ထိန်းအရာရှိ ဝင်လာပါသည်။

"ဆရာ. . လေတပ်ကိုရော ဒီလေယာဉ်ပျံကိစ္စ အကြောင်းကြားလိုက်ရမလား"

"အေး-အေး. . ကြားလိုက်. . ကြားလိုက်။ သူတို့ လေယာဉ်ပျံတွေကိုလဲ ဒီလေယာဉ်ပျံဝင်လာမယ့်လမ်းက ရှင်းထားဖို့ ပြောလိုက်အုံး"

လက်ထောက်လေယာဉ်ထိန်းအရာရှိ ပြန်ထွက်သွား၏။

"မစ္စတာဘာဒင်၊ ခင်ဗျားတို့ လေကြောင်းကုမ္ပဏီက လေယာဉ်မှူးတစ်ယောက်မှ ဒီညမရှိဘူးလား"

မစ္စတာဘာဒင်က ခေါင်းခါပြ၏။

"မရှိဘူး။ တခြားလေကြောင်းကုမ္ပဏီတစ်ခုခုကို အကူအညီတောင်းရမှာပဲ"

"ဒါဖြင့် ကနေဒါလေကြောင်းကုမ္ပဏီကိုတောင်း။ သူတို့ဆီက လေယာဉ်မှူးတွေ ဒီမြို့ထဲမှာ ညအိပ်တတ်တယ်။ ကျုပ်တို့ကို ကူညီမယ့် လေယာဉ်မှူးက ဒီလေယာဉ်ပျံပေါ်မှာ အတွေ့အကြုံများပြီး နည်းပြဆရာလဲ လုပ်ဖူးရမယ်လို့ ပြောပါ"

မစ္စတာဘာဒင်သည် ကနေဒါလေကြောင်းကုမ္ပဏီသို့ ဖုန်းဆက်ရန် တစ်ဖက်ခန်းသို့ ကူးသွား၏။ ထိုအချိန်၌ပင် မျှော်စင်ထိန်းအရာရှိ ရှေ့ရှိ ဖုန်းမှာ မြည်လာပြန်၏။ မြို့ပြရဲဌာနမှ ဖြစ်၏။

"ဟာ. . ကြီးကြပ်ရေးမှူးလား။ အတော်ပဲ ဆရာရေ။ ဆရာတို့ဆီက အရေးပေါ်အကူအညီတောင်းမလို့။ ကျွန်တော်တို့ဆီမှာ အရေးပေါ် လေယာဉ်ပျံတစ်စီး ဆင်းလာဖို့ရှိတယ်။ ခုတော့ ဒီလောက်ပဲရှင်းပြပါရစေ

အုံး ဆရာရယ်။ လိုတာကိုပဲ ပြောပါရစေအုံး။ ကျွန်တော်တို့ ပထမ လိုချင်တဲ့အကူအညီက ကျွန်တော်တို့ ကနေဒါလေကြောင်းကုမ္ပဏီက လေယာဉ်မှူးတစ်ဦးဦးကို ခေါ်ဖို့ လုပ်ထားတယ်။ ဒီလေယာဉ်မှူးကို ဆရာတို့ ဝိုင်ယာလက်ကားနဲ့ မြန်မြန်ရောက်လာအောင် ခေါ်ပေးပါ။ နောက်တစ်ခုက လူနာခရီးသည်တွေ ဆေးရုံကို အသက်မီအောင်ပို့ဖို့ကိစ္စ။ ဒီလေယာဉ်ပျံပေါ်မှာ လူနာတွေလဲ ပါတယ်"

ထိုအချိန်၌ တစ်ဖက်မှ စကားသံကြောင့် သူ့စကားသံမှ ခေတ္တပြတ်၍သွား၏။

"ဟုတ်ကဲ့ခင်ဗျာ။ မီးသတ်ဌာနကိုလဲ အကြောင်းကြားပြီးပါပြီ။ ဆရာတို့လုပ်ပေးဖို့ နောက်တစ်ခုက လေယာဉ်ပျံကွင်း ပတ်ဝန်းကျင်မှာနေတဲ့ လူတွေကို လေယာဉ်ပျံမဆင်းလာခင်မှာ ဘေးကင်းရာကို ခဏရှောင်ခိုင်းဖို့ပါ"

"ဩော်. . ဟုတ်တယ်၊ ဟုတ်တယ်။ ညအချိန်မတော်ကြီး နှိုးဖို့ ဖယ်ခိုင်းဖို့က မလွယ်ဘူးဆိုတာ မှန်ပါတယ်။ မတတ်နိုင်ဘူး ဆရာ။ ဖြစ်အောင်လုပ်ကြရမှာပဲ။ ခု ဆင်းလာမယ့်လေယာဉ်ပျံက ကွင်းပေါ်ရောက်ချင်မှရောက်မယ်။ ကွင်းမရောက်ခင် ပြုတ်ကျသွားပြီး ဒီအနားမှာနေတဲ့ လူတွေ အန္တရာယ်ဖြစ်နိုင်တဲ့ အလားအလာအများကြီးရှိတယ်။ ဟုတ်ကဲ့ ဆရာ. . . ဒါပါပဲ'

သူ တယ်လီဖုန်းချလိုက်ပြန်၏။ ထိုအချိန်၌ပင် လက်ထောက်မျှော်စင်ထိန်းအရာရှိ ဝင်၍လာ၏။

"ဆရာ. . မီးသတ်အရာရှိချုပ်တော့ ထွက်လာနေပြီ"

"ကောင်းတယ်။ ကောင်းတယ်"

သူသည် သူ့ရှေ့ရှိ စီးကရက်ဗူးကို လှမ်းယူလိုက်၏။ သို့သော် တစ်လိပ်မှ မရှိတော့။ စီးကရက်ကုန်နေလေပြီ။

"ဟော့ . . မင်းမှာ စီးကရက်ရှိလား"

"ရှိပါတယ် ဆရာ။ ရော့ . . "

သူသည် စီးကရက်တစ်လိပ်ကိုလှမ်းနှိုက်ပြီး မီးညှိလိုက်၏။ ထို့-နောက် ရေဒီယိုစကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး . . .

"လေယာဉ်ပျံ ၇၁၄ ဗင်ကိုဗာမျှော်စင်ကို ပြောနေတယ်။ ကျွန်တော်တို့ ဒီမှာ ပြင်ဆင်မှုတွေ အားလုံး စလုပ်နေပါပြီ။ ခဏလေး စောင့်ပါအုံး။ ဒီကြားထဲ အော်တိုပိုက်လော့ကို သွားမထိပါနဲ့ . . . ဒါပဲ"

"ဗင်ကိုဗာမျှော်စင် . . လေယာဉ်ပျံ ၇၁၄ က ပြန်ပြောနေတယ်။ မထိပါဘူး။ ကျုပ်ကလဲ မထိချင်ပါဘူး။ မလွှဲသာလွန်းလို့သာ လေယာဉ်မှူး ထိုင်ခုံ ဝင်ထိုင်ပေးနေရတာ။ ဖြစ်နိုင်ရင် မမောင်းချင်ဘူး . . . ဒါပဲ"

ဂျော့စပင်ဆာ၏ စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ပြောသောအသံ ချက်ချင်း ပေါ်၍လာ၏။ ထိုအချိန်မှာ မစ္စတာဒစ် ဝင်လာပါသည်။

"ကနေဒါ လေကြောင်းကုမ္ပဏီက ကပ္ပတိန် တယ်လီဖင်ကို လွှတ်လိုက်မယ်တဲ့။ ဒါပေမဲ့ ရှာရအုံးမယ်။ သူ့အိမ်ကို ခုပဲ ဖုန်းဆက်လိုက်မယ်လို့ ပြောတယ်"

"ဟုတ်လား . . ကောင်းတယ်၊ ကောင်းတယ်။ ကပ္ပတိန် တယ်လီဖင်ကို ကျွန်တော်သိပါတယ်။ ပြောလိုက်ဗျာ။ ကပ္ပတိန် တယ်လီဖင်ကိုတွေ့ရင် ကျွန်တော်တို့ကို ပြန်အကြောင်းကြားလို့။ ငါးမိနစ်အတွင်း မြို့ပြရဲဌာနက ဝါယာလက်ကားတစ်စီး သူ့အိမ်ရောက်အောင် ကျွန်တော်တို့ လွှတ်ပေးမယ်။ ဝါယာလက်ကားနဲ့လာမှ လေယာဉ်ပျံကွင်းကို မြန်မြန်ရောက်မှာ"

"ဒါထက် ဆရာ။ ဒီကိစ္စကို သတင်းထောက်တွေ အနံ့ရသွားရင်တော့ ပြုံ့ဆင်းလာကြတော့မှာပဲ"

လက်ထောက်မျှော်စင်ထိန်း အရာရှိ၏ ဖြတ်ပြောလိုက်သော အသံဖြစ်၏။

"အေး - ဟုတ်သားပဲ။ တို့လေယာဉ်ကွင်း တစ်ခုလုံးတော့ ရှုပ်နေတော့မှာပဲ။ တို့သတင်းက မနက်ဖန် သတင်းစာတွေမှာ မျက်နှာဖုံးက အကြီးအကျယ်ပါမယ့်သတင်းပဲ"

"ကျုပ်တို့ မေဗယ်လီလေကြောင်းကုမ္ပဏီအဖို့တော့ ဒီသတင်းဟာ အကြီးအကျယ် နစ်နာမှုရှိစေမယ့်သတင်းပဲ။ ခင်ဗျားတို့ စဉ်းစားကြည့်ဗျာ။ လေထဲမှာ အစာအဆိပ်တက်မှုဖြစ်တယ်။ လေယာဉ်မှူးနှစ်ယောက်လုံး မေ့နေတယ်။ ခရီးသည်တစ်ယောက်က ဝင်မောင်းပေးရတယ်။ နောက် သေမလား ရှင်မလားလဲမသိဘူး။ ဘယ်လောက် အရုပ်ဆိုးတဲ့ သတင်းတွေလဲ"

"မတတ်နိုင်ဘူး ဆရာရေ။ သတင်းထောက်တွေက ဒီည ဖြစ်တာတွေ အကုန်ရေးကြမှာပဲ။ ဒီတော့ ဒီလိုလုပ်။ ခင်ဗျားတို့အဖို့လဲ မဟုတ်တဲ့သတင်းတွေ ချက်ချင်း ပါမသွားအောင်၊ ကျုပ်တို့ မျှော်စင်ပေါ်မှာလဲ ဒီသတင်းထောက်တွေ လာမရှုပ်နိုင်အောင်၊ လေယာဉ်ကွင်း ဆက်ဆံရေး အရာရှိကို ဒီတာဝန်လွှဲပေးလိုက်တာ ကောင်းတယ်။ ဟော့ - ဟာပတ်ကို ရှာပြီး ခေါ်လိုက်စမ်း။ ဒီကောင်က သတင်းထောက်တွေကိုတော့ ကောင်းကောင်း ထိန်းတတ်တယ်။ သူတို့ကို သေသေချာချာမှာထား။ မျှော်စင်ပေါ်ကို ဘယ်သတင်းထောက်မှ မတက်လာစေနဲ့။ တို့ ဒီမှာ သေရေး ရှင်ရေး အလုပ်များနေတယ်လို့"

ထိုအချိန်၌ ကနေဒါလေကြောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးသည် ကပ္ပတိန် တယ်လီဖင်အိမ်သို့ ဖုန်းဆက်လျက်ရှိ၏။ သို့သော် ကပ္ပတိန် တယ်လီဖင်အိမ်မှ မည်သူမျှ ဖုန်းမကိုင်ပါ။ ဖုန်းမှ အချိန်အတန်ကြာ တဒီဒီမြည်လျက်ရှိ၏။ ငါးမိနစ်ခန့်ကြာမှ ဖုန်းကိုင်သံကြားရပြီး မိန်းမတစ်ယောက် အသံပေါ်၍ လာ၏။

"ဟယ်လို. . ."

"မစ္စစ် တယ်လီဖင်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား အမျိုးသားရော။ ကျွန်တော် ကနေဒါလေကြောင်းကုမ္ပဏီကပါ"

"သူ ဒီမှာ မရှိဘူးရှင့်။ သူ့အဖေနေမကောင်းလို့ သူ့မိဘအိမ်သွားအိပ်တယ်။ ကျွန်မ ညဦးက အိပ်ဆေးသောက်အိပ်ထားလို့ ရုတ်တရက် ဖုန်းမကိုင်တာ စိတ်မရှိပါနဲ့ရှင်"

"ဒါဖြင့် သူ့မိဘအိမ် တယ်လီဖုန်းနံပါတ် မြန်မြန်ပေးပါအုံး ခင်ဗျား။ ဒီည လေယာဉ်ကွင်းမှာ အင်မတန် အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေလို့။ သူ့ကို အရေးပေါ် ခေါ်ဖို့ လိုနေလို့ပါ"

ဝါရင့်လေယာဉ်မှူးတစ်ဦး၏ဇနီးသည်အနေဖြင့် ယခုကဲ့သို့ ညဘက်အချိန်မတော် အရေးပေါ် လှမ်းခေါ်သည့် အဖြစ်မျိုးကို အကြိမ်ကြိမ် ကြုံဖူးထားလေပြီ။ ထို့ကြောင့် မစ္စစ်တယ်လီဖင်သည် မည်သို့မျှ တုန်လှုပ်မှုမပြတော့။ တယ်လီဖုန်းနံပါတ်ကိုသာ ရှောရှောရှူရှူ ပေးလိုက်၏။

ထိုအချိန်၌ ကပ္ပတိန် တယ်လီဖင်မှာ သူ့ဖခင်အနီး ခုတင်ငယ်တစ်လုံးတွင် အိပ်မောကျလျက်ရှိ၏။ သူသည် သုံးရက်ဆက်တိုက် ခရီး

သွားထားရပြီး မနေ့ကမှ တိုကျိုမြို့မှ ပြန်ရောက်ခဲ့သူဖြစ်၏။ တစ်ခါ အိမ်ပြန်ရောက်တော့လည်း ဖခင်ကြီးမှာ အအေးမိပြီး အသဲအသန်ဖျားနေသဖြင့် ကောင်းမွန်စွာ မအိပ်နိုင်။ ဖခင်ကြီးကို လာပြီး ပြုစုနေရပြန်သည်။ စောစောလေးကမှ သူ့ခမျာ ခဏဝင်မှေးနေခြင်းဖြစ်၏။

"သား. ."

သူ့မိခင်၏ခေါ်သံဖြစ်၏။ သူ ချက်ချင်း ပြန်နိုးလာပါသည်။

"အမေ၊ အဖေ ဘာဖြစ်လို့လဲ"

"သား အဖေ ဘာမှ မဖြစ်ပါဘူး။ သားကို လေယာဉ်ပျံကွင်းက အရေးပေါ်တယ်လီဖုန်းလာနေလို့"

"ဟုတ်လား"

သူ ချက်ချင်း တယ်လီဖုန်းရှိရာသို့ ထသွား၏။

ငါးမိနစ်အတွင်းပင် ကပ္ပတိန်တယ်လီဖင်အိမ်ရှေ့သို့ ဝါယာလက်ကားတစ်စီး ရောက်ရှိလာပြီး ကပ္ပိတိန် တယ်လီဖင်ကို ခေါ်သွားလေတော့၏။

သူသည် ကားပေါ်ရောက်သည်အထိ လေယာဉ်ပျံ ၇၁၄ တွင် ဘာဖြစ်နေသည်ကို တိတိကျကျ မသိသေးပါ။ ကနေဒါလေကြောင်းကုမ္ပဏီမှ တာဝန်ရှိသူက လေယာဉ်ပျံ ၇၁၄ တွင် လေထဲ၌ အစားအဆိပ်တက်သည့်ရောဂါဖြစ်ကြောင်း၊ လေသူရဲနှစ်ယောက်လုံး အစားအဆိပ်တက်ပြီး မေ့မြောနေသဖြင့် ခရီးသည် လေသူရဲဟောင်းတစ်ဦးက လေယာဉ်ပျံကို တက်မောင်းပေးနေရကြောင်း၊ ထိုခရီးသည် လေသူရဲအား မြေပြင်မှ ညွှန်ကြားချက်တွေပေးရန်အတွက် လေယာဉ်ကွင်းသို့ အမြန်ဆင်းလာရန် သူ့ကိုခေါ်ကြောင်းမျှသာသိ၏။ ထို့ကြောင့် သူ့ကို လာခေါ်

သော ဝိုင်ယာလက်ကားမောင်းသူဘေးတွင် ထိုင်နေသည့် ရဲတပ်ကြပ်ကြီး တစ်ဦးကို အားကိုးတကြီး လှမ်းမေးလိုက်၏။

"ရဲတပ်ကြပ်ကြီး၊ ကျွန်တော့်ကို သေသေချာချာ ပြန်ပြောပြစမ်းပါ အုံးဗျာ။ ဒီည လေယာဉ်ကွင်းမှာ ဘာဖြစ်နေကြလဲ"

ရဲတပ်ကြပ်ကြီးသည် အံ့သြစွာ သူ့ကို လှမ်းကြည့်လိုက်ပြီး . .

"ဘာ. . လေယာဉ်ကွင်းမှာ ခုဖြစ်နေတာ ကျွန်တော် ဘာသိလဲလို့ မေးတာလား"

"ဟုတ်ကဲ့"

"ကျွန်တော် ဘာမှမသိဘူး။ စောစောကပဲ ဝိုင်ယာလက်က လှမ်း အမိန့်ပေးတယ်။ လေယာဉ်ပျံတစ်စီး အရေးပေါ်ကွင်းဆင်းမယ်။ အန္တရာယ် ရှိတယ်။ ဒါကြောင့် လေယာဉ်ကွင်းအနီးနားမှာနေတဲ့လူတွေ၊ ခဏဖယ် ပေးကြဖို့ သွားပြောခိုင်းတယ်။ ကျွန်တော် အဲဒီကို သွားနေတုန်း တစ်ခါ ထပ် အမိန့်ပေးပြန်တယ်။ ကပ္ပတိန်အိမ် အမြန်ဆုံးသွားပြီး ကပ္ပတိန်ကို လေယာဉ်ကွင်းပို့ပေးတဲ့။ အဲဒါပဲ ကျွန်တော် သိတယ်"

ရဲဝိုင်ယာလက်ကားမှာလည်း အလွန် အရှိန်ပြင်းစွာဖြင့် မောင်းနှင် လျက်ရှိ၏။ အဆက်မပြတ် ဆွဲလျက်ရှိသော ဥသြသံကြောင့် ရှေ့တွင်ရှိ သော ကားအားလုံးမှာ လမ်းဘေးသို့ ထိုးရပ်ပြီး လမ်းဖက်ပေးလျက် ရှိကြ ၏။ ကပ္ပတိန် တယ်လီဖင်၏ တစ်သက်တွင် တစ်ခါမျှ ဤမျှ မြန်မြန် ဆန်ဆန် လေယာဉ်ကွင်းသို့ အရောက်မသွားဖူးပါ။

"ကျွန်တော့်အထင်တော့ အနုမြူလက်နက်တွေတင်ထားတဲ့ စစ် လေယာဉ်ပျံတစ်စီး အရေးပေါ်ဆင်းချလာမှာနဲ့တူတယ်"

ကားမောင်းသမားက ကားမောင်းရင်း လှမ်းပြောလိုက်၏။

"ကိုယ့်လူကလဲ မဟုတ်တာတွေ မပြောစမ်းပါနဲ့ကွာ။ သိပ္ပံကာတွန်းစာအုပ်တွေ တော်တော် ဖတ်တယ်ထင်တယ်"

ရဲတပ်ကြပ်ကြီးက ချက်ချင်း ပြန်ပြောလိုက်၏။

ကပ္ပတိန်တယ်လီဖင်သည် ဘာမှ ဆက်မပြောတော့။ ရဲသားနှစ်ဦးလုံးမှာ လေယာဉ်ကွင်းတွင် ပေါ်ပေါက်နေသည့်ပြဿနာကို ဘာမှ သိကြသေးဟန်မတူ။ ဆယ်မိနစ်ခန့် အတွင်းမှာပင် လေယာဉ်ကွင်းသို့ ရောက်ရှိသွားကြ၏။

ကပ္ပတိန်တယ်လီဖင်သည် ရောက်ရောက်ချင်းပင် မျှော်စင်ပေါ်သို့ ပြေးတက်သွား၏။ လေကြောင်းထိန်းသိမ်းရေးစက်ခန်းမှ တာဝန်ရှိပုဂ္ဂိုလ်အားလုံးမှာ သူ့ကို စောင့်ကြိုလျက်ရှိပါသည်။

"ကိုင်း. . ကပ္ပတိန်၊ ဘာဖြစ်နေကြတယ်ဆိုတာတော့ ဟောဒီရေဒီယို သတင်းပို့ချက် မှတ်တမ်းကိုသာ ဖတ်ကြည့်တော့"

ကပ္ပတိန် တယ်လီဖင်သည် မျှော်စင်ထိန်းအရာရှိ၏လှမ်းပေးသောမှတ်တမ်းစာရွက်ကိုယူပြီး အသေအချာဖတ်ကြည့်လိုက်၏။ ထိုမှတ်တမ်းမှာ ဂျော့စပင်ဆာနှင့် မျှော်စင်ထိန်းအရာရှိတို့ အပြန်အလှန် ပြောသောစကားကို ရေးမှတ်ထားသော မှတ်တမ်းဖြစ်၏။

"ကျွန်တော့်တာဝန်က ဒီလူကို ခု သူစီးလာတဲ့ လေယာဉ်ပျံကိုဘယ်လိုမောင်းရမယ်ဆိုတာ အသေးစိတ် ဒီက ညွှန်ကြားပြီး လေယာဉ်ကွင်းကို ချောချောမောမော ဆင်းနိုင်အောင် လုပ်ရမယ်ဆိုပါတော့"

"ဟုတ်ကဲ့"

မျှော်စင်ထိန်းအရာရှိက အေးအေးဆေးဆေးပြန်ပြောလိုက်၏။

"မလွယ်ဘူးဗျ။ တကယ့်ကိုမလွယ်တာ။ တိုက်လေယာဉ်ပျံ ငယ်

ငယ်လေးကို ဟိုလွန်ခဲ့တဲ့ ၁၃ နှစ်လောက်က မောင်းဖူးတဲ့လူကို ခု စက်လေးလုံးတပ် လေယာဉ်ပျံကြီးကို ချက်ချင်း မောင်းခိုင်းပြီး ကွင်းပြန်ရောက်အောင် ဆင်းခိုင်းဖို့ဆိုတာ ဘယ်လိုမှကို မဖြစ်နိုင်ဘူး"

"ဟုတ်တယ် ကပ္ပတိန်၊ ကျွန်တော်တို့လဲ တွေးမိပါတယ်။ ကပ္ပတိန်မှာ ခုပြဿနာကို ရှင်းဖို့ တခြားနည်းလမ်းများ စဉ်းစားလို့ ရတာရှိလား"

"မရှိဘူး"

"ဒါဖြင့် မတတ်နိုင်ဘူး ကပ္ပတိန်၊ ဒီလေယာဉ်ပျံမှာ ခရီးသည်ချည်းပဲ ၅၆ ယောက်တောင်ပါတယ်။ ဒီလူတွေ အသက်ကယ်ဖို့ ဒီနည်းနဲ့ပဲ ကြိုးစားကြရမှာပဲ"

"ဟုတ်တယ်။ ကြိုးစားရမှာပဲ။ ဘာမှတော့မပြောနိုင်သေးဘူး။ ဒါထက် ဒီကိုရောက်မဲ့အချိန်က ဘယ်တော့လဲ"

"မနက် ၅ နာရီ ၅ မိနစ်"

"ဘာစံတော်ချိန်လဲ"

"ပစိဖိတ် စံတော်ချိန်"

"ကိုင်း. . ဒါဖြင့် ၂ နာရီလောက် အချိန်ရှိသေးတာပဲ။ ပထမဆုံးလုပ်ဖို့က ဒီလူ့ကို သူ့ကိုယ်သူပြန်ပြီး ယုံကြည်မှုရှိလာအောင် လုပ်ရအုံးမယ်။ လေယာဉ်ပျံမောင်းတယ်ဆိုတာ ကိုယ့်ကိုယ်ကိုမယုံကြည်ရင် မောင်းလို့မရဘူး။ ဒီတော့ အော်တိုပိုင်းလော့ စက်ကို အမြန်ဆုံးရပ်ခိုင်းပြီး သူ့ကို စမောင်းခိုင်းရတော့မှာပဲ"

ကပ္ပတိန်တယ်လီဖင်သည် မျှော်စင်ထိန်းအရာရှိဘေးတွင် ဝင်ထိုင်လိုက်ပြီး ရေဒီယိုစကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

"လေယာဉ်ပျံ ၇၁၄. . ။ ဗင်ကိုဗာမျှော်စင်ကခေါ်နေတယ်။

ကျွန်တော့်အသံကြား. . အကြောင်းပြန်. . ဒါပဲ”

“ဗင်ကိုဗာမျှော်စင်. .၊ လေယာဉ်ပျံ ၇၁၄ က ပြန်ထူးနေတယ်။ ခင်ဗျားအသံကောင်းကောင်းကြားတယ်။ ဆက်ပြောပါ. . ဒါပဲ”

ဂျော့စပင်ဆာ၏အသံသည် ပီသစွာ ချက်ချင်း ပေါ်လာ၏။

*   *   *

ဂျော့စပင်ဆာသည် ဂျင်နက်ဗင်ဆင်၏မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်၏။ ဂျင်နက်၏မျက်လုံးလေးများမှာ လေယာဉ်ပျံ စက်ခန်းမီးရောင်မှုန်မှုန်လေးအတွင်း၌ပင် တောက်ပလျက် ရှိပါသည်။

“လေယာဉ်ပျံ ၇၁၄. .၊ ဗင်ကိုဗာမျှော်စင်က ပြောနေတယ်။ မစ္စတာဂျော့စပင်ဆာ၊ ခင်ဗျားကို ကျွန်တော် ပထမမိတ်ဆက်ရအုံးမယ်။ ကျွန်တော့်နာမည် တယ်လီဖင်ပါ။ ကနေဒါ လေကြောင်းကုမ္ပဏီက ကပ္ပတိန်တစ်ယောက်ပါ။ ခင်ဗျားလိုချင်တဲ့အကူအညီကိုပေးဖို့ မျှော်စင်ပေါ်ရောက်လာတာပါ။ ကျွန်တော် ခုထိ ပြောနေတာတွေ ကြားတယ်နော် . . ဒါပဲ”

“ဟုတ်ကဲ့. . ကပ္ပတိန်၊ ကြားပါတယ်။ ဆက်ပြောပါ”

“ကျွန်တော်ထပ်ပြီး ပိုရှင်းအောင်လို့ မေးပါရစေအုံးဗျာ။ ခင်ဗျား လေယာဉ်ပျံမောင်းဖူးတဲ့နာရီပေါင်း ဘယ်လောက်ရှိလဲ။ ဘာလေယာဉ်ပျံတွေ မောင်းဖူးလဲ. . . ဒါပဲ”

“အားလုံး တစ်ထောင်ကျော်ကျော်လောက်ရှိတယ်။ စပစ်ဖိုင်း-ယားနဲ့ မာစတိုင်း တိုက်လေယာဉ်ပျံတွေ မောင်းဖူးတယ်. . ဒါပဲ”

“ဂျော့. . ဒီလောက်ဆိုရင် လုံလောက်ပါပြီ။ လေယာဉ်ပျံ တစ်ခါ

www.burmeseclassic.com

မောင်းဖူးတဲ့လူဟာ ရုတ်တရက် ပြန်မမေ့နိုင်တော့ပါဘူး။ ခင်ဗျား စက်ဘီး စီးသလိုပေါ့။ တစ်ခါစီးတတ်ပြီးရင် နောက်ဘယ်အချိန်စီးစီး စီးလို့ရပါတယ်။ ခင်ဗျားကို ဒီအချိန်ကစပြီး ဒီလေယာဉ်ပျံကို ဘယ်လိုမောင်းရတယ်ဆိုတာ သင်ပေးမယ်။ ခင်ဗျား ပထမဆုံး 'အော်တိုပိုင်းလော့'စက်ကို ရပ်လိုက်။ ဒါပေမဲ့ ခုမရပ်လိုက်နဲ့အုံးနော်။ ကျွန်တော် ရပ်ဆိုမှရပ်၊ ဒီလေယာဉ်ပျံကြီးရဲ့ အမူအကျင့်တွေကို ပထမပြောပြရအုံးမယ်။ ခင်ဗျား အော်တိုပိုင်းလော့စက်ကို ရပ်လိုက်ပြီး စမောင်းကြည့်။ ဒါနဲ့ ပထမဆုံး သတိထားမိမှာက ဒီလေယာဉ်ပျံကြီးရဲ့ အထိန်းလက်တံတွေကဟာ တိုက်လေယာဉ်ပျံလိုမဟုတ်ဘူး။ သိပ်လေးတာကိုတွေ့ရမယ်။ မကြောက်နဲ့။ အားစိုက်ပြီးတော့သာ မောင်းကြည့်။ ရတယ်။ တစ်ခုတော့ သတိထား။ လေယာဉ်ပျံရဲ့ မြန်နှုန်းကို ၁၂၀ အောက်ကျမသွားစေနဲ့။ ကျသွားတာနဲ့ 'စတော' ဖြစ်လိမ့်မယ်။ ဩော်. . ဒါထက် ခင်ဗျားကို ရေဒီယိုစကားပြောစက်ကို ကူပြောပေးဖို့ လူတစ်ယောက်ကို အရင်ရှာလိုက်အုံးဗျ။ ခင်ဗျား တစ်ဖက်ကမောင်းပြီး တစ်ဖက်က ပြောဖို့ လွယ်မယ်မထင်ဘူး"

"ကျွန်တော့်ဘေးမှာ လေယာဉ်မယ်ရှိပါတယ်။ သူ ဒုလေယာဉ်မှူးထိုင်ခုံမှာ ထိုင်နေတယ်။ ဂျင်နက်. . ခင်ဗျား လှမ်းပြောပြလိုက်ပါအုံး"

"ကပ္ပတိန်. . ကျွန်မ ဂျင်နက်ဗင်ဆင်ပါ။ ဒီလေယာဉ်ပျံရဲ့ လေယာဉ်မယ်ပါ. . ဒါပဲ"

"အို. . ဂျင်နက်. . မင်းအသံကို ကိုယ်မှတ်မိသလိုပဲ။ ကောင်းတယ်။ မင်း မစ္စတာဂျော့စပင်ဆာရဲ့ ကိုယ်စား တစ်ချိန်လုံး ကိုယ်တို့နဲ့ ရေဒီယို အဆက်အသွယ်တာဝန်ယူပေတော့။ ကိုင်း. . ဂျော့၊ ခင်ဗျား အော်တိုပိုင်းလော့စက်ကို ရပ်လိုက်တော့။ အဲဒီ စက်ခလုတ်က လေယာဉ်

ထိန်းမောင်းတံရဲ့အောက်နားမှာရှိတယ်။ ငုံ့ကြည့်လိုက်”

မှန်သည်။ ဂျော့စပင်ဆာသည် ထိုခလုတ်ကို အလွယ်တကူပင် တွေ့ပြီး ပိတ်ပစ်လိုက်၏။ သူ စမောင်းလေပြီ။

“ကပ္ပတိန်. . ကျွန်မတို့ အော်တိုပိုင်းလော့ ပိတ်လိုက်ပြီ”

“ဂျော့. . မောင်းရတာ ဘယ်လိုနေသလဲ”

“ပြောလိုက် ဂျင်နက်၊ သိပ်လေးတယ်။ သိပ်အားစိုက်နေရတယ်။ မောင်းရတာ လေယာဉ်ပျံမောင်းနေတာနဲ့မတူဘူး။ လှည်းမောင်းနေရသလို ပဲလို့”

ဂျင်နက်သည် ချက်ချင်းပင် သတင်းလှမ်းပို့လိုက်၏။

“ကိုင်း. . ဂျော့၊ ခင်ဗျား ဘယ်ညာကို နဲနဲစမ်းကွေ့ကစားကြည့်။ များများမကွေ့နဲ့နော်။ နှစ်ဒီဂရီ သုံးဒီဂရီလောက်ပဲ။ လေယာဉ် အတိမ်း အစောင်းပြကိရိယာက ခင်ဗျားရှေ့တည့်တည့်မှာ ရှိတယ်”

“ဟော့လူ- ခင်ဗျား အောက်ထပ်က ရေဒါစက်ခန်းအရာရှိကို ဖုန်း ဆက်ပြောပေးစမ်းပါဗျာ။ သူ့ရေဒါစက်ကို တစ်ချိန်လုံးဖွင့်ထား။ ရေဒါ စက်ထဲမှာ ခု လေယာဉ်ပျံကိုရှာလို့တွေ့တာနဲ့ ကျွန်တော့်ကို အကြောင်း ကြားလို့။ ဒါထက် ဒီက ရေဒါက လေယာဉ်ပျံတွေကို ဘယ်လောက် အကွာအဝေးအထိ ရှာလို့ရလဲဗျ”

“မိုင် ခြောက်ဆယ်လောက်ပဲရတယ်”

“ဒါဖြင့်ရင် ခုတော့ ရှာလို့ ရနိုင်အုံးမှာ မဟုတ်ဘူး။ ကိစ္စမရှိဘူး။ သူ့ကိုသာ ကြိုပြီး ပြောထားလိုက်ပါ”

ကပ္ပတိန် တယ်လီဖင်သည် သူ့ဘေးတွင်ထိုင်နေသော မျှော်စင် ထိန်းအရာရှိကိုလှမ်း၍ ညွှန်ကြားချက်တစ်ရပ် ပေးလိုက်၏။

ထိုအချိန်၌ ဂျော့စပင်ဆာမှာ လေယာဉ်ပျံကြီးကို တဖြည်းဖြည်းချင်း စမ်းကွေ့ကစားလျက်ရှိ၏။ သူသည် လေယာဉ်ထိန်းလက်တံကို ဘယ်ဘက်သို့ အနည်းငယ်စောင်းပေးလိုက်၏။ သို့သော် ချက်ချင်း လေယာဉ်ပျံကြီးမှာ ဘာမှလှုပ်ရှားမှုမပြ။ ထို့ကြောင့် သူသည် အနည်းငယ်ပိုစောင်းပေးလိုက်၏။ လေယာဉ်ပျံတောင်ပံမှာ ရုတ်တရက် ဘယ်ဘက်သို့ စောင်းကျသွားပြီး မြန်နှုန်းမှာလည်း ရုတ်တရက် ၂၁၀ နှုန်းမှ ၁၈၀ နှုန်းသို့ ကျသွားခဲ့၏။ သူသည် ချက်ချင်းပင် လေယာဉ်ထိန်း လက်တံကို ညာဘက်သို့ ပြန်ဆွဲချလိုက်ပြီး ခေါင်းကိုလည်း အနည်းငယ် စိုက်ပေးလိုက်ပြန်၏။ လေယာဉ်ပျံကြီးမှာ ပြန်၍ တည်ငြိမ်သွားပြန်သည်။

"ဂျော့. . မောင်းရတာ အဆင်ပြေရဲ့လား. . . ဒါပဲ"

"ပြန်ပြောလိုက်။ အဆင်ပြေတယ်လို့"

ဂျက်နက်သည် ချက်ချင်းပင် ပြန်ပြောလိုက်၏။

"ဩော်. . ဒါထက် ဂျော့၊ စောစောကတည်းက ကျွန်တော် မေးဖို့ မေ့နေလို့။ ခင်ဗျားတို့ ခုလေယာဉ်ပျံမောင်းနေရတဲ့ ရာသီဥတုက ဘယ်လိုလဲ"

"ကောင်းတယ်။ တိမ်တွေအားလုံးက လွတ်နေတယ်လို့ပြောလိုက်"

"ကောင်းတယ်၊ ကောင်းတယ် ဂျော့။ ဒါပေမဲ့ ကြိုပြီးတွက်ထားပေါ့ဗျာ။ တိမ်ထဲ ဖြတ်မောင်းရတဲ့အခါမျိုးနဲ့ကြုံရင် ဒီလေယာဉ်ပျံကြီးဟာ သိပ်လူးတတ်တယ်။ ဒါပေမဲ့ ကြိုးစားသာထိန်း။ ရတယ်။ ကဲ. . ဂျော့။ ကျွန်တော်တို့ ဆက်ပြီး ဒီလေယာဉ်ပျံ မြန်နှုန်းလျှော့ပြီး မောင်းတဲ့အခါမှာ ဘယ်လိုမောင်းရတယ်ဆိုတာ စမ်းကြည့်ရအောင်။ ဒါက ခင်ဗျားကွင်းဆင်းတဲ့အခါ မလွဲမသွေ တွေ့ရမယ့်အခက်အခဲတွေ။ ဩော်. .

ဂျင်နက်။ မင်းကို တစ်ခုမှာထားရအုံးမယ်။ ဂျော့. . မြန်နှုန်းလျှော့ပြီး မောင်းတဲ့အခါမှာ မင်းက လေယာဉ်ပျံ မြန်နှုန်းပြကိရိယာကို တစ်ချိန်လုံး စောင့်ကြည့်နေ။ မြန်နှုန်းကျလာပြီဆိုရင် ချက်ချင်း ဂျော့ကို အသိပေး။ ၁၂၀ နှုန်းအောက် လုံးဝ မကျစေနဲ့။ တို့လေယာဉ်ပျံတွေ လေထဲဝဲပျံသန်း သွားနေနိုင်တာ ရှေ့ကိုသွားတာနဲ့ မြန်နှုန်းလေးရှိနေလို့။ သည်မြန်နှုန်း ကျသွားတာနဲ့ လေယာဉ်ပျံဟာ လေထဲမှာ မတည်နေနိုင်တော့ဘူး။ ခဲလုံး တစ်လုံး ပြုတ်ကျသလိုပဲ မြေကြီးပေါ်ပြုတ်ကျသွားလိမ့်မယ်။ ဒါကို 'စတော'ဖြစ်တယ်လို့ ခေါ်တယ်။ မင်း မှတ်မိတယ်နော်"

"ဟုတ်ကဲ့. . . ကပ္ပိတိန်"

"ကဲ. . ဂျော့။ ခင်ဗျား မြန်နှုန်းကို ၁၆၀ ရောက်အောင် လျှော့ လိုက်။ ဒီလိုလျှော့ဖို့က ပထမဆုံး စက်အားကို နဲနဲ နောက် လျှော့ပေး။ လေယာဉ်အတက်အဆင်းထိန်းရွက်ရဲ့ လေယာဉ်ညှိကိရိယာက လေယာဉ် ထိန်းမောင်းတံရဲ့ အောက်နားမှာပဲရှိတယ်။ တွေ့တယ်မဟုတ်လား"

"တွေ့တယ်လို့ ပြောလိုက်"

ဂျင်နက်က ချက်ချင်း ပြန်ပြောလိုက်၏။

"ကိုင်း. . . စလုပ်တော့"

ဂျော့စပင်ဆာသည် လေယာဉ်စက်အားကို အနည်းငယ် လျှော့ လိုက်၏။ လေယာဉ်ခေါင်းမှာ ချက်ချင်း နိမ့်ဆင်းသွားသဖြင့် အသာ ပြန် ထိန်းထားလိုက်ရ၏။ လေယာဉ်ပျံ မြန်နှုန်းမှာ ချက်ချင်းပင် ကျလာ၏။

"၁၉၀၊ ၁၈၀၊ ၁၇၅၊ ၁၇၀၊ ၁၆၅၊ ၁၅၅၊ ၁၅၀. . . "

"မစ္စတာ စပင်ဆာ၊ မြန်နှုန်း သိပ်နဲနေပြီ"

"သိတယ်။ ဆက်သာကြည့်နေ"

ဂျော့စပင်ဆာသည် လေယာဉ်ဦးကို အနည်းငယ် ပြန်ချပေးလိုက်၏။ လေယာဉ်မြန်နှုန်းမှာ တဖြည်းဖြည်း မြန်မြန်လာပြီး ၁၆၀ သို့ ပြန်တက်သွား၏။

"ကပ္ပတိန်၊ ကျွန်မတို့ ၁၆၀ နှုန်းကို ရောက်လာပြီ"

"ကဲ. . ဂျော့၊ အပိုတောင်ပံငယ်ကို ၁၅ ဒီဂရီထိ စမ်းချကြည့်ရအောင်။ ဒါလဲ ကွင်းဆင်းခါနီးမှာ ခင်ဗျားလုပ်ရမယ့် တာဝန်တစ်ခုပဲ။ ဂျင်နက် မင်းက ဂျော့အမိန့်ကိုစောင့်ပြီး ဂျော့က အဆင်သင့်ဖြစ်လို့ စ,ချလို့ပြောရင် အပိုတောင်ပံငယ်ကို ၁၅ ဒီဂရီရောက်တဲ့အထိ အသာချပေးလိုက်။ အပိုတောင်ပံငယ်ရဲ့ အထိန်းခလုတ်က လေယာဉ်စက်အားထိန်းလက်တံရဲ့ အောက်နားမှာရှိတယ်။ သေသေချာချာကြည့်၊ တွေ့လား"

"တွေ့တယ် ကပ္ပတိန်"

"ကဲ. . ဒါဖြင့် စလုပ်ကြည့်ကြတော့"

ဂျော့စပင်ဆာသည် လေယာဉ်မြန်နှုန်းပြကိရိယာကို တစ်ချက်လှမ်းကြည့်လိုက်၏။ ၁၆၀ မိုင်နှုန်းတွင် ရှိ၏။

"ဂျင်နက်. . . မင်းတို့ စချလိုက်ပြီလား"

"မချရသေးဘူး ကပ္ပတိန်"

"ဒါဖြင့် နေကြအုံး၊ ကိုယ် တစ်ခုပြောဖို့ မေ့နေလို့။ ဂျော့. . ခင်ဗျား အပိုတောင်ပံငယ် ချလိုက်ရင် မြန်နှုန်းလဲလျော့သွားလိမ့်မယ်။ ဒါပေမဲ့ ၁၄၀ ထက် မကျစေနဲ့။ လိုမယ်ထင်ရင် စက်အားကို နဲနဲတင်ပေးလိုက်"

ကပ္ပတိန်တယ်လီဖင် စကားသံဆုံးသည်နှင့်ပင် ဂျော့စပင်ဆာသည် ဂျင်နက်ဗင်ဆင်ကို လှမ်းအမိန့်ပေးလိုက်၏။

"ကဲ. . စချတော့ ဂျင်နက်"

ဂျင်နက်သည် အပိုတောင်ပံငယ်ကို ၁၅ ဒီဂရီရောက်သည်အထိ အသာချပေးလိုက်၏။ လေယာဉ်ပျံကြီးမြန်နှုန်းမှာ တဖြည်းဖြည်း ကျဆင်းသွားပြီး ၁၄၀ နှုန်းတွင် ရပ်၍နေ၏။

"ကပ္ပတိန်၊ အပိုတောင်ပံငယ်ချပြီးပြီ။ မြန်နှုန်း ၁၄၀. . ဒါပဲ"

"ကဲ. . ဂျော့၊ ကျွန်တော်တို့ လေယာဉ်ဘီးတွေကိုချပြီး စမ်းမောင်းကြည့်မယ်။ ခင်ဗျား ဘီးချပြီးရင် မြန်နှုန်းကို ၁၂၀ မှာထိန်းထား"

ဂျော့စပင်ဆာက ဂျင်နက်ဗင်ဆင်အား ဘီးချရန် အချက်ပြလိုက်၏။ ဂျင်နက်သည် သွက်လက်စွာပင် ဂျော့စပင်ဆာအလိုအတိုင်း ဘီးချလိုက်သည့်လက်တံကို ဖိပေးလိုက်သည်။ ဘီးကျသွားလေပြီ။

"၁၃၀-၁၂၅-၁၂၀-၁၁၅-၁၁၀. . . မစ္စတာစပင်ဆာ မြန်နှုန်းကျလာပြန်ပြီ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့၊ ခင်ဗျား ဆက်သာအော်နေ"

"၁၁၀-၁၁၅-၁၂၀-၁၂၅-၁၂၀"

လေယာဉ်ပျံကြီးသည် ၁၂၀ နှုန်းဖြင့် တည်ငြိမ်စွာ ဆက်လက်ပျံသန်းနေ၏။

"ဂျင်နက်. . ဘီးချပြီးပြီလို့ပြောလိုက်။ လေယာဉ်ပျံကိုထိန်းရတာ သိပ်လေးတယ်။ တစ်တန်လောက်ကို လေးမယ်ထင်တယ်လို့"

ဂျင်နက်သည် သွက်လက်စွာ သတင်းပို့လိုက်၏။

"ကိစ္စမရှိဘူး ဂျော့။ ဒီလိုပဲလေးတယ်။ ခင်ဗျား အပိုတောင်ပံငယ်ကို အဆုံးထိသာ ချခိုင်းထားလိုက်တော့။ တောင်ပံငယ်အဆုံးချပြီးရင် မြန်နှုန်းက ၁၁၀ မှာ ထိန်းထား. . . ဒါပဲ"

ဂျော့စပင်ဆာက အပိုတောင်ပံငယ်ကို အဆုံးချရန် အချက်ပြလိုက်၏။ အတောင်ပံငယ်အဆုံးချလိုက်လေပြီ။ ဂျော့စပင်ဆာသည် လေယာဉ်ပျံကို ၁၁၀ နှုန်းတွင် ငြိမ်နေအောင် အထူးကြိုးစားထိန်းနေရ၏။

"အတောင်ပံငယ်အဆုံးချပြီးပြီ ကပ္ပတိန်"

"ကဲ - ဂျော့ . . ကျွန်တော်တို့ အတောင်ပံငယ်ကိုရော ဘီးကိုရော တစ်ဆင့်ပြီး တစ်ဆင့် ပြန်တင်မယ်။ ခင်ဗျား ပထမဆုံး အတောင်ပံငယ်ကို ၁၅ ဒီဂရီရောက်အောင် ပြန်အတင်ခိုင်းလိုက်"

"ကဲ . . ဂျင်နက် ၁၅ ဒီဂရီကို ပြန်ဆွဲတင်လိုက်စမ်း"

ဂျင်နက်သည် အတောင်ပံငယ်ထိန်းလက်တံကို မ,တင်လိုက်၏။ သို့သော် မရ။

"ကျပ်နေတယ် မစ္စတာစပင်ဆာ။ မ,လို့ မရဘူး"

"ရပါတယ်။ ခင်ဗျား အားစိုက်ပြီး ထပ် မ,ကြည့်"

ဂျင်နက်သည် အားစိုက်၍ ထပ်မ,ကြည့်ပြန်သည်။ မရ။

"မရဘူး မစ္စတာ စပင်ဆာ"

"ဒီမှာကြည့် . . ကိုယ်လုပ်ပြမယ်"

ဂျော့စပင်ဆာသည် လေယာဉ်ထိန်းလက်တံကို လက်နှစ်ဖက်ဖြင့်ကိုင်ထားရာမှ တစ်ဖက်ကိုလွှတ်လိုက်ပြီး ခါးကုန်း၍ငုံ့ပြီး အတောင်ပံငယ်ထိန်း လက်တံကို အားစိုက်၍ ဆွဲတင်ကြည့်လိုက်၏။ အလွယ်တကူပင် လက်တံလေးမှာ တက်လာပါသည်။

"ရပါတယ်ဗျ။ ခင်ဗျားက သေသေချာချာဖြင့် မဆွဲကြည့်ဘဲနဲ့"

"ဟင် . . မစ္စတာစပင်ဆာ မြန်နှုန်းတွေကျကုန်ပြီ လုပ်ပါအုံး"

မှန်သည်။ ဂျော့စပင်ဆာသည် မြန်နှုန်းကိရိယာကို လှမ်းကြည့်

လိုက်သောအချိန်၌ ၉၀ နှုန်း၊ နောက် ၈၀၊ နောက် ၇၅၊ သူသည် ချက်ချင်းပင် လေယာဉ်ထိန်းမောင်းတံကို ရှေ့သို့ တွန်းချလိုက်၏။ သို့သော် နောက်ကျသွားလေပြီ။ လေယာဉ်ပျံကြီးမှာ ခဲလုံးပြုတ်ကျသလို အရှိန်နှင့် ပြုတ်ကျ၍သွား၏။ တစ်ချိန်တည်းတွင် လေယာဉ်ပျံကြီး၏ ညာဘက်အတောင်မှာလည်း တစ်ဖက်သို့ စိုက်ဆင်းသွားပြီး လေယာဉ်ပျံကြီးမှာ ပတ်ချာလည်၍ ထိုးကျလျက်ရှိပါသည်။

ဂျော့စပင်ဆာသည် ချက်ချင်းပင် သူ့လေယာဉ်ပျံကြီး ပထမ ‘စတော’ဖြစ်ပြီး ခု ‘စပင်း’ဖြစ်နေသည်ကို သိလိုက်၏။ စပင်းဟူသည်မှာ လေယာဉ်ပျံကြီး အရှိန်မရှိ၍ ပတ်ချာလည်ထိုးကျခြင်းကို လေသူရဲများခေါ်ခြင်းဖြစ်၏။ ဤသို့ ထိုးကျခြင်းမျိုးမှာ အလွန်ကြောက်မက်ဖွယ်ကောင်းပြီး တစ်မိနစ်ခန့်အတွင်းမှာပင် လေယာဉ်ပျံကြီးမှာ ပေနှစ်သောင်းအမြင့်မှ မြေကြီးပေါ်ရောက်သွားပြီး တစ်စစီပေါက်ကွဲသွားနိုင်၏။

သို့သော် စစ်အတွင်း လေယာဉ်မောင်းသင်တန်းတက်ရစဉ် သူ့ဆရာသင်ထားသော ‘စပင်း’ဖြစ်သည့်အချိန်၌ တွက်ပုံတွက်နည်းကို သူ ချက်ချင်း သတိရလိုက်၏။

“ဆန့်ကျင်ဘက်ပဲ့ကို အဆုံးနင်းလိုက်ပါ”

လေယာဉ်ထိန်းလက်တံကို ရှေ့ကို ရှော့ချပေးပါ။ စပင်း ရပ်သွားသည်အချိန်၌ အသာ စက်အားကို မြှင့်တင်ပြီး ဖြည်းဖြည်းချင်း မြန်နှုန်းတက်လာအောင်လုပ်ပါ”

သူသည် ထိုစဉ်က သင်ကြားခဲ့သည့်အတိုင်းပင် ဆန့်ကျင်ဘက်ပဲ့ကို အဆုံးနင်းလိုက်၏။ လေယာဉ်ထိန်းလက်တံကို ရှေ့သို့လျှော့ပေးလိုက်၏။ လည်၍ စိုက်ကြည့်နေသည့် လေယာဉ်ပျံကြီးမှာ တဖြည်းဖြည်း

အလည်ရပ်သွားပြီး မြန်ရှိန်လေးလည်း တဖြည်းဖြည်း ပြန်ရလာ၏။

"တောင်တွေ၊ တောင်တွေ ကျွန်မတောင်တွေလဲ မြင်တယ်။ မြေကြီးလဲမြင်တယ်"

ဂျင်နက် ကြောက်အားလန့်အားနှင့် လှမ်းအော်လိုက်သည့်အသံဖြစ်၏။ ဂျော့စပင်ဆာသည် ဂျင်နက်ကို ဘာမှပြန်မပြော။ လေယာဉ်ပျံကြီးကိုသာ အစွမ်းကုန်ကြိုးစားပြန်၍ ထိန်းနေပြီး အရှိန်နည်းနည်းရလာသည်နှင့် စက်အားကို အဆုံးပြန်မြှင့်တင်လိုက်၏။ လေယာဉ်ပျံကြီးမှာ တဖြည်းဖြည်း အပေါ်ပြန်ထောင်တက်လာ၏။ သေဘေးမှ လွတ်သွားလေပြီ။

"ဂျင်နက်. . ဘီးတင်လိုက်စမ်း"

"ဟာ. . . ဟိုမှာ တောင်တွေ"

"ဘီးတင်လိုက်စမ်းပါဆို"

ထိုအချိန်၌ ခရီးသည်များအခန်းဘက်မှ အမျိုးသမီးတစ်ဦး အလန့်တကြားလှမ်းအော်လိုက်သောအသံကို ကြားလိုက်ရ၏။ ဂျင်နက်သည် ချက်ချင်းပင် ဘီးတင်သည့်လက်တံကို မ,တင်လိုက်၏။

"စက်ခန်းမှာ ဘာဖြစ်နေကြတာလဲ"

အမျိုးသမီးတစ်ဦး၏ အသံဖြစ်၏။

"ကျုပ် သွားကြည့်လိုက်မယ်"

ယောက်ျားတစ်ဦး၏အသံဖြစ်၏။ စတော ဖြစ်စဉ်က စက်ခန်းတံခါးပွင့်ထွက်သွားဟန်ရှိပါသည်။

"ခင်ဗျားဟာခင်ဗျား အသာထိုင်နေစမ်း။ ကျုပ် ဝင်ကြည့်လိုက်မယ်"

ဒေါက်တာဘိတ်၏အသံဖြစ်၏။

"ရှေ့မှာ မောင်းနေကြတာ လေယာဉ်မှူးတွေမဟုတ်ဘူး။ ကျွန်မ သိတယ်။ အိုး. . ဘုရားကယ်ပါ။ ကျွန်မတို့တော့ သေကြတော့မှာပဲ"

ထို့နောက် စက်ခန်းတံခါးပေါက်ပိတ်သံ ကြားလိုက်ရပါသည်။ တံခါးပိတ်သူမှာ ဒေါက်တာဘိတ် ဖြစ်ဟန်ရှိ၏။ ဒေါက်တာဘိတ်သည် အဘယ်သို့ ခရီးသည်များကို ပြန်ငြိမ်အောင် ထိန်းနေသည်မသိပါ။ ဂျော့ စပင်ဆာသည် သူ့လေယာဉ်ပျံကြီးကို ဘေးကင်းသောအမြင့်ကို ပြန်တက် နိုင်ရန်သာ အားထုတ်လျက်ရှိ၏။

*  *  *

ရေဒီယိုအဆက်အသွယ် ရုတ်တရက် ပြတ်သွားသဖြင့် ဗင်ကိုဗာ လေယာဉ်ထိန်းမျှော်စင်ရှိ လူများမှာ ချက်ချင်း ရင်ထဲတွင် တထိတ်ထိတ် နှင့် ဖြစ်နေကြ၏။ ပျက်ကျသွားပြီလား။

"လေယာဉ်ပျံ ၇၁၄. . လေယာဉ်ပျံ ၇၁၄. . ဗင်ကိုဗာမျှော်စင်မှ ခေါ်နေတယ်။ အသံကြား အကြောင်းပြန်ပါ. . . ဒါပဲ"

မည်သည့် ပြန်ထူးသံမျှ မကြားရ။

ကပ္ပတိန် တယ်လီဖင်သည် နောက်တစ်ကြိမ်ပြန်၍ ခေါ်ကြည့် ပြန်၏။ မည်သည့် ပြန်ထူးသံမျှမကြားရ။ သူသည် ၂ မိနစ်ခန့်စောင့်ပြီး တစ်ခါပြန်ခေါ်ကြည့်ပြန်၏။ မည်သည့် ပြန်ထူးသံမျှ မကြားရ။

"ကဲ. . သွားပြီထင်တာပဲဗျို့။ ကျုပ် ထင်တော့ ဘီးချထားတဲ့အချိန် မှာ မြန်နှုန်းကို ကျမသွားအောင် မထိန်းနိုင်လို့ "စတော"ဖြစ်ပြီး ပြုတ်ကျ သွားတယ်ထင်တာပဲ။ ကဲလေ. . ခဏတော့ စောင့်ကြည့်ကြသေးတာပေါ့"

သူ့ဘေးမှ အခြားလူများမှာ ဘာမျှပြန်မပြောကြ။ တစ်ခန်းလုံး ငြိမ်သက်လျက်ရှိ၏။ အချိန်မှာ ပစိဖိတ်စံတော်ချိန် မနက် ၄ နာရီ ၃၅ မိနစ်ခန့် ရှိပေပြီ။

ဂျော့စပင်ဆာသည် လက်တစ်ဖက်ဖြင့် လက်ကိုင်ပဝါကိုထုတ်၍ သူ့မျက်နှာတွင် စီးကျလျက်ရှိသော ချွေးများကို သုတ်ပစ်လိုက်၏။ လေယာဉ်ပျံကြီးမှာ တဖြည်းဖြည်း အမြင့်သို့ ပြန်တက်လာလျက်ရှိသည်။ သူသည် လေယာဉ်ပျံဦးကိုလည်း မူလ အိမ်မြှောင်ညွှန်းသို့ ပြန်လည်ဦးတည်ထားလိုက်၏။

"အားလုံး ကျွန်မ အသုံးမကျလို့ ဖြစ်ရတာပဲ။ ကျွန်မ တောင်းပန်ပါတယ်ရှင်"

လေယာဉ်မယ် ဂျင်နက်ဗင်ဆင်သည် အလွန်ညှိုးငယ်လျက်ရှိသော မျက်နှာလေးဖြင့် ဂျော့စပင်ဆာကို တောင်းပန်လိုက်၏။

"ခင်ဗျား အပြစ်ကြီးပဲလို့လဲ ပြောလို့မရပါဘူး။ ကျွန်တော် ကိုယ်-တိုင်လဲ ခပ်ပေ့ါပေ့ါ၊ ဂရုမစိုက်ဘဲ ခေါင်းငုံ့ပြီး သွားကူလုပ်ပေးမိတာကိုး။ ကဲ. . ဖြစ်ပြီးတာတွေကို မပြောကြပါနဲ့စို့။ မျှော်စင်ကို ပြန်အဆက်အသွယ်လုပ်ကြည့်ပါအုံး"

"ဟုတ်ကဲ့"

ဂျင်နက်သည် ချက်ချင်းပင် စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ဗင်ကိုဗာ မျှော်စင်ကို လှမ်းခေါ်လိုက်၏။

"ဗင်ကိုဗာမျှော်စင်၊ လေယာဉ်ပျံ ၇၁၄ ကခေါ်နေတယ်။ ကျွန်မ အသံကြားလား. . ဒါပဲ"

"လေယာဉ်ပျံ ၇၁၄. . ၊ ဗင်ကိုဗာက ပြန်ထူးနေတယ်။ ဂျော့. .

ခင်ဗျားတို့ စောစောက ဘယ်လိုဖြစ်သွားကြလဲ။ ပြောပြပါအုံး. . ဒါပဲ”

“ကျွန်မတို့ စောစောက ‘စတော့’ဖြစ်သွားတယ် ကပ္ပတိန်။ မြေကြီးအနားထိ ပြုတ်ကျသွားတယ်။ ခုတော့ အမြင့်ကို ပြန်တက်လာနေပါပြီ။ ခု ပေ တစ်သောင်းရောက်နေပြီ. . . ဒါပဲ”

“ဂျော့. . ဒါဆိုရင် ခင်ဗျား လေယာဉ်ပျံမောင်းတဲ့ပညာကို မမေ့သေးဘူး။ မေ့နေတဲ့လူဆိုရင် ဘယ်နည်းနဲ့မှ ခုလို ပြန်တက်နိုင်မှာ မဟုတ်ဘူး။ သေကုန်ကြပြီ။ ကဲ. . . ပေနှစ်သောင်းရောက်တဲ့အထိ ဆက်တက်။ ကဲ. . ပေနှစ်သောင်းရောက်ရင် စောစောက လုပ်သလို ဘီးချပြီး တစ်ကြိမ်ပြန်စမ်း မောင်းကြည့်ကြအုံးမယ်. . ဒါပဲ”

ပေနှစ်သောင်းအမြင့်သို့ တဖြည်းဖြည်း ပြန်တက်လာခဲ့၏။ ပေနှစ်သောင်း ရောက်လာပြီ။

“ကပ္ပတိန်. . . ကျွန်မတို့ ပေနှစ်သောင်းရောက်ပြီ”

“ကဲ. . ဒါဆိုရင် ဂျော့။ ခင်ဗျား ငါးမိနစ်လောက် အနားယူအုံး။ လေယာဉ်ပျံကို အိမ်မြှောင်ညွှန်း ၂၉၀ ကိုပဲ ဦးတည်ထား. . ဒါပဲ”

ထိုအချိန်၌ ဒေါက်တာဘိတ် စက်ခန်းတွင်းသို့ ဝင်လာသည်။

“စောစောက ဘယ်လိုဖြစ်တာလဲ”

“ စတော့ ဖြစ်တာ ဒေါက်တာ”

ဂျင်နက်က သွက်လက်စွာ ပြန်ဖြေလိုက်၏။

“ခုရော”

“ခု ဘာမှ မဖြစ်တော့ဘူး။ ပေ နှစ်သောင်းအမြင့်ကို ရောက်တော့မယ်’

“ဒါဆိုရင်လဲ ပြီးရော။ နောက်ခန်းက ခရီးသည်တွေအတွက်လဲ

ဘာမှမပူကြနဲ့။ ဦးနဲ့ အော့ဘော့ဆိုတဲ့ သူငယ် နိုင်အောင် ဝိုင်းထိန်းထား တယ်"

ဒေါက်တာဘိတ် ပြန်ထွက်၍ သွား၏။

"ဂျော့. . . ဗင်ကိုဗာက ပြောနေတယ်။ စလုပ်ကြတော့မလား. . ဒါပဲ"

"ပြောလိုက် ဂျင်နက်. . . လုပ်မယ်လို့"

ယခုတစ်ကြိမ်တွင်မူ သူတို့ ချောချောမောမောပင် ဘီးချ၍ မောင်း နိုင်ခဲ့ပါသည်။ ထိုအချိန်၌ လေယာဉ်ကွင်းပေါ် ရောက်ရန်လည်း မိနစ် အစိတ်ခန့်လိုတော့သည်ဖြစ်၏။

* * *

"ကပ္ပတိန်. . ရေဒါက သတင်းပို့နေတယ်။ သူတို့ကို စဖမ်းလို့ ရပြီတဲ့"

မျှော်စင်ထိန်းအရာရှိက ကပ္ပတိန် တယ်လီဖင်ကို လှမ်းပြောလိုက် ခြင်းဖြစ်၏။

"ဟုတ်လား။ ပြောလိုက်ဗျာ။ ထူးခြားချက် တွေ့တာနဲ့ ကျွန်တော့် ကို ချက်ချင်းပြောပါလို့။ ခု ဘယ်နားရောက်နေပြီလဲ"

"ဒီက မိုင် ၆၀ အဝေးလောက်မှာရှိတယ်။ လေယာဉ်သွားလမ်း ရဲ့ ညာဖက်ကို ၁၀ မိုင်လောက်ရောက်နေတယ်။ အိမ်မြှောင်ညွှန်း ၂၆၅ ဒီဂရီကို ဦးတည်ဖို့ ပြောပေးပါတဲ့"

"လေယာဉ်ပျံ ၇၁၄. .၊ ဗင်ကိုဗာကပြောနေတယ်။ ဂျော့. . . ခင်ဗျားတို့ကို ရေဒါမှာဖမ်းလို့ရပြီ။ ခင်ဗျားတို့အိမ်မြှောင်ညွှန်း ၂၆၅ ကို

လှည့်လိုက်ပါ။ ကြားလား။ ပြန်ပြောမယ်။ အိမ်မြှောင်ညွှန်း ၂၆၅ ကိုလှည့်ပါ. . ဒါပဲ”

ဂျော့စပင်ဆာသည် သူ့လေယာဉ်ပျံကြီးကို အိမ်မြှောင်ညွှန်း ၂၆၅ သို့ ချက်ချင်း ကွေ့ချလိုက်၏။

မနက် ၅ နာရီထိုးတော့မည်မို့ အရှေ့ဖက်ကောင်းကင်ပြင်တွင် ရောင်နီပေါ်လျက်ရှိလေပြီ။ မြေပြင်တွင် ဖုံးနေသော တိမ်လွှာကြီးကို ဖောက်၍ ထိုးထွက်နေသော တောင်မြင့်ကြီးများကို လေယာဉ်ပေါ်မှ အထင်အရှား မြင်တွေ့နေရ၏။

“ဂျော့. . ခင်ဗျားတို့ ခုချိန်ကစပြီး ပေ နှစ်သောင်းအမြင့်က စ, ဆင်းမယ်။ စ မဆင်းခင် ကျွန်တော် သတိပေးတာတွေကို သေသေချာချာ မှတ်ထားအုံး။ ပထမဦးဆုံး စက်အရှိန်ကို နည်းနည်းလျှော့ပေးပါ။ လေ-ယာဉ်ပျံဆင်းနှုန်းကို တစ်မိနစ် ပေ ငါးရာနှုန်းနဲ့ဆင်း။ ခင်ဗျားတို့ ပေ တစ်သောင်းလောက်ရောက်တော့ တိမ်ထဲ စဖောက်ဝင်ရလိမ့်မယ်။ ခင်ဗျား မပြာနဲ့။ ဒိုင်ခွက်တွေကို အားထားပြီး ဆက်ဆင်းခဲ့ပါ။ ကဲ. . စ ဆင်းနိုင်ပြီ. . . ဒါပဲ”

ဂျော့စပင်ဆာသည် စက်အားကို ညင်ညင်သာသာလေး လျှော့ချလိုက်၏။ လေယာဉ်ပျံကြီးဦးမှ အလိုက်သင့်စိုက်ဆင်းသွားပြီး တစ်မိနစ်လျှင် ပေ ငါးရာ ခြောက်ရာနှုန်းနီးပါးနှင့် စဆင်းတော့၏။ ထိုအချိန်၌ စက်ခန်းအတွင်းသို့ ဒေါက်တာ ဝင်လာပါသည်။

“ဒေါက်တာ. . နောက်ပိုင်းက လူနာတွေ အခြေအနေဘယ်လိုရှိလဲ”

“အခြေအနေမကောင်းဘူး။ နောက်နာရီဝက်အတွင်း ဆေးရုံမပို့

နိုင်ရင်တော့ တချို့ အသက်မီကြတော့မှာမဟုတ်ဘူး။ ဒါထက် မောင်တို့ အခြေအနေကရော"

"ကျွန်တော်တို့ စဆင်းနေပြီ။ နာရီဝက်အတွင်းတော့ မြေကြီးပေါ်ပြန်ရောက်ကောင်းပါတယ်"

ဒေါက်တာဘိတ် ပြန်၍ ထွက်သွား၏။

"လေယာဉ်ပျံ ၇၁၄. . ဗင်ကိုဗာကပြောနေတယ်။ ဂျော့. . ခင်ဗျားတို့ ဘယ်နားရောက်နေပြီလဲ. . ဒါပဲ"

"ကျွန်မတို့ ပေကိုးထောင်အမြင့်ကို ရောက်နေပြီ။ တိမ်ထဲမှာဖြတ်ပျံနေရတယ်. . . ဒါပဲ"

"ဂျင်နက်. . မေးလိုက်စမ်း။ တိမ်အခြေရဲ့အမြင့်က ဘယ်လောက်လဲလို့"

ဂျင်နက်သည် သွက်လက်စွာ ချက်ချင်း လှမ်းမေးလိုက်၏။

"ပေ နှစ်ထောင်လောက်ရှိတယ်။ ဂျော့. . ခင်ဗျားတို့ နောက်ငါး-မိနစ်လောက်အတွင်းမှာ တိမ်အခြေကို ဖောက်ထွင်းဆင်းမှာ။ အဲ. . တိမ်က လွတ်တာနဲ့ ဆက်မဆင်းနဲ့တော့။ အဲဒီအမြင့်က ဆက်ပျံပါ။ လေယာဉ်ကွင်းကို ရှေ့မှာ တွေ့နေရမယ်။ ဩော်. . ဒါထက်။ ဂျင်နက်. . မင်းလေယာဉ်ပျံကွင်းဆင်းခါနီးမှာ ခရီးသည်တွေအခန်းဘက် ပြန်သွားပါ။ ခရီးသည်တွေ အားလုံး သေသေချာချာ ခါးပတ်ပတ်ခိုင်း။ နောက် မြေကြီးပေါ်ရောက်ခါနီးမှာ အားလုံးခေါင်းငုံ့နိုင်သမျှ ငုံ့ခိုင်းပြီး လက်နှစ်ဖက်ကို နောက်စိပေါ်တင်ထားခိုင်း။ မင်း ကြားတယ်နော်. . . ဒါပဲ"

"ဟုတ်ကဲ့. . ကပ္ပတိန်"

"ဂျင်နက်. . ပြောလိုက်။ ခင်ဗျားကို နောက်ခန်းပြန်မလွှတ်နိုင်

ဘူးလို့။ ခင်ဗျား မရှိရင် ကျုပ်ကို ဒီရှေ့မှာ အရေးပေါ်လိုတာတွေ ဘယ်သူက ကူလုပ်ပေးမှာလဲ”

ဂျင်နက်သည် ကပ္ပတိန်တယ်လီဖင်ကို ချက်ချင်း လှမ်းပြောလိုက်၏။ ကပ္ပတိန် တယ်လီဖင်သည် ချက်ချင်း ဘာမျှ ပြန်မပြောဘဲ ခေတ္တငြိမ်နေပြီး. . .

“ကောင်းပြီ ဂျင်နက်။ မင်းရှေ့မှာ ဂျော့. . ဆန္ဒအတိုင်းနေပါ။ ဒါပေမဲ့ နောက်ခန်းမှာ မင်းတာဝန်တွေလုပ်ဖို့ တစ်ယောက်ယောက်ကို တာဝန်ပေးပါ။ မင်း အဲဒီလူကို သူလုပ်ရမယ့်တာဝန်တွေ သေသေချာချာ ရှင်းပြ. . ဒါပဲ”

“မစ္စတာဂျော့စပင်ဆာ၊ ကျွန်မ ဒေါက်တာဘိတ်ကို အဲဒီတာဝန်တွေပေးရင် မကောင်းဘူးလား”

“ကောင်းတယ်”

“ဒါဖြင့် ကျွန်မ ခုပဲ သွားရှင်းပြလိုက်မယ်”

“သွား”

ဂျင်နက် ပေါ့ပါးစွာ နောက်ခန်းသို့ ကူး၍သွား၏။

“ကပ္ပတိန် တိမ်ကလွတ်လာပြီ. . ဒါပဲ”

“လေယာဉ်ပျံကွင်းကိုတွေ့လား”

“မတွေ့သေးဘူး”

“လေယာဉ်ဦးတည့်တည့်ရှေ့ကို သေသေချာချာကြည့်”

“သြော်. . တွေ့ပြီ”

“စက်အရှိန်ကို ပြန်မြှင့်လိုက်။ ခင်ဗျား လေယာဉ်ပျံကွင်းကို ဦးတည်ပြီး ဒီအတိုင်းလာခဲ့”

ဂျော့စပင်ဆာသည် လေယာဉ်စက်အားကို အနည်းငယ် ပြန်မြှင့်တင်ပေးလိုက်၏။ ထိုအချိန်၌ အရှေ့ဘက် ကောင်းကင်ပြင်တွင် အလင်း-ရောင်မှာလည်း သိသိသာသာ ပေါ်၍လာလေပြီ။

"ကပ္ပတိန်၊ ရေဒါသတင်းပို့မယ်။ လေယာဉ်ကွင်းအရှေ့ဘက် ၁၀ မိုင် အကွာအဝေးကို ဝင်လာနေပြီတဲ့"

"ဟုတ်ကဲ့။ ကျေးဇူးပဲလို့ ပြောလိုက်ဗျာ။ ကျုပ် စိတ်ကူးထားတာက ဂျော့ကို နှစ်ခါ သုံးခါလောက် ကွင်းပေါ်ကို အစမ်းဆင်းခိုင်းမယ်။ မဟန်ရင် မြေကြီးပေါ်မဆင်းခိုင်းဘူး။ ရေပေါ်ပဲ ဆင်းခိုင်းမယ်"

"ဟာ. . ရေထဲမှာဆိုရင် လူနာတွေရဲ့အသက် ဘယ်လို ကယ်ကြမှာလဲ"

မျှော်စင်ထိန်းအရာရှိက ချက်ချင်း ကန့်ကွက်လိုက်၏။

"မတတ်နိုင်ဘူး။ ဂျော့မှ အခြေအနေမဟန်ဘဲ ဒီကွင်းပေါ်ဆင်းခိုင်းရင် လေယာဉ်ပျံက မြေကြီးနဲ့ဝင်ဆောင့်ပြီး တစ်စစီဖြစ်ကုန်ဖို့များတယ်။ တစ်ယောက်မှ ရှင်မှာမဟုတ်ဘူး။ ရေထဲမှာဆိုတော့ ရေပြင်က မြေကြီးလောက်တော့မမာတော့ နဲနဲခံသာအုံးမယ်။ ကျန်းကျန်းမာမာရှိတဲ့ လူတချို့ရဲ့အသက်ကို ကယ်နိုင်ဖို့ များပါတယ်"

"ဒါဖြင့် ကျွန်တော် ရေတပ်က သင်္ဘောတွေကို အသက်ကယ်ဖို့ အဆင်သင့် လုပ်ထားကြဖို့ လှမ်းပြောလိုက်ရမလား"

"ကောင်းတယ်၊ ပြောထားလိုက်။ နောက်ပြီး လေတပ်က ရဟတ်ယာဉ်တွေကို အဆင်သင့်လုပ်ထားခိုင်းအုံး"

မျှော်စင်ထိန်းအရာရှိသည် ချက်ချင်း အလုပ်များ၍ သွားပြန်၏။

"ကပ္ပတိန်၊ ကျွန်တော်တို့လေယာဉ်ကွင်းကို ထင်ထင်ရှားရှား မြင်

နေရပြီ။ ဘယ်လေယာဉ်ပြေးလမ်းက ဆင်းရမလဲ. . . ဒါပဲ"

"ဂျော့. . ခဏလေးစောင့်ပါ"

"ဟော့လူ၊ ဘယ်လေယာဉ်ပြေးလမ်းကို ဆင်းခိုင်းဖို့ ခင်ဗျား စိတ်ကူးထားလဲ"

ကပ္ပတိန် တယ်လီဖင်သည် ရေတပ်ကို ဖုန်းလှမ်းဆက်နေသော မျှော်စင်ထိန်းအရာရှိကို ပခုံးပုတ်၍ လှမ်းမေးလိုက်၏။

"ပြေးလမ်း သုညရှစ်ကို သုံးခိုင်း ကပ္ပိတိန်၊ ဒီပြေးလမ်းက ကျွန်တော်တို့ လေယာဉ်ပျံကွင်းမှာ အရှည်ဆုံးပဲ။ နောက် မြေပြင်လေတိုက်တဲ့ဘက်လဲ မျက်နှာချင်းဆိုင် ကျနေတယ်"

"ဂျော့. . ပြေးလမ်း သုညရှစ်ကိုသုံးပါ။ ဒါထက် ခင်ဗျားကို တစ်ခုကြိုပြောရအုံးမယ်။ ကွင်းပေါ် တစ်ခါထဲ ဆင်းမချလာပါနဲ့။ ပထမ နှစ်ကြိမ်သုံးကြိမ်လောက်ဘီးချ။ အတောင်ပံငယ်တွေချပြီး ပြေးလမ်းနဲ့ တည့်တည့်ချိန်ပြီး စမ်းဆင်းလာကြည့်။ နောက် ပြေးလမ်းပေါ်မရောက်ခင် ပြန်တက်သွား။ ခင်ဗျားမှာ နှစ်နာရီလောက် လေထဲနေနိုင်တဲ့ဓာတ်ဆီ ကျန်နေသေးတာပဲမဟုတ်လား။ ခင်ဗျား စိတ်ကြိုက် အခါခါစမ်းကြည့်ပြီးမှ ကွင်းပေါ်ဆင်းချခဲ့ပါ. . ဒါပဲ"

"ဂျင်နက်. . ပြောလိုက်စမ်း။ အစမ်းတွေဘာတွေ လုပ်မနေတော့ဘူး။ ကျုပ် တစ်ခါထဲ ဆင်းတော့မယ်လို့။ နောက်ပိုင်းက လူနာတွေဟာခု ကျုပ် မဆင်းနိုင်ရင် အသက်မီကြတော့မှာ မဟုတ်ဘူး"

ဂျင်နက်သည် ရုတ်ခြည်းပင် လှမ်းသတင်းပို့လိုက်ပါသည်။

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ကပ္ပတိန်၊ ဒီလူ လေယာဉ်ပျံကို နိုင်မှနိုင်သေးတာမဟုတ်ဘဲ။ အစမ်းမဆင်းကြည့်ဘဲ တစ်ခါထဲ ဆင်းချ

လာရင် ပြေးလမ်းပေါ်မရောက်ဘဲ ကျွန်တော်တို့ မျှော်စင်ကြီးကိုပါ ဝင်တိုက်သွားမှာကြောက်ရတယ်။ တစ်ယောက်မှ ရှင်ကြမှာမဟုတ်ဘူး”

မျှော်စင်ထိန်းအရာရှိ၏မျက်နှာမှာ အလွန်စိုးရိမ်ထိတ်လန့်သည့်အသွင်များ အထင်းသား ပေါ်လျက်ရှိ၏။

ကပ္ပတိန်တယ်လီဖင်သည် စက္ကန့်အနည်းငယ်ခန့် ဘာမျှ ပြန်မပြောဘဲ အလင်းရောင်ထွက်ပြူစဖြစ်သော အရှေ့ဘက် မိုးကောင်းကင်သို့ ငေးကြည့်၍နေ၏။

“မတတ်နိုင်ဘူးဗျာ။ သူနဲ့ အတိုက်အခံပြောနေလို့ ဘာမှ အကျိုးရှိမှာမဟုတ်ဘူး။ သူက ခုချိန် ဒီလေယာဉ်မှူးပဲ။ သူ့ဆုံးဖြတ်ချက်ကိုကျွန်တော်တို့ လိုက်ရမှာပဲ။ လက်ခံရမှာပဲ”

“ဂျော့. . ခင်ဗျားသဘောပဲ။ တစ်ခါတည်း ဆင်းချင်ရင်လဲ ဆင်းပါ။ ကဲ. . အပိုတောင်ပံငယ်ကို ၁၅ ဒီဂရီ အရင်ချ။ နောက် မြန်နှုန်း ၁၄၀ ရောက်တော့ ဘီးဆက်ချလိုက်”

ဂျော့စပင်ဆာသည် ဂျင်နက်ဗင်ဆင်ကို အတောင်ပံငယ် ၁၅ ဒီဂရီချရန် အချက်ပြလိုက်၏။ အတောင်ပံငယ်ချလိုက်သဖြင့် လေယာဉ်မြန်နှုန်းမှာ တုံ့ကနဲ ကျသွားပြီး ဦးလေးမှာလည်း အနည်းငယ် မော့်၍သွား၏။

“ဂျင်နက် . . . ဘီးပါဆက်ချလိုက်။ လေယာဉ်ပျံကွင်းနားတဖြည်းဖြည်း နီးလာနေပြီ”

ဘီးချပြီးလေပြီ။

“ဂျော့. . ဘီးချပြီးရင် ပေနှစ်ထောင်က ပေတစ်ထောင်ရောက်အောင် တဖြည်းဖြည်းချင်းဆင်း။ ရေဒါက သတင်းပို့ချက်အရ ခု ခင်ဗျား

လေယာဉ်ကွင်းက ၆ မိုင်ပဲ ဝေးတော့တယ်”

ဂျော့စပင်ဆာသည် လေယာဉ်ပျံ၏စက်အားကို နည်းနည်းလျှော့ချပေးလိုက်၏။ တစ်မိနစ်ခန့် အတွင်းပင် ပေ တစ်ထောင်အမြင့်သို့ ရောက်ရှိသွား၏။

“ကပ္ပတိန်. . ရေဒါက သတင်းပို့နေတယ်။ ဒီလူ ပျံနေတဲ့အမြင့်ဟာ ပုံမမှန်ဘူး။ ထိုးကျသွားလိုက်၊ ထိုးတက်သွားလိုက်နဲ့ ဖြစ်နေတယ်။ ဟောဟော. . ခု ပေ ၉၀၀မှာ၊ ဟော. . ခု ပေ၈၀၀၊ ပေ ၇၀၀၊ ပေ ၅၅၀၊ ဟော. . ထောင်တက်သွားပြီး ပေ ၇၀၀ ပြန်. . ပြန်ကျသွားပြီ ပေ ၅၀၀”

“ဂျော့. . ခင်ဗျားပျံနေတဲ့အမြင့်ကို ငြိမ်နေအောင် ထိန်းထားပါ။ ထိုးတက်လိုက်၊ ထိုးကျလိုက် ဖြစ်နေတာ မကောင်းဘူး။ အင်မတန်အန္တရာယ်များတယ်။ လေယာဉ်ညွှိကိရိယာတွေသုံးပြီး ငြိမ်အောင် ထိန်းပေးစမ်းပါ”

ဂျော့စပင်ဆာ၏တစ်ကိုယ်လုံးမှာ ချွေးရွှဲရွှဲစိုလျက်ရှိ၏။ ဘယ်ဘက်လက်မှာ လေယာဉ်ထိန်းမောင်းတံကို ကိုင်ရလွန်းသဖြင့် အံသေသကဲ့သို့ပင်ရှိလေပြီ။ သူ့မျက်စိများမှာလည်း ဒိုင်ခွက်များကို စူးစိုက်ကြည့်ရလွန်းသဖြင့် ကျိန်းစပ်လျက်ရှိ၏။

“ကပ္ပတိန်. . . ဟိုမှာ မြင်နေရပြီ”

မျှော်စင်ထိန်းအရာရှိသည် တအိအိပျံသန်းလာလျက်ရှိသော လေယာဉ်ပျံကြီးကို လက်ညှိုးထိုးပြရင်း ကပ္ပတိန်တယ်လီဖင် လှမ်းပြောလိုက်၏။

“ဂျော့. . ရေဒါက သတင်းပို့တယ်။ ခင်ဗျား လေယာဉ်ကွင်းက ၄မိုင်အတွင်းရောက်လာနေပြီ။ လေယာဉ်ပြေးလမ်းနဲ့တည့်အောင် လေ-

ယာဉ်ကို ချိန်ထားပါ။ ဘီးကောင်းကောင်းကျတယ် မကျဘူးဆိုတာ ပြတဲ့ မီးစိမ်းလေးသုံးခု လင်းမလင်း သေသေချာချာ ကြည့်လိုက်စမ်း”

“လင်းနေပါတယ် ကပ္ပတိန်” ဂျင်နက်က လှမ်းပြောလိုက်သံဖြစ်၏။

“ဂျော့. . ရေဒါက သတင်းလှမ်းပို့နေတယ်။ ခင်ဗျား ပျံနေတဲ့ အမြင့်ဟာ မငြိမ်ဘူးတဲ့။ ကြိုးစားထိန်းပါအုံး”

မှန်သည်။ မျှော်စင်မှ လှမ်းကြည့်လိုက်လျှင်ပင် ဟိုထိုးဒီထိုး ဖြစ်လျက်ရှိသော လေယာဉ်ပျံကြီးကို အထင်အရှားမြင်တွေ့နေရ၏။

“ဂျော့. . ခင်ဗျား ၂ မိုင်အတွင်းကို ရောက်လာပြီ။ ပေတစ်ထောင် အမြင့်က စဆင်းမယ်။ အတောင်ပံငယ်ကို အဆုံးမချနဲ့အုံး။ ကွန်တော် ချဆိုမှချ။ ကဲ. . ခု တစ်မိနစ် ပေ ၄၀၀နှုန်းနဲ့ စဆင်းတော့။ မြန်နှုန်းကို ၁၂၀ အောက်မကျစေနဲ့ သတိထား”

ဂျော့စပင်ဆာသည် စက်အားကို အနည်းငယ် လျှော့ချလိုက်၏။

“ဂျော့. . ခင်ဗျား ကွင်းပေါ်ရောက်တဲ့အခါ အရှိန်သိပ်များနေလို့ ရိုးရိုးဘရိတ်နင်းပြီး အရှိန်သတ်လို့မရရင် ခင်ဗျား ရှေ့တည့်တည့်မှာ အရေးပေါ်သုံးနိုင်တဲ့ ဘရိတ်ခလုတ်တစ်ခုရှိသေးတယ်။ ဆေးသုတ်ထား တယ်။ အဲဒီခလုတ်ကိုသာ ဆွဲလိုက်။ နောက် ဒါမှ မရပ်သေးရင် စက် လေးလုံးစလုံးကို ရပ်ပစ်လိုက်။ မက်နီတိုခလုတ်တွေက ရှေ့တည့်တည့် လေယာဉ် ပေါင်းမိုးအစပ်မှာ ရှိတယ်။ ဂျင်နက်. . မင်းမြင်လား။ မင်း သေသေချာချာကြည့်ထား။ ဂျော့က ပိတ်ဆိုရင် မင်းကူပိတ်ပေးလိုက်”

လေယာဉ်ပျံကြီးမှာ တအိအိနှင့် ထိုးဆင်းလျက်ရှိ၏။ လေယာဉ် ပြေးလမ်းအစပ်ကိုလည်း လှမ်းမြင်ရလျက်ရှိလေပြီ။

“ဂျင်နက်. . ခင်ဗျား ကွန်တော့်ကို လေယာဉ်ပျံအမြင့်နဲ့ မြန်နှုန်း

ကို တစ်ချိန်လုံး လက်ထောက်ကြည့်ပြီး အော်သတိပေးနေစမ်းဗျာ”

“ပေ ၁၀၀၀။ မြန်နှုန်း ၁၃၀. .။ ပေ ၈၀၀။ မြန်နှုန်း ၁၂၀။ ပေ ၇၀၀ မြန်နှုန်း ၁၀၅. . .”

“ဂျော့. . ရေဒါက သတင်းပို့နေတယ်။ ခင်ဗျား ဆင်းလမ်းဟာ သိပ်အောက်ရောက်နေတယ်တဲ့။ ပြန်တက်-ပြန်တက်။ ကွင်းပေါ် ရောက်မှာမဟုတ်ဘူး။ စက်အားကိုပြန်တင်။ မြန်နှုန်းကိုလဲ သတိထား”

ဂျော့စပင်ဆာသည် စက်အားကို ချက်ချင်း နည်းနည်းမြှင့်တင်ပေးလိုက်၏။ သို့သော် မရ။ ထိုးဆင်းမြဲ ဆင်းနေ၏။

“ကပ္ပတိန်. . ထိုးကျနေပြီ ထိုးကျနေပြီ။ ဟော. . ဟော. . ညဘက်ကိုလဲ စောင်းဆွဲသွားပြန်ပြီ”

မျှော်စင်ထိန်းအရာရှိက လှမ်းအော်လိုက်သော အသံဖြစ်၏။

“ဂျော့. . ခေါင်းကိုနဲနဲပြန်ဆွဲ။ စက်အားကို ပြန်မြှင့်. . ဟော. . ဟော. . ခင်ဗျား ခေါင်းသိပ်ထောင်သွားပြန်ပြီ။ ပြန်ချ။ စတော့ ဖြစ်တော့မယ်။ ဟုတ်ပြီ-ဟုတ်ပြီ။ ဒီအတိုင်းကိုင်ထား။ စက်အားကို နည်းနည်း ပြန်မြှင့်”

ကပ္ပတိန်တယ်လီဖင်သည် ဂျော့စပင်ဆာ၏ ဒယိမ်းဒယိုင်ဆင်းလာနေသော လေယာဉ်ပျံကို မျှော်စင်ပေါ်မှ လှမ်းကြည့်ပြီး ညွှန်ကြားချက်အမျိုးမျိုး ပေးနေ၏။ လေထဲ၌ ဂျော့စပင်ဆာ ချွေးပြန်နေသလို သူလည်း မြေပြင်ပေါ်တွင် တစ်ကိုယ်လုံး စိုးရိမ်စိတ်များနှင့် ချွေးရွှဲရွှဲစိုလျက်ရှိ၏။

“ခရီးသည်အပေါင်းတို့ရှင့်။ ကျွန်မတို့ စက္ကန့်ပိုင်းအတွင်း မြေကြီးပေါ် ပြန်ရောက်တော့မယ်။ ကိုယ့်ခါးပတ်ကိုယ် သေသေချာချာ ပတ်မိတယ် မပတ်မိဘူးဆိုတာ ပြန်စစ်ဆေးကြပါ။ နောက်စေ့ပေါ် လက်ဖဝါး

နှစ်ဖက်ကိုရှုပ်ပြီး ခေါင်းကိုငုံ့နိုင်သမျှ ငုံ့ထားပါ။ ကျေးဇူးတင်ပါတယ်ရှင်”

ခရီးသည်များအခန်းတွင် အသံချဲ့စက်မှ လေယာဉ်မယ် ဂျင်နက်ဗင်ဆင်လှမ်းပြောလိုက်သောအသံ ပီသစွာပေါ်၍လာ၏။ ခရီးသည်အားလုံးမှာ ငြိမ်၍ထိုင်နေကြပြီး သူတို့၏နောက်ဆုံးအချိန်တိုင်အောင်စောင့်မျှော်လျက်ရှိကြ၏။

“ဂျော့. . ရေဒါကသတင်းပို့တယ်။ ခင်ဗျား ဆင်းလမ်း ပေ ငါးဆယ်လောက် အောက်ကျနေတယ်တဲ့။ စက်အားမြှင့်ပေးလိုက်အုံး”

ဂျော့စပင်ဆာသည် စက်အားထိန်းမောင်းတံကို ရှေ့သို့ အနည်းငယ်ထပ်တိုးပေးလိုက်၏။

“ဂျော့. . ကွင်းစပ်ရောက်တော့မယ်။ သတိထား။ အပိုတောင်ပံကို အဆုံးချလိုက်တော့”

ဂျော့စပင်ဆာသည် ဂျင်နက်ကို အပိုတောင်ပံ အဆုံးချရန်အချက်ပြလိုက်၏။ အပိုတောင်ပံ အဆုံးကျသွားလေပြီ။

“ဂျော့. . ခင်ဗျား မြန်နှုန်းဟာ သိပ်မြန်နေတယ်။ လျှော့ပစ်အုံး-လျှော့ပစ်အုံး”

မှန်သည်။ ထိုအချိန်၌ မြန်နှုန်းမှာ ၁၃၀ ခန့်ရှိနေ၏။ ဂျော့စပင်ဆာသည် ချက်ချင်းပင် မြန်နှုန်းကို လျှော့ပစ်ရန်ကြိုးစား၏။ သို့သော်ကွင်းစပ်ရောက်နေလေပြီ။ သူ ဘာမျှ မတတ်နိုင်တော့။

“ဂျော့. . ခေါင်းကိုဆွဲထား။ ဆွဲထား။ စက်ကို အဆုံးလျှော့ချလိုက်တော့”

ကပ္ပတိန် တယ်လီဖင် ညွှန်ကြားသည့်အတိုင်း စက်အားကို အဆုံးလျှော့ချလိုက်၏။

လေယာဉ်ပျံကြီးမှာ ပြေးလမ်းပေါ်တွင်ကပ်၍ ပြေးနေ၏။ အရှိန်များနေသဖြင့် ဘီးနှင့်မြေကြီး မထိသေးဘဲ လေထဲတွင် ပေါလောမျော လျက်ရှိသည်။ လေယာဉ်ပြေးလမ်းတစ်ဝက်သို့ ရောက်တော့မည်။ ဘီးနှင့် မြေကြီး မထိသေး။ ဂျော့စပင်ဆာ၏လက်ဖျားလေးများမှာ တဆတ်ဆတ် တုန်လျက်ရှိ၏။

ဘီးနှင့်ပြေးလမ်း ထိသွားပြီ။ သို့သော် ဒုန်းကနဲ ပြန်ခုန်တက်သွား၏။ တစ်ခါ ဖုန်းကနဲ ပြန်ကျပြန်၏။ ပြန်ခုန်တက်ပြန်၏။ ပြန်ကျပြန်၏။ ထို့နောက် အရှိန်နှင့် ပြေးလမ်းပေါ်တွင် ဆက်ပြေးသွားနေတော့၏။

ဂျော့စပင်ဆာသည် လေယာဉ်ဘရိတ်များကို သူ့ခြေဖျားလေးနှင့် အဆုံးနင်းချလိုက်၏။ သို့သော် အရှိန်မှာ နဲနဲမျှလျှော့မသွား။

"ဂျော့. . ခင်ဗျား အရှိန်သိပ်များနေတယ်။ အရေးပေါ်ဘရိတ် သုံးတော့။ စက်ကိုလဲပိတ်ပစ်လိုက်"

ဂျော့စပင်ဆာသည် အရေးပေါ်ဘရိတ်ခလုတ်ကို ဆွဲလိုက်၏။ ဂျင်နက်ကလည်း တစ်ချိန်တည်းတွင် မက်နီတိုခလုတ်များကို ပိတ်ပစ်လိုက်၏။ သို့သော် လေယာဉ်ပျံကြီးမှာ ဒရွတ်တိုက်ပြီး အရှိန်နှင့် ပြေးနေ၏။ ပြေးလမ်းဆုံးတော့မည်။ ကိုက်နှစ်ရာခန့်သာ လိုတော့မည်။

"ဂျော့. . ညာဘက်ပဲ့ကို အဆုံးနင်းပြီး တစ်ပတ်လည်သွားအောင် လှည့်ပစ်လိုက်"

ဂျော့စပင်ဆာသည် ကပ္ပတိန် တယ်လီဖင်ပြောသည့်အတိုင်း ညာဘက်ပဲ့ကို အဆုံးနင်းချလိုက်၏။ လေယာဉ်ပျံကြီးမှာ ရုတ်တရက် အရှိန်နှင့် ညာဘက်သို့ စောင်းကွေ့ချသွားပြီး ပြေးလမ်းဘေး မြက်ခင်းပေါ်သို့ စက္ကန့်ပိုင်းအတွင်း ရောက်သွား၏။ တစ်ချိန်ထဲတွင် လေယာဉ်ဘီးများမှာ

www.burmeseclassic.com

လေယာဉ်ပျံကြီး ရုတ်တရက် လှည့်ပစ်လိုက်သည့်ဒဏ်ကို မခံနိုင်သဖြင့် "ကျွေ"ကနဲ ကျယ်လောင်စွာမြည်ပြီး ဘေးမှရိုက်ချိုးပစ်လိုက်သလို "ဝုန်း" ကနဲ ဘီးခြေတံအားလုံးမှာ ပြတ်ကျိုးကျန်ရစ်ခဲ့၏။ ထို့နောက် လေယာဉ်ပျံကြီး ဗိုက်နှင့် မြေကြီး ရှပ်ထိပြီး ဆက်၍ဒရွတ်တိုက်ဆွဲပြေးနေပြန်သည်။ သို့သော် ကြာကြာမပြေးနိုင်တော့။ စက္ကန့်အနည်းငယ်ခန့်ဆက်ပြေးပြီး ရုတ်တရက်ရပ်၍သွား၏။ လေယာဉ်ပျံကြီးရပ်သွားချိန်တွင် လေယာဉ်ဗိုက်နှင့် ရှပ်၍ပါလာသော ဖုန်များကြောင့် လေယာဉ်ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘာမျှမမြင်ရတော့။ ဖုန်လုံးကြီးနှင့် လွှမ်းခြုံ၍ထား၏။

ဂျော့စပင်ဆာသည် လေယာဉ်ပျံကြီး ရပ်သွားသည်နှင့် ဂျင်နက်ကို လှမ်းကြည့်လိုက်ပါသည်။ ဂျင်နက်သည် သူ့မျက်စိကို လက်နှစ်ဖက်နှင့် အုပ်ထားပြီး ရှိုက်၍နေပါသည်။ ထိုအချိန်၌ပင် ခရီးသည်များအခန်းဘက်မှ ငိုးတွားသံများ ရုတ်တရက်ကျယ်လောင်စွာ အော်ပြောသံများ၊ ကြောက်ကြောက်နှင့် ရယ်သံများ ပေါ်၍လာကြ၏။

"ဂျော့ . . ခင်ဗျား ဘာမှမဖြစ်ဘူးနော်"

ကပ္ပတိန်တယ်လီဖင်၏ ရေဒီယိုလိုင်းမှ မေးလိုက်သောအသံ ဖြစ်၏။ သူ့အသံ၏ နောက်တွင်လည်း မျှော်စင်မှ ကြောက်ကြောက်လန့်လန့်နှင့် စကားအပြိုင်ပြောနေသံများ၊ ရယ်သံများရော၍ ပါလာသည်။

"ဟုတ်ကဲ့။ ဘာမှ မဖြစ်ပါဘူး"

"ဒီမှာတော့ ပြောနေကြတယ်။ ဒီလေယာဉ်ပျံကွင်းသမိုင်းမှာ တစ်ခါမှ ခုလောက် ပုံပျက်ပန်းပျက် လေယာဉ်ပျံတစ်စီး ဆင်းလာတာ မတွေ့ရဖူးဘူးတဲ့။ ကြောက်စရာကြီး။ ခင်ဗျား တစ်သက်လုံး ဘယ်တော့မှ ထပ် လေယာဉ်ပျံ မမောင်းနဲ့တော့ဗျို့။ ကျုပ်ကိုလဲ ညကြီးသန်းခေါင်

လာမနှိုးခိုင်းပါနဲ့တော့ဗျာ။ တောင်းပန်ပါရစေ. . ဟဲ. . ဟဲ”

ကပွဲတိန်တယ်လီဖင်၏အသံတွင် အလွန်ဝမ်းမြောက်ကျေနပ်သံများ ပေါ်လွင်လျက်ရှိ၏။ ဂျော့စပင်ဆာသည် အလွန်နွမ်းနယ်နေရာမှ အားယူ၍ပြုံးလိုက်၏။ ထိုအချိန်တွင် မျှော်စင်ရှေ့မှ မီးသတ်ကား၊ လူနာတင်ကားများ စက်ကုန်ဖွင့်၍ မောင်းလာနေကြသည်ကို မြင်တွေ့နေရပါသည်။

**လေသူရဲတစ်ဦး**

*　　　*　　　*

www.burmeseclassic.com

